www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## လျှော်ပစ်လိုက်သော အချစ်များ

BURMESE CLASSIC .com



Design

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

*လျှော့ပစ်လိုက်သောအချစ်များ*

တာမူခွင့်ပြုချက်အမှတ်
၅၀၀၈၈၈၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၂၀၀၇၀၉

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃
ဆုမြတ်မွန်မွန်
လျှော့ပစ်လိုက်သောအချစ်များ/ဆုမြတ်မွန်မွန်၊–ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၉၆– စာ၊ ၁၂×၁၈ စင်တီ။
(၁) လျှော့ပစ်လိုက်သောအချစ်များ

BURMESE CLASSIC .com







www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်မှုဆိုတာ
ဖြစ်ချင်နေတာနဲ့
ဖြစ်နေတာတို့ရဲ့
ပဋိပက္ခပဲ။



မကောင်းတဲ့အကျင့်ကို
ပြတင်းပေါက်ကနေ
ပစ်ထုတ်လို့တော့ မရဘူး။
ဒါပေမဲ့ –
လှေကားကနေ တစ်ထစ်ချင်း
ဆင်းခိုင်းလို့တော့ ရပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အရှက်တက်ချိန်ဆိုတာ စောစောနိုးတဲ့သူအတွက်ပဲ။
နိုးနေတဲ့သူအတွက်ပဲ အရှက်တက်တယ်။
အိပ်ပျော်နေသူအတွက် မဟုတ်ဘူး။
အိပ်ပျော်နေလား။ နိုးနေလား။
နိုးကြားနေတဲ့သူအတွက်ပဲ
အခွင့်ကောင်းဆိုတာ ရောက်လာတယ်
အိပ်ပျော်နေတဲ့သူအတွက် မဟုတ်ဘူး။
ကံကောင်းတယ်ဆိုတာ ကြိုတင်ပြင်ဆင်မှုကိုခေါ်တာ။



## ၁

**သူရီ**သည် မှန်ချပ်များဖြင့် ကာရံထားသော စတိုးဆိုင်ရှေ့မှ ဖြတ်အလျှောက်တွင် ဆိုင်ထဲမှ အရုပ်နှစ်ရုပ်ကို ဆင်တူဝတ်ပေးထားသော တီရှပ်အင်္ကျီများကို မြင်လျှင် သဘောကျစိတ်ဖြင့် ခဏ ရပ်ငေးမိသည်။ ပြီးတော့ တွေတွေထူးထူး သိပ်စဉ်းစားမနေတော့ဘဲ ဆိုင်ထဲကို လှမ်းဝင်လိုက်လေသည်။ တီရှပ်က အစိမ်းနှင့်အပြာ နှစ်ရောင်စပ် ဒီဇိုင်းဆန်းဖြစ်တာ တွေ့ရခဲ့သည်။ လက်စကဖြစ်လျက် ယောကျ်ားလေးဝတ်နှင့် မိန်းကလေးဝတ်ဖြစ်ကာ ဆင်တူဒီဇိုင်းမှာ အတော်ပဲ လှပပါသည်။ သူရီက အရုပ်အနားသို့သွားကာ အင်္ကျီအသားကို အသာကိုင်ကြည့်မိသည်။ အသားကလည်း မဆိုးပါ။ အကောင်းစားပီသစွာ ပျော့အိနူးညံ့နေသည်။

သူရီက တံဆိပ်မှာကပ်ထားသော ဈေးနှုန်းကို တစ်ချက်ယူကြည့်လိုက်သည်။ ယောကျ်ားလေးဝတ် သောင်းရှစ်ထောင်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အင်း _ ဈေးနှုန်းကတော့ မဆိုးပါ။ ဟိုဘက်က မိန်းကလေးဝတ်လည်း ဒီလောက်ပဲ ရှိမှာပဲပေါ့။ သူရိက တွေတွေထူးထူး စဉ်းစားနေတော့ဘဲ ဆိုင်က ဝန်ထမ်းတစ်ယောက်ကို တရှုတ်ရှုတ်နှင့် လှမ်းခေါ်မိသည်။ ဝန်ထမ်းက လှည့်ကြည့်လိုက်လျှင် ...

"ဒီမှာ ... ဒါလေး"

"ဟိတ် ... ဒီမှာ ... ဒါလေး"

သူရိရဲ့အသံနဲ့ထပ်တူ တစ်ဘက်ကပါ အသံတစ်ခုက ပြိုင်တူလိုလို ထွက်လို့လာလျှင် သူရိက အသံလာရာဘက်သို့ ဖျတ်ခနဲ ကြည့်မိသည်။ သူရိ့လိုပင် တစ်ဘက်က မိန်းကလေးဝတ်အင်္ကျီကို ကိုင်ကြည့်ပြီး မေးနေသော ကောင်လေးတစ်ယောက်။ သူကလည်း သူရိ့ကို ဖျတ်ကနဲ လှည့်ကြည့်သည်။ နှစ်ယောက်သားသည် တစ်ယောက်နဲ့တစ်ယောက် စက္ကန့်ပိုင်းမျှကြည့်ပြီးသွားသောအခါ မြွေမြွေချင်း ခြေမြင်သွားကြသည်။ လှမ်းလာသော ဆိုင်ရဲ့အရောင်းစာရေး အမျိုးသမီးကို ...

"ဒီမှာ ... ဒီဆင်တူနှစ်ထည်ကို ကျွန်မ ယူမှာ"

"ဒီမှာ ... ဒီဆင်တူနှစ်ထည်လုံး ကျွန်တော် ယူမှာနော်"

အသံနှစ်သံလုံးက ပြိုင်တူပင်ထွက်လာသည်။ သူရိက မျက်မှောင်ကြုတ်ကြုတ်ဖြင့် ကောင်လေးကို လှည့်ကြည့်လျှင် သူကလည်း သူရိ့ကို ဘယ်လိုလဲဟူသော သဘောဖြင့် ကြည့်သည်။ ပုံစံကတော့ သူရိက မိန်းကလေးဖြစ်နေ၍ အလျှော့ပေးမည့်ပုံစံတော့ မရှိ။ သူကလည်း ခပ်တည်တည်ပုံစံပဲ ဖြစ်သည်။ သူရိ





သည် အဲဒီပုံစံကို အမြင်နည်းနည်း ကတ်သွားကာ အနားရောက်လာသော အရောင်းဝန်ထမ်းကို သူ့ထက်အရင် နောက်တစ်ခွန်းထပ်ပြောလိုက်သည်။

"ဒီဆင်တူနှစ်ထည်လုံး ယူမှာနော် အစ်မ"

ထိုဝန်ထမ်းက ဘာမှ မပြောရသေးခင် ဟိုတစ်ယောက်က အသံထပ်ထွက်လာသည်။ ဒါပေမဲ့ ဝန်ထမ်းကို ပြောတာတော့မဟုတ်။ သူရိကို လှမ်းပြောတာ ဖြစ်သည်။

"ဟိတ် ... ဒါတွေက ကိုယ်ယူမှာ"

"အို ... ဘာဆိုင်လဲ၊ ကျွန်မ ယူမယ်လို့ ပြောထားတာ၊ ကျွန်မ အရင်စတွေ့တာလေ"

"မဟုတ်ဘူး။ ကိုယ် အရင်စတွေ့တာပါ။ ဒီမှာ ကိုင်ထားတာ ကြည့်ပါလား၊ ကိုယ် ယူမယ်လို့ လှမ်းပြောလိုက်တာ"

"အာ ... ဘာမှ လျှောက်ပြောမနေနဲ့။ ကျွန်မ ယူမယ်လို့ ပြောပြီးမှ ရှင့်အသံက ထွက်လာတာ။ ရှင့်ဟာရှင် ယူရကောင်းနိုး မကောင်းနိုး ဖြစ်နေရာကနေ သူများယူတော့မယ်ဆိုမှ နောက်က လိုက်ပြောတာ ...

အစ်မ အဲဒီနှစ်ထည်စလုံး ထည့်လိုက်ပါ၊ ကျသင့်ငွေရှင်းမယ်"

"ဟာ ... ဘာလဲ၊ အဲလို မရဘူးလေ။ မင်း အရင်ပြောတယ်တော့ မပြောနဲ့။ ဒါယူမယ်ဆိုတဲ့ အသံက အတူတူ ထွက်လာတာပဲ၊ အတူတူ ဆိုင်တယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟင် _ အတူတူဆိုင်တော့ ဘာလုပ်ရမှာလဲ။ တစ်ယောက် တစ်ထည်စီ ခွဲယူရမယ်ဆိုတဲ့ သဘောလား။ ဘာဆိုင်လဲ၊ ကျွန်မကတော့ နှစ်ထည်လုံး ယူမှာ"

"ငါလည်း နှစ်ထည်လုံး ယူမှာပဲလေ။ မင်းပဲ နှစ်ထည်လုံး ဝယ်နိုင်တာမှ မဟုတ်တာ"

သူရိသည် ကတ်ဖိုးကတ်ဖဲ့ လိုက်ပြောနေသော ပိန်ပိန်ရှည်ရှည် ပဲလင်းမြွေကို စိတ်ကုန်ဖွာ တစ်ချက်ကြည့်လိုက်ပြီးနောက် ကျွတ်ခနဲ စုတ်သပ်ကာ အရောင်းစာရေးကိုပဲ တည့်တည့် ရင်ဆိုင်လိုက်သည်။

"ကဲ ... အစ်မ။ ထည့်ပေးပါတော့။ ကျသင့်ငွေ တွက်ပေးပါတော့။ ကျွန်မ အစ်မကို အရင်ပြောတာ အစ်မလည်း ကြားတယ် မဟုတ်လား ...

တွက်လိုက်တော့၊ ကျွန်မ အချိန်သိပ်မရလို့ပါ"

သူရိက အရောင်းဝန်ထမ်းကို ခပ်ဆတ်ဆတ်ပြောလိုက်လျှင် အမျိုးသမီးက အရုပ်မှအင်္ကျီကို ဖြုတ်ဖို့ပြင်သည်။ အဲဒီမှာပဲ ဟိုတစ်ယောက်က ခြေကားယား လက်ကားယားဖြင့် ...

"ဟာ ... သူ့ကို မရောင်းနဲ့လေ။ ကျွန်တော်လည်း ယူမယ် ပြောထားတာပဲ။ ဘာလဲ ... ဒီအင်္ကျီမျိုးက ထပ်မရှိတော့ဘူးလား"

"ဟုတ်ကဲ့။ ဒီအရောင်က ဒါပဲလာတာပါ။ တခြားဒီဇိုင်းနဲ့ တခြားအရောင်တွေ ရှိပါတယ်။ ကြည့် ... ကြည့်ပါဦး မောင်လေး"





"အာ ... မကြည့်ချင်ပါဘူး။ ကျွန်တော်က ဒါပဲ မျက်လုံးထဲ တန်းဝင်ရင် ဒါပဲကြိုက်တာ၊ ဒါပဲယူတာ။ ဒါဆို ဒါပဲ ... အဲဒီလိုတော့ မလုပ်နဲ့"

ဝန်ထမ်းအမျိုးသမီးက စိတ်ရှုပ်လာဟန်ဖြင့် မျက်နှာတွေ ရှုံ့တွကာ ...

"ဒီပုံစံ ဒီအရောင်ကတော့ ဒါပဲရှိတယ် မောင်လေးရယ်။ အစ်မတို့ဆိုင်က ဆန်းတာလေးတွေကို နည်းနည်းပဲ တင်တာဆိုတော့ အများကြီးလည်း တင်မထားလို့ပါ ...

တခြား လှတာတွေလည်း ရှိပါတယ်။ အသစ်တွေ ထပ်ရောက်တာ ရှိပါတယ်။ ဒါကတော့ အရင်တစ်ပတ်က ဒီဇိုင်းပါ။ မော်မော်ရေ ... ဒီက မောင်လေးကို ဒီဇိုင်းသစ်လေး ပြလိုက်ပါဦး"

"ဟာ ... မကြည့်ချင်ပါဘူး ဆိုမှကွာ။ ဒါပဲ ကြိုက်တာပါဆို။ ခင်ဗျားတို့ဆိုင်က ဘာလဲ။ customer ကိုခွဲခြားပြီး ဆက်ဆံတာလား"

"မဟုတ်ပါဘူး မောင်လေးရယ်။ ဒါပေမဲ့ အစ်မတို့ဘက်ကလည်း ဒီလို တစ်ခွတ်ထိုး customer နှစ်ယောက် မကြုံဘူးတာ အမှန်ဆိုတော့ ဘယ်လိုဖြေရှင်းရမှန်း မသိဖြစ်နေတာပါ ...

စိတ်မရှိပါနဲ့"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရှိတယ်များ။ တော်ပြီ ... အဲဒီလောက် ခယပြီး ဝယ် [illegible] နောက်လည်း မဝယ်ဘူး"

ထို ပိန်ရှည်လမြောက ဆောင့်ကြီးအောင့်ကြီးပြောတာများနဲ့ လှည့်ထွက်သွားလျှင် သူရီသည် ကျေနပ်သောစိတ်ဖြင့် ဖရုံတစ်ချက် တွန့်မိသည်။ ဝန်ထမ်းအမျိုးသမီးက ခေါင်းတိုကုတ်ကာ ...

"စိတ်ညစ်ပါတယ်ကွယ်။ customer ကတော့ စိတ်ဆိုးသွားပြန်ပြီ၊ ပြဿနာပဲ"

"အို ... ဘာဆိုင်လဲ အစ်မကလည်း။ အစ်မကို ကျွန်မအရင်လှမ်းပြောတာ။ ဒီအကျီကိုလည်း ကျွန်မ မြင်တာ ... ကဲ ... ထည့်ပေးပါ အစ်မ၊ တွက်ပေးပါ"

"ကောင်တာမှာ ရှင်းလိုက်နော် ညီမ"

"အိုကေ ... သင့်ခ်ယူ"

သူရီက ကျေနပ်စိတ်ဖြင့် ကောင်တာမှာ ငွေရှင်းလိုက်သည်။ ခက်ခက်ခဲခဲ လုဝယ်ရသဖြင့် အကျီလေးနှစ်ထည်သည် ပိုတောင်လှပ စတိုင်လ်မိုက်နေသည်ဟု ခံစားရလေသည်။ စည်သူသာ မြင်ရင်တော့ ကြိုက်မှာပဲ။ စည်သူ ဝတ်လိုက်လျှင်လည်း Body figer အချိုးအစား ကျနသောသူမို့ အင်မတန်လိုက်ဖက်မှာ သေချာသည်။

အတွေးနှင့်အတူ သူရီက အိတ်နှစ်လုံးဆွဲကာ လမ်းလျှောက်လာရင်းမှ စည်သူ့ထံ ဖုန်းခေါ်လိုက်သည်။ ဒီအချိန်ဆို





"မိုလ်တထောင်ဘက်ပါ။ ဖားသားကြီးခိုင်းတဲ့ ကိစ္စတစ်ခုလာလုပ်ပေးနေတာ၊ ညနေဘက်မှ တွေ့မယ်လေ။ ဒင်နာစားရင်း စကားပြောကြမယ် ...

သမ္မတဟိုတယ်အောက်က 365 restaurant ကိုလာခဲ့။ ငါးနာရီခွဲလောက်"

"အိုကေ ... အိုကေ"

"Breakfast ရော စားပြီးပြီလား"

"အင်း ... ပြီးသွားပါပြီ"

"ဘာစားတာလဲ"

"ထမင်းကြော်"

"ထမင်းကြော် ! ။ ဘယ်ကရတာလဲ"

"ဩော် ... ဒီလိုပါပဲ"

"ဘာဒီလိုပါပဲလဲ။ ဟိုမိန်းမကျွေးတဲ့ ထမင်းကြော်တွေမဟုတ်လား။ ရှင်နော် ... အဲဒီလောက်ထိ ငတ်ကြီးကျနေရသလား ... ဟမ်"

"ဟာကွာ သူရီကလည်း။ ကိုယ့်ဆိုရင် ပြောထွက်လိုက်တာ။ သူရီလို ခြေရှုံသင်းပင်းနဲ့ ရွှေဇွန်းကိုက် မွေးလာရတဲ့လူမှ မဟုတ်တာကွာ။ သူများအဆောင်မှာ နေ့နေရတာ။ ဒီလိုပဲ အဆောင်ပိုင်ရှင်နဲ့ အဆင်ပြေအောင် ပေါင်းရတာပေါ့"

စေတနာစာပေ

www.burmeseclassic.com

"ဟဲ့ ... သူရိ။ နင့်ဟာက ဘယ်လိုဖြစ်တာတုံး။ ကျော်အေ
လေ့သူကြီး၊ ညားတော့ လေ့ထိုးသားနဲ့ပါလား"

"ဘာ ... ဘာရယ်။ ဘာတွေလာပြောနေတာလဲ"

"နင် အခု ဘယ်မှာလဲ။ ကလောမှာလား။ ပြီးတော့ အ
သူနဲ့လဲ"

"ကျွတ် ... စိတ်တိုနေရတဲ့အထဲ အဲဒါတွေ လာမေးမ
ဟာ။ နင်ပြောတာ ဘာလဲ။ ဘာလေ့သူကြီးလဲ။ ဘာ
ထိုးသားလဲ"

"ဟဲ့ ... နင် ခိုးရာလိုက်ပြေးတာ စည်သူနဲ့ မဟုတ်လ
အခုတော့ သတင်းစာထဲမှာ ကြော်ငြာထားတာက မင်း
ဆိုပါလား။ မင်းဗလ ဆိုတာက ဘယ်သူလဲ ..."

သူရိသည် ဦးခေါင်းတစ်ခုလုံးကို မိုးကြိုးပစ်ချ
ခံစားသွားရကာ ရုတ်တရက် စကားတောင် ချက်ချင်းပြန်
နိုင်ပေ။

"ဘာ ... ဘာရယ် ... မင်းဗလ ဟုတ်လား"

သူရိ့ပါးစပ်မှ မင်းဗလဟူသော အသံထွက်လာ
ကြောင့် ဘေးနားက တစ်ယောက်ကလည်း ပြုံးကြည့်သည်။
သည် သူ ပြုံးကြည့်တာကို ဂရုမစိုက်အားဘဲ ခင်ဦးကို
တကော ဆက်မေးရသည်။

"ဘယ်လိုလဲ၊ ငါ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ





"ဗိုလ်တထောင်ဘက်ပါ။ ဖားသားကြီးခိုင်းတဲ့ ကိစ္စတစ်ခု လာလုပ်ပေးနေတာ၊ ညနေဘက်မှ တွေ့မယ်လေ။ ဒင်နှာ စားရင်း စကားပြောကြမယ် ...

သမ္မတဟိုတယ်အောက်က 365 restaurant ကို လာခဲ့။ ငါးနာရီခွဲလောက်"

"အိုကေ ... အိုကေ"

"Breakfast ရော စားပြီးပြီလား"

"အင်း ... ပြီးသွားပါပြီ"

"ဘာစားတာလဲ"

"ထမင်းကြော်"

"ထမင်းကြော် ! ။ ဘယ်ကရတာလဲ"

"သြော် ... ဒီလိုပါပဲ"

"ဘာဒီလိုပါပဲလဲ။ ဟိုမိန်းမကျွေးတဲ့ ထမင်းကြော်တွေ မဟုတ်လား။ ရှင်နော် ... အဲဒီလောက်ထိ ငတ်ကြီးကျရ သလား ... ဟမ်"

"ဟာကွာ သူရိကလည်း။ ကိုယ်ဆိုရင် ပြောထွက်လိုက်တာ။ သူရိလို ခြွေရံသင်းပင်းနဲ့ ရွှေဖွန်းကိုက် မွေးလာရတဲ့ လူမှ မဟုတ်တာကွာ။ သူများအဆောင်မှာ နေ့,နေရတာ ဒီလိုပဲ အဆောင်ပိုင်ရှင်နဲ့ အဆင်ပြေအောင် ပေါင်းရတာ ပေါ့"

www.burmeseclassic.com



"အမယ်လေး ... ထမင်းကြော်ကျွေးတာကို မစားလို့ အဆောင်ပေါ်ကတော့ နှင်မချပါဘူး။ ကိုယ့်ဟာကိုယ် ကြည့်ချင်ရင် ကြည့်တယ်ပြောပါ ...

ကျွတ် ... ရှင်ဟာလေ၊ ကျွန်မ ဒီလောက် အစားကောင်းအသောက်ကောင်းတွေ ဝယ်ကျွေးနေတာတောင် ဘာမဟုတ်တဲ့ ထမင်းကြော် အစုတ်ပလုတ်ကို တော်ချင်သေးတယ်"

"သူရိရာ ... မင်းက ကိုယ့်ဆို သိပ်နှိမ်တာပဲ"

သူက လေသံပျော့ဖြင့်ဆိုလျှင် အဲဒီလိုကျတော့လည်း သူရိ စိတ်မကောင်းပါ။ စည်သူဟာ နယ်ကနေပြီး ရန်ကုန်မှာ သင်တန်းတွေလာတက်၊ ဘဝတက်လမ်းအတွက် ကြိုးစားနေရသူမို့လည်းတန်းက အဆောင်တစ်ဆောင်မှာ အဆောင်နေရသူဖြစ်သည်။

ပထမပိုင်းတော့ သူဟာ စပီကင်တွေ၊ ကွန်ပျူတာတွေ ဘာတွေ တက်လျက် နောက်တော့ ရုပ်ခံလေးရှိသူတို့၏ ထုံးစံအတိုင်း မော်ဒယ်လ်သင်တန်းဘက်သို့ ရောက်သွားသည်။ သူရိနှင့် ရှိုးပွဲတစ်ပွဲမှာ တွေ့ဆုံပြီး သုံးလလောက်နေတော့ ချစ်ကြိုက်သွားတာ ဖြစ်ပါသည်။

ဖုန်းစည်သူ ဆိုသော သူရိရဲ့ချစ်သူ မော်ဒယ်ကောင်လေးသည် ရုပ်ရည်ရူပကာရော Body Structure ရောဟာ ခပ်မိုက်မိုက် ရှိလွန်းလှသဖြင့် ကောင်မလေးတွေ၏ နှစ်သက်စိတ်ဝင်စားမှုကိုလည်း အမြဲခံရသောသူ ဖြစ်သည်။





အဲဒါကြောင့်လည်း သူရိနဲ့ဆိုလျှင် အမြဲတကျက်ကျက်။

"ကဲပါ ... ညနေကျမှ တွေ့မယ်။ ဒါပဲ ... ဒါပဲ"

သူရိက ကိုယ်ဖောင်းလ်သွားလျှင် ရှုံးချင်ယောင်ဆောင်တတ်သည့် ထုံးစံအတိုင်း စကားစဖြတ်ကာ ဖုန်းကိုပိတ်လိုက်သည်။ အဲဒီနောက် ကားရပ်ထားသော နေရာသို့ ဆက်လျှောက်လာခဲ့သည်။ အဖေနိုင်းသော ကုမ္ပဏီတစ်ခုသို့ လာခဲ့ရာဝယ် အဲဒီဘက်မှာက လမ်းပိတ်နေသောကြောင့် တခြားလမ်းမှာ ကားရပ်ထားခဲ့ရခြင်းဖြစ်ကာ ကားရှိရာသို့ လမ်းပြန်လျှောက်ရပေလိမ့်ဦးမည်။ နေမွန်းတည့်လာပြီ ဖြစ်သောကြောင့် အပူရှိန်သည် သူရိ၏ခေါင်းတည့်တည့်ပေါ်သို့ ကျရောက်နေသည်။

ထီးယူရမှာ ပျင်းသောကြောင့် နေပူဒဏ်ကို ခံနေရသည့် သူရိ့မှာ တိုက်ကြီးတိုက်ကြား၏ အရိပ်ကို အကာအကွယ်ယူရင်း ကားဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ အဲဒီအချိန်မှာပဲ သူရိ့ရှေ့က ထီးဆောင်းထားသည့် လူတစ်ယောက်ဟာ ဖုန်းပြောရင်းမှ ထီးဆောင်းထားခြင်း ဖြစ်သောကြောင့် စကားပြောရင်း သူ့ထီးက နောက်သို့လန်ကျကာ ထီးရိုးတံက သူရိ့၏နဖူးကို ဆောက်ခနဲစိုက်၏။ သူရိသည် နဂိုကမှ မကျေနပ်သော စိတ်အခံကြောင့် ထောင်းခနဲ ဒေါသထွက်သွားကာ ထီးကို စိတ်တိုတိုဖြင့် ဆောင့်တွန်းလိုက်သည်။ အဲဒီတော့ ထီးက ဘေးဘက်သို့ လန်ကျသွားလျှင် ထီးပိုင်ရှင်က သူရိ့ကို ချာခနဲလှည့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"...ာလုပ်တာလဲ ... ဟင် ... မင်း ..."

ဖုန်းလည်းပြော၊ ထီးတစ်ဖက်ကိုလည်း ကိုင်ထားလျှက် သူရိ့ကို မြင်လျှင် မျက်လုံးပြူးနှင့် အံ့သြသွားသူမှာ လွန်ခဲ့သော နာရီဝက်လောက်က ဖက်ရှင်ဆိုင်ထဲမှာ သူရိနှင့် အကျႌလုဝယ်ခဲ့သည့်ငနဲ ဖြစ်သည်။

သူရိက သူ့ကို ရှုတင်းတင်း ပြန်ကြည့်ကာ ဆက်လျှောက်သွားမည်အလုပ် သူက ခြေကားယား လက်ကားယားဖြင့် ...

"ဟိတ် ... နေဦး၊ မင်းက ဘာအထာလဲ။ ဟာ ... သဲကိုပြောတာ မဟုတ်ဘူး။ ဆောရီး ... လိုင်းတွေပူးကုန်ပြီ။ ဒီမှာ အရှုပ်ထုပ်တွေ့နေလို့၊ နောက်မှ ပြန်ခေါ်မယ် ... ဆီးယူ"

သူရိကဖြင့် သူ့ကို ဂရုကိုမစိုက်။ ကိုယ့်လမ်းကိုယ်ခပ်မတ်မတ်ဖြင့် ဆက်လျှောက်လာသည်။ အဲဒီတစ်ယောက်က သူရိ့နောက်မှ အူယားဖားယား ပြေးလိုက်လာကာ ရှေ့မှပိတ်ရပ်လိုက်ရင်း ...

"ဟေ့ ... နေစမ်းပါဦး။ မင်းက အခုနက ဆိုင်ထဲမှာတွေ့ခဲ့တဲ့ တစ်ယောက်မဟုတ်လား။ ဟား ... မင်းက ဘာအထာလဲကွာ၊ ရင့်လှချည်လား"

သူရိသည် သူ့ကိုယ်သူ ခါးတွေဘာတွေထောက်၊ ခေါင်းတွေ ဘာတွေ နောက်သို့လှန်ချ၊ လက်ဟန်ခြေဟန်တွေပါ





ပါလျှက် ကိုရီးယားမင်းသားတွေ ဒေါသထွက်နေသလိုမျိုး အိုက်တင်တွေပါ ထည့်နေသည့် အိုဗာတင်းသမားကို စိတ်ကုန်စွာဖြင့် တစ်ချက်ကြည့်မိကာ ...

"ဘာရင့်တာလဲ။ ဒီလမ်းကို နင် တစ်ယောက်တည်းပိုင်တဲ့လမ်းမျိုးများ ထင်နေလား။ နင့်ထီးက အစွန်းက ငါ့နဖူးကို လာစိုက်တာ သိလား ...

မိုက်မိတာ နာတယ်။ ငါ ပြန်တွန်းတာ နင့်ကိုဘာမှထိနိုက်တာ မဟုတ်ဘူး"

"ဟာ ... ဒါဆိုလည်း ပါးစပ်က ပြောပါလား။ ဒီမှာ ဖုန်းပြောနေတဲ့ဟာ"

"မသိဘူး။ နင့်ဟာနင် ဖုန်းပြောပြော မပြောပြော ငါနဲ့မဆိုင်ဘူး။ ငါ့ကို လာထိရင်တော့ လုပ်လွှတ်မှာပဲ"

"ဟာ ... မင်း ဘယ်လိုမိန်းကလေးလဲ။ ဒီလောက် ရင့်ရသလား"

"ရင့်တယ်ဟေ့ ... ရင့်တယ်၊ နင်သာ ဖုန်းပြောပြီး တလောကလုံးကို မေ့နေတဲ့ဒီဇိုင်း လုပ်မနေနဲ့။ ဟင်း ... ယောကျ်ားတန်မဲ့ ထီးကြီးဆောင်းပြီးတော့ ..."

"ဟာ ... ဟာ ... ဟာ ...။ မင်းတော့ တော်တော်လွန်နေပြီနော်။ ငါ ထီးဆောင်းတာကအစ ဘာမှလာပြီး ထိနိုက်နေစရာ အကြောင်းမရှိဘူး ...

တောက် ... မိန်းကလေး ဖြစ်နေလို့ပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူက မကျေမချမ်း ဆိုလျှင် သူရိသည် စိတ်ကုန် စိတ်ပျက်လျှင် လုပ်နေကြပုံစံအတိုင်း ခါးထောက်လျက် နှာခေါင်းမှ လေထွက်ရုံ ဟက်ခနဲ လှောင်ပြောင်သရော်မိသည်။

“အေး … ငါ့နေရာမှာ မိန်းကလေး ဖြစ်နေလို့၊ နင်လည်း သက်သာသွားတယ်မှတ်၊ ယောက်ျားလေးချင်းသာဆို နင့်ကို ဖွဲပစ်ပြီ …

တောက် … ဘယ်လိုလူမှန်းကို မသိဘူး။ အောင် မဝင်ပါဘူး”

သူရိက အနိုင်နဲ့ပိုင်းပြောပြီး ဆက်လျှောက်လာခဲ့လျှင် ထိုတစ်ယောက်က ကျွတ် ကျက် တောက်တွဖြင့် ကျန်ခဲ့သည်။ အဲဒီနောက် ကားအနားသို့ ရောက်လာလျှင် အဆေးကနေ၍ ကားကို ရီမုတ်ဖြင့် လှမ်းဖွင့်ကာ တံခါးဖွင့်ဝင်၍ ကားကို စက်နှိုးလိုက်သည်။ ကားကို မောင်းထွက်စဉ်မှာပဲ နှစ်စီးကျော်လောက်က ကားတစ်စင်းက ရုတ်တရက် ဆောင့်ထွက်ကာ လမ်းမပေါ်ကို တက်လာသောကြောင့် အရှိန်နဲ့ မောင်းထွက်လာသော သူရိသည် ဘရိတ်ကို ကပျာကယာ ဆောင့်အုပ်လိုက်ရသည်။

ထောင်းခနဲ ထွက်သွားသော အသံတို့ဖြင့် ကားထဲမှ ခေါင်းပြူကာ တစ်ဖက်ကားသမားကို လှမ်းကြည့်လိုက်လျှင် သူရိကို မခိုးမခန့် ပြုံးပြနေသော အခုနက ပိန်ရှည်လမြော်ကိုပဲ တွေ့လိုက်ရပြန်သည်။

“ရှစ်ထိ”





သူရိသည် စိတ်တိုစွာဖြင့် စင်တီရာတိုင်ကို လက်နဲ့ ထုကာ နှုတ်ခမ်းကို တင်းနေအောင် ကိုက်ထားမိသည်။ အဲဒီတစ်ယောက်က အဆိပ်ကျေးသတ်ချင်စဖွယ်ကောင်းအောင် လျှာထုတ်ပြောင်ပြကာ ပခုံးစုံတွန့်ပြလျက် အင်ဂျင်ကြီးကြီးတပ်ထားသော ပြိုင်ကားကို ဝေါခနဲ ဆူညံသံပေးပြီးနောက် ခပ်ပြင်းပြင်းမောင်းထွက်သွားလေသည်။ သူ့ကားရဲ့နောက်မှာ ကပ်ထားသော ခြေထောက်ပုံစံ အရုပ်နှစ်ရုပ်ကလည်း သူရိကို အကြီးအကျယ် လှောင်ပြောင်သွားသလိုပဲဖြစ်သည်။

သူရိသည် မြင်လိုက်တာနဲ့ကို မေတ္တာတစ်စက်လေးမှ ရှိချင်စဖွယ်မကောင်းသော အကောင်ကို နှုတ်ခမ်းကိုက်ကာ ပါးစပ်ကနေ ပျစ်ပျစ်နှစ်နှစ်ထုတ်၍ ကျိန်ဆဲမိလေသည်။

“မြွေပွေးကိုက်”



www.burmeseclassic.com

www.burmeseclassic.com



သူရိသည် စားစရာတချို့ကို ဝိတ်တာအား မှာကြားပြီးသည့်နောက်မှာ ဒါပဲလေဟူသော သဘောဖြင့် ခေါင်းတစ်ချက်ဆတ်ပြလိုက်ပြီးနောက် ဝိတ်တာက ရိုကျိုးစွာ ပြန်လည်ထွက်ခွာသွားသည်။ သူရိက အေးအေးဆေးဆေးရှိသော ထောင့်စားပွဲလေးမှ စားပွဲပေါ် မေးထောက်ကာ အထဲသို့ လှမ်းဝင်လာသော သူရိရဲ့ချစ်သူကို လှမ်းမြင်လိုက်ရပါသည်။ အထဲကို မျက်လုံးဝေ့ရှာလိုက်သော စည်သူသည် သူရိ့ကိုလှမ်းမြင်သွားကာ လက်တစ်ချက်ပြပြီးနောက် သူရိရှိရာ စားပွဲသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။

စည်သူ လျှောက်လာတာကို မြင်သော်လည်း သူရိက အနေအထားကို မပြင်မိဘဲ မေးထောက်လျက်သားမှနေ၍ သူ့ကို ငေးကြည့်နေမိသည်။ စည်သူသည် တစ်သက်လုံးနယ်မှာပဲ ကြီးပြင်းလာခဲ့သော်လည်း မသိလျှင် ရန်ကုန်သားဟု ထင်ရလောက်အောင် ဝတ်တတ် စားတတ်သူ ဖြစ်သည်။ အရပ်က ခြောက်ပေခန့်ရှိကာ လူပျိုဖော်ဝင်ကတည်းက အလေးမ၊ ဒိုက်ထိုး၊ ဘယ်ရီ



ရိုက်လာခဲ့သည်ဟု ပြောပြထားသောကြောင့် သူ့ပုံစံမှာ နိုင်ငံခြားက မော်ဒယ်ဘွိုင်းတွေလိုပင် ဆွဲဆောင်မှုအပြည့်ဖြစ်သေးသည်။ အသားအရေက သိပ်မဖြူသော်လည်း အားကစားလိုက်စားထားသောကြောင့် ညိုပြီးစိုဝင်းနေတာကိုက ဖြူသူတွေထက် ဆွဲဆောင်မှုအား ကောင်းနေသေးလေသည်။

စည်သူကလည်း သူ့အားသာချက်ကို သူ သိကာ သူ့ Body အလှအပကို ပံ့ပိုးပေးသော Body Fitting တီရှပ်မျိုး၊ Nobody vest (ခွပ်ကျယ်)တွေချည်း ဝတ်တတ်သူ့သည်။ တော်တန်ရုံ ယောကျ်ားလေးဝတ်သော တီရှပ်၊ စပို့ရှပ်များပင်လျှင် သူ မဝတ်။ Rapper စတိုလ်လည်းမဟုတ်၊ ခေတ်စားနေသော ပန့်စတိုင်လ်၊ အီမိုစတိုင်လ်လည်း ဘာတစ်ခုမှ လိုက်မဝတ်ဘဲ သူ့စတိုင်လ်နဲ့သူနေသော သူတစ်ယောက်ဖြစ်သည်။ အခုလည်း ချောကလက်ရောင် လည်ပင်းဝိုက် ဖစ်တင်တီရှပ်ကို လိုင်းစင်းများပါသော အနက်ရောင် Skinney ဘောင်းဘီရှည်ဖြင့် တွဲဖက်ဝတ်ဆင်လာတာကို သူရိက ငေးနေရသည်။ သူရိတင်မဟုတ် ဆိုင်ထဲမှာရှိသော မိန်းမတချို့ကလည်း အမှတ်တမဲ့ သတိလက်လွတ် လိုက်ငေးမောတာကို မြင်ရလျှင် သူရိသည် ကိုယ့်ရည်းစားအတွက် တိတ်တဆိတ် ကျိတ်၍ ဂုဏ်ယူရပါသည်။

သူက သူရိ့အနားသို့ရောက်လျှင် ခုံမှာ ဝင်ထိုင်ကာ ...

"သူရိ ရောက်နေတာ ကြာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း _ သိပ်ကြာသေးပါဘူး။ ရော့ ... ဒီမှာ ပြန်ရင် ယူသွား"

သူရိက မနက်က ဝယ်လာခဲ့သော အင်္ကျီအိတ်ကို ထုတ်ပေးလိုက်လျှင် သူက ဘာလဲ ဟူသော သဘောဖြင့် အိတ်ကို ဟကြည့်သည်။ ပြီးတော့ သူရိ ဝတ်ထားတာကို လှမ်းကြည့်လျက် ...

"ဘာလဲ ... ဆင်တူလား"

"ဒါပေါ့"

"ကာလာက မိုက်သားပဲ၊ ဘယ်က ဝယ်လာတာလဲ"

"ဒီလိုပါပဲ၊ သွားရင်း လာရင်းနဲ့ တွေ့လို့ဝယ်လာတာ။ ဝယ်လာတာတောင် ရိုးရိုးဝယ်လာရတာ မဟုတ်ဘူး၊ ဘဲတစ်မွေ့နဲ့ လုဝယ်လာရတာ ...

တောက် ... အဲဒီကောင်များ ပြန်တွေးရင် အခု သတ်ချင်တယ်"

စည်သူက သူရိရဲ့အပြောကို ရိုးနေသလိုဖြင့် အသာ ရယ်မောကာ ...

"ဩော် ... သူလည်း သူ့ဆော်လေးနဲ့အတူ ဆင်တူဝတ်ချင်လို့ နေမှာပေါ့"

"ဝတ်ချင်လည်း စောစောစီးစီးက တွေ့အောင်လုပ်ပေါ့။ ပြီးတော့ ဒီအင်္ကျီနဲ့ သူနဲ့ကလည်း လိုက်မှာမှ မဟုတ်တာ။ လူကဖြင့် ပိန်ရှည်လမြော ...



ခါတ်တိုင်ကို အဝတ်ပတ်ထားတဲ့အတိုင်းပဲ၊ သောင်မဝင်တဲ့ကောင်"

စည်သူသည် စားပွဲပေါ်တွင် အသင့်ချထားသော ရေသန့်ဘူးထဲမှ ရေတစ်ခွက်ကို ငှဲ့ထည့်ရင်း အသာပြုံးမိသည်။ သူ့ချစ်သူဖြစ်သော သူရိချမ်းစိမ့် ဆိုသည့် ကောင်မလေးသည် ကြွယ်ဝသော မိသားစုအသိုင်းအဝန်းက ပေါက်ဖွားလာသူပီပီ မာန်တစ်မျိုးက မျက်နှာပေါ်တွင် အမြဲထင်ဟပ်နေကာ မျက်နှာက တည်တင်းနေလေ့ရှိသည်။ စကားပြောဆိုရာမှာလည်း ဘယ်သူ့ကိုမှ လူမထင်။

ပြောစရာရှိလျှင် ပက်ခနဲ ပြောပစ်လိုက်ကာ တစ်ဖက်သားအပေါ်မှာ သိပ်စာနာ ထည့်တွက်စဉ်းစားနေသောလူမျိုး မဟုတ်ချေ။

သူရိသည် ရုပ်က သိပ်အချောကြီး မဟုတ်ပါ။ အသားကတော့ သူဌေးသမီးပီပီ နေထိမခံ လေထိမခံသဖြင့် ပန်းနုရောင်သမ်းကာ ဖွေးနုနေသည်။

အစားကောင်း အသောက်ကောင်းကို မက်လှသောကြောင့် ခန္ဓာကိုယ်က နော်မယ်လ်ဆိုက်ခ်ကနေ၍ ပြည့်သည့်ဘက်သို့ ကူးပြောင်းနေပြီဖြစ်သည်။ ဘယ်သွားသွား ကားလေးတစီးစီးနှင့်ဖြစ်ကာ လမ်းလည်း ဒိုပ်မလျှောက်ရသောကြောင့် သူက "ဝလာပြီနော်"ဟု အမြဲသတိပေးနေရသူဖြစ်သည်။ အရုပ်ရည်ရှိ၍သာ ကြည့်ကောင်းနေခြင်း ဖြစ်လေသည်။ တစ်ခါတစ်ရံ စိတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ချွင် ရေသွားတူးတတ်သော်လည်း သူ စိတ်ပါတာက သုံးလမှ တစ်ခါလောက်ဖြစ်သည်။

Gym တွေ ဘာတွေမှာ သွားဆော့ဖို့ သူက တိုက်တွန်းသော်လည်း ပင်ပန်းသည့်အလုပ်ဆိုလျှင် လေတောင်မချွန်ပါဟု ပြောထားသောကြောင့် သူ့မှာ ထပ်လည်းမတိုက်တွန်းတော့ပါ။ ဘာပဲဖြစ်ဖြစ် အရပ်အမောင်းကောင်းကောင်း၊ အသားဖြူဖြူမှာ သူ့ရွေးသမီးပီပီ အကောင်းစားတွေချည်း ဝတ်ဆင်သုံးစွဲသောကြောင့် သူရီချမ်းစိမ့်သည် နာမည်ရော လူရော စိတ်ဝင်စားဖို့ကောင်းသူတစ်ယောက် ဖြစ်သွားသည်။ စိတ်ရင်းလေး ကောင်းသော်လည်း ပါးစပ်ကြမ်းတာလေးကလွဲလို့ သူရီသည် ချစ်ချင်စရာကောင်းသော ကောင်မလေးတစ်ယောက်သာ ဖြစ်ပါသည်။

"နေစမ်းပါဦး၊ ပြောချင်နေတဲ့ အဓိကကိစ္စက ဒါမဟုတ်ပါဘူး။ စည်သူ့အဆောင်ကဟာမက ဘာလဲ။ ရှင့်ကို ကြိုက်နေတဲ့ အထာလား"

"အာ ... ကိုယ် မိန်းကလေးတစ်ယောက်ကို အဲဒီလိုကြီး မပြောချင်ပါဘူး သူရီရာ"

"အမယ်လေး ... ဂျန်းတဲလ်မန်း အထာတွေ ဘာတွေ လာလုပ်မနေစမ်းပါနဲ့။ ဘာဖြစ်လဲ ဟုတ်တိုင်းမှန်ရာပေါ့"

"အင်း ... အဲဒီလိုပေါ့ကွာ၊ ထားလိုက်ပါတော့"

သူရီသည် စည်သူ့ရဲ့ပုံစံကို မျက်ခုံးရှုံ့ရှုံ့ဖြင့် စိုက်ကြည့်ရင်း ...



"ထားလိုက်ပါတော့ လုပ်မနေနဲ့လေ။ ဒီကိစ္စက အဲဒီအတိုင်း ထားရမယ့်ကိစ္စမှ မဟုတ်တာ။ စည်သူ အဲဒီအဆောင်က ပြောင်းလိုက်"

"အာ ... အဲဒီလို လွယ်လွယ်မပြောနဲ့လေကွာ။ ဒီအဆောင်မှာက အားလုံး အဆင်ပြေနေတာပဲ၊ သူရီကလည်း"

"ဘာအဆင်ပြေတာလဲ။ အဲဒီမိန်းမနဲ့ အဆင်ပြေနေတာလား"

"မဟုတ်ပါဘူးကွာ။ ဘာလို့ အဲလို ထင်နေရတာလဲ။ သူရီက သဝန်တိုနေလို့ပါ၊ သချာစဉ်းစားကြည့်ရင် သူနဲ့က သဝန်တိုစရာ ဘာအကြောင်းမှ မရှိဘူး ...

အေးဆေးပဲ။ သူရီရဲ့လက်သုံးစကားနဲ့ ပြောမယ်ဆိုရင် သူက ဘောင်မဝင်ပါဘူး"

"ဒါဖြင့်ရင် ဘယ်သူတွေက ဘောင်ဝင်နေတာလဲ"

"ဟား ... ပြောလေ ဆိုးလေပါလား။ မဟုတ်ပါဘူးကွာ။ သူရီပဲ ဦးနှောက်နဲ့ သချာစဉ်းစားကြည့်ပါလား။ ကိုယ်ကျင်လည်နေရတဲ့ ပတ်ဝန်းကျင်မှာ သူ့ထက် အထာကျတဲ့ဆော်တွေ အများကြီးပဲ။ အလန်းတွေ အများကြီး။ သူနဲ့ကျမှ ထူးပြီးဇာတ်လမ်းဖြစ်စရာလား။ ပြီးတော့ ကိုယ်က တစ်နေ့လုံးလိုလို အပြင်ထွက်နေရတာ ဘာအကြောင်းနဲ့မှ သူနဲ့ သိပ်တွေ့စရာ မရှိဘူး ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် အပြင်ထွက်မယ့်အချိန် သူက ပါလာမှာ ထိုင်စောင့်ပြီး တမင်နှုတ်ဆက်မှပဲ တွေ့စရာအကြောင်းရှိတယ်။ နောက်တစ်ခုက သူရီ ဖုန်းဆက်ရင်ပေါ့။ သူ့အခြေအနေက တစ်မျိုးမို့လို့ ဟိုတစ်နေ့ကတင်ပဲ ဖုန်းခေါ်နေတာ ကိုယ့်ရည်းစားဆိုပြီး ပြောပြခဲ့တာ။ *အဲဒါကြောင့် မနက်က* ဖုန်းကို စောင့်ချသွားတာ နေမှာပေါ့"

"တောက် ... အစုတ်ပလုတ်မ"

"သည်းခံလိုက်ပေါ့ သူရီရယ်။ သူရီ့ရည်းစားမှာက ဟန်းဒ်ဖုန်းမှ မရှိဘဲ။ ဒီလောက်တော့ သည်းခံရမှာပေါ့။ ရှေ့တစ်ပတ်ထဲကျရင် ကတ်ဖုန်းတွေ ရောင်းတော့မယ်ကြားတယ်။ အဲဒီကျမှပဲ သူရီ ဆက်ပေတော့"

"အို ... ကတ်ဖုန်းက ဘာလုပ်မှာလဲ"

"ခြော် ... ဒါပေမဲ့လည်း သိန်းဆယ်ချီတန်တဲ့ ဂျီတွေမှ မကိုင်နိုင်တာ၊ ဒါကိုပဲ မက်ကြတာပေါ့။ လူတိုင်းကတော့ ဂျီကိုင်ချင်တာပေါ့ သူရီရယ်"

"ဂျီကိုင်ချင်ရင် ကိုင်ရမယ် ... ရော့"

သူရီက ဘောင်းဘီအိတ်ကပ်ထဲမှာ ထိုးထည့်ထားသော ဟန်းဒ်ဖုန်းကိုထုတ်ကာ သူ့ရှေ့သို့ တွန်းပေးလိုက်သည်။ သူက ဖုန်းကို တစ်ချက်ငုံ့ကြည့်လျက် ...

"ဒါ သူရီ့ဖုန်းပဲ၊ မယူချင်ပါဘူး"





"နိုး ...။ သူရီ့ဖုန်း မဟုတ်ဘူး။ ဟန်းဒ်ဆက်သာ သူရီ့ဟန်းဒ်ဆက်ထဲ ထည့်ပေးထားတာ။ သူရီ ဟန်းဒ်ဆက် အသစ်ချိန်းလိုက်တယ်။ ဒီထဲက နံပါတ်က (xxxxx)တဲ့။ ဒါ စည်သူ ကိုင်ရမယ့်ဖုန်းပဲ"

စည်သူက အရောင်လက်သွားသော မျက်လုံးများဖြင့် သူရီ့ကိုကြည့်ကာ ...

"သူရီ ဝယ်လိုက်တာလား"

အဲဒီအချိန်မှာ ဟင်းပွဲတွေ လာချသဖြင့် စကားစကပြတ်သွားသည်။ သူရီက စည်သူ့ကို စား,ဟူသော သဘောဖြင့်မေးဆတ်ပြကာ ကိုယ်တိုင်လည်း ခူးခပ်ထည့်စားရင်းမှ ...

"ဖုန်းတစ်လုံး ပစ်ဝယ်နိုင်လောက်တဲ့အထိ သူရီ့မှာ ပိုက်ဆံရှိပါ့မလား စည်သူရဲ့"

"ဟင် ... ဒါဖြင့်ရင် ..."

"ငှားပေးထားတာပေါ့"

သူရီက မျက်လုံးလှန်ကြည့်ကာ မပွင့်တပွင့်ဆိုလျှင် စည်သူ့မှာ ဟာခနဲနှင့် ရှုံ့မဲ့သွားရသည်။ သူရီက စည်သူရဲ့သဘောကို ရိပ်မိစွာဖြင့် ...

"ငှားတယ်ဆိုတာ သူများဆီက ငှားပေးတာ မဟုတ်ပါဘူး၊ ပိုက်ဆံနဲ့ငှားတာလည်း မဟုတ်ဘူး။ သူရီ့အန်တီဆီက ငှားလာတာပါ။ သူ့ဆီမှာ ကတ်မချိုးရသေးတဲ့ ဖုန်းတွေ သုံးလေးလုံး ရှိတယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူ့ဆီက တစ်ခုတောင်းလာတာ။ လောလော
ဆယ် စည်သူ ကိုင်ထားပေါ့၊ နောက်တော့ ပိုက်ဆံလေး
ဘာလေးစုပြီး ဝယ်နိုင်ရင်တော့ ပြန်ပေးရမှာပေါ့ ...

စည်သူလည်း သိပ်သုံးမနေနဲ့ဦးလေ။ တတ်နိုင်
သလောက်စုပေါ့။ သူရိလည်း မုန့်ဖိုးစုပြီး စိုက်ပေးမယ် –
ဒါမှ အဖတ်တင်မှာပေါ့ စည်သူရဲ့"

စည်သူက ခေါင်းတညိတ်ညိတ်ဖြင့် သူရိ ပေးထား
Nokia ဖုန်းမည်းမည်းလေးကို သဘောတကျ ကိုင်ကြည့်
ရင်းမှ ...

"အင်း ... နိုင်နိုင့်ကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ
ပေါ့"

"ဘယ်က နိုင်နိုင်လဲ"

"ဩော် ... အဆောင်က ကောင်မလေးကို ပြောတာပါ"

"တော်စမ်းပါ၊ ဆောင်မဝင်တဲ့ဟာတွေအကြောင်း စကားဆ
ထည့်ပြောမနေစမ်းပါနဲ့။ ပြောထားမယ်နော်။ စည်သူ
မိန်းကလေးတွေနဲ့ ကင်းအောင် ရှင်းအောင် နေပါ။ အဆ
ကြားလို့ကတော့ သူရိ့အဆိုးမဆိုနဲ့ ...

အဲဒီအဆောင်မှာလည်း တတ်နိုင်ရင် မနေရင်ကောင်း
မယ်။ တိုက်ခန်းတစ်ခုခုမှာ သူငယ်ချင်းတွေနဲ့စုပြီး ငှားနေ
ပါလား"





"ဩော် ... အဲဒီလိုကျတော့လည်း သိပ်အဆင်မပြေဘူး
ကွာ။ နေတဲ့လူကလည်း Type ချင်း ကိုက်ဦးမှ။ ဟိုကောင်
တေဇာကတော့ ကွန်ဒိုမှာ အငြိမ်ဖြစ်သွားပြီ။ သူ့စပွန်ဆာ
မမကြီးက ငှားပေးထားတာ ...

မိုက်တယ်"

စည်သူက အားကျသံကြီးဖြင့် ပြောလျှင် သူရိက
နှုတ်ခမ်းတစ်ချက်ထိုးရင်းမှ ...

"ဘာလဲ၊ ရှင်က အဲဒီယောကျ်ားပိုင်းလုံးတွေကို အားကျ
နေတာလား"

"ဟာ ... အားမကျပါဘူး သူရိရာ။ အားကျရင် ကိုယ်
အစောကြီးတည်းက အဲဒါမျိုးတွေနောက် ပါသွားပြီပေါ့။
ကိုယ် သူရိ့ကို ဘယ်လောက်ချစ်သလဲဆိုတာ သူရိလည်း
အသိပဲ။ ပြီးတော့ အဲဒီကောင်တွေက give & take တွေ
ပါ သူရိရယ်။ တစ်ယောက်လိုချင်တာကို တစ်ယောက်က
ဖြည့်ဆည်းပေးပြီး အပေးအယူနဲ့ တည်ဆောက်ထားတဲ့
အခိုက်အတန့်ကာလ ဆက်ဆံရေးတွေပါ။ သူတို့ပတ်သက်
မှုက တစ်မျိုးပါ ...

ကိုယ်တို့လို ဘဝတစ်သက်လုံးအတွက် ရည်မှန်းထား
တဲ့ ချစ်သူမျိုးတွေမှ မဟုတ်တာ။ ဆောင်ဝင်တဲ့ ပတ်သက်
မှုမျိုး မဟုတ်ပါဘူး။ ဟုတ်တယ်မှလား"



www.burmeseclassic.com

www.burmeseclassic.com



စည်သူက အေးဆေးနူးညံ့စွာ ရှင်းပြရင်း အပြုံးတစ်ခု ဖြင့် မေးဆတ်ပြီးမေးလျှင် သူရိသည် ကျေနပ်စိတ်ဖြင့် ဘာမှပြန် မပြောမိဘဲ နှုတ်ခမ်းတွန့်၍ အသာပြုံးမိသည်။ စည်သူက သူရိ ပန်းကန်ထဲသို့ ဟင်းခပ်ထည့်ပေး၊ ရေသန့်ထပ်ဖြည့်ပေးတာတွေ ကို ဆက်တိုက်ပြုလုပ်ပေးနေပြီးမှ ...

"တစ်ခါတလေကျတော့လည်း ကိုယ့်ဘဝကိုယ် သူရိနဲ့ပတ် သက်ပြီး အားငယ်တယ် ... သိလား"

"ဘာအားငယ်စရာရှိလဲ"

"ဪ ... သူရိတို့ အဆင့်အတန်းနဲ့ ကိုယ့်အဆင့်အတန်း နဲ့လေ။ သူရိ့မိဘတွေက ကိုယ့်ကို လက်ခံနိုင်မှာ မဟုတ် ဘူးပေါ့"

"သူရိ လက်ခံနိုင်ရင် ပြီးတာပဲ မဟုတ်ဘူးလား စည်သူ"

"သူရိ့မှာ အဲဒီလို့အတွေးမျိုးရှိတာ ဝမ်းသာပါတယ် သူရိ ကိုယ် အားလည်းတက်တယ်။ စိတ်ချပါ၊ လက်ရှိအလုပ် မှာလည်း ကိုယ် အောင်မြင်အောင် ကြိုးစားမှာပါ။ ကာရ မဟုတ် တစ်ခုတော့ ဖြစ်ရမယ် ...

ကိုယ့်အနားမှာ ကိုယ့်ကို နားလည်ပေးတဲ့ သူရိ ရှိ နေရင် ဘာမှမလိုတော့အောင် ပြည့်စုံနေပါပြီ။ စိတ်ချထား လိုက်ပြီ။ ဟုတ်လား"

"အင်း ... စိတ်ချထားလိုက်တော့"





စည်သူက ပြုံးကာ သူရိ့ကို လက်မတစ်ချက်ထောင် ပြသည်။ သူရိသည် သူ့အပြုံးကိုငေးကာ ကျေနပ်စိတ်ဖြင့် ထမင်း ကို ဖြည်းဖြည်းချင်း ဝါးစားမိသည်။ သူရိသည် တခြားမိန်းကလေး တွေလို ချစ်သူကို ပျော့ပျော့ပျောင်းပျောင်း နူးညံ့ချိုသာစွာ မဆက် ဆံတတ်ပေမယ့် သူ့ကိုချစ်သည့် အချစ်စိတ်ကတော့ ရင်ထဲမှာ အပြည့်ရှိသည် ဆိုတာကို ကိုယ့်ဟာကိုယ်ပဲ သိလေသည်။

ရင်ထဲက အချစ်ကို တကူးတက ထုတ်မပြတတ်ပေ မယ့် စည်သူ့ကိုတော့ ဘဝလက်တွဲဖော်အထိ ရည်မှန်းပြီး ချစ် ခဲ့တာဖြစ်သည်။ ပြီးတော့ လူတစ်ယောက်ကို သံယောဇဉ်ထားခဲ့၊ ချစ်ခဲ့သော သူရိသည် စည်သူ့ကို ရှိရှိသမျှသော အချစ်တွေအားလုံး ပုံအပ်ထားပြီးတော့ကို နက်နက်ရှိုင်းရှိုင်း ချစ်တာဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၂

"ဟော့ကောင် ငဒိုး။ ဒါက ဘယ်လဲ"

သူက အဖေမရှိဘူး အထင်ဖြင့် ခြေလှမ်းကို ဖြ
ကြွကြွလှမ်းကာ ပီတိဖြင့် လမ်းလျှောက်မည် မကြံသေး အဖေ
အသံကြီးက ဟိန်းထွက်သွားလျှင် စိတ်ပျက်လက်ပျက်ဖြင့် မျက်နှ
ကို ရှုံ့မဲ့မိသည်။ သွားပြီ၊ အဖေရစ်လျှင်တော့ အနည်းဆုံးနာရီဝက်
ကြာတော့မည်။ သူက လွတ်လိုလွတ်ငြားဖြင့် အဖေ့ဘက်သို့လှည့်
ကာ မျက်နှာချိုသွေးလျက် ...

"ခြော် ... ဟိုဟာလေ၊ အဖေကြိုက်တဲ့ အားကစားဂျာနယ်
သွားဝယ်ပေးမလို့ပါ ... ဟဲ ဟဲ"

"ဟော့ကောင်၊ ဘာမှ သွေးရှူးသွေးတန်း လျှောက်ပြောမနေ
နဲ့၊ ဂျာနယ်မှန်သမျှ ထွက်တိုင်း အိမ်လာပို့ပေးနေတာ
ဘယ်တုန်းက သွားဝယ်ဖူးလို့လဲ ...

မင်းကို ငါ ပြောစရာရှိတယ်၊ ထိုင်စမ်း"





"ဟုတ်ကဲ့ ခင်ဗျာ။ ထိုင်ပါ့မယ် ဖေဖေ ... ဟဲ ... ဟဲ"

သူက ညောင်နာနာလေသံနှင့် အပိုးကျိုးကျိုး ဒီခိုင်း
ဘိပမ်းကာ ဆိုဖာ ပါတွင် ကုပ်ကုပ်လေး ဝင်ထိုင်လိုက်ရသည်။
စိတ်ထဲမှာတော့ တော်တော်ကြီး လေနေပြီဖြစ်သည်။ သူ့အဖေက
သူ့ကို ခပ်တင်းတင်းကြည့်ကာ ...

"ဒီမှာ ငဒိုး။ မင်း ဘွဲ့ရပြီးတာ ဘယ်လောက်ကြာပြီလဲ"

"ဗျာ ... သိပ်မကြာသေးပါဘူး အဖေရဲ့"

"ဘာလို့ သိပ်မကြာရမှာလဲ။ ငါ နားရင်းထအုပ်လိုက်တော့
မယ်။ ငါးလကျော်ပြီကွ၊ ငါးလကျော်ပြီ၊ သိရဲ့လား ...

အေး ... အဲဒီငါးလအတွင်းမှာ မင်း ဘာတွေလုပ်
ခဲ့လဲ ... ပြော"

"အာ ... အကုန်ပြောရမှာလား၊ ပျင်းစရာကြီး အဖေရာ။
တစ်ခုတော့ရှိတယ်၊ အဲဒီ ငါးလအတွင်းမှာ ကျွန်တော်
မကောင်းတာ မှန်သမျှ ဘာမှမလုပ်ခဲ့ပါဘူး အဖေ"

"အေး ... မကောင်းတာတော့ မလုပ်ဘူးပေါ့ဂ ၊ကောင်း
တာတွေလည်း တစ်ခုမှ မလုပ်ခဲ့ဘူးမဟုတ်လား။ ကျောင်းပြီး
သွားလို့ မိဘလုပ်ငန်းကို ကူပါ၊ လေ့လာပါ ဆိုတာတောင်
ရုံးဘက်၊ အလုပ်ဘက်တွေကို တစ်ချက်လောက်မှ ယောင်လို့
တောင် မရောက်လာဘူး ...

မျက်နှာလေးတောင် လာပြဖော်မရဘူး။ မင်းကို
လုပ်ငန်းတွေ ဦးစီးခိုင်းနေတာ၊ အုပ်ချုပ်ခိုင်းနေတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ မိဘအလုပ်ကို သဘောတရားလေးလောက် အခြေခံလေးလောက်ပဲ သိအောင် လာခိုင်းနေတာ၊ လာကြည့်ခိုင်းနေတယ် ...

မင်း ငါ့စကားကို ဖင်ကြားညှပ်လား"

"ညှပ်ပါတယ် အဖေရ"

"ဘာကွ ! "

"ဟာ ... အဖေကလည်း၊ အဖေမေးလို့ သားက ဖြေရတဲ့ဟာကို"

"ဟဲ့ကောင် ... ရူးသလို ပေါသလို သူငယ်နာမစင်သလိုလို လာလုပ်မနေနဲ့ကွ။ သားယောကျ်ားလေးတစ်ယောက်တည်း ခဲရာခဲဆစ် မွေးထားရပါတယ်။ ဘာမှ အသုံးမကျဘူး အားမကိုးရဘူး ...

မအေနားကို ပတ်ချွဲနပ်ချွဲလုပ်ပြီး သုံးဖြုန်းဖို့လောက်ပဲ တတ်တယ်။ မင်း တစ်လ တစ်လ သုံးတဲ့ အသုံးစရိတ်ကို မင်း ပြန်တွက်ကြည့်စမ်း ...

ဒါတောင် ငါမသိအောင် မင်းအမေဆီက လက်သိပ်ထိုးရတာတွေ မပါသေးဘူး ...

ငါများ ရုတ်တရက် သေသွားရင် မင်းတို့သားအမိတွေ ခက်မယ်"

"ဟာ ... မသေနိုင်သေးပါဘူး၊ အဖေက အလတ်ကြီးရှိသေးတဲ့ဟာပဲ"





"ဟော့ကောင် ... မင်း ပါးစပ်ကို ပိတ်ထားစမ်း။ ဘာမှ လောကအကြောင်းကို နားမလည်တဲ့ကောင်။ ဘွဲ့တစ်ခုရထားပြီး ဘာမှ ရင့်ကျက်မလာတဲ့ကောင် ...

သုံးဖို့ ဖြုန်းဖို့ကလွဲပြီး ဘာဆို ဘာမှ နားမလည်တဲ့ကောင်"

သူ့အဖေရဲ့စကားလုံးတွေသာ လက်ပစ်ဗုံးတွေဆိုလျှင် သူ့တစ်ကိုယ်လုံး ရစရာမရှိတော့လောက်အောင်ကို စုတ်ပြတ်သတ် မွကြေမှာ ဖြစ်တော့သည်။ သူသည် အဖေ့ကိုတော့ ငယ်ကြောက်ပီပီ ဘာမှပြန်မပြောရဲဘဲ ခေါင်းသာငုံ့ခံ၍ နေရလေသည်။ သူတို့မိသားစုမှာ သူ ငယ်စဉ်အခါက ဒီလောက် ငွေကြေးကြွယ်ဝ မချမ်းသာသေး။ သူ့အဖေက အလုပ်ကို အင်မတန်ကြိုးစားသည်။ အဖေ့ ခေါင်းထဲတွင် အလုပ်နဲ့အချိန်က အချိန်ပြည့် စိုးမိုးနေတတ်ကာ အင်တိုက် အားတိုက် ကြိုးစားခဲ့ခြင်းကြောင့် ဆယ်စုနှစ်တစ်ခုကို ဖြတ်ကျော်ပြီးသည့်အခါမှာတော့ အဖေသည် ယခင်ဘဝကနှင့် မတူတော့ဘဲ များစွာချမ်းသာကြွယ်ဝသည့် လုပ်ငန်းရှင်တစ်ယောက်အဖြစ်သို့ ရောက်လာခဲ့ပြီဖြစ်သည်။

မျိုးရိုးစဉ်ဆက် ချမ်းသာလာခဲ့တာ မဟုတ်ဘဲ ကိုယ့်ဒူးကိုယ်ချွန်ကာ အင်တိုက် အားတိုက် ကြိုးစားလာခဲ့ခြင်းကြောင့် ဒီလိုဖြစ်လာရတာကို အဖေက အမြဲဂုဏ်ယူလေ့ရှိသည်။ လုပ်အားတန်ဖိုးကိုလည်း အမြဲဦးထိပ်ထားတတ်သူ ဖြစ်သောကြောင့် ကိုယ်နှင့်နှိုင်းကာ သူ့ကိုဆိုလျှင် ဘယ်တော့မှ အားရသည်မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို စိတ်မဝင်စား၍ အမြဲတမ်း ကြိမ်းမောင်းဆူပူနေတာပဲ ဖြစ်တော့သည်။ သူကလည်း သူပင်။ အမေ့ရဲ့ငါးပုစွန်လုပ်ငန်း၊ ပုလဲမွေးမြူရေးလုပ်ငန်း စတာတွေကို ဘယ်လိုမှ ရင်ခုန်ခံစားကြည့်၍ မရပါ။ တွေးလိုက်တာနဲ့တောင် ညှီစော်နံသည်ဟု ခံစားရသဖြင့် ဝေးဝေးက ရှောင်နေခြင်းသာ ဖြစ်လေသည်။

အမေ့မှာသာ အတွေးဖမ်းစက်ရှိလို့ကတော့ သူ့အတွေးတွေကို ဖမ်းယူကြည့်နိုင်မည် ဆိုပါက ဘယ်လောက်တောင် များ နားရင်းအုပ်ခံရမည်ကို မသိပါ။

"ဟော့ကောင် ... ငါ ပြောနေတာတွေကို ကြားလား"

သူသည် စိတ်ပျက်စွာဖြင့် ခေါင်းကိုတစ်ချက်ကုတ်ကာ ...

"ကြားပါတယ် အမေရာ"

"အေး ... ကြားတယ်ဆိုလည်း ဒီဘက်နားကဝင်ပြီး ဟိုဘက်နားက ထွက်တာပဲ မဟုတ်လား။ ကဲ ... ပြော၊ မင်း ဘာလုပ်ဖို့ စဉ်းစားထားလဲ"

"ကျွန်တော် မိန်းမယူဖို့ စဉ်းစားထားပါတယ်"

"ဘာကွ"

"ဟုတ်တယ် အမေ၊ မိန်းမယူမယ်လေ၊ မိန်းမယူပြီးရင် အမေ့အလုပ်ထဲ ဝင်ပါမယ်။ ကျွန်တော်တင် မကဘူး ကျွန်တော့်မိန်းမကိုပါ အမေ့အလုပ်ထဲမှာ လုပ်နိုင်းမယ်လေ ...





အမေတောင် လူတစ်ယောက် ထပ်ရသေး။ ကျွန်တော့်အစီအစဉ် မကောင်းဘူးလားဟင်၊ အမေ ... ဟင် ?"

ထိုအခါ အမေက သူ့ကို မျက်လုံးကြီးပြူးကာ ကြည့်ပြီးလျှင် ...

"ဟော့ကောင် ... မင်း ထွက်သွားစမ်း။ ထွက်သွားတော့ ... သွား"

"ဗျာ ... သား ပြောတာ ဘာအမှားပါသွားလို့လဲ အမေရယ်"

"ဟော့ကောင် ... သွားဆိုသွား။ မင်း မျက်နှာ ငါမကြည့်ချင်ဘူး။ မင်း တော်တော်မွေးရကျိုးနပ်တဲ့ အကောင်ပါလား ... ဟင်။ မိဘကိုတော့ လုပ်ကျွေးဖို့ မစဉ်းစားဘဲနဲ့ မိန်းမယူဖို့တော့ စဉ်းစားနေတယ် ... တောက် ...

မင်းကို မွေးရတာ ဝမ်းရေစပ်တယ်ကွ၊ နားလည်လား"

"ဟင် ... အမေကလည်း၊ ဝမ်းရေစပ်ရအောင် အမေလည်း ကိုယ်တိုင်မွေးထားရတာ မဟုတ်ဘဲနဲ့ ..."

"ဟော့ကောင် ကျေးစူးကန်း။ ငါ မမွေးဘဲနဲ့ မင်း ဖြစ်မလာဘူးကွ၊ နားလည်လား"

"ဪ ... ဟုတ်လား၊ သိပါဘူး။ သားက အမေက အမေ့ရဲ့ချက်တော်ကို လက်တော်နဲ့ ရစ်လိုက်လို့ သားများ ဖြစ်သွားတာလားလို့ ...



www.burmeseclassic.com

သားကိုရဖို့ အမေ တော်တော်ကြိုးစားခဲ့ရလို့လား ဟင်"

အဲဒီမေးခွန်းကိုတော့ သူ့အဖေက ပါးစပ်က မဖြေတော့ပါ။ သူ့ကိုကန်ဖို့ ခြေထောက်ကို မ,လိုက်တာနှင့် သူကလည်း အတွေ့အကြုံ ရင့်ကျက်နေသူပီပီ ဖျတ်ခနဲ ထပြေးပြီးသား ဖြစ်လေသည်။ အိမ်ထဲမှ အမောတကော ထပြေးလာရင်း ခြံထဲမှာ ရပ်ထားသော ကားပေါ်တက်ကာ အမြန်မောင်းထွက်လာရသည်။ အနုမှပင် အသက်ကို ဝဝရှူရတော့တာ ဖြစ်လေသည်။ သူက ကားမောင်းရင်းမှနေ၍ လေတချွန်ချွန်ဖြင့် ချစ်သူနှင့်ချိန်းထားရာသို့ အမြန်မောင်းလာရသည်။

စန္ဒီနှင့် ချိန်းထားသော ကော်ဖီဆိုင်လေးသို့ရောက်လျှင် စန္ဒီက အရင်ကြိုရောက်နေပြီဖြစ်သည်။ သို့သော် စိတ်ကောက်သော အမူအရာ မရှိပါ။ သူ့ရဲ့ချစ်သူလေး စန္ဒီသည် ရုပ်ချောသလောက် သဘောမနော အလွန်ကောင်းကာ သူ့အပေါ်တွင်လည်း ထင်ထားတာထက် နားလည်ပေးနိုင်သောသူ ဖြစ်လေသည်။ စန္ဒီကား ခါးထိလုသော ဆံနွယ်ရှည်ကြီးများဖြင့် ဖယောင်းရုပ်လေးတစ်ရုပ်လို သွယ်သွယ်ပျောင်းပျောင်း လုပ်သူဖြစ်သည်။ စကားပြောလျှင် တိုးတိုးသက်သာ နူးညံ့လျက် ယဉ်စစရှိသူလေး ဖြစ်သည်။

သူ ဝင်လာတာမြင်လျှင် စန္ဒီက ပြုံးကာ ခေါင်းလေး ဆတ်ပြသည်။ သူက စန္ဒီရဲ့ဘေးခုံမှာ ဝင်ထိုင်လျက် ...





"ဗိုး ... စောင့်နေရတာ ကြာပြီလား စန္ဒီ၊ ဆောရီးကွာ၊ အိမ်ကထွက်ခါနီးကျမှ ဘိုးတော်နဲ့ တိုးနေလို့ ...

ရစ်နေတာနဲ့ မနည်းလွတ်အောင် ပြေးလာရတယ်"

စန္ဒီက သူ့ရှေ့မှာချထားသော အအေးဖန်ခွက်ကို သူ့ရှေ့သို့ တွန်းပို့ပေးရင်းမှ အေးဆေးသော အပြုံးလေးနှင့် ငေးကြည့်ကာ ...

"အမောပြေ သောက်လိုက်ဦး မောင်။ ကိုယ့်အဖေနဲ့ကိုယ်လည်း အဆင်ပြေပြေ နေမှပေါ့ မောင်ရယ်၊ မိဘတွေနဲ့ အတိုက်အခံ မလုပ်ပါနဲ့"

သူက စန္ဒီရဲ့ဖျော်ရည်အေးအေးကို အားရပါးရတစ်ကိုက်မပြီးမှ စန္ဒီ့ကို ပြုံးပြီးငေးကြည့်မိသည်။ စန္ဒီရဲ့လေသံချိုအေး စကားများသည် ဖျော်ရည်အေးအေးလေးလိုပင် သူ့နားထဲသို့ ချိုမြအေးဆေးစွာ နားကြောထဲစိမ့်လျက် ဖြတ်စီးဆင်းသွားကြသည်။ (အဖေ့ရဲ့စကားသံတွေနဲ့တော့ ကွာလိုက်တာ) သူတို့ ယောကျ်ားလေးတွေသည် မိန်းကလေးတွေ ပွစိ ပွစိ လုပ်တာကို ခံနိုင်ရည်မရှိပေမယ့် လေသံချိုချိုအေးအေးလေးဖြင့် နားဝင်အောင် ပြောတာကိုတော့ အင်မတန် နှစ်သိမ့်ကျေနပ်ကြပါသည်။ ကိုယ့်ရဲ့အဆင်မပြေမှုတွေကို ချစ်သူက နားလည်လက်ခံပေးကာ ပြုံးပြီး နှစ်သိမ့်အားပေးတာလောက် ကြည်နူးဖို့ကောင်းတာ မရှိတော့ဆင်သည်။

www.burmeseclassic.com



သူက စန္ဒီရဲ့ လက်ချောင်းလေးများကို ဆွဲယူဖျစ်ညှစ်လိုက်ပြီးမှ ...

"အဂိုက်အခံ မလုပ်ပါဘူး စန္ဒီရာ၊ အကိုက်ကို မလုပ်ရဘူး၊ အခံချည်းပဲ၊ မောင်က အမြဲခံဘက်ကချည်း"

စန္ဒီက သူ့စကားကို သဘောကျသလိုဖြင့် အသာရယ်မောကာ သူ့ပခုံးကို ဖျတ်ခနဲ ရိုက်သည်။

"မောင်ရယ် ... ကိုယ့်ကိုမွေးထားတဲ့ ကိုယ့်မိဘပဲဟာ ဘာပဲပြောပြော သည်းခံရမှာပေါ့။ ကိုယ့်အဖေစကားကို နားထောင်ရမှာပေါ့"

"ဟာကွာ ... သူကပါ မတော်ရသေးတဲ့ ယောက္ခထီးကြီးဘက်က ပါနေပြန်ပြီ။ စန္ဒီပဲ စဉ်းစားကြည့်ကွာ။ ဘွဲ့ရတာမှ မကြာသေးဘူး။ အလုပ်ထဲဝင်ဖို့က ပြောနေပြီ။ ဒီသားလေးတစ်ယောက်ရှိတာ အလုကြည့်ထားမယ်တော့ စိတ်မကူးဘူး၊ နိုင်းစားဖို့လောက်ပဲ စဉ်းစားနေတယ်"

"မောင်ကလည်းကွယ်၊ အဲဒါတွေပေါ့ mature မဖြစ်သေးဘူးဆိုတာ။ မောင့်အဖေလည်း သားယောကျ်ားလေးတစ်ယောက် မွေးထားတာ၊ အားကိုးချင်မှာပေါ့ မောင်ရဲ့။ သူများတွေဆို ဆယ်တန်းအောင်ပြီးတည်းက ကျောင်းတစ်ဖက်နဲ့ အလုပ်လုပ်နေကြတာ ...

စန္ဒီကလည်း မောင့်ကို အလုပ်,လုပ်စေချင်တာပဲ မောင်ရေ"





"ဟာကွာ ... သူများတွေနဲ့ မနှိုင်းယှဉ်စမ်းပါနဲ့။ လူတွေမှာ ကံချင်းမတူကြဘူး၊ အကျိုးပေးချင်း မတူကြဘူး စန္ဒီရဲ့။ ငြိမ်ငြိမ်အေးအေးနေရမယ့် လူတွေရဲ့ ကံဇာတာက ငြိမ်းငြိမ်းလေး နေကြတာ ...

ကိုယ့်ဘဝက နေလို့ရလို့ နေတာပဲကွာ၊ သူများတွေက နေလို့မရလို့ မနေဘဲ ကျောင်းတစ်ဖက်နဲ့ အလုပ်လုပ်ကြရတာ။ တချို့လူတွေက အဲဒါ မနာလိုလို့ပြောကြတာ။ အလုပ်လုပ်ဖို့ လိုတဲ့လူက လုပ်ကြတာပေါ့ကွာ။ မလိုတဲ့လူက မလုပ်ဘူးပေါ့ ...

မောင်လည်း တစ်သက်လုံးကြီးတော့ ဒီလို ဘယ်နေမလဲ လုပ်မှာပေါ့။ အခုဟာက အဖေက နေ့တိုင်းညှော်စီးရီးထုတ်နေတော့ တကယ်လေတယ်"

"စောစောစီးစီး လောကကို ရင်ဆိုင်တော့ စောစောစီးစီး အတွေ့အကြုံရှိတာပေါ့ မောင်ရယ်"

"အေးကွာ၊ စန္ဒီ ပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ တစ်ယောက်တည်းတော့ ရင်မဆိုင်ချင်ပါဘူး"

သူက စန္ဒီ့ဘက်ကို ယိမ်းကာ ခပ်ချွဲချွဲပြောလိုက်သွင် စန္ဒီက သူ့ကို မျက်လုံးထောင့်ကပ်ကြည့်ကာ ...

"တစ်ယောက်တည်း ရင်မဆိုင်ချင်လို့ ဘယ်နှယောက်ရင်ဆိုင်ချင်လို့လဲ"

"ဩော် ... စန္ဒီနဲ့အတူတူ ရင်ဆိုင်ချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း … တော်ပါနော်၊ အလုပ်ကဖြင့် မရှိဘဲနဲ့"

"ဟာ … အလုပ်က အခုလုပ် အခုရပါတယ်ကွာ။ မိန်းမက အခုယူချင်လို့ အခုရတာမှ မဟုတ်တာ …

ကိုယ် စန္ဒီနဲ့ အတူတူ နေချင်ပြီကွာ။ ကိုယ်တို့လက်ထပ်ကြရအောင်လေနော် စန္ဒီ"

စန္ဒီက သူ့ကို ရီဝေဝေ မျက်လုံးလေးများဖြင့် ငေးကြည့်ကာ …

"မောင်ရယ် … လက်ထပ်ဖို့ဆိုတာ စဉ်းစားပါဦး။ မောင့်မိဘတွေက စန္ဒီနဲ့ မောင့်ကို သဘောတူမှာတဲ့လားဟင်"

ဒီလိုကျတော့လည်း သူသည် စန္ဒီရဲ့ အပြောလေးကို သနားကာ ကရုဏာသက်သွားပြန်သည်။ စန္ဒီတို့မိသားစုက သိပ်ပြည့်စုံရှာသည် မဟုတ်ပေ။ စန္ဒီ့မှာက အမေမရှိတော့ပဲ အဖေကလည်း နောက်အိမ်ထောင်နှင့်ဖြစ်ကာ စန္ဒီက အဒေါ်အပျိုကြီးနှင့် နေရသူဖြစ်သည်။ စန္ဒီက ကွန်ပျူတာသင်တန်းတစ်ခုက ဝန်ထမ်းဖြစ်လျက် သင်တန်းမှာ သူနဲ့ဆုံတွေ့ ချစ်ကြိုက်ခဲ့သူများ ဖြစ်ပါသည်။ ပြောရလျှင်တော့ သူနဲ့ စန္ဒီတို့ရဲ့ အခြေအနေမှာ တော်တော်ကွာခြားသည်ဟု ပြောရမည်။ စန္ဒီသည် ထူးခြားသော ဘဝပေးကုသိုလ်အရ အင်မတန် ကြည့်ကောင်းသော ရုပ်ရည်ရူပကာလေးကို ပိုင်ဆိုင်ထားရုံမှလွဲ၍ ဘာမှတော့ မက်စရာမရှိသူဖြစ်ပါသည်။





သို့သော် သူက စန္ဒီ့ကို အင်မတန်ချစ်သည်။ ဘဝတစ်ခုလုံးအတွက် ရည်ရွယ်ပြီးတော့ကို ချစ်သည်။ သူသည် ဘဝ…လည်း ဘာကိုမှ သိပ်အလေးအနက် မထားပါ။ ပေါ့ပေါ့ပါးပါးနှင့် အေးအေးဆေးဆေးပဲ ဖြတ်ကျော်လိုသူ ဖြစ်လေရာ ကိုယ်ကချစ်သောသူကို တွေ့ရတဲ့အခိုက်မှာလည်း အားလုံးအဆင်ပြေနေသူပီပီ စောစောစီးစီး လက်ထပ်လိုလှပြီဖြစ်သည်။ ပြီးတော့ သူက အောက်သက်ကြေသူလေးဖြစ်၍ သူ့မိဘတွေကလည်း နားလည်လက်ခံနိုင်လိမ့်မည်ဟု မျှော်လင့်ထား၍ ဖြစ်ပါသည်။

သူက စန္ဒီရဲ့လက်ကလေးကို ကြင်နာစွာနှင့် ဆုပ်ကိုင်မိကာ …

"သဘောတူမှာပါ စန္ဒီ၊ စန္ဒီက မောင့်ထက်တောင် လိမ္မာသေးတာပဲဟာ။ ပြီးတော့ မောင့်မိဘတွေက အဆင့်အတန်းခွဲခြားတဲ့စိတ်မျိုး မရှိပါဘူး။ မောင့်အဖေဆိုရင် မရှိတဲ့ဘဝက ကြိုးစားရုန်းကန်ခဲ့ရတာဆိုတော့ မရှိလို့လည်း သူက အထင်မသေးဘူး၊ မနှိမ်ဘူး …

မရှိတဲ့လူတွေဆို ကြိုးစားချင်စိတ်ရှိအောင် မြေတောင်မြှောက်ပေးတယ်၊ အဲလိုပဲ စန္ဒီ့ကိုလည်း အလုပ်လုပ်တဲ့သူဆိုတော့ အဖေက သဘောကျမှာပါ။ တစ်ရက်လောက် မောင့်အိမ်ကို လိုက်ခဲ့ပါလား၊ မိတ်ဆက်ပေးမယ်လေ"

"အို … နေပါဦး မောင်ရယ်။ စောပါသေးတယ်၊ စန္ဒီ မလိုက်ရဲသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့်ရင် ဘယ်တော့ လိုက်မှာလဲ၊ ပြော"

"အင်း ... နောက်တော့ လိုက်မှာပေါ့ မောင်ရဲ့။ မောင် သာ မောင့်အိမ်နဲ့ အဆင်ပြေအောင်လုပ်ပါ မောင်ရယ် အလုပ်လုပ်ဖို့ စဉ်းစားပါ"

"စဉ်းစားပါတယ်ကွာ၊ စဉ်းစားပါတယ်။ စန္ဒီ့ကို တစ် မေးပါဦးမယ်၊ စန္ဒီ မောင့်ကို လက်ထပ်ချင်စိတ်ရော ရှိ လားဟင်"

သူ့အမေးကြောင့် စန္ဒီက သူ့ကို မျက်လုံးညိုကြီးများ ဖြင့် အသာကြည့်ကာ သက်ပြင်းနနလေးကိုချသည်။ ပြီးတော့ သူ့လက်တွေကို သူမက တစ်ပြန် ခပ်ဖွဖွ ဆုပ်ကိုင်လာပါသည်။

"ဘယ်လိုမေးလိုက်တာလဲ မောင်ရယ်။ အဲဒီစကား စန္ဒီ့အချစ်ကို မယုံဘူးလို့ သွယ်ဝိုက်ပြီး ပြောလိုက်တာ မတူဘူးလား"

"မဆိုင်ဘူးလေ စန္ဒီ။ စန္ဒီ ချစ်တာကို ယုံပါတယ် ဒါပေမဲ့ အချစ်နဲ့ အိမ်ထောင်ရေး ဆိုတာ ဒွန်တွဲနေတ တာမှ မဟုတ်တာ ...

အချစ်ကို တစ်မျိုးဆုံးဖြတ်ပေမယ့် အိမ်ထောင်ရေး ကိုလည်း တစ်မျိုးဆုံးဖြတ်ကြတာတွေလည်း ရှိတာပဲလေ"

စန္ဒီက ဒီတစ်ခါတော့ သူ့စကားကို သဘောကျ ဖြင့် ပြုံးကာ ...





"မောင်က စကားတွေ တတ်နေလိုက်တာ။ အဲလို မဟုတ် ပါဘူး မောင်ရယ်။ မောင်လည်း အိမ်ထောင်တစ်ခုကို ထူ ထောင်ဖို့ အဆင်သင့် မဖြစ်သေးဘူး မဟုတ်လား ...

စန္ဒီတို့ အသက်အရွယ်တွေက နေမယ်ဆိုလည်း လွတ်လွတ်လပ်လပ် နေလို့ရတဲ့အရွယ်တွေပါ။ ဒီအချိန်မှာ သစ္စာရှိရှိနဲ့ ချစ်နေဖို့က အဓိကပဲ မဟုတ်လား ...

ကဲပါ မောင်ရယ်။ မောင်သာ မောင့်အဖေနဲ့ အဆင် ပြေအောင် ကြိုးစားပါ။ စန္ဒီက မောင့်ကို အားကိုးချင်တဲ့ သူပါ။ ဟင်း ... မောင်ကတော့လေ သူများတွေက ဒီအရွယ် မှာ ပျော်လို့ ပါးလို့ ကဲလို့ ကောင်းတုန်း၊ မောင့်ကျမှပဲ အိမ်ထောင်ကျချင်နေရတယ်လို့"

"အဲဒါ ... မင်းကို တကယ်ချစ်လို့ တန်ဖိုးထားလို့ပေါ့ စန္ဒီ"

"ဟင်း ... သူ့ပဲ အပြောကောင်း"

"ကဲ ... စန္ဒီ၊ သောက်စရာရှိတာ သောက်ပြီးရင် ဒဂုံစင်တာ သွားရအောင်"

"ဘာလုပ်မလို့လဲ မောင်"

"တစ်နေ့ကကွာ သွားရင်း လာရင်းနဲ့ ဖက်ရှင်ဆိုင်တစ် ဆိုင်မှာ အင်္ကျီဆင်တူလေးတွေ့တာ အရမ်းမိုက်တာပဲ။ အဲဒါ မဝယ်ဖြစ်ခဲ့ဘူးလေ"

"ဘာလဲဟင်၊ ပိုက်ဆံမပါလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မဟုတ်ပါဘူး။ ငတိမတစ်ယောက်ကလည်း မောင်နဲ့အတူတူ ပြိုင်တူလို မြင်တာဆိုတော့ လုဝယ်ကြ ရင်းနဲ့ သူက ရသွားတယ် ...

မောင်လည်း မိန်းကလေးနဲ့ ပြိုင်မလုချင်တာနဲ့ ထွက်လာခဲ့တာ။ စိတ်ထဲမှာတော့ အဲဒီအင်္ကျီကို မိန်းကလေး ဝတ်ရော ယောကျ်ားလေးဝတ်ရော အရမ်းကြိုက်နေတာ...

စန္ဒီဝတ်ရင်လည်း အရမ်းလှမယ်ဆိုတာ သိတယ်။ ဟိုငတိမကဖြင့် လူကောင်က ခပ်ကြီးကြီးနဲ့ သူနဲ့မတော် ဘဲနဲ့ ဖွတ်ဝယ်နေတယ် ...

အဲဒါ စိတ်ထဲမှာ စန္ဒီ့အတွက် အကြွေးတင်နေသလို ခံစားနေရတယ်။ အခု ဆင်တူသွားဝယ်မလို့။ Nobody ဆိုင်မှာတော့ ရှိမလားဘဲ"

"ရပါတယ် မောင်ရယ်။ မဝယ်ပါနဲ့၊ ပိုက်ဆံကုန်ပါတယ်။ Nobody ဆိုရင်လည်း နှစ်ထည်ဆိုရင် တော်တော်ကျမှာ"

"ဟာကွာ ... အလွန်ဆုံးကျ ခြောက်သောင်းပေါ့။ အဲလောက် ကတော့ အေးဆေးပါ၊ ဘာဖြစ်လဲ၊ သွားမယ် ... လာ"

"မောင်ရယ် ... အဲဒီ ခြောက်သောင်းဆိုတာ စန္ဒီရဲ့တစ်လ လုပ်ခနီးပါးရှိတယ်ရှင့်၊ သိရဲ့လား"

"သိတော့ရော ဘာလုပ်ရမှာလဲ စန္ဒီရာ၊ အဲလောက်ထိ တွေးမနေစမ်းပါနဲ့။ ကဲ ... သွားမယ် ... လာ"

"ကျွတ် ... မောင်နဲ့တော့ ခက်တော့တာပါပဲနော်"





စန္ဒီက ညည်းညည်းညူညူလေး ပြောသော်လည်း သူနဲ့အတူ လိုက်လာပေးသည်။ သူ့လက်မောင်းကိုတွဲလျက်၊ အလှအပ အဆန်းအပြား ပစ္စည်းတွေကို စိတ်မဝင်စားရှာသော ဒီကောင်မလေးသည် ဒီခေတ်ထဲမှာတော့ တကယ့်ကို ရှားပါးအဖိုး တန် ကောင်မလေးပဲ ဖြစ်ပါသည်။ ဟဲလေး သီချင်းထဲကလို အောက်သက်ကြေသော ကောင်မလေးကို သူက အိမ်ဇာတာကောင်း ဖို့အတွက် ရွေးချယ်လိုက်ပြီဖြစ်သည်။

သူ့အပေါ်မှာ ဘာအရောင်မှ မပါဘဲ မြတ်မြတ်နိုး နိုးချစ်ရှာသော၊ အမြဲဂရုစိုက်တတ်သော ကောင်မလေးသည် သူ့ အတွက် ယုယမှုကောင်းတွေ ပေးလာမည့် အိမ်ထောင်ရှင်မကောင်း လေးအဖြစ်လည်း မျှော်လင့်ရသေးသည်။ အား ... စန္ဒီနှင့် သူ ဘဝတစ်ခုလုံး ပေါင်းဖက်ရမည့်အရေးကို သူက ရင်ဘတ်ကြီးနှင့် အပြည့် မျှော်လင့်ရင်ခုန်ပါသည်။ အဲဒီလောက်ထိ ချစ်ရပါသည် စန္ဒီ။

✿ ❤ ✿



www.burmeseclassic.com

www.burmeseclassic.com



# ( ၃ )

သူရီသည် ရေချိုးခေါင်းလျှော်ပြီးသောအခါ လန်း
ဆန်းသော စိတ်တို့ဖြင့် အိမ်ပေါ်မှ ဆင်းလာ့သည်။ ကြမ်းတိုက်
နေသော အိမ်ဖော်ကောင်မလေးကို ကော်ဖီတစ်ခွက် သွားဖျော်
ခိုင်းလိုက်ပြီးနောက် ဧည့်ခန်းထဲမှ စလောင်းကိုဖွင့်ကာ MTV
လိုင်းတစ်လိုင်းကို ကြည့်ရင်းမှ စည်သူ့ထံ ဖုန်းခေါ်လိုက်သည်။
သူရီသည် စည်သူ့ထံမှာ ဖုန်းရှိနေပြီ ဖြစ်သော်လည်း သူ့ကို သိပ်
မခေါ်မစဘဲ ကိုယ်ကသာ ခေါ်တာများသည်။ ညဥ့်နက်နက် ဖုန်း
ပြောကြဖို့ဆိုလျှင် သူရီက အမြဲစတင်ခေါ်တတ်သည်။ ပြောရ
လျှင်တော့ ရသမျှပိုက်ဆံ အဝတ်အစားဖိုးနှင့် ကုန်နေသော
စည်သူ့ကို ဖုန်းဘေလ်တွေ ထိမှာစိုး၍ ဖြစ်ပါသည်။

ဟော ... လိုင်းဝင်သွားပြီ။ လိုင်းက သုံးလေးချက်
မြည်ပြီးနောက် တစ်ဖက်မှ စည်သူက ဖွင့်ကိုင်လိုက်သည်။

"အင်း ... သူရီ ပြော"



"ဘယ်ရောက်နေတာလဲ"

"ဘိလိယက်ခန်းမှာ သူငယ်ချင်းတွေနဲ့"

"ဩော် ... ဒီနေ့ ပြောတော့ ရှူတင်ရှိတယ်ဆို"

"ဗီစီဒီရိုက်မှာပါ။ ပျက်သွားတယ်။ မနက်ဖြန်ကို ရွှေ့လိုက်
တယ်လေ၊ ကန်တော်ကြီးထဲမှာ။ တစ်နာရီလောက်ပြီးမယ်
နဲ့တူတယ်၊ သူရီ လာခဲ့ပါလား"

"အေး ... အားရင်တော့ လာခဲ့မယ်"

"အောင်မယ် ... အားရင်ဆိုတော့ သူရီက ဘာအလုပ်ရှိတာ
မှတ်လို့"

"ကြည့်စမ်း ... ကြည့်စမ်း။ ဒါ ရှင်ပြောစရာလား"

"ဟုတ်တယ်လေ၊ ကိုယ်က အလုပ်နဲ့ အကိုင်နဲ့ သူရီ့ထက်
တော့ သာတယ် မဟုတ်လား"

"ဩော် ... အလုပ်ကြီး အကိုင်ကြီးကိုး"

"နှိမ်ပါကွာ ... နှိမ်ပါ"

သူက လေသံပျော့လေးဖြင့် ပြောလျှင် သူရီသည်
ည်းနည်းတော့ စိတ်မကောင်း ဖြစ်သွားရသည်။ သူရီသည်
ိယ့်ကိုယ်ကိုယ် မညှာတမ်း ဝေဖန်ရလျှင်တော့ ပါးစပ်သိပ်စည်း
ောင့်တတ်သော မိန်းကလေးမျိုးဖြစ်သည်။ သူများကို စိတ်ထဲ
 မတွေ့လျှင် ပက်ခနဲ ပြောပစ်ဖို့ ဝန်မလေးတတ်။ သို့သော်
ည်သူသည် အံ့ဩစရာကောင်းလောက်အောင်ပင် သူရီ့အပေါ်၌
ည်းခံနိုင်သူ ဖြစ်သည်။ သူရီက သူ့ကို တစ်ခုခု ပြန်ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် ဘယ်တော့မှ စကားနိုင်မလုတတ်ဘဲ အမြဲသည်းခံလေ့ရှိ သည်။ သူက သည်းခံရင်းနဲ့ပဲ သူရီ့ကို အနိုင်ယူနေလားတော့ မပြောတတ်ပါ။ သူ အဲဒီလို သည်းခံလေလေ ဒီယောက်ျားဟာ သူရီ့ဘဝအတွက် အသင့်တော်ဆုံးယောက်ျား ဖြစ်လေလေ ဆိုတာ ကို ကြာလာလေလေ လက်ခံလာရလေ ဖြစ်လေသည်။

"ဒီမှာ ... ရှင် ယောက်ျားမဟုတ်ဘူးလား စည်သူ"

"ဟုတ်တယ်လေ၊ မယုံလို့လား။ ဘယ်လိုသက်သေပြရမ လဲ"

"တော်စမ်း ... မဟုတ်တာတွေ လျှောက်ပြောမနေနဲ့ ယောက်ျားဆိုရင် ဘာဖြစ်လို့ သူရီ ပြောသမျှ ခေါင်းငုံ့ နေရတာလဲ"

"ယောက်ျားကော ယောက်ျားပါပဲ။ ဒါပေမဲ့ ကိုယ် ယောက်ျားဆိုတဲ့နေရာမှာ တစ်ခုပိုတယ်"

"ဘာဖြစ်တယ်"

"ဩော် ... ဒီလိုလေ။ ယောက်ျားဆိုတာနဲ့တင် မလုံလောက် သေးဘူး။ ယောက်ျားနောက်က ကောင်း ထည့်လိုက်ဦး အဲလိုပြောတာ။ ကိုယ်က ယောက်ျားကောင်း။ အဲဒါကို ဆိုလိုတာ။ ယောက်ျားကောင်းဆိုတာ မိန်းမတွေနဲ့ပြိုင်ပြီး ရန်မဖြစ်ဘူးကွ။ သည်းခံစိတ်ရှိတယ်၊ သိလား"

"ဩော် ... အဲဒါဆို သူရီကတော့ မိန်းမကောင်း မဟုတ် ဘူးပေါ့ ခလေ"



"ကိုယ် အဲဒီလိုတော့ တစ်ခွန်းမှ မပြောမိပါဘူးနော်"

"တော်စမ်းပါ၊ စကားတတ်တိုင်း လျှောက်ပြောမနေနဲ့။ တော်လ်ကီတွေကတော့ လန်းနေတာပဲနော်။ ဘိလိယက် ဝိုင်းမှာ ဘယ်လောက် ကြာနေပြီလဲ၊ မပြန်သေးဘူး လား"

"ပြန်မှာပေါ့။ ဘာလို့ ဖွတ်ပြန်နိုင်နေရတာလဲ။ အိမ်မှ မဟုတ်တာ ပြန်ချင်တယ်ဆိုတဲ့စိတ်မျိုးက မရှိဘူး။ မဖြစ် သာလို့ ပြန်နေရတာပဲ ရှိတယ် ...

အိမ်ပြန်ရောက်လို့ အမောပြေစရာလေးလည်း ရှိတာ မဟုတ်ဘဲနဲ့"

အဲဒီအပြောကြောင့် သူရီ့မှာ တကယ်ပဲ စိတ်မ ကောင်း ဖြစ်သွားရသည်။ စိတ်မကောင်းသောကြောင့် ဘာစကား ကောင်း ဆက်ပြောရမှန်း မသိတော့ပါ။ အဲဒီအချိန်မှာပဲ ပေါ်တီကို အောက်သို့ ထိုးရပ်လာတာက သူရီ့အဖေရဲ့ကား ဖြစ်သည်။ အဖေ ဝင်လာတာ မြင်သောကြောင့် သူရီက စကားစဖြတ်ကာ ဖုန်းချဖို့ပြင်သည်။

"စည်သူ ညကျမှ ပြန်ခေါ်လိုက်တော့မယ်၊ အိုကေ ... ဆီးယူ"

"အင်း ... အင်း ...။ ဘိုင့် ဘိုင်"

သူရီက ဖုန်းကို ဆောင်းဘီအိတ်ထဲ အသာထိုးထည့် ကာ ဝင်လာသော အဖေ့ကို မျက်နှာချိုသွေးလျက် ပြန်လာပြီလား

www.burmeseclassic.com

www.burmeseclassic.com



ဘာလားဖြင့် ရှူးချင်ယောင်ဆောင်ကာ ထိုင်ရာမှ လစ်ဖို့ပြင်သည်။ သို့သော် သူရီ့အဖေက ပါးသည်။ သူရီ့ကို ခပ်တင်းတင်းကြည့်လျက် ...

"ကဲ ... မိသူရီ ထိုင်စမ်းပါဦး၊ ညည်းကို တွေ့ရခဲလို့ ဝမ်းသာလိုက်တာ။ ဒီနှစ်တော့ မိုးဦးစောကျတော့မှာပဲ။ အိမ်မှာ ထူးထူးခြားခြား တွေ့ရလို့"

"အော် ... ဖေဖေကလည်း သားအဖချင်းပဲ။ တွေ့ချင်ရင် အချိန်မရွေး ဖြစ်ပါတယ်။ ဖေဖေက သူရီရဲ့ VIP ပါ ...

ဒီအဖေလေးတစ်ယောက် ရှိတဲ့ဟာကို ... ဟဲ ဟဲ"

"ဟဲ ... ဟဲ တွေ နောက်ထားစမ်းပါဦး။ ပြီးခဲ့တဲ့လက ညည်း ဖုန်းဘေလ် ဘယ်လောက်ကျလဲ"

"ရှင် ... ဟို"

သူရီသည် အဲဒီမေးခွန်းကို ရုတ်တရက် အဖြေကျပ်ကာ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ အရင်လက ဖုန်းဘေလ်မှာ တစ်သိန်းရှစ်သောင်းကျော် ကျပါသည်။ ပြောရလျှင်တော့ သူရီ့ဖုန်းဘေလ်ကိစ္စများကို ဖေဖေက လိုက်သိနိုင်စရာ အကြောင်းမရှိ။ မေမေကပဲ တစ်အိမ်လုံးက ဖုန်းတွေကို ဒိုင်ခံပြီး ဘေလ်ဆောင်တာဖြစ်သည်။ ကျသင့်ငွေတွေကို စုလျက် မေမေက တစ်ယောက်ယောက်ကို သွားဆောင်စေလိုက်သောနည်းကိုပဲ အိမ်မှာကျင့်သုံးကြတာများသည်။ သူရီရဲ့ဖုန်းဘေလ်တွေ များရခြင်းနဲ့ ပတ်သက်၍ မေမေက နည်းနည်းဆူသော်လည်း ဒီကိစ္စက မေမေ့





ဇာတ်ကို သူရီ့ခေါင်းနှင့် နှစ်ခါမစွေ့လိုက်ရပါ။ အားလုံးအဆင်ပြေချောချောမောမော။ ခုတော့ ချစ်စွာသော မွေးဖခင်၏နားဝသို့ ဘယ်လိုများ ပေါက်ကြားသွားခဲ့သလဲတော့ မပြောတတ်တော့ပါ။

"ဟော့ ... မိသူရီ။ ဘာမှ ဥာဏ်နီဥာဏ်နက်တွေ ထုတ်မနေနဲ့။ ညည်း ဖုန်းဘေလ် ဘယ်လောက်ကျသလဲဆိုတာ ငါ သိပြီးသား။ ညည်းပါးစပ်က ဖြေတာကို ကြားချင်လို့ မေးနေတာ"

"ဖေဖေကလည်း သိရက်သားနဲ့များ မေးနေသေးတယ်"

"ကဲ ... ပြောစမ်းပါဦး။ တစ်လတည်းနဲ့ နှစ်သိန်းကျအောင်များ ဘယ်တွေနဲ့ ဖုန်းပြောနေရသလဲ။ over sea တွေခေါ်တာလည်း မဟုတ်ဘူး ...

ငါရော ညည်းအမေရော ဒီအိမ်ဖုန်းရော၊ ရုံးကဖုန်းတွေရော အားလုံးပေါင်းတာတောင် ညည်းတစ်ယောက်စာ မရှိဘူး မိသူရီရဲ့။ ပြောစမ်းပါဦး၊ ဘာ့အတွက်ကြောင့် ဒီလောက်ကျရတာလဲ"

သူရီသည် စိတ်ပျက်စွာဖြင့် နာခေါင်းရှုံ့ကာ ခေါင်းခါလိုက်မိသည်။ သူရီ့အဖေက မိသူရီဟု ခေါ်ပြီဆိုလျှင် ပြဿနာတစ်ခုခု တက်ပြီဆိုတာ သဘောပေါက်ရပါသည်။ ဒီအိမ်မှာ သူရီ့ကို ဘယ်သူမှ မိသူရီဟု မခေါ်ပါ။ သူရီရဲ့အမေတောင် ခေါ်ချေ။ သူရီသည် ကိုယ့်ကို မိသူရီလို့ ခေါ်တာကြောက်မုန်း



www.burmeseclassic.com

www.burmeseclassic.com



တာ မရှိတော့။ လူကို တစ်ဆင့်နှိမ့်၍ ခေါ်သည်ဟု အမြဲခံစား ရသည်။ သို့သော် ခေါ်သူမှာ ကိုယ့်အဖေ ဖြစ်နေသောကြောင့် ဘာမှမပြောသာပါ။

သူရိက လေသံပျော့ပျော့လေးနှင့်ပင် ...

"ဖေဖေကလည်း နှစ်သိန်းကျတာ မဟုတ်ပါဘူး။ တစ်သိန်း ရှင်သောင်းပါ"

"ဘာတစ်သိန်းရှစ်သောင်းလဲ၊ တစ်သိန်းရှစ်သောင်းနဲ့ကိုး ထောင်လေ။ အတိအကျပြော။ ဒါ နှစ်သိန်းနီးပါးပဲ မဟုတ် ဘူးလား ...

ကဲ ... ပြောစမ်းပါဦး၊ အရင်လတွေက ဒီလောက် မကျပါဘူး။ အခုကျမှ ဘာလို့ ဒီလောက်တောင် များနေ ရတာလဲ"

"ဟို ... တစ်ခါတလေပါ ဖေဖေ။ ဒီလက ပြောတာနည်း နည်းများသွားလို့ပါ။ နောက်လတွေ အဲဒီလောက် မကျ တော့ပါဘူး"

"များ,များပါစေဦး မိသူရိ။ ညည်းတော့လား ကလေးသာ ဆို ငါ နားရင်းထအုပ်ပစ်ပြီ။ ပိုက်ဆံနှစ်သိန်းဆိုတာ နည်း နည်းနောနောငွေလား။ ညည်းကိုယ်တိုင်ဖြင့် နှစ်ပြားတောင် မရှာနိုင်သေးဘဲနဲ့ ဒီလောက်ဖြုန်းတီးရလား။ ဒါ ညည်းနဲ့ ဖုန်းဘေလ်ပဲ ရှိသေးတယ်။ တစ်လ တစ်လ ညည်းသုံးနေ တဲ့ အသုံးစရိတ်ကို ပြန်တွက်ကြည့်စမ်းပါဦး ...



ခေတ်ဆိုဖိုးကတင် ဘယ်လောက်ရှိမလဲ ... ဟင်။ ညည်း စားတဲ့သောက်တဲ့ ဝတ်တဲ့စားတဲ့ လည်တဲ့ပတ်တဲ့ သုံးဖြုန်းစရိတ်က ဘယ်လောက်ကြီးတယ်ထင်လဲ။ ဒီလောက် သုံးနေရအောင် ညည်းကိုယ်ညည်း ပဲရစ်ဟီလ်တန်များ ထင်နေလို့လား"

"အို ... ဖေဖေကလည်း။ သူရိကို အဲဒီမိန်းမနဲ့ မနှိုင်း စမ်းပါနဲ့။ အဲဒီမိန်းမက အပျက်မသာသာပါ။ သူရိက ဖေဖေတို့ကို မိဘသိက္ခာကျအောင် ဘယ်နှခါများ လုပ်ခဲ့ ဖူးလို့လဲ"

"အေး ... အဲလိုလုပ်လို့ကတော့ အိမ်ပေါ်ကနေတောင် တစ်ခါတည်း နှင်ချပြီးသား ဖြစ်နေပြီပေါ့။ ပိုက်ဆံဆိုတာ ပေါတိုင်း သုံးရတာ မဟုတ်ဘူး သူရိ။ ငွေကြေးဆိုတာ ကိုယ်ကခင်မှ သူက ခင်တာ။ ဒီပိုက်ဆံတွေဆိုတာ တွင်း ထဲက အလကားရတာ မဟုတ်ဘူး ...

ညည်းမိဘတွေ တစ်သက်လုံး ရိုးရိုးသားသားနဲ့ ကြိုးစားရှာလာရတာ။ ညည်းက ကိုယ်တိုင်မှ အလုပ်မလုပ်၊ ငွေမရှာရတော့ ငွေတန်ဖိုးကို ဘယ်နှယ်လုပ်လည်မလဲ။ ပိုက်ဆံ တွေသာ ဝင်နေတာ၊ ဒီပိုက်ဆံတွေ ရဖို့အတွက် စိတ်ပင် ပန်း လူပင်ပန်းခံရတာတွေ အမျိုးစုံ ပြဿနာတွေ ဖြေရှင်း ရတာတွေ ညည်း ဘာမှနားမလည်ဘူး ...

www.burmeseclassic.com



ညည်း ကိုယ်တိုင် ပင်ပင်ပန်းပန်း ရှာဖွေထားရတဲ့ ပိုက်ဆံဆိုရင် ဒီလို စည်းမရှိ ကမ်းမရှိ ပရမ်းပတာ သုံးချင်မလား။ ဒါကြောင့် ငွေတန်ဖိုးသိအောင် ညည်း အလုပ်လုပ်ဖို့ စဉ်းစားထားတော့ မိသူရိ"

ဖေဖေက အဲဒီလို ပြောလိုက်လျှင် သူရိရဲ့မျက်နှာကြီးမှာ ရှုံ့တွသွားရသည်။

"ဖေဖေကလည်း ဒီသမီးလေးတစ်ယောက် ရှိတာကို ငြိမ်ငြိမ်အေးအေးနေနိုင်းမယ်တော့ မရှိဘူး။ နိုင်းဖို့လောက်ပဲ စဉ်းစားနေတာ ...

သမီးသူငယ်ချင်းတွေရဲ့ မိဘတွေဆို ဘာမှတောင် မနိုင်းကြဘူး။ စိတ်ကြိုက်ကဲ ... အလိုလိုက်ထားတာ"

"ငါကတော့ အဲဒီလို အဖေမျိုး မဟုတ်ဘူးဟေ့။ အဲလိုမိဘမျိုးဖြစ်လို့လည်း ဂုဏ်မယူဘူး။ အဲဒါ သားသမီးကို ချစ်တာမဟုတ်ဘူး နှစ်တာ ...

လောကခံဆိုတာ အလှည့်အပြောင်း သိပ်မြန်တယ်။ ဒီနေ့ ချမ်းသာပေမယ့် နောက်တစ်နေ့ ဆင်းရဲသွားတာမျိုးလည်း ရှိနိုင်တာပဲ။ လူဆိုတာ အလုပ်,လုပ်မှ တန်ဖိုးရှိတာ။ ဘဝကို အဓိပ္ပာယ်တစ်ခုနဲ့ တည်ဆောက်မှ တန်ဖိုးရှိတာ ...

ညည်းကြည့်ရတာ အဓိပ္ပာယ်မဲ့နေတဲ့ လူလိုပဲ"

"ဖေဖေကလည်း သမီးက အဓိပ္ပာယ်ရှိသောလူပါ"





"ဘာအဓိပ္ပာယ်ရှိတာလဲ၊ သုံးဖို့ ဖြုန်းဖို့ အဓိပ္ပာယ်ရှိတာလား၊ ကျောင်းပြီးတည်းက တစ်နေ့ တစ်နေ့ ကားတစ်စီးနဲ့ အပြင်ထွက် လည်လိုက် ပတ်လိုက်၊ စားလိုက် သောက်လိုက်၊ ဖုန်းပြောလိုက်နဲ့ ဘာအကျိုးရှိလဲ ...

မိဘအလုပ်ကို ကူညီဖို့ဆိုတာ ဝေလာဝေး။ ကိုယ့်အရည်အချင်းကိုတောင် ပြည့်အောင် ထပ်ဖြည့်တာမျိုးရှိလား။ တချို့က အလုပ်မလုပ်ပေမယ့် ကိုယ့်အရည်အချင်းကိုယ် ထပ်ဖြည့်တာမျိုး ရှိတယ်။ စာတွေ ဆက်သင်တယ်။ ဒီပလိုမာတွေ ယူတယ်။ ဆက်လေ့လာတယ်။ နင်က အဲဒါမျိုးတွေရော ရှိလား။ ဘွဲ့တစ်ခုတောင် မကောင်းတတ်လို့ ယူထားရတဲ့ပုံ။ ငါပြောတာ လွန်လား၊ ညည်း နေပုံထိုင်ပုံတွေက လွန်လားဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားကြည့်"

သူရိသည် အဖေ့ရဲ့ မဆုံးနိုင်သော ဆော့်စီးရီးတွေအောက်မှာ နားတစ်ခုလုံး ဆော့်နံ့တွေ ထွက်လာသလို ခံစားလာရသည်။ နေရာကနေ ထွက်ပြေးသွားချင်သော်လည်း ထပြေးပါက နောက်တစ်နာရီလောက် ဆတိုးဖြင့် အဆော့်ခံရမှာ စိုးသောကြောင့်သာ အောင့်အည်းပြီး ထိုင်နေရခြင်း ဖြစ်လေသည်။

"အဲဒီတော့ ညည်းအချိုးတွေ ပြင်ပါ မိသူရိ။ အလုပ်လုပ်ဖို့ စဉ်းစားပါ။ ညည်းသာ လုပ်ချင်ကိုင်ချင်စိတ်ရှိရင်ငါ့အလုပ်ထဲမှာကို လုပ်စရာတွေပြည့်လို့ ...



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားအောဂျင်စီအလုပ်ဆိုရင် ဘယ်လောက်စိတ်ဝင်စားဖို့ ကောင်းလဲ။ နေရာအနှံ့သွားနေရတာ။ ညည်းလို လမ်းများမမ လမ်းသလားမမက ဒါမျိုးကျတော့ အလုပ်နဲ့ ဆက်နွယ်နေလို့ စိတ်မဝင်စားဘူး မဟုတ်လား"

လက်ရှိကုမ္ပဏီမှာ လုပ်နေတဲ့ တချို့ဝန်ထမ်းတွေဆိုရင် ညည်းနဲ့ သက်တူရွယ်တူတွေ၊ ညည်းထက်ငယ်တဲ့ လူတွေတောင် ပါသေးတယ်။ သူတို့မိဘတွေလည်း သူတို့ကို ကျွေးထားနိုင်တာပဲ။ ဒါပေမဲ့ အားလုံး အလုပ်လုပ်ဖို့ စိတ်ဝင်စားကြတယ် ...

တချို့က ငွေကြေးကြောင့် ထမင်းစားဖို့ တစ်ခုတည်းအတွက် အလုပ်လုပ်တာ မဟုတ်ဘူး။ လူ့တန်ဖိုးတစ်ခုအတွက် အလုပ်လုပ်ကြတာ"

အဖေကတော့ Mood တွေဝင်လျက် ပြောကောင်းကောင်းနှင့် သူရီ့ကို လက်ချာတွေပေးလျက်ရှိသော်လည်း သူရီသည် ထိုင်နေရင်းမှ အငွေ့ပြန်ပျောက်ဆုံးသွားချင်လောက်အောင် စိတ်ဓာတ်တွေ ကျရလေသည်။ အဖေ ပြောနေပုံမှာ သူရီ့ကို တစ်စက်လေးမှ သုံးစားမရတော့သည့်အတိုင်း။ လူငယ်သဘာဝ ပေါ့ပေါ့ပါးပါးလေး နေတာပင်လျှင် ရာဇဝတ်မှုအကြီးတစ်ခုလို သတ်မှတ်နေတာကို စိတ်များပင် ပိန်ရသည်။ အဖေ့လက်ချာတွေ မြန်မြန်ပြီးပါစေတော့ဟုသာ ဆုတောင်းနေရပါသည်။

"ငါ ပြောတာတွေ နားထဲဝင်ရဲ့လား မိသူရီ"





"ဝင်ပါတယ် ဖေဖေ"

"အေး ... အဲဒါဆို ပြန်ပြောစမ်း"

"အဓိက,ကတော့ ဖေဖေ သူရီ့ကို အလုပ်လုပ်စေချင်တာ မဟုတ်လား"

"အလုပ်လုပ်စေချင်တာ အဓိက မဟုတ်ဘူး၊ ညည်းကို အဓိပ္ပာယ်ရှိရှိနဲ့ တွေးခေါ်ဆင်ခြင်တတ်တဲ့လူ ဖြစ်စေချင်တာ။ ငွေကြေးတန်ဖိုးကို နားလည်တတ်စေချင်တာ ...

အလုပ် လုပ်စေချင်တယ်လို့ ပြီးစလွယ် မဖြေနဲ့။ အလုပ် လုပ်ပြီး ဘာမှမသိ နားမလည်ရင်လည်း အလကားပဲ။ လူဆိုတာ အသိမှန်မှ အကျင့်မှန်မှာ။ ညည်းတို့တစ်တွေက စာလည်းမဖတ်ကြတော့ ခက်တယ်။ တချို့စာတွေထဲမှာပါတဲ့ အတွေးအခေါ် ဗဟုသုတတွေက အရမ်းတန်ဖိုးကြီးတယ် ...

ခုတော့ ... ညည်းတို့တွေက အင်တာနက် ကြည့်တယ် ကြည့်တယ် ဆိုလည်း ဘာမှ အရည်မရ အဖတ်မရတွေ လျှောက်ကြည့်နေတာ။ အချိုးဖွေကိုပြင် မိသူရီ။ ညည်းကို ငါ စောင့်ကြည့်နေတယ်ဆိုတာ မမေ့နဲ့ ... ဟင်း"

အဖေက ကျေနပ်လောက်အောင် ပြောပြီးတော့မှပင် ...ရာက ထသွားတော်မူသည်။ သူရီသည် စိတ်ပျက်လက်ပျက် နှုတ်ခမ်းကိုကိုက်ကာ သက်ပြင်းကြီးတစ်ချက်ကိုဆော...၍



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထုတ်ပြီး ကျန်ရစ်ခဲ့ရသည်။ အဖေက အဲဒီလို ပြောပြီဆိုလျှင် သူရီ နည်းနည်းတော့ ဂရုစိုက်ရသည်။ အမေကတော့ ပြဿနာမရှိ။ သူရီ့အိတ်ကပ်ထဲမှာ အမေ့ကို ထည့်ထားခြင်း ဖြစ်လေရာ ပူစရာမလိုပေ။ အမေ ဒီလိုဆိုလိုက်လျှင်တော့ သူရီသည် နည်းနည်းလောက် ကုပ်ကုပ်လေး နေပြလိုက်တာနှင့် အိုကေသွားသည်။ ပြီးတော့လည်း ဒုံရင်း ဒုံရင်း။ အင်း ... ဒါပေမဲ့ ဆင်ခြင်ရမည်။ ဆင်ခြင်မှုရမည်။

အဲဒီအချိန်မှာပဲ သူရီရဲ့ဖုန်းက ထမြည်လို့လာသည်။ Display ပေါ်မှ နာမည်ကို ကြည့်လိုက်လျှင် သူရီရဲ့သူငယ်ချင်း ခင်ဦး ဖြစ်နေသည်။ သူမကိုဆိုလျှင် သူရီက နာမည်မခေါ်ဘဲ မွန်မင်းသမီးဟုသာ ခေါ်နေကြ ဖြစ်ပါသည်။ အခုလည်း သူရီကဖုန်းကို ဖွင့်လိုက်ကာ ...

"ပြော ... မွန်မင်းသမီး"

"ရှင် ဘယ်မှာလဲ"

"နေထိုင်ရာ စံအိမ်တော်မှာပဲပေါ့၊ လိုရင်းကို မိန့်တော်မူ"

"လိုရင်းကို မိန့်ရရင်တော့ ကန်ပေါင်ပေါ်ကို ကြွတော်မူခဲ့ပါ။ သခင်မကို ဖူးတွေ့လိုပါတယ်"

"ဖူးတွေ့လိုလည်း ညည်း ဖုန်းတော်ထဲက ငါ့ရဲ့ရုပ်ပုံလွှာကိုသာ ဖူးတွေ့လိုက်ပေတော့။ အခြေအနေ မကောင်းဘူး"

"ဘာလဲ ... နင်တို့အိမ်မှာ နာဂစ်ဝင်နေလို့လား"





"ရက်စ်သပ်"

"ဟာ ... ဘာဖြစ်လဲ။ အပစ်အခတ် ရပ်စဲသွားပြီ မဟုတ်လား။ လာလို့ ဖြစ်ပါတယ်။ ကန်ပေါင်မှာ ဒီအချိန် မျူးကောင်းတယ်နော် ...

မျက်စိ လာဆေးလိုက် ... ဟဲ ဟဲ"

"အေး ... လာတော့ လာချင်သားဟ။ အာရုံတွေနောက်နေတယ်။ နားတွေထဲကလည်း အခိုးတွေ ထွက်နေသလိုပဲ။ စိတ်ရှိလက်ရှိ ကားမောင်းပစ်လိုက်ပြီး ကန်လေလေး ဘာလေး ရှူလိုက်ရရင်တော့ သက်သာသွားမလားပဲ"

"ဒါဆိုရင်လည်း အချိန်မီ လိမ့်ခဲ့တော့လေ။ အာရုံတွေများမနေပါနဲ့။ အခု ဒီဖိုင်းနဲ့ပဲ ထွက်ခဲ့တော့။ ရှိုင်းနင်း ပွိုင်းနင်းတွေ သိပ်လုပ်မနေနဲ့တော့"

"အေးပါ၊ ကိုယ်တို့က ရုပ်ခံလေး ရှိပြီးသားဆိုတော့ ဒီကိစ္စက ပူစရာမလိုပါဘူး။ ကဲ ... နောက်ထပ် ဆယ့်ငါးမိနစ်အတွင်း ရောက်မယ်"

"OK. C U later"

သူရီက ဖုန်းကိုပိတ်လိုက်ကာ ထိုင်ရာမှ ထရပ်လိုက်သည်။ ညှော်ခန်းထောင့်က ကိုယ်လုံးပေါ်မှန်ရှေ့သို့ သွားရပ်ကြည့်လိုက်လျှင် မဟော်ဂနီရောင်ဆံကေသာတွေက ခွေခွေနွဲ့နွဲ့ဖြင့် ပခုံးပေါ်မှာဝဲလျက် Baby Milo တီရှပ်အဖြူတစ်ထည်ကို ပေါ့ပေါ့ပါးပါး ဂျင်း(န်)ကွာတားဖြင့် တွဲဖက်ဝတ်စားထားသည့်သူ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



လပ်ပေါပါးသောစတိုင်လ်ကို ပြန်မြင်ရသည်။ အိုကေ ... ဒီလောက်ဆို လုပ်လို့ရပါပြီ။

သူရိက ဘောင်းဘီအိတ်ထဲမှာ ကိုယ်နှင့်မကွာဆောင်ထားသော ဖုန်းနှင့် ကားသော့ကို ထည့်ပြီးနောက် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ပိုက်ဆံဆိုတာတော့ ပူစရာမရှိ။ စိတ်ထင်တိုင်း အပြင်သို့ ဝေါက်ခနဲ ထွက်သွားတတ်သူဖြစ်သောကြောင့် ပိုက်ဆံတွေက ဒက်ရှ်ဘုတ်ထဲမှာ ဆောင်ထားတတ်သည်။ အစုလည်း အဖေ ဆူလိုက်သဖြင့် စိတ်နောက်သွားသော သူရိသည် ကားပေါ်သို့တက်ကာ အင်းလျားကန်ပေါင်ရှိရာ ပြည်လမ်းသို့ မောင်းထွက်လာခဲ့သည်။ သူရိက အဲဒီလိုပင်။ အဖေ ဘယ်လောက်ဆူဆူ ရှေ့မှာတော့ ဟုတ်ကဲ့ပြောကာ ကွယ်တာနှင့် လုပ်ချင်ရာ လုပ်တတ်သည့် ကောင်မလေးမျိုးပဲ ဖြစ်တော့သည်။

သူရိသည် သီချင်းမြူးမြူးကို ခံစားနားဆင်ရင်းမှ ကားကို ခပ်သွက်သွက် မောင်းလာခဲ့သည်။ သိပ်မကြာခင်မှာပဲ ကန်ပေါင်ပေါ်သို့ ရောက်သွားသည်။ ကားကို ပါကင်မှာထိုးခဲ့ပြီးနောက် စားသောက်ဆိုင်တန်းများ ရှိရာသို့ ခပ်အေးအေးပင် လျှောက်လာခဲ့သည်။ အကြော်ဆိုင်မှာ ရောက်နေသော ဘော်ဒါတွေက သူရိ လျှောက်လာတာကိုမြင်လျှင် လက်ပြကြသည်။ ထိုင်ခုံတစ်လုံးမှာ ဝုန်းခနဲ ပစ်ထိုင်လိုက်သော သူရိ့ကို ...

"ဗုံးမှန်လာတဲ့ အဆင်ကြီးနဲ့လားဟ၊ ကဲ ... ဘာစားမလဲ"

"စားချင်စိတ် မရှိသေးပါဘူး၊ အေးဆေးပေါ့။ ပြီးမှမှာမယ်"





"ဘိုးတော်က ဘာတဲ့လဲ။ နင့်ကို လက်ဖက်ခြောက်ခတ် လွှတ်လိုက်တာလား"

"လက်ဖက်ခြောက်လောက်တော့ ပျင်းသေးတယ်။ ကြက်ဥတောင် ပြုတ်လို့ရတယ်ဟေ့"

"ဟင် ... ဒါနဲ့ပဲ စိတ်လေလာတာပေါ့"

"အေးဆေးပါဟာ။ ကဲ ... နင်တို့ပြောတဲ့ မျက်စိကြည်ဆေးတွေက ဘယ်မှာလဲ"

"အမယ် ... စိတ်မဝင်စားဘူး ထင်နေတာ၊ စိတ်ဝင်စားတယ်ပေါ့။ စည်သူနဲ့ကို တိုင်ပြောဦးမယ်။ ဟဲ့ ... စည်သူက လှည်းတန်းမှာ နေတာမဟုတ်လား ...

ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်ပါလား"

"အသာနေစမ်းပါဟာ။ ဒီနေရာက သူ ပါရမယ့်နေရာ မဟုတ်ပါဘူး"

"အံမယ် ... အံမယ်၊ ပြတ်သားတဲ့ လေသံကြီးနဲ့။ ဘာလဲ ကွိုင်ထားကြတာလား"

"မဟုတ်ပါဘူး။ အားလုံးဟာ သူ့အချိန်နဲ့သူပဲ ကောင်းတယ်ပေါ့ဟာ"

"အေး ... ဒါကြောင့် ကိုယ်တို့ကတော့ ကိုယ့်အချိန်နဲ့ ကိုယ်ပဲ လုပ်ရှားတော့မယ်"

သူရိက အဲဒီစကားကို လှမ်းပြောသော မီးမီးကို ...င်းငဲ့ကြည့်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရှားမှာလဲ"

"ငါ ရန်နိုင့်နောက်ကို လိုက်တော့မယ်လေ"

"ဟုတ်တယ် ! ။ ဘာဖြစ်လို့လဲ"

မီးမီးက မဖြေ။ ပြုံးစိစိဖြင့် ပခုံးတွန့်ပြသည်။ သူရီ
က ဘူးသီးကြော်တစ်ချောင်းကို ယူစားရင်းမှ ...

"ဘာကိစ္စနဲ့ အဆောတလျင် လိုက်မှာလဲ"

"ငါ့အိမ်က ရန်နိုင်နဲ့ သဘောမတူဘူးဟ။ သူကလည်း
ဖွတ်ပူဆာတယ်ဟာ။ ငါကလည်း မခွဲနိုင်ဘူး။ အဲဒီတော့
သူ့နောက်လိုက်ဖို့ ဆုံးဖြတ်လိုက်တယ်ပေါ့၊ အဲဒါပဲ"

"နင် သေချာစဉ်းစားပြီးပြီလား မီးမီး"

"ချစ်သူနောက်ကိုလိုက်တာ သေချာစဉ်းစားစရာ လိုလို့
လား"

မီးမီးရဲ့အပြောက သူရီ့ကို တွေခနဲ ဖြစ်သွားစေ
သည်။ မီးမီးရဲ့ရည်းစားကလည်း ပိုက်ဆံချမ်းသာပေမယ့် ခပ်ဆိုး
ဆိုးထဲကပဲ ဖြစ်သည်။ ခပ်ဆိုးဆိုး ပေပေတေတေမို့ မီးမီးရဲ့မိဘ
တွေက ရန်နိုင့်ကို သဘောမကျကြတာလည်း မဆန်းပါ။ သူရီသည်
ရန်နိုင့်အကြောင်းတွေးရင်းမှ စည်သူ့ကို ဖျတ်ခနဲ သတိရသွားသည်။
စည်သူ့ကို ဆိုလျှင်ရော အဖေက သဘောကျမှာတဲ့လား။ မထင်
ပါ။ တစ်ချိန်ချိန်မှာ သူရီသည်လည်း မီးမီးလို ပြဿနာမျိုး ရင်
ဆိုင်လာရကောင်းနိုင်သဖြင့် မီးမီးရဲ့ကိစ္စကို စိတ်ဝင်စားမိသည်။

မီးမီးက သူရီ အတွေးနက်နေမှန်း သိသဖြင့် ...





"အဲဒီလောက် ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါနဲ့ဟာ။
ပြီးတော့လည်း ပြီးသွားကြတာပါပဲ။ ယူသော်ရ၏ပေါ့ ...
ဟဲ ... ဟဲ"

"ဟုတ်တယ်၊ ငါကတော့ ယောက်ျားစောစော ယူတာကို
အားပေးတယ်"

"ဟင်း ... နင့်ဟာကလည်း"

"ဟုတ်တယ်လေ။ စောစောစီးစီးပဲ ကိုယ်ချစ်တဲ့သူနဲ့ ဘဝ
ကို ရင်ဆိုင်ထားတာ ကောင်းတာပေါ့ဟ။ အသက်ကြီးမှ
ယူရတာ ပျော်စရာ သိပ်မကောင်းတော့သလိုပဲ ...

အသက်ကြီးမှယူတော့ ကလေးလည်း တန်းမွေးရ
တယ်၊ မမိုက်ဘူး။ ငယ်တုန်း ရွယ်တုန်း ယူတော့ အေး
အေးဆေးဆေး လွတ်လွတ်လပ်လပ် နေချိန်တွေရတယ်၊
ပျော်စရာ ပိုကောင်းတယ်။ ငါတော့ အားပေးတယ်"

"နင်တို့ဟာကလည်း နည်းနည်းပါးပါးလေးတောင် မစဉ်း
စားကြတော့ဘူးလား"

"သုံးနှစ်သုံးမိုး ကြိုက်လာတဲ့သူတွေတောင် ကလေးတွေ
ဘာတွေရမှ ကွဲသွားတတ်တာမျိုးတွေလည်း ရှိတာပဲလေ။
အိမ်ထောင်ရေးဆိုတာ ဘယ်လောက်ပဲ စဉ်းစား စဉ်းစား
ကွဲချင်ရင်လည်း ကွဲတာပဲ။ အဆင်ပြေချင်ရင်လည်း ပြေ
တာပဲ ...

အဲဒီတော့ ယူစရာရှိတာ ယူသာယူလိုက်၊ အပ်တိ
တင်တယ် ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ယော်ကျားတစ်ယောက်နောက် ခိုးရာလိုက်ဖို့အရေး ကို ဟင်းရွက်ကန်စွန်း ဝယ်သလို သဘောထားပြီး ပြောနေသော မီးမီးကို သူရိက ငေးကြည့်နေမိသည်။

"နင် အားလုံး ပြင်ဆင်ပြီးပြီလား။ ဘယ်ကိုသွားမှာလဲ"

"သွားမှာတော့ ပြင်ဦးလွင်ဘက်ပေါ့။ ပြင်ဆင်စရာကတော့ ဘာမှမရှိပါဘူးဟာ။ အခိက,က ပိုက်ဆံပဲဟာ။ ဟိုမှာ တစ်ပတ် ဆယ်ရက်လောက် ကဲကြမှာပေါ့။ ပြီးမှ ဒီကိုပြန် လာပြီး ငါ့မိဘဆီမှာ အပ်မှာပေါ့။ ငါ့အဖေအမေကလည်း ဘာတတ်နိုင်မှာလဲ ပြန်လက်ခံ မင်္ဂလာဆောင်။ ငါတို့လည်း ရိုးမြေကျပေါင်းကြလေသတည်းပေါ့ ... ဘာလိုသေးလဲ အားလုံး အေးဆေးပါပဲ"

သူရိက မီးမီးရဲ့စကားကို နှုတ်ဆိတ်ကာ ဘာမှပြန် မပြောမိ။ မီးမီး ပြောသလောက် လူနှစ်ယောက် ပေါင်းဖက်ခြင်း ဟာ လွယ်နေသလား။ ဒါဆို ဝေးကွာရတဲ့ ချစ်သူတွေ၊ အသည်း ကွဲရတဲ့ နှလုံးသားတွေဆိုတာ ဘယ်မှာလာပြီး ရှိတော့မှာပါလိမ့်

"နင် ပြောသလိုပဲ အခြေအနေတွေက လွယ်နေသလားဟာ နင်ပြောသလောက်လွယ်ရင် ဒီကမ္ဘာမှာ ဝေးရတဲ့စုံတွဲတွေ ရှိမှာတောင် မဟုတ်တော့ဘူး"

"ဒီမှာ သူရိချမ်းစိမ့်ရဲ့။ လောကမှာ ခက်တယ်ဆိုတာ မရှိ ဘူး။ လွယ်ချင်ရင် လွယ်အောင်လုပ်လို့ရတယ်၊ မလုပ်ချင် လို့သာ လူတွေက ခက်နေတာ ...





မဝေးချင်ရင် ဘာကိုမှ မစဉ်းစားဘဲ ပေါင်းလိုက် ပေါ့။ ဒီလိုပဲ ရသွားတဲ့အတွဲတွေ အများကြီး၊ ဒီလိုနဲ့ပဲ မရ သွားတဲ့ ကွဲသွားတဲ့ အတွဲတွေလည်း အများကြီး ...

တစ်ခု စဉ်းစားရမှာက ကိုယ်သည် ဒီယောကျ်ားကို တစ်သက်လုံးစာအတွက် ဝေးနိုင်လားဆိုတာ မဟုတ်ဘူး။ ဝေးတာကတော့ ဘယ်သူမဆို ဝေးနိုင်ပါတယ်။ ဝေးလို့ သေသွားတာမှ မဟုတ်တာ။ အဲဒီတော့ ဝေးနိုင်လား၊ အဝေးခံနိုင်လား ဆိုတာကို စဉ်းစားရမှာ မဟုတ်ဘူး"

မီးမီးက လောကအကြောင်း၊ အိမ်ထောင်ရေး အကြောင်းကို နောကျေသလို ပြောနေတာကို သူရိက ပြုံးတမဲ့မဲ့ ဖြင့် စိုက်ကြည့်ကာ ...

"ဒါဖြင့် ဘာကိုစဉ်းစားရမှာလဲ"

"အဲဒီယောကျ်ားကို တစ်သက်လုံး ချစ်နိုင်လား၊ ပေါင်းသွား နိုင်လား၊ ဒါကိုပဲ စဉ်းစားရမှာ။ အဲဒီအဖြေကိုရရင် အိုကေ ပြီ။ ငါကတော့ ရန်နိုင်ကို တစ်သက်လုံး ချစ်သွားနိုင်တယ် ဆိုတာ သေချာတဲ့အတွက် သူ့နောက်ကိုလိုက်ဖို့ ဆုံးဖြတ် လိုက်တာပဲ"

သူရိသည် မီးမီး ပြောသော စကားကို ခေတ္တမျှ ငေးစိုက်သွားသည်။ အဝေးက လှမ်းမြင်နေရသော အင်းလျား ရေပြင်ကိုကြည့်ကာ သူရိရဲ့အတွေးတို့က လှိုင်းကြက်ခွပ်လေးတွေ လို ပြေးလွှားဆော့ကစားသွားကြသည်။ သူရိရော စည်သူ့ကို



www.burmeseclassic.com

တစ်ဘဝလုံးစာအတွက် ချစ်ပါသတဲ့လား။ ချစ်သည်။ ချစ်သည်ဟု ထင်ပါသည်။ အဲဒီအတွက် အကြောင်းပြချက် တစ်ခုကို ပေးပါဆိုလျှင် စည်သူဟာ သူ့ရဲ့အပေါ်မှာ အမြဲတမ်း အလိုလိုက် နားလည်ခွင့်လွှတ်တတ်သောကြောင့်ပဲ ဖြစ်တော့သည်။

● ❤ ●



## ၄

သူသည် အိမ်ထဲသို့ ဝင်လာရင်းမှ သူ့အမေရဲ့အခြေအနေကို အကဲခတ်မိသည်။ ခြံထဲမှာ အမေ့ရဲ့ကားကို မတွေ့ရသော်လည်း သိပ်စိတ်မချရသေး။ တစ်ခါတလေ အမေ့ကားကို အပြင်မှာ ခဏလွှတ်ထားတာမျိုးလည်း ရှိတတ်သည်။ သူက ဧည့်ခန်းထဲမှာ ဖုန်သုတ်နေသော မတင်စိန်ကို အမေရှိလားဟု မေးကြည့်ပြီး မရှိဘူး ဆိုတော့မှ အသက်ဝဝရှူကာ အိမ်ထဲသို့ ခုန်ပေါက် လှမ်းခဲ့သည်။ သူ့အမေဆီမှာ ပိုက်ဆံတောင်းရမည်။ ရှူ့တစ်ပတ်ထဲမှာ စန္ဒီရဲ့မွေးနေ့ပွဲ ရှိလေရာ သူက စန္ဒီ့ကို မွေးနေ့လက်ဆောင် ထိုက်ထိုက်တန်တန်လေး ဝယ်ပေးချင်သည်။

သူ့အမေက မီးဖိုထဲတွင် အလုပ်သမားများနှင့်အတူ ညနေစာအတွက် စီစဉ်နေလေရာ သူက အမေ့ရဲ့ခါးကို နောက်မှ သိုင်းဖက်လိုက်သည်။

"ဟဲ့ ... ပလုတ်တုတ်၊ သြော် ... ဒီကောင်လေးဟာလေ"

www.burmeseclassic.com



"ဟဲ ဟဲ ... မိုင်ဒီးယား ချစ်မေမေ။ ဘာတွေချက်နေတာတုန်း။ ပင်ပန်းပါ့မယ် မေမေရယ်။ သားအတွက် ကြက်သားကြော်တစ်ပန်းကန်လောက်ဆို ရပါပြီ"

"အမယ်လေး ... အပိုတွေ ပြောမနေပါနဲ့၊ ကဲ ... ပူပူနွေးနွေး အဲဒီဟင်းကို ဆီလိပ်လာရင် ရေမြှုပ်အောင်ထည့်ပြီး တည်ထားလိုက်တော့။ ကန်စွန်းရွက်နဲ့ မှိုက စားခါနီးကျမှ ကြော်မှာနော်။ ဟင်းချိုလည်း နွေးထား"

သူ့အမေက မှာစရာရှိတာတွေ မှာပြီးလျှင် မီးဖိုခန်းထဲမှ ထွက်လာသည်။ သူက အမေ့ရဲ့ခါးကို ဖက်ရင်းမှ လိုက်ပါလာပြီးနောက် သူ့အမေက သူ့အကြောင်းကို နောကျေစွာဖြင့် ဧည့်ခန်းထဲရောက်လျှင် ...

"ကဲ ... ဘာလိုချင်လို့ မအေနားကို လာကပ်နေရတာလဲ ပြောစမ်း"

"ဟာ ... မေမေကလည်း။ သားက လိုချင်တာရှိမှ မေမေနားကို ကပ်တာကျနေတာပဲ"

သူ့အမေက အပိုတွေ ပြောမနေစမ်းပါနဲ့ဟူသော အပြုံးမျိုးဖြင့် သူ့ကိုကြည့်ကာ ...

"ကဲပါကွယ် ... ဘာကို အလိုရှိသလဲဆိုတာသာ မိန့်တော်မူပါ"

"ဟဲ ... မေမေကလည်း။ မေမေ့ဆီက သား ပိုက်ဆံနည်းနည်းလောက် လိုချင်လို့ပါ"





"ပိုက်ဆံ ! ။ ဟိုတစ်ပတ်ကတင် မင်း တောင်းသွားပြီးပြီ မဟုတ်လား။ အဲဒီပိုက်ဆံကတင် မနည်းဘူးနော် သား"

"အာ ... အဲဒီပိုက်ဆံက သား MK မှာ Car Audio ဆင်လိုက်တာ အကုန်ကုန်သွားတယ် မေမေ။ သား မုန့်ဖိုးထဲကတောင် စိုက်လိုက်ရသေးတယ်။ အားလုံးပေါင်း ခြောက်သိန်းကျော်လောက် ကျသွားတယ်"

သူ့အမေက မျက်လုံးကိုပြူး၊ ရင်ဘတ်ကိုဖိကာ ...

"အမယ်လေး ... အဲဒီလောက်တောင် ကျရသလားဟယ်။ ဘာတွေများ ကောင်းနေလို့ ကားထဲ ကက်ဆက်တပ်တာ အဲဒီလောက်တောင် ကျရတာလဲ"

သူက သူ့အမေရဲ့အပြောကို ဟက်ခနဲ တစ်ချက်ရယ်ကာ အမေ့ရဲ့ပါးကို ချစ်စနိုး ဆွဲလိမ်ပစ်ရင်းမှ ...

"ကားကက်ဆက်တပ်တာ မဟုတ်ပါဘူး မေမေရာ။ Car Audio ဆင်တာလေ။ Amplifire တို့ Sup Woofer တို့နဲ့ ကားကိုယ်ထည်ထဲမှာမြှုပ်ပြီး ဆင်တာ။ တချို့ဆိုရင် သိန်းရာချီပြီးတောင် ကုန်တာ ...

အနိမ့်ဆုံးက နှစ်သိန်းပဲ။ တစ်နေ့ကျမှ မေမေ့ကိုခေါ်ပြီး ကားပေါ်တင် လိုက်မောင်းပြဦးမယ်။ အသံထွက်စနစ်တွေ ဘယ်လောက်ကောင်းလဲလို့"

"အမယ်လေး ... တော်ပါပြီ။ မင်း အဖေသာ သိလို့ကတော့ ပွက်လော်ညံတော့မှာပဲ။ ကဲ ... ကဲ ... အခုဟာကရော ဘာအတွက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံလေး နည်းနည်းလောက်ပါ မေမေရာ။ ဟဲ ဟဲ"

"ဟင်း ... ပိုက်ဆံကလည်း တောင်းလိုက်ရတာ အမော။ ကဲ ... ပြောစမ်းပါဦး ဘာသုံးမှာကို၊ ဟယ်လောက်တောင် ပေးရမှာမို့လို့လဲ"

"သား ကောင်မလေးမွေးနေ့ကို ပလက်တီနမ်ကြိုးလေးနဲ့ လော့ကတ်လေး ဝယ်ပေးချင်လို့ပါ မေမေရာ"

"ဟဲ့ ... ဘာဖြစ်လို့ အဲဒီလောက်တောင် ဝယ်ပေးမှာလဲ။ သူက ပူဆာတာလား၊ နေပါဦး၊ သားက သူ့ကို တော်တော် အရေးသယ်လှချည်လား။ ဟိုတစ်နေ့ကလည်း သားအဖေကို မိန်းမယူမယ်လို့ သွားပြောတယ်ဆို ...

အဲဒီကောင်မလေးနဲ့ သားနဲ့က ဘယ်အခြေအနေထိ ရောက်နေကြပြီလဲ"

"အာ ... မေမေကလည်း။ မေမေ့စကားကြီးက ဘယ့်နှယ် ဟာမျိုးကြီးလဲ။ သားတို့က အရမ်းချစ်ကြတဲ့ ချစ်သူတွေပါ။ သားကတော့ သူ့ကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတယ်။ သူကတော့ သားဘက်က အသိုင်းအဝန်းကို စိုးရိမ်စိတ်ရှိနေတယ်"

"ဘာကို စိုးရိမ်နေတာလဲ"

"သူက မိဘတွေ မရှိတော့ဘူး မေမေ။ အဒေါ်အဖိုးကြီးနဲ့ နေတာ။ လက်ရှိမှာ ကွန်ပျူတာသင်တန်းတစ်ခုမှာ အလုပ် လုပ်တယ်။ သားတို့ထက် စာရင်တော့ ချို့တဲ့တယ်ပြောရ



မှာပေါ့။ ဒါပေမဲ့ မေမေ သူ့ကိုမြင်ရင် ချစ်သွားမှာပါ။ သူက မေမေ့စိတ်ကြိုက် အလိမ္မာ အိမ်ပါမယ့် ချွေးမမျိုးလေး ပေါ့။ အေးအေးဆေးဆေး နူးနူးညံ့ညံ့နဲ့ စိတ်သဘောထား ကောင်းတဲ့သူပါ။ အောက်သက်ကြေတဲ့ ကောင်မလေးမျိုး လေးပေါ့ မေမေ"

"ကြည့်လည်းလုပ်ပါဦး သားရယ်။ မင်းတို့တွေ့တာက ဘယ်လောက်ရှိသေးလို့လဲ။ သူ့စိတ်နေစိတ်ထား ဘာညာ ကရော သေချာအကဲခတ်ကြည့်ရဲ့လား ...

သားကို မေတ္တာစစ်နဲ့ တကယ်ချစ်တာရော ဟုတ်မှ ဟုတ်ပါ့မလား"

"ဩော် ... မေမေရယ်။ သားလည်း အပြင်မှာ သွားလာနေတဲ့ ခေတ်လူငယ်တစ်ယောက်ပါ။ အဲဒီလောက်တော့ ခွဲခြားတတ်ပါတယ်။ တခြား ခပ်ကဲကဲ ခပ်ရဲရဲ မိန်းကလေးတွေနဲ့ သူနဲ့က တခြားဆီပါ မေမေရဲ့ ...

သား ဆိုရင်လည်း အလုပ် လုပ်ဖို့၊ မိဘကို ဦးထိပ်ထားဖို့၊ ပိုက်ဆံသိပ်မဖြုန်းဖို့၊ အမြဲဆုံးမနေတာ။ သား ဈေးကြီးတာတွေ သုံးပြီဆိုရင်လည်း သူက ကြားထဲက ရင်ဘတ်ဖိပြီး တားနေတာ။ နောက်ဆိုရင်တော့ မြင်ယောင် ပါသေးတယ်။ ဒီအိမ်မှာ ဖေဖေနဲ့ မေမေနဲ့ သူနဲ့ကတစ်ဖက်၊ သားက တစ်ယောက်တည်း သပ်သပ်ခွဲထွက်သွားလိမ့်မယ်နဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့နားရွက်ကို မနာအောင် ဆွဲလိမ်ကာ ...

"ကြည့်စမ်း ... ချေးကောင်လေး။ ဒီအထိတောင် လျှောက်တွေးထားတယ်ပေါ့။ ကဲပါ ... မင်းသဘောနဲ့မင်း ထင်ရာတွေလည်း လျှောက်လုပ်မနေနဲ့ဦး၊ အတည်ရည်ရွယ်တယ်ဆိုရင်လည်း မေမေ့ဆီ ခေါ်လာခဲ့ဦး။ မေမေလည်း စကားလေး ဘာလေး ပြောကြည့်ချင်သေးတယ်"

"သားက ခေါ်တယ် မေမေရ။ သူက မေမေတို့ကိုကြောက်နေတာ"

"ဩော် ... မကြောက်အောင် မင်းက ဖျောင်းဖျပြောဆိုပေါ့။ ကဲ ... ကဲ ... မေမေ့ အဝတ်ဗီရိုထဲက အံဆွဲထဲမှာ ပိုက်ဆံရှိတယ်၊ ယူသွား"

"အား ... Thanks you so much မေမေ၊ ဟဲ ဟဲ"

သူက မေမေ့ရဲ့ပါးကို ရွှတ်ခနဲနမ်းကာ ဗီရိုထဲက ပိုက်ဆံတစ်ထပ်ကိုယူလျက် အပြင်သို့ ကားနဲ့ချက်ချင်းပြန်ထွက်လာခဲ့သည်။ သူ ဦးတည်နေတာက ခုတလော မျက်လုံးထဲတွင် ဝင်ဝင်လာနေတတ်သော သတင်းစာထဲက ရတနာအရောင်းဆိုင်တစ်ခုသို့ သွားနေတာ ဖြစ်ပါသည်။ ဆိုင်ထဲရောက်သွားလျှင် သူက ကြိုဆိုနှုတ်ဆက်သော ဝန်ထမ်းမိန်းကလေးကို ပြုံးပြကာ ...

"ပလက်တီနမ်ကြိုးမျှင်မျှင်လေးနဲ့ လော့ကတ်လှလှလေး တစ်ခုလောက် လိုချင်လို့ပါ"





"ဟုတ်ကဲ့၊ လော့ကတ်က သတ်သတ်ရွေးလိုက်ပါနော်၊ ဘယ်လိုရတနာမျိုးထဲက လိုချင်တာပါလဲရှင်"

"အင်း ... စိန်ထဲကပေါ့"

"ဟုတ်ကဲ့၊ တစ်မျိုးတော့ မထင်ပါနဲ့နော်။ ကူညီပေးရအောင် မေးတာပါ။ ဘယ်အသက်အရွယ်အတွက်ပါလဲရှင်။ လက်ဆောင်ပေးမှာမလား"

"အင်း ... မွေးနေ့လက်ဆောင်ပေါ့။ အသက်အရွယ်ကတော့ ကျွန်တော်တို့အရွယ်ပါပဲ၊ ခေတ်မီတာလေးပေါ့"

"ဟုတ်ကဲ့၊ ဒါဆို ဒီဘက်ကို ကြွပါရှင်။ ဒါတွေက ခေတ်မီဖန်စီဒီဇိုင်းတွေချည်းပါပဲ"

သူက ကောင်မလေး ခေါ်လာသော ကောင်တာဘက်သို့ လျှောက်လာကာ အထဲမှ ပစ္စည်းများကို တစ်ခုချင်းစီ စေ့စေ့ငေ့ငေ့စပ် ကြည့်ရှုမိသည်။ သေးကွေးသော်လည်း ခေတ်မီလှပသော စိန်လော့ကတ်ပေါက်စလေးများသည် သူ့ကိုပြုံးပြပြီး ဆွဲဆောင်နေသလိုပဲဖြစ်သည်။ အဲဒီအားလုံးထဲမှာမှ သူက သစ်ရွက်ပုံသဏ္ဌာန် စိန်လော့ကတ်လေးကိုတော့ မှတ်မှတ်ထင်ထင် ဖြစ်သွားသည်။ ထိုသော် သိပ်ဆန္ဒမစောသေးဘဲ ဟိုဟိုဒီဒီ ကြည့်နေရာမှ အရောင်းဝန်ထမ်းက သူ့အား ပြုံးပြလာရင်း ...

"သဘောကျတာရှိရင် ပြောလေ။ အပေါ်ထုတ်ပြီး ပြပေးပါ့မယ်။ အားမနာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီအသည်းပုံလေးရယ်၊ သစ်ရွက်လေးရယ် နောက် ဟိုးအစွန်က ဂီတသင်္ကေတဟာလေးရယ်"

"ဟုတ်ကဲ့ ... ခဏလေးနော်"

ကောင်မလေးက သူ့ကို သုံးခုလုံး ထုတ်ပြကာ တစ်ခုစီရဲ့အကြောင်းကို ရှင်းပြသည်။ သုံးမျိုးစလုံးကတော့ တစ်ခုနဲ့ လှနေတာပင်။ စန္ဒီသာဆိုရင်ရော ဘယ်ဟာလေးကို ကြိုက်မလဲ၊ အသည်းပုံလေးက အချစ်သင်္ကေတဆန်သော်လည်း သစ်ရွက်လေး မတ်ထားတာလေးကလည်း လှပနေပြန်သည်။ သူက ယောက်ျား တန်မဲ့ ဟိုရွေး ဒီရွေး လုပ်နေရတာကိုလည်း နည်းနည်းတော့ ရှက်လာကာ ...

"အဟင်း ... အားလုံးက လှနေတော့ ရွေးရနည်းနည်းခက် နေတယ်။ ဘယ်ဟာယူရမှန်းလဲ မသိဘူး"

"ရပါတယ်၊ အေးအေးဆေးဆေးသာ ရွေးပါ။ အားမနာ ပါနဲ့"

အဲဒီအချိန်မှာပဲ သူ့ဘေးသို့ လူရိပ်တစ်ခုက ကျလာ ကာ ကောင်တာပေါ်မှာ တင်ထားသော လော့ကတ်တစ်ခုကို ဖျတ်ခနဲ ဆွဲကြည့်သံနှင့်အတူ ဈေးမေးလိုက်သံကိုပါ ကြားရသည်။

"ဒါလေးက ဘယ်လောက်လဲဟင်"

"ဩော် ...(xxx)ပါရှင်"

"ဟုတ်လား၊ ဈေးမဆိုးဘူးပဲ၊ လှတယ်။ နော် ... ခင်ဦး"





"အေး ... နင်နဲ့ဆို အရမ်းလှမှာ"

"ဟိ ... နင် အတွေးတော်တယ်"

သူက ဘေးကစကားတွေကိုကြားလျှင် နည်းနည်း ငြိမ်သွားသောကြောင့် အလျင်အမြန် လှည့်ကြည့်လိုက်လေသည်။ အခါတော့မှ သူ့မျက်မှောင်တွေက ကုတ်သွားလျက် အဲဒီတစ်ယောက် ကို မျက်ချင်းမှတ်မိသွားသည်။ လွန်ခဲ့သော တစ်လလောက်က သူနဲ့အတူ ဖက်ရှင်ဆိုင်တစ်ခုမှာ အကျီဆင်တူနှစ်ထည်ကို လုဝယ် ရင်း ဗိုလ်ကျပြီး ရသွားခဲ့သော ငနဲမလေးဖြစ်သည်။ သူသည် ဒီ တစ်ခါတော့ အရှုံးမပေးချင်တာရော၊ တစ်ချိန်က ကိစ္စကိုမကျေ နပ်တာရောနှင့် ပေါင်းကာ သူမလက်ထဲမှ လော့ကတ်ဘူးကို ဖျတ်ခနဲ ဆွဲယူလိုက်လျှင် ဘယ်လိုမှ ထင်ထားဟန်မတူသော ကြောင့် လော့ကတ်က သူ့လက်ထဲသို့ ပါလာသည်။

သူမက သူ့ကို အံ့ဩသော မျက်လုံးများဖြင့်ကြည့် ကာ ...

"ဟင် ... ဒါ ဘာလုပ်တာလဲ"

"ဒါ ငါ ယူထားတာ"

"ဘာ ... ဘာရယ်၊ မဖြစ်နိုင်တာ"

သူမက သူ့ကို စူးစူးစိုက်စိုက်ကြည့်ရင်းမှ မျက်ဝန်း က မေးစင်းသွားကာ သူ့ကို မှတ်မိသွားဟန်တူသည်။ နှုတ် ကို ကွေးညွတ်ပြီး ယောင်ယောင်မျှ မဲ့ပြုံး ပြုံးလိုက်ပုံမှာ မှတ် ဟု အမူအယာအားဖြင့် အတိအလင်း ကြော်ငြာလိုက်ဟန်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူကလည်း ခပ်တင်းတင်းပင်။ ဒီတစ်ခါတော့ အ
ဆေးဖို့ စိတ်ကူးမရှိတော့ဘဲ အဲဒီလော့ကတ်ကိုပဲယူဖို့ စိတ်ပိုင်း
လိုက်ကာ ကောင်တာက အမျိုးသမီးဆီ ထိုးပေးလိုက်ရင်း ...

"အစ်မ ... ဒါကို ဘောက်ချာဖြတ်ပေးပါ၊ ဒါပဲ ယူပါ

"ဩော် ... ဟုတ် ... ဟုတ်ကဲ့။ ဒါဖြင့်ရင် ဒီဥစ္စာ
သိမ်းလိုက်တော့မယ်နော်"

"ရတယ် ... သိမ်းလိုက်တော့။ ဒါပဲ ယူမယ်"

သူမက ကောင်တာကို လက်တစ်ဖက်နှင့်ပုတ်
လေသံခပ်ပြင်းပြင်းဖြင့် ...

"ဒီမှာ ... နင် အဲဒါ ဘာလုပ်တာလဲ။ ငါယူမယ်ဆိုမှ
ယူတာက ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် အစောတည်း
က ကြည့်နေတာ။ မင်းမှာ မျက်လုံးမပါဘူးလား။ မင်း
စည်းမရှိ ကမ်းမရှိ သူများဟာကို ဝင်လုတာ"

"ဘာရယ် ... အစောတည်းက ကြည့်နေတာဆို၊ ဘာ
ဘေးချထားတာလဲ။ သူများယူမယ်ဆိုမှ ဖြုန်းခနဲ ကော
လုတာ ဘာအထာလဲ"

"ဘာအထာမှ မဟုတ်ဘူး။ အစတည်းက ငါ ကြိုက်
အထဲက တမင်ရွေးထုတ်ပြီး ကြည့်နေတာ။ မင်းသာ လူ
ရေးနားလည်ရင် ဒါ သူများရွေးထားတဲ့ဟာ ဆိုတာ
နားလည်သိတတ်ရမှာပေါ့"



"ဘာ ! လူမှုရေး ဟုတ်လား။ ဟား ... ရယ်စရာကောင်း
ကောင်းနေပြီ။ ဘယ်သူက သူများယူမယ်ဆိုမှ အူယား
ဖားယား ကောက်လုတာလဲ ...
တောက်"

"ဟို ... ပြဿနာမဖြစ်ပါနဲ့ ညီမလေးရယ်၊ ဒီကမောင်လေး
က အရင်ကြည့်နေတာ ဟုတ်ပါတယ်။ သူ နည်းနည်းဝေ
ခွဲရ ခက်နေလို့ပါ"

"အေးလေ ... အဲဒါကို သူများက လုတယ် ဘာညာဆိုမှ
သင်းက ဖြုန်းခနဲ ကောက်လုတာကို မကျေနပ်တာ ...

သူများ ကောင်းတယ် လုတယ်ဆိုမှ အကောင်းထင်
တဲ့လူ။ ကိုယ့်ဟာကိုယ်ကျတော့ ဘာမှရွေးတတ်တာ မဟုတ်
ဘူး။ ဟင်း ..."

သူမက သူ့ကို နှိမ်သလိုမျိုး ပွစိ ပွစိ ရွတ်ဆိုနေ
သူက အဲဒီပုံစံကိုကြည့်ကာ အဟုတ်ကိုပဲ ဒေါသထွက်လာ
ည်။

"ဟေ့ ... ဒီမှာ။ မင်း ဘယ်လိုမိန်းကလေးလဲ၊ ကြာရင်
သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်သွားလိမ့်မယ်။ မင်း
အနေနဲ့ ငါ့ကို ဒီလိုပြောပိုင်ခွင့် ဘာမှမရှိဘူး"

သူ့လေသံမာမာကို ကြားထဲက ဆိုင်ဝန်ထမ်း အမျိုး
သမီးက ကြောက်လာဟန်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး ကောင်တာမှာ ငွေရှင်းလို့ ရပါပြီ။ ဒီက ညီမလေးလည်း စိတ်မဆိုးပါနဲ့နော်။ အဲဒီ ဒီဇိုင်းကို ကြိုက်တယ်ဆိုရင် အစ်မတို့ဆီမှာ အော်ဒါမှာခဲ့လို့ ရပါ တယ်။ စိတ်တိုင်းအကျဆုံးဖြစ်အောင် လုပ်ပေးပါ့မယ်"

"နေပါစေ၊ အဲဒီ အရူးကိုသာ စိတ်တိုင်းကျ လုပ်ပေးလိုက် ပါ"

"ဟာ ... ဟိတ် ... မင်း ဘာပြောတာလဲ၊ တောက်"

သူက ပိုက်ဆံရှင်းခါနီးမှ ဒေါသတကြီး ရေရွတ် လိုက်သော်လည်း သူမကတော့ လှည့်တောင်မကြည့်တော့။ အမြင် ကတ်ဖွယ်ကောင်းအောင်ပင် ခါးကို တမင်လှုပ်ပြကာ ဆတ်တောက် ဆတ်တောက် လမ်းလျှောက်ပြီး ထွက်သွားသည်။ သူသည်အလို လိုက်ထွက်လာသော ဒေါသများကို ရေတ်သီးစပ်သလိုလို တရှူးရှူး တရှဲရှဲဖြင့် ခပ်စပ်စပ် ခံစားလျက် ပိုက်ဆံကို မြန်မြန်ထုတ်ရှင်း လိုက်ရသည်။

စန္ဒီ့အတွက် ကြည်နူးသော စိတ်လေးများတော့ ဘယ်ရောက်သွားမှန်း မသိပေ။ ဒီကောင်မလေးနဲ့ကလည်း ဘယ် ဘဝက ကြီးစွာသော ရေစက်မှန်းလည်း မသိပါ။ စကားအပြော အဆို အထက်ဆီးဆန်ကာ ထောင့်မကျိုးသော အနိုမိန်းမကို သူ ကလည်း တကယ့်ကို အ,မေတ္တာ၊ အ,စေတနာသာ ဖြစ်သည်။ သို့သော် ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ သူမကို အနိုင်ရသွားသည် အတွက် ကျေနပ်သည်ဟုတော့ ပြောရမည်သာဖြစ်သည်။ သူသည်





အားနာဘူးထည့်ပေးလာသော ကိုင်းဆွဲအိတ်လေးကို ပေါ့ပေါ့ပါးပါး ဆွဲကာ ဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။ လုဝယ်ခဲ့ရလို့လားတော့ သိ။ လော့ကတ်လေးက သူ့စိတ်ထဲမှာ ပိုတောင်လှလာသည်ဟု ထင်မိသည်။

သန်ဘက်ခါဆိုလျှင် စန္ဒီရဲ့မွေးနေ့ ရောက်ပြီဖြစ် သည်။ လော့ကတ်လေးကို စန္ဒီရဲ့လည်တိုင်မှာ ကိုယ်တိုင်ဆွဲပေး ပြီး စန္ဒီရဲ့ ဖွေးလည်တိုင်နွေလေးမှာပါ အနမ်းလက်ဆောင်ပေးဦးမည် ဟု စိတ်ကူးထားသော သူသည် သူ့ကားမှန်ပေါ်မှာ ဆွဲထားသော ကို မြင်လျှင်တော့ စိတ်ကူးတွေ နင်ထွက်သွားသည်။ ပိန်ပိန် ညှောင်ညှောင် အရိုးဂေါက်ဂက်နှင့် Fido Dido ရုပ်ပြောင်ပုံရဲ့ ဘက်မှာ အရူးဟု ရေးသွားသူသည် ဟိုငတိမမှလွဲ၍ တခြားသူ ဖြစ်နိုင်ချေ။

သူသည် အစအနပင် မရှိတော့သော ငတိမကို ရှူလိုတွေ့ဖြား ရှာဖွေရင်း တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက် အပ ဘာမှမတတ်နိုင်ခဲ့ပါ။

✿ ❤ ✿



www.burmeseclassic.com

www.burmeseclassic.com



## ၅

မနေ့ညက စည်သူနှင့် မိုးအလင်းပေါက် ဖုန်းပြော သဖြင့် ဒီနေ့မနက်တွင် သူရိ တစ်ယောက် ဆယ့်နှစ်နာရီမှ အိပ် ရာကနိုးသည်။ မိုးအလင်းပေါက် ပြောတယ် ဆိုတာကလည်း တခြားမဟုတ်။ စည်သူ့ကို မော်ဒယ်တစ်ယောက်နှင့် မသင်္ကာ သဖြင့် ရစ်ပြီး စိတ်ကောက်ရာမှ ထုံးစံအတိုင်း စည်သူက ပြန် ချော့၊ စိတ်ကောက်၊ ပြန်ရစ်၊ ပြန်ဖြည့် စသဖြင့် သမီးရည်းစားတို့ ထုံးစံအတိုင်း ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ပြီးမှ ဖုန်းချ တော်မူသောကြောင့် မိုးလင်းသွားခြင်း ဖြစ်သည်။ ဒီတော့ မနက် ခင်း အိပ်ရာမှ မနိုးနိုင်တော့။ အိပ်ရာနိုးလာသောအခါ ခေါင်းတွေ သိပ်မကြည်ဘဲ ခပ်ထိုင်းထိုင်း ဖြစ်လို့နေသည်။ ညက အဝတ် အစားအတိုင်း တဝါးဝါး သမ်းဝေရင်း ဆင်းလာခဲ့ရင်းမှ ထမင်း စားခန်းထဲသို့ ဝင်လာခဲ့သည်။

သူရိကို မြင်သော ထမင်းချက် မအေးစိန်က –





"သူရိ နိုးပြီလား၊ ဘာစားမလဲဟင်"

"ဝါး ... အင်း ... ထမင်းစားချိန်တောင် ရောက်နေပြီ။ ဘာချက်လဲ"

"ပုစွန်တုပ်ဆီပြန်၊ ကြက်သားသုပ်၊ မရမ်းသီးထောင်း၊ ပဲကြာဆံဟင်းချို"

"အိုကေ ... အဲဒါပဲ စားတော့မယ်။ အဲ ... ဆယ့်နှစ်တောင် ထိုးပြီးပြီ။ 5 Series က ကြည့်နေကျ ကိုရီးယားကားလာ နေပြီ။ ပန်းကန်ပြားထဲ ဟင်းပုံပေး မအေးစိန်။ ဟင်းချိုပဲ သပ်သပ်ထည့်ပေးတော့။ အိမ်ရှေ့ကို လာပို့လိုက်၊ တီဗီ ကြည့်ရင်း စားမယ်"

"ဟုတ် ... လာပို့လိုက်မယ်"

သူရိက အိမ်ရှေ့သို့ ပြန်ထွက်လာကာ ဧည့်ခန်း ထဲမှာ TV ကို MRTV-5 မှ ကိုရီးယားကားအတွဲများ လာသော 5 Series သို့ ဖမ်းယူလိုက်သည်။ ခဏနေတော့ မအေးစိန်က ထမင်းလာပို့သဖြင့် ထမင်းကို အေးအေးဆေးဆေး သုံးဆောင်တော် မူကာ ကိုရီးယားကားကို ဇိမ်နဲ့ကြည့်ဖြစ်လေသည်။ အဲဒီအချိန် မှာပဲ အိမ်ရှေ့ ပေါ်တီကိုအောက်သို့ ဖခမည်းတော်စီးနေကြကား ကြီး၏ ဝေါခနဲ ထိုးဆိုက်လို့လာသည်။ ကားပေါ်မှ ဆင်းလာတာ က သူရိရဲ့အဖေနဲ့အမေ နှစ်ယောက်စလုံး ဖြစ်သည်။ ပြုံးပြုံးပြက် ပြက် ဝတ်စားတာတွေကို တွေ့ရသဖြင့် မင်္ဂလာဆောင်တစ်ခုခုက ပြန်လာသည်ဟု ကောက်ချက်ချရသည်။

www.burmeseclassic.com



သူရိက ဆိုဖာပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်းမှ လက်တစ်ဖက် ထောင်ပြကာ ကျေးဇူးရှင်မိဘနှစ်ပါးကို နှုတ်ဆက်လိုက်သည်။

"ဟိုင်း ... မင်္ဂလာဆောင်က ပြန်လာကြတာလား"

"အခုမှ နိုးတာလား သူရိ"

"ဟုတ် ... မေ့ ... ဟဲ ဟဲ"

မေမေက မျက်စောင်းတစ်ချက်ထိုးကာ ဘာမှမပြောဘဲ အိမ်ပေါ်တက်သွားသော်လည်း သူရိ့အဖေကတော့ ဆိုဖာခုံတစ်ခုံမှာ ဝင်ထိုင်လိုက်တာမို့ သူရိ နည်းနည်းတော့ စိတ်နောက်ချင်သွားသည်။ တစ်ခုခု ပြောတော့မည် ဆိုတာကို နားလည်သောကြောင့် ဗိုက်ဆာဆာနှင့် စားနေသော ထမင်းဟင်းတို့ပင်လျှင် အရသာမရှိတော့သလို ဖြစ်သွားသည်။

"မိသူရိ"

"ရှင် ... ဖေဖေ"

"ညည်း အခုနကမှ နိုးတာပေါ့လေ၊ ဟုတ်လား"

"နည်းနည်းတော့ ကြာပါပြီ ဖေရဲ့"

"ဘာမှ နည်းနည်းတော့ကြာပြီ လုပ်မနေနဲ့။ ညည်းလည်း ဘယ်လိုလုပ်ရမှန်းကို မသိဘူး။ ပြန်မပြော နားမထောင်နဲ့ နေချင်သလိုကို နေနေတော့တာပဲ"

"ဖေဖေကလည်း သူရိ့ကိုဆို အပြစ်ပဲ မြင်နေတော့တာပဲ"





"ညည်းကိုမှ ငါ အားမရတာ၊ ငါ့မိတ်ဆွေတွေရဲ့ သားသမီးတွေဆို ဘယ်လောက်တော်လဲ၊ ကဲ ... မိသူရိ၊ ရှေ့တစ်ပတ်ကျရင် ညည်း ဂျပန်စာသင်တန်း တစ်ခုသွားတက်ရတော့မယ်။ ငြင်းဖို့ မကြိုးစားပါနဲ့၊ မတက်မနေရ။ ဒါ ငါ့အမိန့်ပဲ။ မနာခံနိုင်ရင် အိမ်ပေါ်က ဆင်းသွား။ ဒါ အပြတ်ပြောတာ ...

ညည်းကိုတော့ ပျော့ပျော့လေး ကိုင်တွယ်နေလို့ မရတော့ဘူး"

သူရိသည် ဂျပန်စာဆိုတာနှင့် မျက်လုံးတွေက ဆင်းကွင်းလောက် ပြူးထွက်လာကာ ခေါင်းကို ဆယ်ပေါင်တူနှင့် အထုခံလိုက်ရသလို ခေါင်းနားပန်းကြီးသွားသည်။ လောကမှာ စာဆို၍ စာကလေးတောင် မကြည့်ချင်သည့်အထဲတွင် သူရိမှာ ထိပ်ဆုံးကပါသည်။ စာကျက်ဖို့ ဖတ်ဖို့ မှတ်ဖို့ လေ့လာဖို့ ဆိုတာ သူရိ အပျင်းဆုံး အလုပ်တွေပင်။ ဉာဏ်ကောင်းလှ၍ တစ်ခုခုဆို တတ်လွယ်လှသော သူရိသည် အဖေရော အမေရော အပျင်းမကြီးပါဘဲနှင့် သူရိ့ကျမှ ဘာကြောင့် အပျင်းပိုးကပါလာသလဲတော့ မပြောတတ်ပါ။ ဉာဏ်သာ မကောင်းခဲ့ပါက အပျင်းကြီးသော သူရိသည် ဖျင်းတောင် ဖျင်းသွားနိုင်သည်။

ဒါကြောင့် ဖတ်ဖို့ မှတ်ဖို့ ဆိုလျှင် ပျင်းလွန်းသော သူရိမှာ ဆယ်တန်းအောင်ပြီးကာစက အပြင်ထွက်ကောင်းအောင် Speaking နှင့် ကွန်ပျူတာလေး အယောင်ပြတက်သည့်မှလွဲ၍



www.burmeseclassic.com

www.burmeseclassic.com



ဘာမှဖြစ်ဖြစ်မြောက်မြောက် မသင်ခဲ့ချေ။ ကျောင်းဆက်တက်တော့လည်း ကျောင်းတက်တာကို အကြောင်းပြ၍ ဘာသင်တန်းမှ မတက်။ MBA တွေ၊ LCCI တွေ သူရီ ဘာမှစိတ်မဝင်စား။ သူရီ စိတ်ဝင်စားတာသည် အချစ်၊ ကားတစ်စင်း၊ စားသောက်ဆိုင်ကောင်းကောင်း၊ ရုပ်ရှင်ဗီဒီယို ဒါတွေသာ ဖြစ်သည်။ အခုတော့ဖြင့် ရိုးရိုး အင်္ဂလိပ်စာတောင် မဟုတ်ဘဲ သူရီ အင်မတန်မုန်းသည့် ဘူးသီးငါးပေါင်းကြော်တွေ သင်ရမည်တဲ့။

သူရီ ထမင်းတောင် ဆက်မစားချင်တော့ပါ။

"ဖေဖေကလည်း နေရင်း ထိုင်ရင်းနဲ့ သူရီက ဘာကိစ္စ ဂျပန်စာ သင်ရမှာလဲ။ လိုလည်း မလိုဘဲနဲ့"

"ဘာကိစ္စ မလိုရမှာလဲ။ ညည်းကို Travel Tour ဘက်ကို ဝင်ခိုင်းဖို့ စဉ်းစားထားတယ်။ အဲဒါ တစ်နေ့ရာတည်းမှာ ဖင်မြဲမြဲ မနေတတ်တဲ့ ညည်းနဲ့ အကိုက်ဆုံး အလုပ်တစ်ခုပဲ။ နောက်ထပ်ချဲ့မယ့် ဧည့်သည်တွေက ဂျပန်တွေများတယ်။ အဆက်အသွယ်တွေလည်း ရထားတယ်။ ဒီတော့ ညည်း ဂျပန်စာ သင်ရမယ် ...

သင်တာမှ ရေရေလည်လည် ပြောတတ်အောင် သင်ရမယ်"

"အာ ... ဘာဆိုင်လဲ ဖေဖေကလည်း၊ ဂျပန်စာတတ်တဲ့ လူတွေများ ပေါလို့။ စိတ်ကြိုက်ငှားလိုက်ရုံပဲ။ သမီးက အပင်ပန်းခံပြီး သင်စရာ လိုလို့လား"





"တိတ်စမ်း ... ဖြုတ်ဦးနှောက်နဲ့ ငါ့ကို လာပြောမနေနဲ့၊ နင် တွေးသလောက်တော့ ငါ တွေးတတ်တယ်။ ကိုယ်တိုင်တတ်တာနဲ့ သူများငှားထားတာနဲ့ တူမလား ...

နင့်မှာ အရည်အချင်းမရှိဘဲနဲ့ ကိုယ့်လက်အောက်က ဝန်ထမ်းတွေကို ဘယ်လိုအုပ်ချုပ်မှာလဲ။ ကိုယ်တိုင်က အားလုံးမဟုတ်တောင် သဘောတရား နားလည်ထားမှ အဆင်ပြေမှာပေါ့။ ဂျပန်တွေနဲ့ ဆက်ဆံမယ့် လူတစ်ယောက်က ဂျပန်စာတတ်ထားတာ မကောင်းဘူးလား။ အဲဒီအတွက် တစ်ဖက်လူက ပေးလာမယ် impression က နည်းလား ...

နင်ဟာလေ ဘယ်နေရာမှ သုံးစားလို့မရတဲ့ဟာ။ တကယ်ကို အပျင်းကြီး အရည်ထွက်။ လျှာမရှည်နဲ့ ငါက သင်ဆိုသင်။ ရှေ့တစ်ပတ် စနေနေ့ကျရင် ခြောက်မိုင်ခွဲက အိမ်တစ်အိမ်မှာသင်ဖို့ စီစဉ်ထားပြီးပြီ။ တခြားသင်တန်းသားတွေလည်း ရှိတယ်။ သချာသင်ပေးမှာ။ ပြီးရင် ပြန်အသုံးချရမှာ ...

တော်ရိရော်ရိလုပ်လို့ မရဘူး။ ဂျပန်အစစ်တွေနဲ့ ပေးတွေ့မှ အိုးနင်းခွက်နင်း ဖြစ်လို့ကတော့ အသေပဲ၊ ကြားလား"

အဖေက ပြောပြီးတာနှင့် ထိုင်ရာမှ ထထွက်သွားချိန် သူရီသည် အားခန်းပဲ အာခေါင်ခြစ် အော်ပစ်ချင်စိတ်ကို အတင်းထိန်းချုပ်ထားရသည်။ လောကမှာ ကိုယ် စိတ်မပါသော



www.burmeseclassic.com

www.burmeseclassic.com



အလုပ်၊ စိတ်မဝင်စားသောအလုပ်ကို ကိုယ့်သဘောဆန္ဒမပါဘဲ ရှုတ်အတင်းအကျပ် လုပ်ခိုင်းတာလောက် စိတ်ဆင်းရဲဖို့ကောင်းတာ မရှိဘူးဆိုတာ ကြုံဖူးသူတိုင်း ကိုယ်ချင်းစာတတ်ပေလိမ့်မည်။

သူရိ တစ်ယောက် စိတ်ဓာတ်တွေ အကြီးအကျယ်ကျရလေသည်။ အမေ့ကိုလည်း အားကိုး၍မရ။ အမေသည် သူရိကို အဖေ့လောက် မဆူမငေါက်ပေမယ့်၊ ပိုက်ဆံလိုတိုင်း ထုတ်ပေးပေမယ့် အဖေချမှတ်သော အမိန့်များကို ဘယ်တော့မှ ဆန့်ကျင်သူ မဟုတ်ပါ။ နှစ်ယောက်ပေါင်း မှဆူချင်၍သာ မဆူတာဖြစ်ပြီး သူလည်းပဲ သိပ်ကြည့်မရဘူးဟု ထင်သည်။ သူရိသည် ထူးအိမ်သင်- သီချင်းထဲကလို ဒီအချိန်မှာ ကယ်တင်နိုင်တာ ဘယ်သူမှမရှိဟုသာ အော်ပစ်ချင်တော့သည်။

စိတ်ရှုပ်လာသဖြင့် ထမင်းတောင် ဆက်မစားတော့ဘဲ ဒီအတိုင်း ထားပစ်ခဲ့ကာ အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်။ စိတ်ညစ် စိတ်ရှုပ်လာလျှင် ရင်ဖွင့်ဖော် တစ်ယောက်ယောက်ကို သတိရသည့် ထုံးစံအတိုင်း စည်သူ့ရဲ့ဖုန်းကို လှမ်းခေါ်လိုက်သည်။ စည်သူက ဖုန်းသံလေးငါးချက် မြည်ပြီးတော့မှပဲ ဖွင့်ကိုင်သည်။

"အင်း ... သူရိ ပြော"

စည်သူ့အသံက အိပ်ချင်မူးတူးသံ။ ကေန္တ အိပ်ရာက မထသေးဘူးထင်သည်။

"အိပ်တုန်းလား စည်သူ"





"အင်း ... နိုးတော့ နိုးနေပါပြီ။ ပြောလေ သူရိ"

"သွားစရာမရှိရင် အပြင်ထွက်ခဲ့ကွာ။ ကန်တော်ကြီးထဲက Signature ကို လာခဲ့။ အဲဒီကျမှပဲ တစ်ခုခု စားတော့"

"အင်း ... အခုလား၊ လာခဲ့မယ်လေ။ ခဏတော့ အချိန်ပေး။ ရေတွေ ဘာတွေချိုးပြီး ရှိုင်းနင်း ပွိုင်းနင်း လုပ်လိုက်ဦးမယ်၊ ဖြစ်တယ်မှလား"

"ဖြစ်ပါတယ်၊ သူရိလည်း ရေချိုးဦးမှာ။ အိုကေ ... တစ်နာရီခွဲမှာ ဆုံမယ်။ အရင်ရောက်တဲ့လူ ဖုန်းဆက်ကြေး"

"အိုကေ ... ဆီးယူ"

သူရိက ဖုန်းပိတ်ပြီးလျှင် စိတ်ညစ်ညစ်နှင့် ရေချိုးခေါင်းလျှော်ပစ်လိုက်သည်။

ဆံပင်တွေလည်း ရေခြောက်အောင် သုတ်ချင်စိတ်မရှိသဖြင့် ဒီအတိုင်း၊ အလှအပလည်း သိပ်ပြင်ဆင်ချင်စိတ်မရှိသဖြင့် သာမန်အတိုင်း။ အဝတ်အစားကတော့ GIORDANO ခရမ်းရောင်အစင်းအရှည်ကို အောက်က Stocikng အနက်နှင့်တွဲထားကာ ခါးမှာ ခါးပတ်ကြီးကြီး ပတ်လိုက်လျှင် ဒီဇိုင်းကတော့ ကွက်လို့ရသွားပြီဖြစ်သည်။ ရှေ့ပင်းဘတ်အိတ်ကြီးကြီးလွယ်ကာ နေကာမျက်မှန်တပ်ပြီး ဆင်းလာသော သူရိသည် လှေကားအဆင်းတွင် ကံဆိုးစွာနှင့် ဖေဖေနှင့် ထပ်ပြီးဆုံသည်။

ဖေဖေက သူရိ့ပုံစံကို ရှုတည်တည်ကြည့်ကာ မျက်နှာ ... သွားရင်း "အချိုးကို မပြေဘူး"ဟု ရေရွတ်သည်။ သူရိသည်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကုန်ခြင်းကြီးစွာဖြင့် ဘာမှပြန်မပြောတော့ဘဲ ကားပေါ်တ
ပြီး မောင်းထွက်လာခဲ့သည်။ နေ့လယ်ခင်းမို့ လမ်းရှင်းနေ
ကြောင့် ကန်တော်ကြီးထဲရှိ Signature စားသောက်ဆိုင်လေး
စည်သူ့ထက် အရင်ရောက်လေသည်။ သူရီက အထဲမှာ မထိုင်
စိတ်ရှုပ်နေသောကြောင့် လေအေးအေးရှူရှိုက်ခွင့်ရသည့် Gar
Bistro ဘက်ကို ရွေးချယ်လိုက်သည်။

ဥယျာဉ်ထဲက နှစ်ယောက်ဝိုင်းလေးမှာ ဝင်ထိုင်ပြီ
နောက် စည်သူ့ထံ ဖုန်းခေါ်လိုက်သည်။

"အင်း ... သူရီ၊ ကိုယ် လမ်းရောက်နေပြီ၊ ကားပေါ်မှ
ရောက်နေပြီလား"

"ရောက်နေပြီ အထဲမှာမဟုတ်ဘူး။ အပြင်ဘက်က Gar
Bistro ထဲမှာ၊ ဘာစားမှာလဲ၊ ကြိုမှာထားလိုက်မယ်"

"ယိုးဒယားထမင်းကြော်ဆို ရပါပြီ"

"အင်း ... မှာထားလိုက်မယ်။ ဒါပဲနော်"

သူရီက ဖုန်းကိုပိတ်ကာ ဝိတ်တာကို ယိုးဒယား
ထမင်းကြော်နှင့် သစ်သီးစုံဆလပ်တစ်ပွဲ မှာလိုက်သည်။ ခဏ
တော့ စားစရာတွေ ရောက်လာပြီး ရှေ့ဆင့်နောက်ဆင့် ဆိုသလို
စည်သူလည်း ရောက်လာသည်။ ဆံပင်စတိုင်လ်က အီမိုစတိုင်လ်
အဝတ်အစားကလည်း အီမိုဒီဇိုင်းဖြင့် လုပနေသော ချစ်ရည်း
ကို မြင်သောအခါ သောကတစ်ဝက် အေးသွားသလို ခံစားရ
သည်။



စည်သူက အဆင်သင့်ဖြစ်နေသော ယိုးဒယားထမင်း
ကြော်ကို မြင်သောအခါ သူရီ့ကို လက်မတစ်ချက် ထောင်ပြလျက် ...

"Woo ! ဗိုက်ဆာနေတာနဲ့ အဆင်သင့်ပဲ။ သင့်ခ်ယူ
ချစ်သူ။ မင်းရော ဘာစားနေတာလဲ။ သီးစုံဆလပ်လား။
ထမင်းစားခဲ့ပြီးပြီလား"

"အင်း ... ထမင်းစားရတာ မျိုမကျပါဘူးကွာ"

"ဟော ... ဘာဖြစ်ရတာလဲ။ ဒါဆို ဒီက မျိုကျအောင်
ဘယ်လိုစားရတော့မှာလဲ"

"ကိုယ့်ဟာကိုယ် စားစရာရှိတာ စားစမ်းပါ။ ဘောင်မဝင်
ပါဘူး"

စည်သူက မပြောတော့ဘူး ဆိုသော သဘောဖြင့်
း နှစ်ဖက်ကို တွန့်ကာ ဇွန်းခက်ရင်းကိုင်လျက် စတင်စားဖို့ပြင်
သည်။ ထမင်းတစ်လုတ်ကို ပါးစပ်ထဲ ထည့်ဝါးရင်းမှ ...

"ပြောပါဦး။ ဘိုးတော်နဲ့ တင်းလာတာမှ ဟုတ်ရဲ့လား"

"သိပ်မှန်တာပေါ့။ ရှေ့တစ်ပတ်ကစပြီး ဂျပန် Speaking
တက်ရမယ်တဲ့ကွာ၊ ရေလည်လေတာပဲ"

"ဂျပန်စပီကင် ! ။ ဘာလို့ တက်ရမှာလဲ"

"ခိုင်းတော့မှာလေ။ ခိုင်းတာက ခိုင်းပါ။ အဲဒါကြီးတော့
မတက်ချင်ပါဘူး၊ အဲဒီ ဘူးသီးငါးပေါင်းကြော်တွေကို
သင်ရမှာ စိတ်အပျက်ဆုံးပဲ ...

ဘာမှန်းမသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... သူရီ့ကို ခရီးသွားအေဂျင်စီမှာ ဝင်နိုင်တော့မှာလား"

"ဟုတ်တယ်။ စိတ်ညစ်တယ်"

စည်သူက စားလက်စဇွန်းကိုချကာ သူရီ့ကို အားပေး ပြုံးလေး ပြုံးပြလာသည်။

"သူရီရယ် ... အလုပ် လုပ်ရမှာကို အဲဒီလောက်တောင် ကြောက်သလားဟင်"

"မကြောက်ပါဘူး။ နောက်တော့ လုပ်မှာပေါ့ကွာ။ ရှ အငယ်လေး ရှိသေးတယ်။ မိဘတွေများ ဒီသမီးလေးတစ် ယောက်တည်း မွေးထားတာ။ ငြိမ်ငြိမ်လေးထားမယ် မ ဘူး။ ဒီအလုပ်ပဲ လုပ်နိုင်နေတော့တာ ...

စိတ်ကုန်တယ် တကယ်။ ယောကျ်ားယူပစ်တာ နားအေးမယ်နဲ့တူတယ်"

စည်သူက စားနေရင်းတန်းလန်းမှ မျက်လုံးပြူးကြည့်ကာ ...

"ဟင် ... ဘယ်သူ့ကို ယူမှာလဲ"

"ဘယ်သူ့ကို ယူရမှာလဲ။ ရှင့်ကိုယူမှာပေါ့။ ရှင့်လိုများ ပေါ်တယ်များ ထင်နေလား"

"ဟား ... စက်ကွင်းက မလွတ်ပါလား၊ စိတ်ကိုလျှော့ပါ သူရီရယ်။ တကယ့်တကယ်တမ်း အရေးနဲ့ အကြောင်းနဲ့ ဆိုရင် မင်း ကိုယ့်နောက်ကို လိုက်ရဲလို့လား"



"ဘာဖြစ်လို့ မလိုက်ရဲရမှာလဲ"

"ကိုယ် နောက်ပြီး မေးနေတာ မဟုတ်ဘူးနော် သူရီ။ တကယ်ပြောနေတာ။ တကယ် မေးနေတာ။ ကိုယ့်ကိုခု ချိန်မှာ မင်း လက်ထပ်ရဲလား။ လက်တွဲရဲလား။ ကိုယ်နဲ့ ဘဝတစ်ခုကို တည်ဆောက်ရဲလား"

စည်သူက အတည်အတံ့ မျက်ဝန်းများဖြင့် လေး လေးနက်နက် မေးလာလျှင် သူရီရဲ့ ရင်ထဲ၌ လှုပ်ရှားပြီးလာသည်။ ထဲတွင် သူရီ့သူငယ်ချင်း မီးမီး ပြောဖူးသော စကားတို့ကို ကြားယောင်ပြီးလာသည်။ လူတစ်ယောက်ကို တစ်သက် စာအတွက် ဝေးနိုင်လားလို့ စဉ်းစားရမှာ မဟုတ်ဘူးတဲ့။ ဝေး ဘာက ဝေးနိုင်တယ်တဲ့။ တစ်သက်စာလုံးအတွက် ချစ်နိုင်လားလို့ စဉ်းစားရမှာတဲ့။ ခုတော့ စည်သူက မေးလာခဲ့ပြီ။

သူရီ့အနေဖြင့် စည်သူနဲ့ တစ်ဘဝလုံးစာအတွက် လက်မတွဲနိုင်စရာ ဘာအကြောင်းမှ မရှိပါ။ စည်သူ့ကို သူရီ ချစ်သည်။ စည်သူသည် သူရီတို့လောက် မပြည့်စုံ မကြွယ်ဝ သေမယ့် သူသည်လည်း ကြိုးစားချင်စိတ်ရှိသော သူတစ်ယောက်၊ အောင်မြင်ဖို့ အလားအလာရှိသော သူတစ်ယောက်မို့ သူ့ကို သူရီ ယုံကြည်သည်။

"ပြောလေ သူရီ။ စဉ်းစားနေရပြီလား"

"စဉ်းစားစရာ မလိုပါဘူး။ စည်သူ့ကို သူရီ လက်ထပ်နိုင်သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား၊ ဒါဆို ကိုယ်တို့ Plan စ,ဆွဲကြရအောင်"

"ဘာရယ် ... ! ဘယ်လို စည်သူ"

စည်သူက လေးလေးနက်နက် စကားပြောမည့်ဟန်ဖြင့် စားလက်စထမင်းကိုတောင် ရပ်တန့်ထားလိုက်ကာ သူရီ့ကို စူးစူးစိုက်စိုက် ကြည့်လာသည်။ သူရီရဲ့မျက်ဝန်းတွေထဲသို့ အခြေရှာသလို ကြည့်ရင်းမှ စကားဆက်ပြောသည်။

"သူရီ တစ်ခု စဉ်းစားကြည့်စမ်းပါ။ သူရီ့အဖေက ကိုယ်နဲ့ သူရီနဲ့ကို လက်ထပ်မယ်ဆိုရင် သဘောတူမယ် ထင်လား"

အဲဒီမေးခွန်းကိုတော့ သူရီက မဆိုင်းမတွင်ပင် ခေါင်းကို ချက်ချင်းပဲ သွက်သွက်ကြီး ခါယမ်းပြမိသည်။ အဲဒီအတွက် စည်သူ့ကိုလည်း အားနာစရာလည်း မလိုပါ။ စည်သူကလည်း ညှိစရာမလိုဘဲ နားလည်ပြီးသား ဖြစ်သည်။ သူရီ့ကိုတောင် စိတ်တိုင်းမကျ အလိုမကျ ဖြစ်နေသော အဖေသည် စည်သူ့ကိုတော့ ဟိုယောင်ယောင် ဒီယောင်ယောင် မော်ဒယ်လ်ဘိုင်းအနေဖြင့် ဘယ်လိုမှ သဘောမတူဘူးဆိုတာ ကြိုသိနေသည်။

"သူရီလည်း သိနေတယ်နော်။ အိုကေ ... ကိုယ်လည်းသိနေတယ်။ အဲဒီအတွက် ကိုယ်တို့ဘဝအတွက် ခုချိန်ကစပြီးတော့ ပြင်ဆင်ကြစို့ သူရီ"

"ပြင်ဆင်မယ် ! ဘာကို ပြင်ဆင်မှာလဲ"

"ကိုယ်တို့ နှစ်ဦးသဘောတူ လက်ထပ်မယ်လေ သူရီ။ တစ်နည်းဆိုသော် သူရီ့ကို ကိုယ် ခိုးပြေးမယ်"





"ခိုးပြေးမယ် ! "

သူရီသည် စည်သူရဲ့စကားကို သံယောင်လိုက်ရင်းမှ ခေါင်းတစ်ခုလုံး တဒိတ်ဒိတ် ခုန်လာသည်။ စည်သူက သူရီ့ကို ခိုးပြေးမယ်တဲ့။ အို ... တကယ်လက်တွေ့မဟုတ်ဘဲ အသံကြားတာနဲ့တင်ကို သူရီ့နှလုံးသားတွေ ယိမ်းထိုးလှုပ်ရှားကာ မွှေးမောဟိုက်လာသည်။

"ဟုတ်တယ် သူရီ။ သူရီ့ကို ကိုယ် ခိုးပြေးမှာပေါ့။ ကလေးဘက်ဖြစ်ဖြစ်ပေါ့၊ တစ်ပတ်လောက် သွားကြမယ်၊ ကိုယ်တို့ရဲ့ ဟန်းနီးမွန်းပေါ့"

"အင်း"

သူရီသည် ရင်တဖိုဖိုဖြင့် စည်သူရဲ့စကားကို အခင်းအစ်လုံးသာ လိုက်နိုင်သည်။ စည်သူက သူရီ့ကို စိုလဲ့သောမျက်လုံးများဖြင့်ကြည့်ကာ ဆက်ပြောသည်။

"အဲဒီက ပြန်လာရင် သူရီ့ကို မိဘတွေဆီ ပြန်အပ်မယ်ဆိုပါတော့။ သူရီ့မိဘတွေက စိတ်ပြေပြီး လက်ခံမယ်လို့ ထင်လား"

ဒါ့ကိုလည်း သူရီသည် အနည်းငယ်တွေးဆကာ ခေါင်းကို အသာအယာ ယမ်းမိသည်။ စည်သူက ဟုတ်ပြီဆိုသော သဘောမျိုးဖြင့် လက်ညှိုးတစ်ချောင်းထောင်ကာ ...

"ဒါဖြင့်ရင် ကိုယ်တို့နှစ်ယောက် နေဖို့ ထိုင်ဖို့ လိုအပ်မှာပေါ့။ အဲဒီအတွက် တိုက်ခန်းလေးတစ်ခန်းတော့ ရှိမှဖြစ်မယ် သူရီ"



www.burmeseclassic.com

www.burmeseclassic.com



သူရီသည် စည်သူ့ရဲ့အပြောကို မျက်တောင်ပုတ်ခတ် ပုတ်ခတ်ဖြင့် ထောက်ခံမိသည်။

"သိပ်မဝေးတော့တဲ့ ကာလမှာ ကိုယ်တို့ ပေါင်းဖက်ကြမယ်ဆိုတော့ ခုလောက်တည်းက ကြိုတင်ပြင်ဆင်မှ ဖြစ်မယ် သူရီ။ အဓိက,က ကိုယ်တို့ ပိုက်ဆံစုရမယ်။ နောက် တိုက်ခန်းလေးတစ်ခန်း ငှားရမယ် ...

နေရေး အဆင်ပြေသွားရင် ကျန်တာတွေကတော့ ပူစရာ မလိုပါဘူး။ သူရီ့ကို ထမင်းနပ်မှန်အောင်တော့ ကိုယ်ရှာကျွေးနိုင်ပါတယ် ...

သူရီ ဘာမှ လုပ်စရာမလိုပါဘူး။ အဲ ... မင်းက ထမင်းဟင်းတောင် မချက်တတ်ဘူးဆိုတော့ ကိုယ်ကတော် ပြန်ချက်ကျွေးရဦးမယ်နဲ့ တူတယ်နော်"

သူရီသည် စည်သူရဲ့ အပြောတွေကို နှလုံးပီတိဖွ ဆိုယ်သည့်အလား သိမ့်သိမ့်တုန်အောင်ပင် ကြည်နူးရလေသည်။ အဲဒီအပြောကြောင့် စည်သူရဲ့လက်ကိုဆွဲကာ ကမ္ဘာကြီးအပြင်ဘက်သို့ ထွက်ပြေးချင်စိတ်တောင် ပေါက်လာသည်။ သူရီက စည်သူကို အရည်လဲ့နေသော မျက်ဝန်းများဖြင့် ငေးကြည့်မိကာ ...

"စည်သူရယ် ... ရှင် ဒါတွေ ဘယ်တုန်းက တွေးထားတာလဲဟင်"

"သူရီ့ကို တစ်သက်လုံးစာအတွက် ခွဲနိုင်လားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတဲ့နေ့ကပေါ့။ ကဲ ... ဘယ်လိုလဲ





ဒေါ်သူရီ၊ ကိုယ့်နောက်ကို လိုက်မှာလား။ ကိုယ် ကလောက Hill Top Villa လေးကို တော်တော်သဘောကျတယ်ကွာ ...

VCD ရိုက်တုန်းက တစ်ခါရောက်ဖူးတာ ခုထိ သတိရတုန်း။ အရမ်းမိုက်တာ။ အဲဒီမှာ သူရီနဲ့ တစ်ပတ်လောက် အေးဆေးသွားနေလိုက်ရရင် ရှယ်ပဲ။ အဲဒီကို သွားမယ် သူရီ။ သြော် ... ကိုယ့်ဆန္ဒတွေချည်း ရှေ့တန်းတင် ပြောနေတာ။ ကလောကို ကြိုက်ရဲ့လား"

"ကြိုက်သပ"

"ဟုတ်ပြီ။ အဲဒါဆို ဒါ အတည်ပဲ။ ကဲ ... သူရီ ဒါဆိုရင် ကိုယ်တို့ ခုချိန်ကစပြီး အစီအစဉ်တွေ စဆွဲကြစို့။ သူရီ့အဖေ တက်နိုင်းတဲ့ ဂျပန်စာလည်း အပျင်းပြေ သွားတက်လိုက်ပါကွာ။ အိမ်နဲ့ အဆင်ပြေအောင် ပေါင်းထားပေါ့။ တစ်လလောက် စီစဉ်စရာရှိတာတွေ စီစဉ်ပြီးရင် ကိုယ်တို့ လစ်လို့ရပါပြီ ...

နောက်ရက်ကျရင် အကျိုးဆောင်လုပ်ငန်းတစ်ခုကို သွားပြီး တိုက်ခန်းငှားဖို့ စဉ်းစားကြရအောင် ... နော် သူရီ"

"As you like"

သူရီ မျက်စိတစ်ဖက်မှိတ်ပြီး ပြောလိုက်လျှင် စည်သူက လက်ဝါးထောင်ပေးသည်။ သူရီသည် စည်သူရဲ့ လက်ဝါးကို

www.burmeseclassic.com

www.burmeseclassic.com



ဖြောင်းခနဲ မြည်အောင်ပင် လှမ်းရိုက်လိုက်လေသည်။ အံချစ်ပ
ပေးသော ကြည်နူးခြင်းစွမ်းအားတွေဖြင့် သူရီ့ရင်မှာ အပျော်တွေ
လှိုင်းထန်နေသည်။ သူရီ့ကို ဝေးဖို့မစဉ်းစားသော စည်သူရဲ့အချ
တွေကို တွေးမိလျှင် သူ့ချစ်ခြင်းတွေအတွက် သူရီ့မှာ တိတ်တ
ဆိတ် ကျေနပ်ဂုဏ်ယူရပါသည်။

"သူရီ လူကြီးတွေနဲ့ တည့်အောင်ပေါင်းနော်"

သူက စိုးရိမ်သလို သတိပေးလျှင် သူရီက မျက်
စောင်းတစ်ချက်ထိုးကာ ... "နပ်ပြီးသား"ဟု ပြန်ပြောမိသည်။
တကယ်လည်း သူရီတို့က အထာကျကာ နပ်ပြီးသား ဖြစ်ပါသည်။
စွန့်စားရတော့မည့်ကိစ္စနှင့် ပတ်သက်၍ စိတ်လှုပ်ရှားကာ ရင်ခုန်
နေသောကြောင့် ဂျပန်စာသင်တန်း တက်ရမှာတောင် မပျင်းတော့
သယောင် ဖြစ်သွားသည်။

အင်း ... အချစ်သည် ပျင်းနေသောစိတ်ကိုလည်း
ပြောင်းလဲစေနိုင်ပါသေးသည်။





# ၆

မင်းဗလသည် စာသင်ခန်းထဲမှာထိုင်ပြီး အပြင်ဘက်
က ရွက်ကြွေတွေကို ငေးနေရာမှ ငိုချင်စိတ် ပေါက်လာသည်။
ာ:ပတ်ဝန်းကျင်က လူတွေကလည်း တစ်ယောက်မှ ခင်စရာ
ကောင်း။ အသက်ကြီးကြီးလူတွေ၊ အသက်ကြီးကြီး လုပ်ငန်း
ွင်ထဲက အမျိုးသမီးတွေ စသဖြင့် သူနှင့် သက်တူရွယ်တူ တစ်
ယာက်မှမပါချေ။ လုံးဝပျော်ရွှင်စရာ အကြောင်းမရှိ။ သူသည်
ူ့အဖေရဲ့အမိန့်အရ ခြောက်မိုင်ခွဲရှိ ခြံတစ်ခြံမှာ ဂျပန်စာသင်
ာန်း လာတက်ရတာဖြစ်သည်။ သူ့အဖေက ရေလုပ်ငန်းတွေကို
ျပန်တွေနဲ့ တွဲဖက်လုပ်ကိုင်နေတာမို့ တစ်ချိန်မှာ ဒီအလုပ်ထဲကို
ီးစီးမည့်သူကိုလည်း ဒီသင်တန်းသို့ မတက်မနေရ အမိန့်ချမှတ်
ိက်တာဖြစ်သည်။

ပြီးတော့ ဘာကြောင့်မှန်းလဲ မသိ။ သူ့ဟာသူ ...
ဲက သင်တန်းတွေ စုံစမ်းပြီး တက်ပါမည် ဆိုတော့ ...ည်းမရ။

www.burmeseclassic.com

www.burmeseclassic.com



ဒီသင်တန်းမှ ဒီသင်တန်း၊ သူ စီစဉ်ပေးသော သင်တန်းကိုသာ တက်ရမည်ဟု ဆိုသည်။ သူ့အဖေရဲ့အလုပ်ထဲမှ လူတချို့လည်း ဒီမှာပဲတက်ကာ အဆင်ပြေသွားကြသည်ဟု ဆိုသော်လည်း မျက်နှာ အစာကျွေးစရာမရှိ။ သာယာနာပျော်ဖွယ်မရှိသော ဒီသင်တန်းကြီး ကို လုံးဝမှ လုံးဝမတက်ချင်ခဲ့ပါ။ သူသည် စိတ်ပျက်စွာဖြင့် နံရံ ရှိ ပိုက်ဘုတ်ကို ငေးကြည့်နေရင်းမှ ဆရာဝင်လာတာမြင်လျှင် ကိုယ်နေဟန်ထားကို နည်းနည်းပြင်လိုက်သည်။ သူ့မှာ တော်တော် ရော်ရီလုပ်လို့လည်း မရပါ။ သူ့အဖေက ဂျပန်စကားကို ရေရေ လည်လည် ပြောတတ်သူမို့ အဖေက သူကိုယ်တိုင် စစ်ဆေးမည် ဟု မှာထားပြီးသား ဖြစ်သည်။

ဂျပန်စာသင်မည့် ဆရာက သင်တန်းသားအားလုံး ကို နှုတ်ဆက်ကာ သူ့ကိုယ်သူ မိတ်ဆက်သည်။ ပြီးတော့ သင် တန်းသားတွေကိုလည်း ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်နိုင်းပါသည်။ သူ့အလှည့်ရောက်၍ မတ်တတ်ထရပ်စဉ်မှာပဲ တံခါးဝမှ အမော တကော ပြေးဝင်လာသံနဲ့အတူ Excuse me ဟူသော အသံစာစာ ကိုပါ ကြားလိုက်ရလျှင် အားလုံးရဲ့အာရုံက အပေါက်ဝသို့ ရောက်သွားသည်။ မဟော်ဂနီရောင်ဆံပင် ဖွာဖွာကျဲကျဲ၊ အနက် ရောင်ဂါဝန်တိုတစ်ထည်ကို ဝတ်ဆင်ကာ အိတ်ကြီးကြီးတစ်လုံးကို ဖိုသီဖတ်သီ လွယ်ထားလျက် မျက်မှန်ကို နဖူးပေါ်မှာ ပင့်တင်ထား သော မိန်းကလေးတစ်ယောက်သည် ဆရာ့ကို လက်ညှိုးတစ်ချောင်း ထောင်ပြကာ ဝင်ခွင့်တောင်းနေသည်။





သူသည် မတ်တတ်ရပ်နေရာမှ အဲဒီမိန်းကလေးကို သေချာစွာ မြင်လိုက်ရလျှင် ဘယ်သူဆိုတာ ချက်ချင်းမှတ်မိသွား သည်။ သူနဲ့ ပြဿနာတက်လေ့ရှိသော ကောင်မလေးသာဖြစ်သည်။ ဆိုက်တိုက်ဆိုင်ဆိုင် ဆုံလာပြန်သော ရေစက်ကို သူ့မှာ စိတ်များ ခင် ညစ်ရလေသည်။ ဆရာက ဝင်ခွင့်ပြုလိုက်သဖြင့် ကောင်မ လေးက ဝင်လာကာ သူ့ဘေးကခုံမှာ ဝင်ထိုင်သည်။ သူ့ကိုလှမ်း ကြည့်သော မျက်လုံးများထဲတွင် မှတ်မိသွားသော အရိပ်သဏ္ဍာန် တွေက ထင်ရှားနေသည်။

စက္ကန့်ပိုင်းသာ ဆုံကြသော အကြည့်များထဲတွင် တစ်ယောက်နဲ့တစ်ယောက် စိန်ခေါ်ကြသော အဓိပ္ပာယ်တွေက ပြည့်နှက်သွားကြသည်။

သူ့အလှည့် မိတ်ဆက်၍ ပြီးသွားလျှင် သူမက နောက်ဆုံးဖြစ်သည်။

“ဟုတ်ကဲ့ ... ကျွန်မနာမည် သုရီချမ်းစိမ့်ပါ။ အင်္ဂလိပ်စာ အထူးပြုနဲ့ ကျောင်းပြီးထားပါတယ်။ လောလောဆယ်လုပ် ငန်းခွင် မဝင်သေးပါဘူး။ Traver Tour မှာ လုပ်ဖို့အတွက် လာတက်တာပါ။ အားလုံးနဲ့ တွေ့ဆုံရတဲ့အတွက် ဝမ်းသာ ပါတယ်”

ဆရာက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

“ဟုတ်ပါပြီ ထိုင်ပါ။ အားလုံးကို ပြောချင်တာ အခုခက တော့ ဒီသင်တန်းကို လာတက်တဲ့သူတွေဟာ ဂျပန်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



စကားကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အသုံးချဖို့ ဒါမှမ ဟုတ် စိတ်ဝင်စားလို့ တတ်ထားချင်လို့ စသဖြင့် အဲဒီလို ရည်ရွယ်ချက်လောက်နဲ့ မဟုတ်ဘဲ မိမိအတွက် တကယ်ကို အရေးကြီးနေလို့ အရေးပါနေလို့ လက်ရှိလုပ်ငန်းခွင်မှာ ပြန်ကို အသုံးချရမှာမို့ လိုအပ်တဲ့အတွက်ကြောင့် လာတက် တဲ့သူတွေပါ ...

တကယ့်ကို ဂျပန်လူမျိုးတွေနဲ့ ပတ်သက်ဆက်ဆံ နေရတဲ့ လူတွေဖြစ်တဲ့အတွက်ကြောင့် ဘာသာစကားတင် မဟုတ်ဘဲ ဂျပန်တွေနဲ့ ပတ်သက်တဲ့ သိသင့် သိထိုက်တဲ့ ရိုးရာယဉ်ကျေးမှု၊ အလေ့အထ၊ စိတ်နေသဘာဝ၊ ခံယူချက် တွေကိုပါ သင်ကြားပေးသွားပါ့မယ်။ အဲဒါတွေကတော့ ဗဟုသုတအဖြစ်ပေါ့။ သူတို့နိုင်ငံရဲ့ အထင်ကရနေရာတွေ ကျော်ကြားသူတွေအကြောင်း စသဖြင့်ပေါ့လေ။ ဒါတွေကို သိထားခြင်းအားဖြင့် သူတို့နဲ့ ပြောဆိုဆက်ဆံရာမှာလည်း အချိန်တိုတိုအတွင်းမှာ မြန်ဆန်တဲ့ ရင်းနှီးချစ်ကြည်မှုကို ရရှိမှာ ဖြစ်တယ် ...

အဲဒီတော့ အားလုံးပဲ ကြိုးစားကြပါ။ ဂျပန်တွေနဲ့ ဆက်ဆံတော့မယ်ဆိုရင် အရေးအကြီးဆုံးတစ်ချက်က အချိန် တိကျဖို့ပါပဲ။ ဂျပန်တွေက အချိန်တိကျမှုနဲ့ ကတိသစ္စာ တရားကို အရမ်းအလေးထားပါတယ်"

"ဟုတ်တာပေါ့။ အချိန်မတိကျတဲ့လူက လူညံ့ပဲ"



အဲဒီစကားကိုတော့ သူက ကိုယ့်ဟာကိုယ် တီးတိုး ရေရွတ်လိုက်တာ ဖြစ်သော်လည်း သူမက ကောင်းကောင်းကြားပုံ ပေါ်ပါသည်။ (အင်းလေ ... သူကလည်း ကြားအောင်ပြောတာပဲ ဟာ) သူ့ကို အနီရောင်မျက်စောင်းများဖြင့် ရှုးခနဲ လှည့်ကြည့် တာကို သူက နှုတ်ခမ်းစုပြုံးကာ အရေးမစိုက်ဟန်ဖြင့် ပခုံးကို တစ်ချက် တွန့်ပြလိုက်သည်။ အဲဒီနောက် ဆရာက စာစတင်သင် ကြားနေပြီ ဖြစ်တာကြောင့် ဘာမှ ဆက်လုပ်လို့ မရတော့ပါ။ သူ့အာရုံတွေသည် တစ်ချက် တစ်ချက်မှာတော့ လွင့်ပျံ့လိုက်၊ စိတ်ဝင်လာသည့် အချိန်မှာတော့ စုစည်းအာရုံစိုက်လိုက်ဖြင့် ချာလည် လိုက်နေသည်။ တစ်ချက် တစ်ချက်မှာ ငိုက်ကလည်း ငိုက်ချင်နေသေးသည်။

ဒီလိုနဲ့ပဲ စာသင်ချိန် တစ်နာရီက ဘယ်လိုကုန်သွား မှန်းတောင် မသိပါ။ အားလုံးပြီး၍ နှုတ်ဆက်ပြီး ပြန်ကြဖို့ ပြင် ဆင်လျှင် သူမက သူ့ရှေ့ကဦးအောင် ထွက်သွားသည်။ သူက တစ်ခါတော့ အညံ့မခံတော့ဘဲ သူမနောက်မှ ခပ်မြန်မြန်ပဲလိုက် သွားမိသည်။ အရင်တစ်ခါက သူ့ကားမှာ "အရူး"ဟု ရေးခဲ့တာ ကို သူ မမေ့ပါ။ အဲဒီအချိန်မှာပဲ ရှေ့ကထွက်သွားသော သူမရဲ့ လက်ထဲမှ စာရွက်တစ်ရွက်က လွင့်ခနဲ ထွက်ကျတာကို သူမကသိပုံ မပေါ်ပါ။ စာရွက်က သင်တန်းမှ ပေးလိုက်သော စာရွက်ဖြစ်ပြီး ကျက်လာရမည့်စာရွက်ဖြစ်သည်။ သူသည် ပထမတော့ မပြောဘဲ နေမယ်ပေမယ့် နောက်တော့ ယောကျ်ားလေးတန်မဲ့ အဲဒီစာရွက်

www.burmeseclassic.com

www.burmeseclassic.com



မညစ်ပတ်ချင်သဖြင့် သူမကို လှမ်းခေါ်လိုက်သည်။ စာရွက်ကိုတော့ ကောက်ထားမပေးပါ။

"ဟိတ် ... ရှတ် ... ရှတ်"

သူမက လှည့်မကြည့်။ သူ့ကို တမင်အဖက်မလုပ်သည့် ပုံစံကြောင့် သူက ပိုဒေါသထွက်သွားရသည်။ ဒါကြောင့် မကြည့့်ကြည့်အောင်ပင် ထပ်ခေါ်သည်။

"ဟိတ် ... ကောင်မလေး၊ ဒီမှာ ခေါ်နေတာလေ"

အဲဒီကျတော့မှ သူမက ခြေလှမ်းတွေကို တုံ့ခနဲရပ်ကာ သူ့ကို စူးခနဲ လှည့်ကြည့်သည်။ ပုံစံကတော့ တစ်ခုခုမဟုတ်တာဆိုလျှင် အပြတ်ရှဲမည့်ပုံစံ ဖြစ်သောကြောင့် နှမ်းစိလောက်သော စေတနာလေးမှာ ပျက်ယွင်းသွားလျက် အမြင်ကတ်သွားရသည်။ အင်း ... သူကိုက အမှတ်မရှိတာပါ။ သူမဘာသာဘာပဲဖြစ်ဖြစ်ပေါ့၊ ဒီမိန်းမနဲ့ သူဟာ စတွေ့တည်းက ဘယ်တုန်းကမှ အဆင်ပြေမှု မရှိခဲ့ဘူးဆိုတာ သတိရဖို့ ကောင်းသည်။

သူမက ဘာမှမပြောဘဲနေသော သူ့ကို ဘာလဲဟူသော သဘောမျိုးဖြင့် အပေါ်စီးက မေးဆတ်ပြသည်။

"ဘာမှမဟုတ်ဘူး"

"ဟင် ... ဘာမှမဟုတ်ရင် ဘာလို့ လှမ်းခေါ်တာလဲ၊ ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ဘူး။ အစကတော့ စကားအကောင်းပြောမလို့ ခေါ်တာပဲ။ ခုတော့ ပြောချင်စိတ် မရှိတော့လို့"





သူမက သူ့စကားကို အကြီးအကျယ် ဒေါပွသွားဟန်ဖြင့် သူ့အနားသို့ ဆောင့်ကြီးအောင့်ကြီး ရောက်ချလာသည်။ သူ့မျက်နှာကို တည့်တည့်ရင်ဆိုင်ကြည့်ကာ ...

"ဒီမှာ ... နင် ဘာစကားပြောတာလဲ၊ ငါ့ကို သက်သက်ရန်စနေတာလား။ စာသင်ခန်းထဲမှာလည်း စောင်းသလိုလို ချိတ်သလိုလို တစ်ခါ ပြောပြီးပြီ။ အခုဟာကရော ဘာသဘောလဲ။ ပြဿနာရှာနေတာလား"

"ဩော် ... မင်းကရော ငါ့ကို တစ်ခါမှ ပြဿနာမရှာဖူးဘူးပေါ့။ ငါ့ကားမှာ Fido Dido ပုံဆွဲပြီး အရူးလို့ ရေးသွားတာ ဘယ်သူလဲ။ မင်း မဟုတ်လား။ မကြောက်ဘူးဆိုရင် ရဲရဲဝန်ခံလိုက်စမ်းပါ"

"ဝန်ခံတယ်ဟော့၊ ဟုတ်တယ် ဘာဖြစ်လဲ။ နင်ရော ငါ မောင်းမယ့်ကားရှေ့က ခေါင်းထိုးခံပြီး လျှာထုတ်ပြောင်ပြသွားတာ မဟုတ်လား ...

နင်ငြီလို့ ငါ ငြိရတာ"

"အေးလေ ... ဒါဆိုလည်း ပြီးရောပေါ့"

သူက ဆက်လျှောက်ပြီး ထွက်သွားဖို့ပြင်လျှင် သူမက သူ့ရှေ့မှာ ချာခနဲ ပိတ်ရပ်ကာ ...

"ဟော့ ... နင် ယောက်ျားမဟုတ်ဘူးလား။ ယောက်ျားဆိုရင် ယောက်ျားပီပီသသ ရဲရဲဝန်ခံစမ်း။ ငါ့ကို ခေါ်တာ ဘာကိစ္စလဲပြော၊ အကြောင်းရှိကို ရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်တောင် သိချင်နေတော့လည်း ပြောရတာပေါ့။ မင်းအိမ်မှာ အီးကုံးစက္ကူမရှိရင် ဟိုက စာရွက်ကို ကောက်သွားလို့ ပြောမလို့ ...

သိပြီလား"

"ဘာ ... နင် ... နင် မိုက်ရိုင်းလှချည်လား၊ အစုတ်ပလုတ်ရဲ့"

"ဟော့ ... မင်း ငါ့ကို ဘာအကြောင်းနဲ့မှ အဲလိုပြောပိုင်ခွင့် မရှိဘူးနော်။ မိန်းကလေးဆိုပြီး သည်းခံနေမယ်များ ထင်မနေနဲ့"

"အောင်မာ ... ငါကရော နင့်ကို သည်းခံနေမယ်များ ထင်နေလား။ ငါ့ကိုရော ဘယ်လိုမိန်းမမျိုး ထင်နေလဲ နင်က အကဲစမ်းနေရတာလဲ ...

သေသွားမယ် နားလည်လား"

သူမက ပြောပြောဆိုဆို သူ့လက်မောင်းကို ဖိုင်ချုပ်ကြီးဖြင့် ဖုန်းခနဲမြည်အောင် တစ်ချက်ပိတ်ချလိုက်လျှင် လုံးဝထင်မထားသောကြောင့် သူက ရုတ်တရက် အငိုက်မိကာ ကျန်ရစ်ခဲ့သည်။ ရုတ်တရက်မို့ ဘာလုပ်လို့ လုပ်သွားမှန်းတောင် မသိလိုက်မိ။ သတိရတဲ့အချိန်မှာ ဒေါသက တော်တော်ထွက်ပြီး ကျန်ရစ်ခဲ့သည်။ ယောကျာ်းလေးနှင့် မိန်းကလေးဆိုတော့လည်း စိတ်တိုင်းနှင့် နားရင်းပြန်အုပ်လို့ ရတာလည်းမဟုတ်။ ဖွင့်အန်ခွင့်မရှိသော ဒေါသကို ထိန်းချုပ်ရတာလောက် ခက်ခဲပင်ပန်းခြင်းမရှိဟု ထင်သည်။





သူက နေရာမှာတင် ရှူးရှူးရှဲရှဲ ဒေါသဖြစ်ပြီး ကျန်ရစ်ခဲ့သလောက် သူမကတော့ ကော့တော့ ကော့တော့ဖြင့် ကားပေါ်တက်ကာ ဆောင့်ကြီးအောင့်ကြီး မောင်းထွက်သွားသေးသည်။ သူသည် ကြိတ်မနိုင် ခဲမရ လက်သီးတပြင်ပြင်ဖြင့် စိတ်အလွန်အားကြီးစွာ ကျန်ရစ်ခဲ့ရသည်။ ဖြစ်နိုင်လျှင် အဲဒီမိန်းမကို ကားနဲ့တောင် လိုက်တိုက်ချင်လေသည်။ အဲဒီလောက်ထိ သူမအပေါ်မှာ အ,စေတနာ၊ အ,မေတ္တာ ရှိတာဖြစ်သည်။

စိတ်တိုတိုနှင့် ကားမောင်းလာသောကြောင့် စန္ဒီနှင့် ချိန်းထားသော နေရာသို့ ဘယ်လိုပင် ရောက်လာမှန်းတောင် မသိလိုက်ချေ။ စန္ဒီက သူ့မျက်နှာကို မြင်လိုက်တာနှင့် သူ ဘာဖြစ်လာတယ်ဆိုတာ ချက်ချင်းရိပ်မိသည်။

"မောင် ဘာဖြစ်လာတာလဲဟင်။ တစ်ယောက်ယောက်နဲ့ ဒေါသဖြစ်လာတာလား။ ဒေါသစိတ်နဲ့ ကားမောင်းလာတာပေါ့လေ၊ စိုးရိမ်စရာ ကောင်းရယ်"

စန္ဒီက သူ့ပခုံးတစ်ဖက်ကို လက်တစ်ဖက်ဖြင့် ဖွဖွကိုင်ကာ တကယ်ကို စိုးရိမ်ကြီးသော မျက်နှာထားဖြင့်ဆိုလျှင် သူ့ဒေါသတွေမှာ အတော်အတန် ပြေသွားသလို ခံစားရသည်။ ဒေါသစိတ်ဖြင့် ကားမောင်းလာတာကို တစ်ခုခုဖြစ်မှာ စိုးရိမ်သော စန္ဒီရဲ့စကားလေးကြောင့် သူ့ရင်က ဒေါသစိတ်တို့ အတန်ငယ် ပျောက်သွားရသည်။ စန္ဒီ့မျက်နှာလေးမှာ ငြိမ်းချမ်းအေးမြနေသည်။ ဟိုဂုတ်စာမနဲ့တော့ တခြားစီ ပြဒါးတစ်လမ်း သံတစ်လမ်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူက စန္ဒီရဲ့ ဆံပင်လေးတွေကို **တစ်ချက်သပ်** လိုက်ရင်းမှ ...

**"စိတ်မပူပါနဲ့** စန္ဒီရယ်၊ ဒီလိုပါပဲ **ထားလိုက်ပါ"**

"ဘာဖြစ်လာတာလဲဟင် မောင်။ အိမ်နဲ့ **ပြဿနာတက်** တာလား။ အခုရော သင်တန်းက လာတာ **မဟုတ်** လား"

"အင်း ... သင်တန်းက လာတာပါ။ **အိမ်နဲ့က ဘာမှ** ပါဘူး။ အလကားပါကွာ။ သင်တန်းမှာ **ဆောင်ကြွား** နဲ့ ဘဝင်ရူးမတစ်ယောက်ရှိတယ် ...

တစ်ခါ စန္ဒီ့ကို ပြောပြဖူးလားတော့ **မသိဘူး။** ကို လော့ကတ်လေး ဝယ်ပေးတုန်းကလေ၊ **ကိုယ်ရွေး** တဲ့ဟာကို ဗလာချိုးကြီး လာလုတဲ့ **မိန်းမပေါ့** ...

အဲဒီတုန်းက မရလို့ အငြိုး**ထားနေတာလား** မသိဘူး။ စကားပြောတာ ထောင့်ကိုမကျိုးဘူး။ ခု **သင်တ** မှာ ကိုယ်နဲ့ သူနဲ့က ကံဆိုးစွာနဲ့ **ပြန်တွေ့တယ်လေ** ...

စကားပြောလိုက်ရင် ဘယ်တော့မှ **အဆင်မပြေ** အလကားပါ၊ ဦးနှောက်ထဲ ထည့်မနေပါနဲ့၊ **ဘာမှအရေး** တာ မဟုတ်ဘူး"

**"အရေးမပါဘူး** ဆိုပေမယ့် မောင်က **စိတ်တွေ အရှုပ်** နေတာကို"





"ဩော် ... ဒါကတော့ တိုမိတာပေါ့ကွာ၊ ထားပါ စန္ဒီ့ မျက်နှာလေးကို မြင်လိုက်တာနဲ့ သောကတွေ မေ့သွားပါပြီ။ ဆောရီးကွာ စန္ဒီ့ဆီကို ဒေါသတွေ သယ်လာမိတာ စိတ်မကောင်းပါဘူး"

"ဟင်း ... မောင်က စိတ်တိုလာတာနဲ့ စန္ဒီ ပြောချင်တာတောင် ဘယ်ကဘယ်လို စပြောရမှန်းတောင် မသိတော့ဘူး။ စိတ်ညစ်တယ်"

စန္ဒီ မျက်နှာအိုအိုလေးဖြင့် ညည်းလျှင် သူမမှာလည်း သောကဖြစ်စရာ ပါလာပြီဆိုတာ သဘောပေါက်လိုက်ရသည်။

"ဘာမှစိတ်မညစ်နဲ့။ မောင်ရှိရင် စန္ဒီ့အတွက် အားလုံး ပြေလည်တယ်ဆိုတာ မသိဘူးလား"

သူက စန္ဒီရဲ့ပခုံးလေးကို ဖွဖွလေးဖက်ရင်း ပြောလိုက် သော်လည်း စန္ဒီက သောကအေးသွားပုံမပေါ်ပါ။ သူ့ကို မျက်နှာ ...မ်းနွမ်းလေးနှင့် ကြည့်ကာ ...

"စန္ဒီ့အဒေါ်က စန္ဒီ့ကို ယောက်ျားပေးစားတော့မယ်တဲ့ မောင်"

သူက "ဘာ"ဟုတောင် မပြောနိုင်တော့ဘဲ စန္ဒီ့ ...ျက်နှာကို အံ့သြစွာနဲ့သာ ငုံ့ကြည့်မိသည်။ စန္ဒီက သူ့ကို အရည် ...ဲ့နေသော မျက်ဝန်းများဖြင့် မေ့ကြည့်နေပြီးမှ ဝမ်းနည်းလာသလို ...ဖြင့် ခေါင်းငုံ့သွားသည်။ အဲဒီပုံစံကြောင့် သူ့ရင်ထဲတွင် တကယ်ပဲ ...ခိုက်ခံစားလို့ သွားရပါသည်။ စန္ဒီရဲ့မေးဖျားလေးတွေကိုပင့် ...င်လိုက်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမော့ပါဦး စန္ဒီရယ်။ စန္ဒီ့အဒေါ်က ဘာကြောင့် အားချင်းကြီး ပေးစားချင်ရတာလဲ။ မောင်နဲ့ ချစ်နေတာကို သိတယ် မဟုတ်လား။ ဘာကြောင့်လဲတဲ့ ...

မောင့်ကို သေချာပြောပြစမ်းပါ။ မောင် မဖြေရှင်း ပေးနိုင်တဲ့ ကိစ္စဆိုတာ မရှိဘူး စန္ဒီ။ မောင့်ကို ယုံတယ် မဟုတ်လား"

စန္ဒီက လေးတွဲ့တွဲ့ဖြင့် ခေါင်းညိတ်ပြသည်။ ပြီးတော့ သက်ပြင်းကို အသာအယာချကာ ...

"မောင်နဲ့ချစ်တာ သိပါတယ်။ ဒါပေမဲ့ စန္ဒီနဲ့ မောင့်ကို မောင့်မိဘတွေက သဘောတူမယ်လို့ မထင်ဘူးလေ။ ပြီးတော့ သူက လောလောလတ်လတ် ပေးစားချင်နေတာ ဟိုလူကြီးက စန္ဒီတို့ ရပ်ကွက်ထဲကပါပဲ ...

ပိုက်ဆံတော့ ရှိတယ်။ အဒေါ်ဆီမှာ ဘယ်လောက် တင်တောင်းမယ် ဘာညာနဲ့ မက်လုံးတွေ ပေးထားတော့ အဒေါ်က အဲဒါတွေနဲ့ ကျနေတာပေါ့ ...

ပြောတာကတော့ ဟိုးအရင်တည်းက ပြောနေတာ ပဲ။ စန္ဒီက မောင် စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ မပြောတာပါ။ ဟို ... အဒေါ်ကလည်း စန္ဒီ့ကို မေးတော့ မေးပါတယ်။ ညည်းတို့က မယူသေးဘူးလားပေါ့ ...

ဟို ... အဒေါ်က ပွင့်ပွင့်လင်းလင်း ပြောရရင် ... မက်တယ် မောင်။ စန္ဒီ့ကို တစ်သက်လုံး ကျွေးမွေးလာရ





အတွက် မျှော်ကိုးချင်တဲ့စိတ်မျိုးလည်း ရှိတယ်။ ခုတော့ နေ့တိုင်းကို ..."

သူက ဆက်မပြောနဲ့တော့ ဟူသော သဘောဖြင့် စန္ဒီ့ကို လက်တစ်ဖက်ကာပြလိုက်သည်။

စန္ဒီ့ကိုကြည့်သော အကြည့်တွေမှာ နူးညံ့ပြီး ရဲရင့် သိမ်မွေ့နေပါလိမ့်မည်။

"မောင် နားလည်ပြီ စန္ဒီ။ စန္ဒီ့ အနေအထားကို မောင် နားလည်ပါပြီ။ စန္ဒီ တကယ့်ကို Rush Hour ဖြစ်နေတာ ပေါ့နော်။ အိုကေ ... စန္ဒီ့ကို မောင် တစ်ခုမေးမယ်။ မောင်နဲ့ စန္ဒီ ဝေးနိုင်လား"

"ဘယ်လိုပြောလိုက်တာလဲ မောင်ရယ်။ မောင့်ကိုခွဲပြီး ကိုယ့်ထက်အသက်အများကြီး ကြီးတဲ့လူကြီးနဲ့ စန္ဒီက ဘယ်လိုလုပ် လက်ထပ်နိုင်မှာလဲ ...

စန္ဒီ့ဘဝက မောင့်အပေါ်မှာ အများကြီး မူတည်နေ တယ် မောင်"

အားပါး၊ အဲဒီအပြောက သူ့ကို မိုးထိမြင့်စေသည်။ သူက ရင်ခုန်စိတ်လှုပ်ရှားလာသောစိတ်ဖြင့် စန္ဒီရဲ့လက်ဖျားလေး တွေကို ကိုင်ကာ ...

"စန္ဒီ ... မောင့်နောက်ကို လိုက်ရဲလားဟင်"

စန္ဒီက မျက်လုံးဝိုင်းလေးများဖြင့် သူ့ကိုမော့ကြည့် ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မောင် တကယ်ပြောနေတာလား။ စန္ဒီ့ကို မောင် လက်ထပ်မယ်ပေါ့"

"အင်း ... မောင်မှ စန္ဒီ့ကို အဆုံးရှုံးမခံနိုင်တာ။ စန္ဒီလည်း မောင်နဲ့မခွဲနိုင်ဘူးဆိုရင် မောင်တို့နှစ်ဦးသဘောတူ နှစ်ယောက်တစ်ဘဝကို တည်ဆောက်ရမှာပေါ့ ...

အဲဒီအတွက် ရင်ဆိုင်စရာတွေကတော့ များလိမ့်မယ် စန္ဒီ"

"အို ... မောင်သာ စန္ဒီ့အနားမှာ ရှိမယ်ဆိုရင် စန္ဒီ ဘာကိုမဆို ရင်ဆိုင်ရဲတယ် မောင်"

"အိုကေ ... နှစ်ယောက်စလုံးက မဝေးချင်တဲ့ဆန္ဒ ရှိမှတော့ မဝေးရတော့ဘူးပေါ့ စန္ဒီ။ ကဲ ... ဒါဆို Plan ချမှဖြစ်မယ်။ မောင့်မိဘတွေဆီမှာ စန္ဒီနဲ့ လက်ထပ်ဖို့ တင်ပြရင်တော့ ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်ဘူး။ ဒီတော့ စန္ဒီ့ကို မောင် ခိုးပြေးရမှာပဲ ...

ခိုးပြေးတယ် ဆိုတာကလည်း အကြာကြီး ခိုးပြေးလို့မှ မရတာ။ ဒီတော့ ရန်ကုန်ကို ပြန်လာရမယ်။ မောင့်အိမ်က လက်ခံ မခံဆိုတာ မသေချာသေးဘူး။ အဲဒီအတွက် ပြင်ဆင်စရာ ရှိတာတွေကို ကြိုတင်ပြင်ဆင်မှ ဖြစ်မယ် ...

တိုက်ခန်းလေးတစ်ခန်းဖြစ်ဖြစ်တော့ ငှားမှဖြစ်မယ်။ နေရေးပဲ ပူစရာရှိတာလေ။ အဲဒါ အဆင်ပြေရင် တခြားဟာတွေက ပူစရာ မလိုတော့ပါဘူး"



စန္ဒီက သူ့ကို အရည်လဲ့ပြာနေသော မျက်ဝန်းများဖြင့် မော့ကြည့်ကာ ...

"မောင် တကယ် စွန့်စားမယ်ပေါ့နော်"

"စွန့်စားရမှာပေါ့ စန္ဒီ။ အဲဒီတော့ ကြားထဲမှာ တစ်လလောက်တော့ အချိန်ယူရလိမ့်ဦးမယ်။ အခန်းရှာတာနဲ့ ပိုက်ဆံရှာမှာနဲ့ ဘာနဲ့ ဆိုတော့လေ ...

တစ်လလောက်တော့ စန္ဒီ အချိန်ဆွဲလို့ ရတယ် မဟုတ်လား"

"မရရအောင် လုပ်မယ် မောင်။ အဲဒါက စန္ဒီ့တာဝန်ထားပါ"

"အိုကေ ... ဒါဆို ခုချိန်ကစပြီး စီစဉ်စရာ ရှိတာတွေ စီစဉ်ကြတာပေါ့ စန္ဒီ။ အရင်ဆုံး တိုက်ခန်းလေးရှာဖို့ ကြိုးစားကြတာပေါ့"

"စန္ဒီလည်း စုံစမ်းပါ့မယ် မောင်။ ဘာပဲဖြစ်ဖြစ်လေ မောင့်ကို ကျေးဇူးတင်ပါတယ် မောင်ရယ်"

"အေးပါ၊ အဲဒီကျေးဇူးတွေကို ရတော့မှပဲ ဆပ်ပေတော့၊ သိတယ်မဟုတ်လား"

သူက စန္ဒီ့ကို မျက်စိတစ်ဖက် မှိတ်ပြရင်း ပြောလိုက်ချင် စန္ဒီက ရှက်သွေးဖြာသွားသော မျက်နှာလေးဖြင့် သူ့လက်မောင်းကို တစ်ချက်ပိတ်ထုကာ "သွား"ဟု ဆိုသည်။ အဲဒီ"သွား"သည် အနားကိုပိုတိုးကပ်စေဖို့ ပြောင်းပြန်ရည်ညွှန်းသော စကား

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ချစ်သူရှိသော ယောကျ်ားလေးတိုင်း ဘာသာပြန်တတ်သည်။ သူသည် စန္ဒီ့ကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ရင်းမှ နပ်စွာ ပြုံးမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် စန္ဒီနဲ့ နီးကပ်ရတော့မည့် ကံကြမ္မာကို သူက ကျေးဇူးအရမ်းတင်ခဲ့ပါသည်။





# ၇

အကြံအစည် တစ်ခုခုရှိသော လူတွေဟာ ငြိမ်သက်နေတတ်ကြသည်ဟူသော စကားသည် သူရီ့အတွက်တော့ မှန်ကန်သည်ဟု ပြောရမည် ဖြစ်သည်။ ခုတလောမှာ သူရီသည် အရင်လို လည်တာ ပတ်တာ၊ သုံးတာဖြုန်းတာမျိုး သိပ်မရှိတော့ဘဲ ကြိုးကြိုးစားစားနှင့် သင်တန်းကိုတက်သည်။ နောင်မတက်ရတော့ဘူးဟူသော အသိဖြင့် စိတ်ပါလက်ပါ သင်ယူသောကြောင့် သင်သလောက်ပဲ တတ်ပါသည်။ ပြီးတော့ တစ်ခုရှိသည်မှာ ဟိုမျက်နှာကျက်မတည့်လှသော အကောင်ထက်လည်း မညံ့ချင်၍ဖြစ်သည်။ အဲဒီတစ်ယောက်ဟာလည်း ဘာတွေများ ဘယ်လိုခံတတ်ကျနေသလဲတော့ မပြောတတ်။ သူလည်းပဲ ကြိုးစားပမ်းစား သင်ယူတာကိုတွေ့ရသည်။ ဒီတော့ သူရီလည်း မညံ့လို၍ အပြိုင်ကြိုးစားသည်။ သင်တန်းမှ ဆရာကတော့ တက်တက်ကြွကြွ ကြိုးစားနေကြသော



www.burmeseclassic.com

www.burmeseclassic.com



သူရိတို့နှစ်ယောက်ကို အားအရကြီး အားရလှုက် နမူနာအနေနဲ့တောင် ဆုံးမလိုက်သေးလေသည်။ သူရိတို့ကတော့ ကိုယ့်အကြောင်းနှင့်ကိုယ်ဖြစ်သည်။ အခုဆိုလျှင် သူရိနှင့် စည်သူ ပေါင်း၍ စမ်းချောင်းလမ်းထဲတွင် တိုက်ခန်းလေးတစ်ခန်း ငှားပြီးပြီဖြစ်သည်။ တိုက်ခန်းက ငါးလွှာမှာရှိ၍ သူရိမှာ မနည်းတက်ရပြီး မောနေတာကိုတွေ့လျှင် စည်သူက နှုတ်ခမ်းမှာ စိုနေသော ချွေးစလေးများကို ကြင်နာစွာ သုတ်ပေးသည်။

"ဗိုး ... မောလိုက်တာ။ ဒါ သူရိတို့နေမယ့် တိုက်ခန်းပေါ့နော် စည်သူ"

သူရိက တိုက်ခန်းကို လှည့်ပတ်ကြည့်ရှုပြီးပြောလျှင် စည်သူက နံရံကို လက်ပိုက်ပြီး မှီနေရာမှ ပြုံးပြီးကြည့်ကာ ...

"အင်းပေါ့ ... ဒီတိုက်ခန်းမှာနေရင်တော့ သူရိ Slim ဖြစ်သွားမှာ သေချာတယ်။ တက်လိုက် ဆင်းလိုက်နဲ့ ဆိုတော့လေ ...

ဘယ်လိုလဲ သူရိ။ အခန်းလေးကို ကြိုက်ရဲ့လား"

"အင်း ... မဆိုးပါဘူး"

မဆိုးပါဘူး ဆိုသော်လည်း သူရိ စိတ်ထဲတွင် နည်းနည်းတော့ အီနေသည်။ တစ်သက်လုံးက ခြံနဲ့ ဝင်းနဲ့ နေခဲ့ရသူမို့ လှေကားမြင့်မြင့် တက်ရသော ကျဉ်းမကျယ် တိုက်ခန်းလေးသည် သူရိ့ကို နည်းနည်းတော့ စိတ်အိုက်စေသည်။ သို့သော်





နှစ်ကိုယ် မောင်မယ်နှစ်ယောက်တည်း နေရမှာမို့ အရမ်းကြီးတော့ ကျဉ်းကျပ်နေမှာ မဟုတ်။ သိပ်အတော်ကြီးပြောင်ကြီး မဟုတ်သော်လည်း မီးဖိုချောင်၊ ထမင်းစားခန်း၊ အိပ်ခန်းတစ်ခန်းသာဖြင့် သပ်သပ်ရပ်ရပ်လေး ဖွဲ့စည်းထားသည်မို့ မဆိုးလှဟုတော့ သတ်မှတ်ရမည်ဖြစ်သည်။

စည်သူက သူရိရဲ့ပခုံးနှစ်ဖက်ကို အနောက်ဘက်မှ [illegible]ဖွဖွကိုင်ကာ ...

"တကယ်ဆိုရင်တော့ သူရိ့အတွက် ကွန်ဒိုလေးလောက်ဖြစ်ဖြစ် ငှားပေးချင်တာပေါ့ကွာ။ အဲဒါဆိုရင် ဒီ့ထက်ကျယ်ကျယ်ဝန်းဝန်း ရှိပြီး သူရိ ပိုသက်သောင့်သက်သာ ရှိမှာပေါ့"

"ဒါလည်း အဆင်ပြေပါတယ်။ ကွန်ဒို ဘာလုပ်မှာလဲ စည်သူ။ တစ်လ တစ်လ ဝန်ဆောင်စရိတ် နည်းတာ မဟုတ်ဘူး။ အဲဒီအတွက်ကလည်း ဦးနှောက်ခြောက်နေရဦးမှာ။ တိုက်ခန်းကတော့ ပြီးရောပေါ့။ ဒီမှာလည်း အဆင်ပြေပါတယ်။ အောက်မှာလည်း စည်စည်ကားကားဆိုတော့ သွားရေးလာရေး စားရေးသောက်ရေး အတွက်လည်း ပူစရာ မလိုတော့ဘူး"

"အင်း ... အိမ်ထောင်ရှင်မကြီး ဖြစ်လာမယ့် သူရိတော် ဒါတွေ တွေးထတ်နေပြီပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"တွေးရတာပေါ့။ သူရိတို့ ပိုက်ဆံလည်း လိုမှာအမှန်ပဲ"

စည်သူက သူရိ့အပြောကို တစ်ချက်ငုံကြည့်ကာ_

"သူရိ အိမ်ကဆွဲလာမလို့လား"

"အင်း ... ဆွဲတော့ ဆွဲရလိမ့်မယ်နဲ့ တူတယ်။ သူရိ့လက်ထဲမှာ လေးငါးပုံးတော့ရှိတယ်။ အဲဒါနဲ့တော့ ဘာမှဖြစ်မှာမဟုတ်ဘူး ...

တစ်ခုခု လုပ်ဖို့ဆိုရင် ငွေ amount တစ်ခုလောက်တော့ ပါလာမှ ရမှာ"

"သူရိက ဘာလုပ်မလို့လဲ"

"ပြောတတ်သေးဘူးလေ။ သေချာတာကတော့ သူရိ့အိမ်က သူရိ့ကို ချက်ချင်းလက်ခံမှာ မဟုတ်ဘူး ဆိုတာပဲ။ သူရိ့အဖေအကြောင်းကို သူရိ သိတယ် ...

အဲဒီတော့ စွန့်စားမှာ အတူတူ ကိုယ့်ဘက်ကကြိုတင်ပြင်ဆင်ထားဖို့ လိုတယ်၊ ဒီအတွက် သူရိ အိမ်ကကြိုခဲ့ဖန်ခဲ့ရမှာပဲ"

စည်သူက သူရိ့ကို စိုးရိမ်သလိုကြည့်ကာ ...

"ဖြစ်ပါ့မလား သူရိရယ်။ တော်ကြာ အမှုအခင်းတွေ ဘာတွေနဲ့ ဇာတ်တွေ ရှုပ်နေပါဦးမယ်။ ကိုယ့်ကို သွေးဆောင်ဖြားယောင်းမှုနဲ့ တရားတွေ ဘာတွေစွဲ အဲလိုဆိုရင်တော့ မကောင်းပါဘူး"





"အို ... စည်သူကလည်း။ သူရိ့ကို အထင်သေးလိုက်တာ။ ပြီးတော့ သူရိ့မိဘတွေက အဲလိုမျိုး မဟုတ်ပါဘူး။ သူရိ့ကို အမွေဖြတ်ရုံတင်ပေါ့ ...

အရှက်ကွဲခံပြီး အမှုလုပ်မယ့် သူမျိုးတွေ မဟုတ်ပါဘူး"

"အင်း ... ကိုယ်တော့ ဘာမှမပြောတတ်တော့ဘူး သူရိ။ သူရိ့သဘောပဲ"

"သူရိက ခုတလော ငွေလွှဲ ငွေထုတ် ကိစ္စတွေကို တာဝန်ယူနေရတယ် စည်သူ။ အဲဒီတော့ သူရိ နည်းနည်းစွန့်စားရလိမ့်မယ်။ စည်သူရဲ့မှတ်ပုံတင်နံပါတ် သူရိ့ကို ပြောထားပါ"

"xxxxx တဲ့"

"အိုကေ ... ကဲ ... တိုက်ခန်းလည်း ရပြီ။ တော်တော်များများလည်း အဆင်သင့်ဖြစ်ပြီ ဆိုတော့ ဘာလိုသေးလဲ စည်သူ"

"ဘာမှမလိုတော့ဘူး။ ကိုယ့်ရင်ခွင်ထဲကို သူရိ လှမ်းလာဖို့ပဲ ကျန်တော့တယ်"

"မဝေးတော့တဲ့ တစ်နေ့ပေါ့ စည်သူ"

စည်သူက သူရိ့စကားကိုပြုံးကာ လက်မတစ်ချက် ထောင်ပြသည်။ သူရိသည် စည်သူ့မျက်နှာကို ငေးရင်းမှ အချစ်စိတ်တို့က တစိမ့်စိမ့် ပျံ့နှံ့လာသည်။ အချစ်အတွက် သူရိ စွန့်



www.burmeseclassic.com

www.burmeseclassic.com



စားရတော့မည်။ ချစ်သူနဲ့ ဘဝတစ်ခုကို တည်ထောင်ဖို့အတွက် သူရှိ မိဘတွေကို စွန့်လွှတ်ရမည်။ အသိုင်းအဝန်းကို စွန့်လွှတ်ရမည်။ စည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်ရမည်။ ကံမကောင်း အကြောင်းမလှပါက အမွေပါ အဖြတ်ခံရမည်။

ဒါတွေနဲ့ လဲလှယ်နိုင်သည်အထိ စည်သူ့အချစ်ကို တန်ဖိုးထားခဲ့ပါသည်။

✿ ❤ ✿





"မင့်သား ခုတလော လိမ္မာနေပါလား ကွ"

သူသည် နံနက်အိပ်ရာမှနိုးပြီး Breakfast စားဖို့ ထမင်းစားခန်း ဝင်တော့မယ်အလုပ်မှာ သူ့ထက်အရင် ကြွရောက်နေသော သူ့အဖေထံမှ အဲဒီစကားကို ကြားလိုက်ရတာဖြစ်သည်။ ဒါကြောင့် သဘောကျစိတ်ဖြင့် ပြုံးတော့မယ်မှ မကြံရသေး၊ နောက်ဆက်တွဲစကားကြောင့် အီလည်လည်ကြီးပဲ ဖြစ်သွားရသည်။

"ဘာတွေများ ကြံစည်နေသလဲတော့ မပြောတတ်ဘူး"

"ရှင်ကလည်း ... ကလေး ကောင်းကောင်းနေတော့လည်း နေလို့၊ ရှင်ပဲ ဆူပူကြိမ်းမောင်းထားတော့ သူလည်းကြောက်သွားလို့ နေမှာပေါ့။ သားက ပျော်ပျော်နေတတ်ပေမယ့် ဟောဟောရမ်းရမ်း သောက်စား ရန်ဖြစ်နေတဲ့ကလေးမျိုး မဟုတ်ပါဘူး"

"အေးပေါ့၊ အဲဒါမျိုးဆိုလည်း အိမ်က နှင်ချပစ်လိုက်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ကျောပင်စိမ့်သွားရကာ ထမင်းစားခန်းထဲသို့ အမြန်ဝင်လာရသည်။

သူ့အဖေနဲ့ အမေကို ဂျပန်စတိုင်လ် ခေါင်းညွှတ် အရိုအသေပေးကာ ...

"ဟိုင်း ... ကိုနီချိဝ ... ဟဲ ဟဲ"

သူ့ရဲ့ပြောင်စပ်စပ်ပုံစံကို သူ့အဖေက မျက်စောင်း တစ်ချက် ကဲကြည့်ကာ ...

"ဘယ်လိုလဲ ဟော့ကောင်။ မင်း တော်တော်လိုက်နိုင်နေပြီလား"

သူက ခုံမှာဝင်ထိုင်လိုက်ရင်းမှ ကော်ဖီကရားထဲမှ ကော်ဖီတစ်ခွက်ကိုငှဲ့ကာ ...

"လိုက်နိုင်ပါတယ် ဖေဖေ၊ သင်ထားသမျှပေါ့"

"သင်တန်းမှာရော အဆင်ပြေရဲ့လား"

"ပြေပါတယ် ဖေဖေ"

ပြေပါတယ် ဆိုကာမှ သူက သင်တန်းမှ ဆောင်ကြွားကြွားကလေးမ သူ့ရီချမ်းစိမ့် ဆိုတာကို ဖျတ်ခနဲ သွားသတိရသည်။ တလောတုန်းက သူမနဲ့ တော်တော်လေး မကျေမလည် ဖြစ်ခဲ့ကြပေမယ့် နောက်ပိုင်းတော့ သူကလည်း သူ့ကိစ္စနဲ့သူ လုံးပမ်းနေရတာမို့ သူမကို ခေါင်းထဲမှာ သိပ်မရှိတော့။ သူမကလည်း သူ့ကို ပြဿနာမဖြစ်အောင် တမင်နေသည်ဟုထင်သည်။





သူတို့နှစ်ယောက်ဟာ ပြဿနာနဲ့ နည်းနည်းကင်းဝေးနေသည်ဟု ပြော၍ရသည်။ သူကတော့ သူ့အကြံအစည်နဲ့သူ ဂျပန်စာကို တစ်လထက်ပို၍ မသင်ရဘူးဆိုတာကို သိသောကြောင့် ကိုယ့်အတွေးနဲ့ကိုယ် စိတ်ချမ်းသာနေကာ ရသခိုက် အချိန်လေးမှာပဲ ဂျပန်စာကို ကြိုးစားပမ်းစား သင်ယူနေတာဖြစ်သည်။

"အေး ... သုံးလလောက်နေရင်တော့ မင်း တော်တော်ပြောတတ်သွားလိမ့်မယ်။ အဲဒီကျတော့ လုပ်ငန်းခွင်ထဲကတစ်ဖက် ဆက်သင်ပေါ့။ သုံးလလောက်နေရင် မင်း အလုပ်ထဲဝင်ဖို့ စဉ်းစားထားတော့ ...

အေး ... ပြောထားဦးမယ်နော်။ အလုပ် လုပ်မယ်ဆိုပြီး မိန်းမတော့ ကောက်ယူဖို့ မစဉ်းစားနဲ့။ မင်းဘာသာမင်း လူငယ်သဘာဝ ရည်းစားထားတာတော့ ယောကျ်ားလေးတစ်ယောက်ကို အဲဒီလောက် လိုက်မပိတ်ပင်ချင်လို့။ ရှိစေတော့ ဒါပေမဲ့ မင်းအသက်အရွယ်က အိမ်ထောင်ပြုရမယ့် အသက်အရွယ် မဟုတ်သေးဘူး။ အသက်အစိတ်ကျော်မှ အိမ်ထောင်ရေးကို စဉ်းစား ...

ပြီးတော့ ဒီအချိန်မှာ တွေ့တဲ့လူဆိုတာ ကိုယ့်ဘဝအတွက် တကယ်အရေးပါတဲ့လူ ဟုတ်,မဟုတ် မသေချာမရေရာသေးဘူး၊ ငါ ပြောတာကို နားလည်လား"

"ဟုတ် ... နားလည်ပါတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဘဝင်ကျသွားဟန်ဖြင့် ဘာမှဆက်မ
တော့။ မေမေကတော့ ကျေနပ်နေဟန်ဖြင့် အသာပြုံးကြည့်နေ
သည်။ သူကလည်း ကိုယ့်အတွေးနဲ့ကိုယ် မုန့်ကိုစားနေ
တစ်ကိုယ်တည်း ကျိတ်ပြုံးမိသည်။ စိတ်ထဲကတော့ သူ့မိဘ
ကို တကယ်ပဲ တောင်းပန်နေခဲ့ပါသည်။ အခုဆိုလျှင် သူနဲ့
တို့ နေဖို့ တိုက်ခန်းလေး တစ်ခန်းကိုလည်း အဆင်သင့်ငှား
ပြီးပြီ။ ကြားထဲမှာ သူက မုန့်ဖိုးလေးတွေ ရသမျှစုကာ စန္ဒီ
မှာ အပ်ထားရသည်။ များများစားစားကတော့ အိမ်ကသွား
ကျမှပဲ သူ့အမေရဲ့ဘဏ်စာအုပ်ကို လစ်သွားဖို့ပဲ ကြံစည်စိတ်
ရပါတော့သည်။

သူ့အဖေက အလုပ်ရှိ၍ ထထွက်သွားလျှင် သူ
အမေ့အနားသို့ တိုးကပ်ချွဲနွဲ့ကာ ...

“မေမေ သားကို မုန့်ဖိုးပေးဦးလေ”

“ဟဲ့ ... ဟိုတစ်ပတ်ကဟာ ကုန်ပြီလား”

“အင်း ... နည်းနည်းတော့ ကျန်ပါသေးတယ်။ ခုဟာ
သူငယ်ချင်းတွေကို မုန့်ကျွေးစရာရှိနေလို့ပါ”

“အေးပါ၊ ပြီးတော့ အံဆွဲထဲက ယူသွားလိုက်”

“ဟုတ် ... သင့်ခ်ယူ အိမား ... ဟဲ ဟဲ”

သူ့အမေက သူ့ကို ဒေါသမပါသော မျက်စောင်း
လေးတစ်ချက် ထိုးသည်။ သူသည် မိဘရှေ့မှာတော့ ကလေးလို





းလိုလို ဖြစ်ပေမယ့် မိန်းမတစ်ယောက်ကို ခိုးပြေးတော့ဖို့ အစီ
စဉ်တွေ အကျအန ရေးဆွဲနေတာကို ဘယ်သူမှ မသိကြပါ။
တ်စွအဆုံး သူ့သူငယ်ချင်းတွေပင်လျှင် မသိကြ။ တစ်ယောက်
လျှင် ပွဲ့ကုန်မှာ စိုးတာကြောင့် သူက ဘယ်သူ့ကိုမှ ဖွင့်ဟ
ပင်ခြင်း၊ နှုတ်ဖွာခြင်း မရှိခဲ့ပါ။

သူ့စိတ်က ခိုင်မာနေသော ကိစ္စတစ်ခုသည် ဘယ်
ကြောင်းနဲ့မှ ပျက်ပြယ်စရာအကြောင်းမရှိဟု ခံယူထားသော
ကြောင့်ဖြစ်သည်။ သူသည် စန္ဒီကိုချစ်သည်။

မိဘမဲ့ရွာ မျက်နှာငယ်ရပ်တည်ရသော စန္ဒီရဲ့ဘဝ
းကို စာနာသည်။ အဲဒီအတွက် စန္ဒီနဲ့ ဘဝတစ်ခုလုံးစာ လက်
ဖို့ စဉ်းစားထားသော ကိစ္စမှာ ဘယ်သူ့ကိုမှ အသိပေးစရာ
ပင်စရာ မလိုဘူးဟု ခံယူထားသောကြောင့် ဖြစ်သည်။ စန္ဒီ
ပြောသလိုပင် နှစ်ယောက်တည်း တည်ထောင်သွားရမယ့် ဘဝ
လမ်းမှာ အဆိုးအကောင်း မှန်သမျှကို ကိုယ်တိုင်ပဲ မျှဝေခံစား
ကြရမှာတဲ့။ ဘယ်သူကမှ လာမခံစားပေးဘူးဆိုပဲ။ သူသည်
သောစန္ဒီကို ဖျတ်ခနဲ သတိရသွားကာ သူမနဲ့ Coffee Circle
ချိန်းထားတာကို ခေါင်းထဲရောက်လာသည်။

ဒီနေ့မှာ သူနဲ့ စန္ဒီတို့ ခိုးပြေးကြမည့်ကိစ္စကို အသေး
ဆွေးနွေးကြမည်ဖြစ်သည်။ အဲဒီကမှ သူဟာ ဂျပန်စာသင်
သို့ ကူးမည်။ သူသည် နာရီကို တစ်ချက်မော့ကြည့်ကာ ရေ



www.burmeseclassic.com

www.burmeseclassic.com



ချိုးဖို့ စဉ်းစားလိုက်သည်။ ရေမချိုးခင်မှာ သူ့အမေဆီက ပိုက်ဆံ တောင်းရမည်။ ပြီးလျှင်တော့ ရေမိုးချိုး၊ ပြင်ပြင်ဆင်ဆင်လုပ် အပြင်သွားကာ စန္ဒီနှင့် တွေ့ရမည်။ ရှေ့ရေးအတွက် အစီအစဉ် တွေ ဆွဲမည်။ ခိုးပြေးဖို့အတွက် နေရာကို သူက စန္ဒီ့အား အစီအ ထား ရွေးချယ်စေပါသည်။

စန္ဒီသည် သူမ တစ်ခါမှ မရောက်ဘူးရှာသေး နာမည်ကြီးလွှန်းသည့် ကလောမြို့လေးကို ရွေးထားပေသည်။

✿ ❤ ✿





သူရိသည် Coffee Circle ကော်ဖီဆိုင်ထဲသို့ ကြော ကြောမတ်မတ် ဝင်လာရင်းမှ အရင်ရောက်နေတယ်ဆိုသော စည်သူ့ ကို ဝေ့ဝဲရှာဖွေမိသည်။ သူရိ လာမှာကို စောင့်နေဟန်တူသော စည်သူက ထိုင်နေရာမှ မတ်တတ်ထရပ်ကာ လက်ပြသည်။ သူရိ က စည်သူ ရှိသော စားပွဲဝိုင်းသို့ တန်းတန်းမတ်မတ် လျှောက် သွားရင်းမှ ပြုံးပြနှုတ်ဆက်ကာ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်မိ သည်။

"ရောက်နေတာ ကြာပြီလား"

"အင်း … သိပ်မကြာသေးပါဘူး။ သူရိ ဘာသောက်မလဲ"

"အက်စ်ပရက်ဆိုပေါ့"

"အိုကေ … ညီလေး အက်စ်ပရက်ဆို နှစ်ခွက်"

သူက ဝိတ်တာကို လှမ်းမှာပြီးလျှင် သူရိကို တစ် ချက်ကြည့်ကာ ပြုံးပြသည်။ သူရိသည် သူ့ကို ပြန်ပြုံးပြလိုက် ရင်းမှ ဘေးဘီကို ဘာရယ်မဟုတ် ဝေ့ခနဲ ကြည့်မိလျှင် အစိတ် တစ်ယောက်နှင့် မျက်လုံးချင်း ဖျတ်ခနဲ ဆုံသည်။ အဲဒီတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူရီကိုမြင်လျှင် မှတ်မိသွားဟန်ရှိပြီးနောက် ချက်ချင်းပင် မျက်နှာကို လွှဲသွားသည်။ သူက အရင်ဦးအောင် လွှဲသွားသော ပုံစံကို သူရီက မတရားပင် ချဉ်စုပ်သွားရကာ တောက်တစ်ချက် ခေါက်မိသည်။ ဒါကို စည်သူက အလန့်တကြားဖြင့် ...

"ဘာဖြစ်တာလဲ သူရီ။ ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲ။ ဟို ကျက်သရေတုံးနဲ့ တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေလို့လေ"

"ဘယ်ကျက်သရေတုံးလဲ၊ ဘယ်သူ့ကို ပြောနေတာလဲ"

"ဟိုဘက်ဝိုင်းက Fido Dido ကိုပေါ့"

စည်သူက မသိမသာ ငဲ့ကြည့်ရင်းမှ တစ်ချက် အံ့သြသလိုဖြင့် အဲဒီတစ်ယောက်ကို စိုက်ကြည့်နေသေးသည်။ ပြီးတော့ သူရီ့ကို အံ့သြသလိုဖြင့် ကြည့်ကာ ...

"သူရီနဲ့ သိလို့လား"

"သိတယ်၊ အလကားပါ ဘောင်မဝင်တဲ့ကောင်။ ဂျပန်စာ သင်တန်းမှာ အတူတူပေါ့။ ဒါပေမဲ့ ဟိုးအရင် စတွေ့တည်းက မျက်နှာကြောမတည့်တာ ...

အခု တွေ့တာကို သူကများ မျက်နှာအရင်လွှဲသွားတယ်လေ။ တောက် ... သူ့ရုပ်က ဘယ်နှပြားတန်တာ မှတ်လို့"

"ဪ ... သူရီကလည်း ...။ အင်း ... သူနဲ့ သူရီနဲ့က တိုက်တိုက်ဆိုင်ဆိုင် သိနေကြဟာကိုး"





စည်သူက တွေးတွေးဆဆဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာပြောလျှင် သူရီက မျက်မှောင်တစ်ချက်ကုတ်ကြည့် ...

"စည်သူကလည်း ခေါင်းထဲ ထည့်မနေစမ်းပါနဲ့။ အလကား ဖယားမရှိပါဘူး။ တွေ့လိုက်တာနဲ့ ပြဿနာ ...

ကဲ ... ဟိုနေ့က ဘယ်နေ့ကို သတ်မှတ်မှာလဲ စည်သူ။ ကလောက ဟိုတယ်ကိုရော ဘွတ်ကင်လုပ်ပြီးပြီလား"

"ဒီကအပြန် သူရီနဲ့ ကိုယ်နဲ့ ဝင်လုပ်မယ်လေ။ သူရီက ရက်ကိုရွေးပြီးပြီလား"

"ရှေ့လဆန်း တစ်ရက်နေ့ပေါ့ စည်သူ။ လကုန်ရင် သူရီက ဘဏ်ကိုသွားမှာ၊ လှုပ်ရှားပြီးတော့ ချက်ချင်းပဲ သူရီတို့ လစ်မှရမယ် ...

ကလောကို ဘယ်လိုသွားမှာလဲ။ ကားနဲ့ဆို ပင်ပန်းမယ်။ အဆင့်တွေများမယ်။ ဖလိုက်နဲ့ပဲ ကောင်းမယ်ထင်တယ်။ ဟဲဟိုးမှာဆင်းပြီး ကလောကို ဆက်သွားရမှာပေါ့"

"အင်း ... သူရီ မပူပါနဲ့။ အဲဒါတွေအားလုံး ကိုယ်စီစဉ်ပါ့မယ်။ သူရီသာ ဘဏ်ကကိစ္စကို ဘယ်လိုလုပ်မှာလဲ။ သူရီ့ဘဏ်စာအုပ်ထဲကိုပဲ ပြောင်းထည့်ထားမှာလား"

"ဟင့်အင်း ... အဲဒီနေ့ကျရင် စည်သူ ဘဏ်ကိုလာခဲ့လိုက်။ သူရီ စည်သူ့ကို လွှဲပေးလိုက်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... အိုကေ ... ကဲ ... ဒါသထွက်ရတာ မောအေး
ပါ ချစ်လေး။ ကော်ဖီလေး သောက်လိုက်ပါဦး ...

ပေ ... ဟိုတစ်ယောက်က အတွဲနဲ့ချိန်းထား
ပဲ။ သူရီရဲ့ Fido Dido က မဆိုးဘူးနော်။ သူ့ဆော်
က တော်တော်လှတယ်။ ဒါကြောင့်လည်း တို့ သူရီ
ကို အဖက်မလုပ်တာနဲ့တူတယ်"

"စည်သူနော် ... ဘာ သူရီရဲ့ Fido Dido လဲ။ ဒီ ဂျ
ညှောင်ဂေါက်ဂက်ကိုများ၊ ဟင်း ... ဟိုမိန်းမကလည်
ကောင်ကိုများ ဘာကြည့်ကြိုက်လဲတော့ မသိဘူး ...
ပိုက်ဆံမက်လို့ ကြိုက်တာ နေမှာပေါ့"

သူရီက ဂျပိန်ညှောင်ရဲ့ လေဒီကိုပါကြည့်ရင်း
ပယ်နယ်နယ် ပြောလိုက်လျှင် စည်သူက သူရီ့ကို ဖျောင်းဖျသည်

"အဲဒီလိုတော့ မစွပ်စွဲပါနဲ့ သူရီရယ်။ သူလည်း တက
တာ ဖြစ်ချင် ဖြစ်မှာပေါ့။ Fido Dido က ပိန်ပေ
ကြည့်ကောင်းပါတယ်။ အသားဖြူဖြူနဲ့ အရုပ်ရှည်
ခပ်သန့်သန့်ပဲဟာ။ စိုင်းစိုင်းနဲ့တောင် တူသေးတယ် ...
ဝတ်တာ စားတာလည်း အထာကျပါတယ်"

"အိုး ... ဒါပေမဲ့ စည်သူနဲ့ ယှဉ်လိုက်ရင်တော့ နံ့သာ
အိုးပဲ"

စည်သူက သူရီရဲ့စကားကို ဟက်ဟက်ပက်
ရယ်မောပါသည်။





"ဪ ... ကိုယ်နဲ့တော့ မယှဉ်နဲ့လေကွာ၊ ကိုယ်ကတော့
သူရီ့ထက်တောင် ချောသေးတဲ့ဥစ္စာ၊ ဟုတ်တယ်မှုလား"

"ဟင်း ... ပေါရဲပါဘိ"

သူရီက စည်သူ့ကိုပါ မျက်စောင်းတစ်ချက် ထိုး
လိုက်သော်လည်း တကယ်တမ်းကတော့ စိတ်မဆိုးချေ။ သူရီရဲ့
ညီစားချောရုပ်သွင်ကို သူရီ ကိုယ်တိုင်ကလည်း စတွေ့တည်းက
ကြွေခင် ဖြစ်ခဲ့ရတာဖြစ်သည်။ စည်သူ့ရဲ့အပြုံး၊ အကြည့်၊ အပြော
အဆို စတာတွေကို စိတ်လှုပ်ရှား ရင်ခုန်ကာ အစွဲကြီးစွဲခဲ့ရတာ
ဖြစ်သည်။ အဲဒီကမှတစ်ဆင့် ချစ်ခြင်းတရားတစ်ခု ဖြစ်ပေါ်သည်။
အဲဒီချစ်ခြင်းတရားသည် စွန့်စားမှုတစ်ခုကို ဖြစ်ပေါ်ကာ သူရီရဲ့
ဘဝတစ်ဆစ်ချိုးကိုလည်း ပြောင်းလဲစေတော့မည်ဖြစ်သည်။

အဲဒီလိုပဲ တစ်ဖက်ဝိုင်းမှာလည်း တူညီသော
တစ်ဆစ်ချိုး ပြောင်းလဲမည့် စုံတွဲတစ်တွဲကလည်း ရေ့ရေးဒါနဲ့
အကြိတ်အနယ် ဆွေးနွေးလျက်ရှိသည်။ ဆွေးနွေးလဲ"
တစ်ဦးမေတ္တာ တစ်ဦးမှာ စေတနာရှိကြသော မင်းကျော်ထင်
သူရီရဲ့အတင်းကို ပယ်ပယ်နယ်နယ်တုတ်လျက်။ အဲဒါ စန္ဒီ
မသိမသာ မေးငေါ့ပြကာ ...

"မောင်နဲ့ ကျောမတည့်တဲ့ မိန်းမရဲ့ရယ်ဒီပဲ။ ကဲ ...
စန္ဒီ။ အရမ်းမောက်မာပြီး အထ ... ပြော"

သူ့ဘဲနဲ့တွေ့ရော ပါးစပ်က ရာလေးကိုပဲ သွားချင်
တွေ့လား ...



www.burmeseclassic.com

www.burmeseclassic.com



အေးပေါ့ … ဟိုကောင်ကလည်း ရုပ်ရှင်မင်းသား ကျနေတာကိုး။ သူ့ကို ပိုက်ဆံရှိလို့ ကပ်နေတာ နေမှာပေါ့။ မဟုတ်လို့ကတော့ သူ့လို မိန်းမအနား ဘယ်ယောက်ျား ကမှ ကပ်မှာမဟုတ်ဘူး"

စန္ဒီက အဲဒီဘက်ဝိုင်းကို တစ်ချက်ဝေ့ကြည့်ကာ …

"ဩော် … မောင်ကလည်းကွယ်၊ သူများသားသမီးကို အဲလိုမပြောပါနဲ့။ ဟိုတစ်ယောက်ကလည်း ချောပါတယ်"

"ဘာချောတာလဲ၊ အကောင်းစားတွေ သုံးနိုင်လွန်းလို့ပါ ကွာ။ လူကဖြင့် ဖက်တီးပုပ်"

"ခစ် … ခစ် … မောင်ကလည်းလေ။ ပြည့်ပြည့်လေးပါ မောင်ရဲ့။ ချစ်ဖို့ကောင်းပါတယ်။ မောင် ပြောတဲ့ပုံအရဆို ပပ ဝတုတ်ပြကြီး ကျနေတာပဲ။ သူ့မျက်နှာပါးဖောင်းဖောင်း လးနဲ့ ပြည့်ပြည့်လေးနဲ့ ချစ်စရာကောင်းတယ် …

ဒီလောက် ချစ်စရာကောင်းတဲ့ ကောင်မလေးနဲ့များ ကြုပြေဖြစ်ရတယ်လို့။ သူများတွေဆို သင်တန်းအတူတူ ခပ်သ အီစီကလီတောင် ဖြစ်နေပြီ"

နပါကွာ။ ခံစားစရာ မရှိပါဘူး။ ဘဲကဖြင့်

"အိုး … ဒါ အသေအလဲ လိုက်စားထားတဲ့ Body ဒါ်းပဲ" ကတော့ ကိုယ့်ရည်းစားနဲ့တောင် ရှေ့ စည်သူအောင် မကြိုးစားနိုင်ဘူး …

: သိသာတယ်"

ရယ်မောပါသည်။





"ဩော် … သူများကို ရစရာမရှိ ဝေဖန်နေပြန်ပြီ"

"ဟုတ်တယ် … ဝေဖန်နေတာ မဟုတ်ဘူး။ စန္ဒီက မကြုံ ဘူးလို့၊ ဒီလိုမိန်းမမျိုးတွေနဲ့ တွေ့ပြီးတော့မှပဲ ကိုယ့်ချစ်သူ လေးက ဘယ်လောက် အဖိုးတန်လိမ္မာယဉ်ကျေးတယ်ဆို တာ သိလာရတော့တယ် …

ဘယ်လိုမှ နှိုင်းယှဉ်လို့ကို မရဘူး။ ဟိုဘဲတော့ သနားစရာပဲကွာ။ ဒီမိန်းမကို ဘယ်လိုများ သည်းခံနေလဲ တော့ မပြောတတ်ဘူး။ အင်းလေ … ပိုက်ဆံကြောင့်ပဲ နေမှာပေါ့"

"ကဲပါ မောင်ရယ်။ သူများအကြောင်းတွေ ပြောမနေပါနဲ့။ ဒီအချိန်ဟာ မောင်နဲ့ စန္ဒီ့အတွက် အရေးကြီးတဲ့အချိန် ရောက်နေပြီ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ကဲ … ပြော၊ စန္ဒီ့အဒေါ်နဲ့ အိုကေတယ် မဟုတ်လား။ အဒေါ်က ဘာပြောလဲ"

"စန္ဒီက အချိုသိပ်ထားတော့ အဒေါ်ကတော့ အိုကေပြီထင် ပြီး စေ့စပ်မယ်တွေ ဘာတွေ ဖြစ်နေတာပေါ့။ အဲဒါ စန္ဒီ တို့ လုပ်ရှားမှ ရတော့မယ် မောင်"

"ဖြစ်တယ်လေ။ မောင်ကတော့ အဲဗားရယ်ဒီပဲ။ ကဲ … စန္ဒီက ဘယ်ကို ဟန်းနီးမွန်းချင်လဲ … ပြော"

"အင်း … စန္ဒီက အေးချမ်းတဲ့ နေရာလေးကိုပဲ သွားချင် တာ။ ကလောဘက်ဖြစ်ဖြစ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ … ကလောမှာ အရမ်းမိုက်တဲ့ ဟိုတယ်ရှိတယ်။ Hill Top Villa တဲ့၊ စန္ဒီ မြင်ရင် အရမ်းသဘောကျမှာ …

ကလောရောက်မှတော့ အင်းလေးတို့ ပင်းတယဘက်တို့ပါ သွားကြတာပေါ့။ စန္ဒီလည်း မရောက်ဖူးဘူး မဟုတ်လား"

"အင်း"

"အိုကေ … အဲဒါဆို မောင် စီစဉ်လိုက်မယ်။ ခုဆို ရန်ကုန်–တောင်ကြီးကားတွေ Express တွေက အရမ်းမြန်တယ်။ အဲဒါပဲ စီးကြတာပေါ့ …

ကလောမှာ ဆင်းမယ်၊ မကောင်းဘူးလား"

"ကောင်းပါတယ်၊ မောင် ကြိုက်သလိုသာ စီစဉ်ပါ"

"စန္ဒီက လိုက်ဖို့ အဆင်သင့်ပါပဲပေါ့လေ"

သူ့အပြောကို စန္ဒီက ရှက်ပြုံးလေးဖြင့် အသာနှုတ်ဆိတ်ကာ ပြုံးနေသည်။ သူသည် စန္ဒီရဲ့လက်ဖျားလေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်းမှ …

"ချစ်တယ် စန္ဒီရယ်၊ မင်းနဲ့ နီးရတော့မှာမို့ ကိုယ် အရမ်းပျော်နေတယ်။ ကိုယ်တို့ ဘယ်တော့မှ မခွဲကြတော့ဘူးနော်"

သူ့အပြောကို စန္ဒီက ခိုင်မာသော အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်ပြသည်။ သူသည် စန္ဒီရဲ့လက်ကလေးတွေကို နွေးထွေးစွာ ဖျစ်ညှစ်ရင်းမှ သူ့ရင်ထဲက အားအင်ဓာတ်တွေကို





စီးမျောထည့်ပေးလိုက်သည်။ မျှော်လင့်ချက်တွေဖြင့် သူတို့ရဲ့အပြုံးတွေသည် တောက်ပနေကြသည်။

သိပ်မဝေးသော ကာလတစ်ခုမှာ သူတို့နှစ်ယောက် ဘဝခရီးတစ်ခုကို စတင်လျှောက်လှမ်းကြတော့မှာ ဖြစ်သည့်အတွက် နှစ်ယောက်စလုံး ရင်ခုန်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

သူရိသည် လေယာဉ်ကွင်းသို့ ဆင်းလာရာ လမ်းတစ်လျှောက်၌ ရင်တခုန်ခုန် ဖြစ်နေသည်။ ဘယ်လောက်ပဲတည်ငြိမ်အောင် ကြိုးစား ကြိုးစား စိတ်ကတော့ အနည်းငယ် လှုပ်ရှားသည်သာဖြစ်၏။ ဒီနေ့မနက် လေယာဉ်ဖြင့် သူရိနဲ့ စည်သူတို့ ဟဲဟိုးသို့ သွားကြမည်ဖြစ်သည်။ လေယာဉ်ကွင်းမှာ ဆုံဖို့ချိန်းထားကြလေရာ သူရိက အရင်လိုပဲ အိမ်ကနေ ကားကိုဟန်မပျက်မောင်းထွက်လာခဲ့ရသည်။ လေဆိပ်ရောက်တော့မှ သူငယ်ချင်းတစ်ယောက်ကို ဖုန်းဆက်ကာ ကားကို အိမ်ပြန်ပို့ခိုင်းပြီး စာတစ်စောင်ပါ ပေးခိုင်းမည်ဖြစ်သည်။ စမ်းချောင်းက တိုက်ခန်းမှာ သူရိရဲ့အဝတ်အစားတချို့ပါ ထားခဲ့ပြီးတာမို့ အခုခရီးဆောင်အိတ်က ပေါ့ပါးသွက်လက်နေသည်။

တစ်နေ့က ဘဏ်မှာ သူရိ ထုတ်ထားခဲ့သော ငွေသိန်းနှစ်ရာကိုလည်း စည်သူ့ဆီ ပေးထားပြီးပြီမို့ သူရိသည် ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်ပင်။ ဒါပေမဲ့ သူရိရဲ့စိတ်တွေမှာ ဘာကြောင့်မှန်း မသိဘဲ တစ်မျိုးကြီးဖြစ်ကာ လေးလံနေသည်။





တစ်သက်လုံးက အတူတူနေခဲ့သော မိဘတွေကို ခွဲခွာကာ ဒီလိုသုပ်သွားရတာကိုလည်း ဝမ်းနည်းမိသည်။ သို့သော် သူရိဟာ ခေါင်းမာသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ ပြတ်ပြတ်သားသား ချပြီးသော ဆုံးဖြတ်ချက်တစ်ခုအတွက် နောင်တရနေတာမျိုး မရှိပါ။

သူရိသည် ကားကို လေဆိပ်ပါကင်မှာ ထိုးရပ်ပြီးနောက် သူငယ်ချင်းတစ်ယောက်ထံ ဖုန်းဆက်ကာ ကားလာယူဖို့ ပြောလိုက်သည်။ သူရိ့သူငယ်ချင်း ခင်ဦးက ကားလာယူကာ သူရိ ပေးထားသော စာနှင့်ကားကို အိမ်သို့ သွားပို့ပါလိမ့်မည်။ အစစအရာရာ ကြိုတင်စီစဉ်ထားပြီးသား ဖြစ်သဖြင့် ဘာမှတော့ ပူပန်စရာမရှိ။

သူရိသည် လတ်ဂေ့ချ်အိတ်ကို ကိုင်းကဆွဲကာ လေဆိပ်ခန်းမတွင်းသို့ ဖြည်းဖြည်းချင်း လျှောက်ဝင်လာခဲ့သည်။ စည်သူ့ကို ဝေ့ဝဲရှာဖွေ ကြည့်မိသည်။ မတွေ့။ သူရိက ဘောင်းဘီအိတ်ထဲကဖုန်းကိုထုတ်ကာ စည်သူ့ကို ခေါ်မယ်အလုပ်မှာ Call တစ်ခုက ဝင်ရောက်လို့လာသည်။ Call က စည်သူ့ဆီမှဖုန်းဖြစ်သည်။

သူရိက ဖွင့်ကိုင်လိုက်ကာ ...

"အင်း ... ပြော စည်သူ။ လမ်းမှာလား"

"သူရိ ... ကိုယ်ပြောတာကို သေချာနားထောင်။ ကိုယ့်အဖေလေ ကားမှောက်လို့တဲ့။ အဲဒါ ဆေးရုံတင်ထားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုနကပဲ ကိုယ့်ဆီကို ဖုန်းလာတာ။ အဲဒါ ကိုယ် နယ်ကို
လိုက်သွားရမယ်"

"ဟင် ... အဲ ... အဲဒီတော့ ..."

"သူရီ ကလောကို သွားလိုက်တော့လေ။ ကိုယ် နောက်က
နေ လိုက်လာခဲ့ပါ့မယ်၊ နော် ... သူရီ။ ကိုယ် သူရီ့ရဲ့
အနူးအညွတ် တောင်းပန်ပါတယ် ...

ကိုယ်လည်း ဒီညနေကားနဲ့ နယ်ကို ချက်ချင်းသွား
ရမှာ။ ဟိုက အခြေအနေကိုကြည့်ပြီး ကိုယ် မြန်မြန်လိုက်
ခဲ့ပါ့မယ်"

"နေပါဦး၊ စည်သူ့အဖေက ဘာဖြစ်သွားသေးလဲ၊ စိုးရိမ်
ရလား"

"အရမ်းကြီးတော့ မစိုးရိမ်ရပါဘူး။ နည်းနည်းတော့ မူး
တယ်တဲ့။ အသက်အန္တရာယ်တော့ မရှိဘူး ထင်တယ်။
ဒါပေမဲ့ အမေက ကိုယ့်ကို ဖွတ်ပြန်လာခိုင်းနေတာ၊ အဖေ
နဲ့ အစ်မကလည်း ဘာမှမလုပ်တတ်ဘူးလေ ...

ကားမှောက်တယ်ဆိုတော့ အမှုအခင်းကိစ္စတွေ
လည်း ရှိသေးတယ်။ ဟူး ... ရင်မောရတယ် သူရီရာ
အဲဒီတော့ သူရီ ကလောကို သွားနှင့်လိုက်ပါ။ ကိုယ်
နောက်ကနေ အမြန်ဆုံး လိုက်လာခဲ့ပါ့မယ်"

"အို ... စည်သူကလည်း အမိပွာယ်မရှိတာ။ စည်သူမ
ပါဘဲနဲ့ သူရီ တစ်ယောက်တည်း ဘာသွားလုပ်ရမှာလဲ"





သူရီက စိတ်ရှုပ်ထွေးစွာ အော်မိသည်။ နဂိုတည်း
ကမှ လှုပ်ရှားတုန်ယင်နေသော စိတ်တို့ဟာ ဒီလို အဆင်မပြေ
တာတွေကို ကြားသိရသောအခါ ခပ်နောက်နောက် ဖြစ်လာသည်။
စည်သူက ချော့မော့သော လေသံဖြင့် ...

"ကိုယ် အမြန်ဆုံး လိုက်လာခဲ့မှာပဲ သူရီရာ။ လိုက်မလာ
မှာမှ မဟုတ်တာ။ အလွန်ဆုံး သုံးလေးရက်ပေါ့။ နော် ...
သူရီ ...

သူရီက နားလည်ပေးတတ်ပါတယ် ...
ကိုယ့်ကို စာနာပေးပါကွာ"

"ကျွတ် ... စိတ်ညစ်တယ်ကွာ။ ဒီပြဿနာကလည်း ဘာ
လို့ ဒီနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရတာတဲ့လဲ"

"ဩော် ... သူရီရယ်။ ဘယ်လိုပြောလိုက်တာလဲကွာ။
ဘယ်သူက ဒီလိုအဖြစ်မျိုးကြီး ဖြစ်ချင်မှာလဲ။ မလွှဲသာ
မရှောင်သာ ဖြစ်ရတဲ့ ကိစ္စကြီးလေ၊ အသက်အန္တရာယ်နဲ့
နီးစပ်တဲ့ ကိစ္စကြီးလေ ...

သူရီက နားလည်မှု ရှိမှပေါ့။ ဘဝတစ်ခုလုံးအတွက်
လက်တွဲသွားမယ့် သူတွေပဲဟာ။ ဒီလောက်လေးတောင်
ကိုယ့်အပေါ်မှာ နားလည်မပေးနိုင်ဘူးလား။ ကိုယ်တို့
ရှေ့ဆက်လက်တွဲသွားရင် ဒီ့ထက်ဆိုးတဲ့ ပြဿနာတွေ
တောင် ကြုံလာရဦးမှာ။ ဒါ အစပဲ ရှိသေးတယ် သူရီ"

"တော်ပြီကွာ၊ ဆက်မပြောနေနဲ့တော့။ ဖုန်းဆက်ပိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ၊ ကိုယ် မနက်ဖြန်လည်း ဖုန်းဆက်မယ်။ နေ့
တိုင်း ဖုန်းဆက်မယ်။ အမြန်ဆုံးလည်း ကလောကို လိုက်
လာနိုင်အောင် ကြိုးစားမယ် ...
နော် ... သူရီ"

"အေးပါ၊ ဒါနဲ့ ပိုက်ဆံတွေကရော ဘယ်မှာထားခဲ့တာလဲ"

စည်သူက အသံတိတ်သွားသည်။ အဲဒီအတွက်ကြောင့် သူရီသည် သူ့ကို နည်းနည်းအားနာသွားသော်လည်း မတတ်နိုင်တော့ပါ။ သူရီသည် စိတ်ထဲမှာ တစ်ခုခုဆိုလျှင် မျို ထားတတ်ဘဲ ချက်ချင်းပွင့်အန်တတ်သော သူတစ်ယောက်ဖြစ်သည်။

"ပိုက်ဆံတွေက ဘဏ်ထဲမှာပဲ သူရီ။ ဘာလဲ ... ကိုယ့်ကို မယုံလို့လား။ စိတ်ချပါ။ ကိုယ့်အဖေအတွက် ငွေလိုရင်တောင် အဲဒီပိုက်ဆံတွေကို ကိုယ် မထိပါဘူး"

"မဟုတ်ပါဘူး။ ကဲပါ ... အဆင်ပြေအောင်သာ လုပ်ပါ။ ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲ။ ဖုန်းသာမှန်မှန် ဆက်ပါ"

"အိုကေ ... ကိုယ်လည်း ဒီလိုဖြစ်ရတဲ့အတွက် စိတ်မကောင်းပါဘူး သူရီ။ ကိုယ့်ကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ...
ကိုယ် သူရီ့နောက်ကို အမြန်ဆုံး လိုက်လာခဲ့မယ်"





သူရီသည် မရေရာသော သက်ပြင်းတစ်ချက်ကို ချလိုက်ကာ "အင်းပါ"ဟု ပြောပြီးနောက် ဖုန်းပိတ်လိုက်သည်။ အနီးနားရှိ ခုံတစ်ခုံမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ပြီးနောက် ဘာဆက်လုပ်ရမှန်းမသိဘဲ အကြံအိုက်စွာ ငေးမောနေမိသည်။ သူရီ့လက်ထဲမှ လေယာဉ်လက်မှတ်နှစ်စောင်သည် သူရီ့ကို လှောင်ပြောင်နေသလိုပဲဖြစ်သည်။ ဒီခရီးကို သူရီ သွားသင့်ပါသလား။ စည်သူ မပါဘဲနဲ့ ဒီခရီးကိုသွားလို့ သူရီ့အတွက် ဘာအကျိုးရှိမှာတဲ့လဲ။ ဒါဖြင့်ရင် သူရီ တစ်ယောက် အိမ်ကိုပြန်ရမှာလား။ အိမ်ပြန်လို့လည်း မဖြစ်တော့။ ဒီနေ့ဆိုလျှင် လွှဲငွေတွေထဲမှ သိန်းနှစ်ရာ ခိုးယူထားသော ကိစ္စကို ဖေဖေ သိတော့မည်ဖြစ်သည်။ အဲဒီကိစ္စအတွက် သူရီ ဘယ်လိုဖြေရှင်းချက် ပေးရမှာတဲ့လဲ။

သူရီ ရှုးချင်လာသည်။ ကလောကိုလည်း တစ်ယောက်တည်း မသွားချင်ပါ။ အခုနေ Air Bagan လေယာဉ်ပေါ်သို့ တက်လိုက်သွားပါက နာရီပိုင်းပဲခြားကာ ကလောသို့ ရောက်သွားမှာကို သိသည်။ သို့သော် စည်သူ မပါဘဲနဲ့လည်း ကလောကို သွားဖို့ စိတ်မပါတော့။ အိမ်ပြန်ဖို့ ဆိုတာကလည်း မဖြစ်နိုင်တော့။ အဲဒီတော့ သူရီ သွားဖို့က တစ်နေရာတည်းသာ ရှိတော့သည်။ သူရီသည် တိကျသော ဆုံးဖြတ်ချက်တစ်ခုနှင့် လက်ဆွဲအိတ်ကိုဆွဲကာ လေဆိပ်ခန်းမထဲမှ ပြန်လှည့်ထွက်လာခဲ့သည်။ ပြီးတော့ Taxi တစ်စီးကိုငှားကာ စမ်းချောင်းသို့ မောင်းနှင်လိုက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘရင်ခွင်ကို ခြေစုံကန်ပြီး ထွက်လာကာ အ
ဖြတ်ဖို့အထိပါ မျှော်လင့်ထားခဲ့သော သူရိ့အတွက် လေ
လက်မှတ်နှစ်စောင် ဆုံးတာလောက်ကတော့ စာဖွဲ့ပြောမနေ
ပါ။ စည်သူ့ကိုတော့ တိုက်ခန်းမှာပဲ စောင့်ဖြစ်ဖို့ ဆုံးဖြတ်
တော့သည်။ တကယ်တော့ ကလောသွားဖို့ ဆိုတာလည်း ဟ
မွန်းသဘောမျိုးသာဖြစ်လျက် ကလောသို့ ခိုးပြေးခြင်း
မဟုတ်ပါ။ သူမပါဘဲနဲ့တော့ ဟန်းနီးမွန်းခရီး ဆိုတာ
အဓိပ္ပာယ်မရှိတော့သဖြင့် သူရိ မသွားလိုတော့။

သူနဲ့အတူနေဖို့ စိစဉ်ထားသည့် တိုက်ခန်းလေ
သူ့ကို သူရိ စောင့်ပါတော့မည်။

BURMESE CLASSIC .com

● ❤ ●





သူသည် ကားဂိတ်ကခုံမှာ ထိုင်နေရင်းမှ Taxi
စီးဝင်လာလိုက်တိုင်း လည်တဆန့်ဆန့်ဖြစ်ကာ ထိုင်ရမလို
မလိုဖြင့် ဖင်တကြွကြွဖြစ်နေသည်။ နာရီကို ကြည့်လိုက်တော့
ည်း လေးနာရီထိုးနေပြီ။ သူတို့စီးမည့် တောင်ကြီး–ရန်ကုန်
press ကားက လေးနာရီခွဲမှာ ထွက်မှာဖြစ်သည်။ အခု
းနာရီရှိနေပြီဖြစ်သည်။ စန္ဒီရဲ့အရိပ်အယောင်ကို မမြင်ရသေး။
ချို့ ခရီးသည်တွေမှာ ကားပေါ် အထုပ်တွေတင်လျက် နေရာတွေ
တောင် ထိုင်နေပြီဖြစ်သည်။ ကားကလည်း စက်နှိုးကာ Air
တွေ အာထွေတောင် ဖွင့်နေပြီ။ သူက နာရီကို တစ်ချက်
ကြည့်လိုက်သည်။ မိနစ်လက်တံတွေက တရွေ့ရွေ့နှင်နေဆဲ။
စန္ဒီ ဘာများဖြစ်နေပါလိမ့်။ ကားများပျက်နေလို့
း။ စန္ဒီနေသောနေရာက အင်းစိန်မှာမို့ သူက ကားဂိတ်သို့
စောဆင်းလာဖို့ အရင်နေ့တွေတည်းက အထပ်ထပ် မှာကြား
သားဖြစ်သည်။ စန္ဒီကလည်း သူ့ကို စိတ်မပူဖို့ ကတိအထပ်
ပ်ပေးပြီးသား။ အခု ဘာများဖြစ်ရတာပါလိမ့်။ သူက သောင်းသိ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှဖုန်းကို ထုတ်ကြည့်မိသော်လည်း စန္ဒီ့မှာက ဖုန်းလည်း မရှိသဖြင့် ဘယ်လိုမှ ဆက်သွယ်၍မရ။ လေးနာရီထိုးပြီး ဆယ့်ငါးမိနစ် ရှိလာလျှင် သူ တော်တော် သွေးပျက်လာပြီဖြစ် သည်။ ကားဂိတ်က ဝန်ထမ်းတစ်ယောက်က သူ့ကို တစ်ချက်ကြည့် ကာ ...

"ညီလေး ဒီကားနဲ့ လိုက်မှာမဟုတ်လား၊ တောင်ကြီး နော်"

"ဗျာ ... ဟုတ်။ ထွက်တော့မှာလား အစ်ကို"

"အေး ... နောက်ထပ်ဆယ့်ငါးမိနစ်ဆိုရင် ထွက်ပြီလေ ကိုယ်တို့ကားတွေက Right time ပဲ ညီလေး။ ပစ္စည်းတွေ တင်ထားတော့လေ ...

အထုပ်ကြီးရင် ဗိုက်ထဲမှာထည့်ရမယ်။ သေးရင်တော့ အပေါ်မှာ ဆံ့ပါတယ်"

"ဟုတ် ... သေးပါတယ်။ ခဏလေး အစ်ကို။ ကျွန်တော် အဖော်ရောက်မလာသေးလို့"

"ဪ ... ဟုတ်လား၊ ဖုန်းဆက်ရင်လည်း ဆက်ကြည့် တကယ်တမ်းက ကားမထွက်ခင် နာရီဝက်အလို ကြိုရောက် ရတာ"

ထိုလူက ပြောပြီးထွက်သွားလျှင် သူက ခေါင်းကုတ် ပြီး စိတ်ပူစွာကျန်ရစ်ခဲ့သည်။ စန္ဒီ ဘာများဖြစ်နေလို့ပါလိမ့် အဲဒီ အတွေးသည် သူ့ကို ကြီးစွာဖိစီးနှိပ်စက်ပါသည်။ လမ်းမဘက်





သို့မျှော်ကာမျှော်ကာကြည့်သည်။ စန္ဒီကရောက်မလာသေး။ တကယ် ဆိုလျှင် တစ်ခုခုဖြစ်နေတာတောင်မှ သူ စိတ်ပူနေမှာကို သိလေ သောစန္ဒီသည် သူ့ဆီသို့ ဖုန်းဆက်ရမည်။ ကားပျက်နေရင်းလည်း ပျက်တယ်၊ တစ်ခုခုဖြစ်နေရင်လည်း ဖြစ်နေတယ် စသဖြင့် အကြောင်းကြားရမည်ဖြစ်သည်။ ဒါမှမဟုတ် စန္ဒီရဲ့အဒေါ်ကများ သိသွားလို့လား။ အဲဒီလိုတော့လည်း ဖြစ်နိုင်မည်မထင်ပါ။ စန္ဒီက အလုပ်သွားမယ် အကြောင်းပြပြီး အိမ်ကထွက်လာမှာမို့ သူမ အဒေါ်ကလည်း သံသယရှိမှာမဟုတ်။ သူသည် ကိုယ့်ဟာကိုယ် တွေး၊ ကိုယ့်ဟာကိုယ်မေး၊ ကိုယ့်ဟာကိုယ်ဖြေသော အဖြေတွေ ကြားမှာ မူးနောက်ရှုးသွပ်ချင်လာသည်။

အဲဒီအချိန်မှာ ကားက ဟွန်းတီးကာ စပါယ်ယာက ခရီးသည်တွေကို လိုက်စစ်ပြီဖြစ်သည်။ လေးနာရီကလည်း အတိခွဲနေပြီ။ သူ့ကို မေးဆတ်ပြကာ ...

"ညီလေး ... ကားထွက်တော့မှာကွ၊ ဘယ်လိုလဲ"

"ဟိုဒင်း ... ကျွန်တော့်အဖော်က မလာသေးဘူး အစ်ကို၊ အဲဒါက ..."

"အေး ... အားတော့နာတယ်ကွာ၊ အများနဲ့တစ်ယောက် ဖြစ်နေတယ်ကွ၊ ညီလေးက လိုက်မှာလား"

သူ ဘာပြောရမည်နည်း။ အခုခရီးက သူနဲ့ စန္ဒီတို့ နှစ်ပြေးကြမည့် ဟန်းနီးမွန်းခရီးဖြစ်သည်။ ဒီခရီးမှာ စန္ဒီ မပါဘဲနဲ့ သူက ဘယ်လို ခရီးထွက်ရမှာတဲ့လဲ။ ပြီးတော့ စန္ဒီက ဘာဖြစ်လို့

www.burmeseclassic.com



ဖြစ်နေမှန်းလဲမသိ။ မတတ်နိုင်တော့။ အခုလောလောဆယ်မှာ စန္ဒီ ဘာဖြစ်နေသလဲဆိုတာ သိဖို့က အရေးကြီးနေသည်။ ဒါကြောင့် သူသည် ယတိပြတ်သော ဆုံးဖြတ်ချက်ကိုချကာ ...

"ရတယ် အစ်ကို၊ ကျွန်တော့်က မလိုက်ဖြစ်တော့ပါဘူး"

မလိုက်ဖြစ်တော့သော သူ့ကို ဘယ်သူမှ မျှော်မနေပါ။ သူသည် လစ်ဟာပြီးပါသွားသော ခုံနေရာလေးနှစ်ခုကို နှမြောတသစွာ လိုက်ကြည့်မိသည်။ သူ့စိတ်ကူးထဲမှာတော့ အရာရာဟာ ခမ်းနားလှပသိက်မြိုက်ခဲ့ပါ၏။ ရှမ်းတောင်တန်းကြီးတွေဆီသို့သွားသောခရီးတွင် တစ်လမ်းလုံး သူနဲ့စန္ဒီတို့ ပျော်မဆုံး၊ မော်မဆုံး၊ ချစ်စကားတွေ ဖွဲ့သီမဆုံး ဖြစ်သွားရလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ စန္ဒီက သူ့လက်မောင်းကို မှီအုံးကာ၊ သူက စန္ဒီကို သူ့ရင်ခွင်ထဲသို့ထည့်ကာ အကြင်နာတွေ ခြွေသွားမည်ဟု မျှော်လင့်စိတ်ကူးခဲ့ဖူးသည်။ အေးချမ်းသာယာလှပသော ကလောမြို့လေးတွင် သူနဲ့ စန္ဒီတို့ရဲ့ ပျားရည်ဆမ်းကာလတွေမှာ တစ်သက် မမေ့နိုင်စရာ အင်မတန်ချိုမြိန်မည်ဟု အတွေးနဲ့ရူးခဲ့ဖူးရသော စိတ်ကူးတိမ်စိုင်များမှာ ဘယ်ကိုလွင့်မျောသွားမှန်း မသိတော့။

သူတို့စီးမည့် Express ကားကြီးကတော့ သူ့ကိုထားခဲ့ကာ ထွက်ခွာသွားပြီဖြစ်သည်။ ဒီလိုပဲ တခြားနေရာသွားမည့်ကားတွေကလည်း တစ်စင်းပြီး တစ်စင်း။ သူသည် အဲဒီကားတွေကြည့်ကာ ရင်နင့်လာသည်။ စန္ဒီထံကလည်း ဘာဖုန်းမှမလာချေ။ သူ ဘာလုပ်ရမလဲ။ စန္ဒီ သူ့ကို အရူးလုပ်သွားတာလား။ ဒီ





အတွေးသည် သူ့ကို တုန်လှုပ်ချောက်ချားသွားစေသည်။ အဲဒီလိုတော့ မဖြစ်နိုင်ပါ။ စန္ဒီသည် သူမအပေါ် ပေးစားသော အသက်ကြီးကြီးလူကြီးကိုတော့ ဘယ်နည်းနဲ့မှ ယူမှာမဟုတ်ဆိုတာ ကြိုသိနေသည်။ သူနဲ့လည်း ဘဝတစ်ခုကို တည်ဆောက်ကြဖို့ တစ်လလောက်တည်းက ကြိုတင်စီစဉ်ထားခဲ့ကြတာပဲ။ သူသည် တွေးရင်းတွေးရင်းနဲ့ ချာချာလည်လာသည်။

သူ့ကိုယ်သူ ပြန်မေးသော အရေးအကြီးဆုံးမေးခွန်းမှာ အခု သူ ဘယ်လိုသွားရမလဲ ဆိုတာဖြစ်သည်။ အိမ်ကိုတော့ ပြန်လို့မဖြစ်တော့။ သူ့အိမ်ကို သူက မိန်းမခိုးသွားပြီဟု စာရေးထားခဲ့ပြီဖြစ်သည်။ အခုကျမှ နောက်တာပါ 'ဟဲ ဟဲ' ဟု ပြန်ဝင်သွားရအောင်လည်း နေ့လယ်ခင်းကတင် သူ့အဖေ မန်နေဂျာဆီက ပိုက်ဆံသိန်းငါးဆယ်ကို လိမ်ပြီး ထုတ်လာခဲ့သေးသည်။ စန္ဒီ့ဆီမှာလည်း သူ့ပိုက်ဆံတွေ အပ်ထားတာ သိန်းနှစ်ဆယ်လောက်ရှိပေမို့ ပိုက်ဆံဆိုတာ ပိုနေ၍ ပြဿနာမဟုတ်ဆိုတာကို သိလည်းသောကြောင့် သူက လိုလိုမယ်မယ် ထပ်ဆွဲလာခြင်းဖြစ်သည်။ အခုတော့ အဆွဲကောင်း၍ အိမ်ကိုပြန်ဝင်၍ မရတော့။ ပြီးတော့ သူ့အဖေရဲ့စိတ်ကိုလည်း သူ သိသည်။ ဒီပုံအတိုင်းဆိုလျှင် သူ့အဖေက သူ့ကို ကောင်းကောင်းကြီး တွယ်တော့မှာဖြစ်သည်။

ဒီတော့ သူဟာ စန္ဒီ့ရဲ့အိမ်ကိုပဲ လိုက်ဖို့ဆုံးဖြတ်ရတော့သည်။ လောလောဆယ်တွင် စန္ဒီနဲ့တွေ့ဖို့က အသင့်တော်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးနေသည်။ သူက ကားဝင်းထဲက Taxi တစ်စီးကိုငှား ကာ လိပ်စာသာကြားဖူးသော အင်းစိန်က စန္ဒီတို့အိမ်သို့ ရောက် လာခဲ့သည်။ တစ်လမ်းလုံးလည်း စန္ဒီများ ဖုန်းဆက်လာလေမလား ဟု မျှော်လင့်ခဲ့သော်လည်း ဘာဖုန်းသံမှ မလာ။ အင်းစိန်ရောက်တော့ လည်း စန္ဒီရဲ့လိပ်စာကို မနည်းရှာရဖွေရသည်။ နောက်ဆုံးတော့ မှ လမ်းသွယ်လေးတစ်ခု၏ အဆုံးပိုင်းနောက်နားရောက်မှ မြေစိုက် ထရံအိမ်လေးတစ်လုံးကို တွေ့တော့သည်။ သူ့မှာ ကားသမားကို မျက်နှာချိုသွေးလျက် ခဏစောင့်ဖို့မှာကာ အဲဒီအိမ်လေးအနားသို့ ချဉ်းကပ်လာရသည်။

အရောင်မလင်းသော အိမ်လေးမှာ မှိန်မှိန်ကုပ်ကုပ် ဖြစ်လျက် ဘယ်နားကမှ အသရေမရှိပါ။ ဒီလိုနေရာမျိုးတွင် နေ ရရှာသော စန္ဒီသည် ဘယ်လောက်များ သနားစရာကောင်းခဲ့မှာပါ လိမ့်။ သူက အိမ်လေးထဲသို့ အသာချောင်းကြည့်ကာ အသံပြုရ သည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

အိမ်ထဲက ဘာတုံ့ပြန်မှုမှမကြား။ သူက ထပ်၍ အသံမြှင့်ကာ ခေါ်လိုက်သည်။

"အိမ်ရှင်တို့ လူရှိလား မသိဘူးခင်ဗျ"

ခဏနေတော့မှ တဒုန်းဒုန်း တဒိုင်းဒိုင်း ပြင်းသော လေသံဖြင့် မိန်းမကြီးတစ်ယောက်ထွက်လာသည်။ ဆံပင်လိမ် ကောက်ကောက်၊ မျက်နှာမှာ မိတ်ကပ်အဖွေးသားနှင့် အပေါ်စား



နှုတ်ခမ်းနီကို ရဲတွတ်အောင်ဆိုးထားသော မိန်းမကြီးမှာ ရင်လျား ထားသဖြင့် သူ့မှာ အမ်းတမ်းတမ်းကြီးတောင် ဖြစ်သွားရသည်။ မိန်းမကြီးက သူ့ကို နှုတ်ခမ်းကြီးဆူကာ ကြည့်ပြီးလျှင် ...

"ဘာလဲ ပြော"

"ဟို ... ဒါ စန္ဒီ ... စန္ဒီတို့အိမ်လားဟင်"

"အေး ... ဟုတ်တယ်၊ မင်းက ဘယ်သူလဲ"

"ဗျာ ... ဟိုခင်း ... ကျွန်တော်က သူ့သူငယ်ချင်းပါ"

"သူငယ်ချင်း ! ဘာကိစ္စလဲ"

"ဟို ... တွေ့ချင်လို့ပါခင်ဗျာ၊ စန္ဒီ ရှိလားမသိဘူး"

"မရှိဘူးဟေ့၊ သူက ဒီကို တစ်ခါတလေမှ ပြန်လာတာ"

"ဗျာ ... ဒါဖြင့်ရင်"

"အေး ... ငါလည်း မသိဘူး။ တစ်နေ့က နောက်ဆုံးလာ တုန်းက ပြောသွားတာတော့ ယောက်ျားယူတော့မယ်လို့ ပြောသွားတာပဲ။ ပိုက်ဆံတစ်သိန်းတောင် ကန်တော့သွား သေး"

"ဗျာ ... ယောက်ျားယူမယ်။ ဟို ... အန်တီက စန္ဒီကို ယောက်ျားပေးစားမယ်ဆိုတဲ့ အဒေါ်လား"

"ဘာရယ် ... ဘာကိစ္စ ငါက သူ့ကို ယောက်ျားပေးစား ရမှာလဲ။ သူ့ပေးစားမယ်အတူတူ ငါပဲ ယူမှာပေါ့ဟဲ့"

"ဗျာ ... ဘာတွေလဲ။ သူကပြောတော့ ဟို ... အန်တီက သူ့ကို ယောက်ျားပေးစားမလို့တဲ့ အဲဒါ ..."

www.burmeseclassic.com

www.burmeseclassic.com



"အို ... ပေါက်တီးပေါက်ရှာ။ မသိဘူးဟေ့ ဘယ်တုန်းက မှ မပြောခဲ့ဖူးပါဘူး။ ရှပ်ရှပ်ယှက်ယှက် ကဲ ... ကိုယ်တော်လေး ကျုပ် အလုပြင်နေတာ မပြီးသေးဘူး ...

သွားတော့ စန္ဒီ မရှိဘူး၊ ဟုတ်ပြီလား"

သူ့မှာ အဲဒီစကားကြောင့် ခေါင်းနားပန်းကြီးသွားရကာ ...

"ဟာ ... ခဏ ... ခဏ နေပါ အန်တီရယ်။ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် စန္ဒီနဲ့ တွေ့ရမှာဖြစ်မှာပါ။ အရမ်းအရေးကြီးလို့ပါ"

"ဟဲ့ ... ငါမှမသိတာ။ သူ ယောက်ျားယူတော့မယ်လို့ ပြောသွားပါတယ်ဆို။ ယောက်ျားယူမယ် ယောက်ျားနဲ့ပဲ နေတော့မယ် ...

အဲလို ပြောသွားတာ"

"ကျွန်တော်က သူယူမယ့် ယောက်ျားပါ အန်တီ"

"ဟင် ... အဲဒါဆို မင်းက ဒီကို ဘယ်လိုလုပ်ရောက်နေရတာလဲ"

"အဲဒါက ကျွန်တော်က မေးရမှာ။ ကျွန်တော်နဲ့စန္ဒီ ဒီနေ့ ကားဂိတ်မှာ ချိန်းထားတာပါ အန်တီ။ သူ့ကို အန်တီက အသက်ကြီးကြီး လူကြီးတစ်ယောက်နဲ့ ပေးစားမယ်ဆိုလို့ ကျွန်တော်တို့ ခိုးပြေးကြဖို့ စီစဉ်ထားတာပါ"

"ယော ... အဟား ဟား ဟား"





မိန်းမကြီးက သူ့စကားကို ခါးထောက်လျက် ခွက်ထိုးခွက်လန်ရယ်မောလေသည်။ ဆံပင်ကောက်ကောက်၊ ဝတုတ်တုတ်နှင့် ထဘီရင်လျားထားကာ အာတပြဲပြဲ အော်ရယ်နေသော မိန်းမကြီးကိုကြည့်ကာ သူ သွေးပျက်ချင်လာသည်။ မိန်းမကြီးက သူ့ရဲ့ဆီးစွက်လောက်ရှိသော မျက်နှာကို ကြည့်လျက် အရယ်ငြိ လက်စသတ်ပြီးမှ ...

"အေး ... မင်းတော့ ကောင်းကောင်းကြီး အဘတ်ခံလိုက်ရပြီကိုး သူငယ်လေးရဲ့။ မင်းလည်း ငါ့တူမရဲ့သားကောဖြစ်သွားပြီနဲ့တူတယ်။ ဒီမယ် မှတ်ထား။ ငါက သူ့ဘာယောက်ျားမှလဲ ပေးစားဖို့ မစဉ်းစားဘူး။ သူ့ဟာ ယူချင်ရင်ယူ မယူချင်ရင်နေ ...

တို့တွေက ကိုယ်လုပ်ချင်ရာလုပ်ကြတာ။ အခုလည်း သူက ငါ့ကို ယောက်ျားယူပြီး ယောက်ျားနဲ့ပဲ နေတော့မယ် ပြောသွားတာပဲ။ သေချာတာတော့ သူယူမယ့်ယောက်ျားဟာ မင်းမဟုတ်ဘူးနဲ့ တူတယ်"

ဆယ်ခွန်းပြော တစ်ခွန်းအမှန်ယူရသည့် အဒေါ်ကြီး၏ နောက်ဆုံးစကားသည် သူ့နားထဲသို့ မိုးကြိုးပစ်ချလိုက်သလိုပဲ ဖြစ်သည်။ သို့သော် သူက ခေါင်းကို သွက်သွက်ခါယမ်းလိုက်ကာ ...

"မဖြစ်နိုင်ဘူး။ သူနဲ့ ကျွန်တော် သေချာစီစဉ်ထားတာ အန်တီ။ နေဖို့နေရာတောင် စီစဉ်ထားတာ။ တိုက်ခန်းတောင် ရှာပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … အဲဒါဆိုလည်း အဲဒီတိုက်ခန်းကို သွားကြည့်ကြည့်ပေါ့ဟာ၊ ကျုပ်တော့ မပြောတတ်တော့ဘူး"

အဒေါ်ကြီးက စိတ်ကုန်သလိုဖြင့် ချာခနဲလှည့်ထွက်သွားလျှင် သူသည် ကြိတ်မနိုင်ခဲမရဖြင့် ကျန်ရစ်ခဲ့ရသည်။ အဲဒီနောက် Taxi သမားထံသို့ ပြန်သွားကာ ကားကို စမ်းချောင်းဘက်ရှိ မောင်းနိုင်းရပြန်သည်။ ဒီတစ်ခါတော့ သူ့မှာ စမ်းချောင်းဘက်ကလွဲ၍ သွားစရာမရှိတော့ပါ။ စမ်းချောင်းရောက်လျှင်တော့ ကားသမားကို ကားခ များများစားစား ရှင်းပေးလိုက်ရသည်။ သူသည် သူ တက်ရမည့် ရှစ်ထပ်တိုက်ကြီးကို အောက်ကနေ မျှော်ကြည့်ကာ ရင်မောသွားရသည်။ ဒီတိုက်ကြီးရဲ့ ငါးလွှာသို့ လတ်ဂေ့ချ်အိတ်ကြီးကို ဆွဲကာ မမောမပန်းနိုင် တက်ရပေလိမ့်ဦးမည်။

သူသည် အဲဒီတိုက်ခန်းလေးထဲမှာ စန္ဒီတစ်ယောက်ရောက်နေဖို့ ဆုတောင်းပါသည်။ သို့သော် အဲဒီမျှော်လင့်ချက်လေးမှာ ပိုးကြိုးမျှင်လေးလောက်သာရှိမှန်း သူ့ကိုယ်သူလည်း သိသည်။ အဲဒီမှာမှ စန္ဒီ မရှိဘူးဆိုလျှင် စန္ဒီ့ကို ဘယ်နေရာမှာ သွားရှာတော့မည်နည်း။ တကယ်ကိုပဲ တွေးရင်းနဲ့မှ သူ့စိတ်တွေ ပြန်၍ ရှုပ်ထွေးလာသည်။ ရှုပ်ထွေးရင်းနဲ့မှကို သူသည် ပထမခြေလှမ်းအဖြစ် လှေကားထစ်တွေကို စတင်၍ တက်လိုက်ပါသည်။

● ❤ ●





## ၉

သူရိသည် လမ်းလျှောက်ရင်းမှ ရှစ်ထပ်တိုက်ကြီးရှေ့သို့ရောက်လျှင် ကိုယ်တက်ရမည့် ငါးလွှာကို မျှော်ကြည့်ကာ လှေကားမတက်ရခင်တည်းက ကြိုမောသွားသည်။ မနက်တည်းက ဒီအခန်းကို ရောက်နေသော သူရိသည် နေ့လယ်ခင်းက နေ့လယ်စာ စားဖို့အတွက် အောက်သို့ တစ်ခါဆင်းရသည်။ သို့သော် စားရဘာနဲ့ မကာမိ။ လမ်းပြန်လျှောက်လာရတာနဲ့ ငါးလွှာသို့ ပြန်တက်ရတာနဲ့ အပေါ်ထပ်ရောက်တော့ ဟောဟဲ ဆိုက်နေသည်။ ညနေဘက်ရောက်တော့လည်း ညနေစာစားဖို့အတွက် နောက်တစ်ခါ ထပ်ဆင်းရပြန်သည်။ အပေါ်ထပ်မှာက ဘာမှ မရှိသေး။ အိမ်ထောင်ပစ္စည်း ပရိဘောဂ အိုးခွက်ပန်းကန် စတာတွေကို မှာကြျတော့မှပဲ စည်သူနဲ့အတူတူ Citymart မှာ သွားဝယ်ကြဖို့ စဉ်းစားထားသဖြင့် ဘာမှ မဝယ်ရသေး။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာ အခန်းထဲ၌ အိပ်စရာနစ်ယော
အိပ် မွေ့ရာတစ်ခုသာရှိသည်။ သူရိတို့ထံမှာ ပိုက်ဆံတော်တော်
များများ ပါလာသောကြောင့် တိုက်ခန်းကိုတော့ ကောင်းကောင်း
ပြင်ဆင်ထားမည်ဟု စိတ်ကူးထားလေသည်။ Air Con မရှိ
မနေတတ်သော သူရိ့အဖို့ Air Con တပ်ရမည်။ အဝတ်လျှော
စက်ဝယ်ရမည်။ TV၊ DVD စသဖြင့် ဖျော်ဖြေရေးပစ္စည်းတွေ
လည်း မရှိမဖြစ်။ ရေခဲသေတ္တာဆိုတာကလည်း လိုအပ်သေးသည်
သူရိက ထမင်းဟင်း မချက်တတ်သော်လည်း စည်သူက
ချက်တတ်ပြုတ်တတ်သည်ဟု ပြောထားသောကြောင့် ဂက်စ်
လည်း ဝယ်ရဦးမည်။ သူရိသည် စဉ်းစားတွေးတောရင်းမှ လှေကား
ကို တစ်ထစ်ချင်း ဖြည်းဖြည်းတက်လာတာတောင် မောလာသည်
ဒီလိုသာ အတက်အဆင်း နေ့တိုင်းလုပ်၊ လမ်းလျှောက်နေ
တော့ ပိန်တောင်သွားမည်ဟု ထင်သည်။ သို့သော် ပိန်တာ ဝ
တာကို စိတ်မဝင်စားအား။ တစ်နေ့ တစ်နေ့ ဒီလှေကားကို
ခဏ အတက်အဆင်းလုပ်ကာ စားစရာဝယ်နေရလျှင် သက်
မှာမဟုတ်ဟု တွေးမိသည်။ ဒီတော့ ရေနွေးကြိုသည့်ဓာတ်ဘူး
ခေါက်ဆွဲထုပ်ပြုတ်သောက်ဖို့ လျှပ်စစ်ပလပ်ပေါက်အိုးလေးက
မနက်ဖြန်မှာ မဝယ်မဖြစ် ဝယ်ရမည်ဟု ဆုံးဖြတ်လိုက်သည်

အတွေးနှင့်အတူ လှေကားတက်လာခဲ့သော သူ
သည် ကိုယ့်အခန်းတံခါးရှေ့သို့ ရောက်သွားသည့်အခါမှာ
တံခါးသော့ကို ချက်ချင်း မဖွင့်နိုင်သေးဘဲ ဟောဟဲဆိုက်လျ





သည်။ တက်နေကြလူတွေဟာ ဘယ်လိုနေမလဲ မပြောတတ်ပါ။
ကတော့ လှေကားတစ်ခါတက်တိုင်း အသက်တစ်ရက်လောက်
သွားသလို ခံစားရသည်။ ချစ်သော စည်သူရဲ့ လက်မောင်းကို
ပြီး တက်လျှင်တောင် ဒီလောက်မောမည် မဟုတ်ပါ။ စည်သူ
… မြန်မြန်လာပါတော့။

သူရိက တိုးတိတ်စွာ ကျိတ်ဆုတောင်းပြီးနောက်
ခတ်ထားသော သံပန်းတံခါးကို ဖွင့်လိုက်သည်။ အဲဒီနောက်
သားတံခါးကိုပါ ထပ်၍ဖွင့်ပြီးနောက် တံခါးနှစ်ခုလုံးကို
ရာစွာ ပြန်ပိတ်ပြီးမှ အထဲသို့ ဝင်လာခဲ့သည်။ အဲဒီမှာပဲ
ရဲ့အာရုံတွေဟာ တစ်စုံတစ်ခုကို သတိထားမိတာဖြစ်ပါသည်။
ခန်းထဲမှ မီးတွေလင်းနေသည်။ ပြီးတော့ ရေချိုးခန်းထဲမှ
ကျသံတစ်ခု။ သူရိ နှလုံးသားတွေ ဒိတ်ခနဲ ဖြစ်သွားသည်။
တော့ ရင်တွေလည်း တလှပ်လှပ်ခုန်လို့လာခဲ့လေသည်။ စည်သူ
က်နေပြီ။ သူရိသည် ဖျုံးဖျုံးဖျတ်ဖျတ် ခုန်လာသောရင်တွေဖြင့်
ခန်းထဲသို့ လှစ်ခနဲ ပြေးဝင်ကြည့်မိသည်။ သေချာပြီ အခန်းထဲမှာ
ဆောင်အိတ်တစ်လုံး။ ပြီးတော့ ချွတ်ပြီးပုံထားသော စည်သူရဲ့
တ်အစားများ။

ကြည့်စမ်း … သူက သူရိ့ကို ဆပ်ပရိုက်စ်လုပ်တာ
လေ။

သူရိသည် အဲဒီအတွေးနဲ့အတူ ကြည်နူးစွာ ပြုံးရင်း
ချိုးခန်းနားသို့ အသာတိုးကပ်သွားမိသည်။ သူ ဘယ်အချိန်တည်း



www.burmeseclassic.com

www.burmeseclassic.com



ကများ ရောက်နေတာပါလိမ့်။ ကြည့်ရတာ သူရီ ညနေစာသွားစား ဖို့ ဆင်းသွားချိန်မှာ သူ ရောက်လာတာ ဖြစ်နိုင်သည်။ စည်သူနဲ့ သူရီမှာ အခန်းသော့ကို တစ်ယောက်တစ်ချောင်း ယူထားကြတာ ကြောင့် သူရီ မရှိလည်း သူက ဖွင့်ဝင်ဖို့ အဆင်ပြေသည်။ ဒီည အဖို့ တစ်ခါမှမနေဖူးသော အခန်းထဲမှာ တိတ်ဆိတ်ချောက်ချား စွာ ဖြတ်ကျော်ရလေမလားဟူသော အတွေးမျိုးဖြင့် အားငယ်နေ သော သူရီရဲ့နှလုံးသားတွေသည် ချက်ချင်းပဲ လန်းဆွင်သွားရသည်။

သူရီက သူ့ကို ပြန်နောက်ဖို့အတွက် နံရံနား အသာကပ်ကာ ပုန်းနေမိသည်။ ရေချိုးတာ တော်တော်ကြာသော စည်သူမှာ တော်တော်နဲ့ထွက်လာ။ ခဏနေတော့မှ ရေသံတွေရပ် သွားပြီးနောက် တဘက်တွေ ဘာတွေ တဖြုန်းဖြုန်းခါသည့်အသံ ထွက်လာသည်။ ဒါဆိုရင် သေချာပြီ။ သူအပြင်ထွက်လာတော့မည်။ သူရီသည် တစ်ယောက်တည်း တခိခိရယ်ကာ အင်္ကျီတွေ ဘာတွေ ပင် ဆွဲဆန့်လိုက်ရင်း မျက်နှာပိုးကို ပြင်ယူလိုက်သည်။ အဲဒီနောက် ရေချိုးခန်းတံခါးက ဖျတ်ခနဲပွင့်လာကာ စည်သူက အပြင်ဘက်သို့ ထွက်လို့လာလျှင် သူရီသည် ဟိတ်ဆိုသော အသံနဲ့အတူ စည်သူ့ ခါးကို အားရပါးရ လှမ်းဖက်ချလိုက်လေသည်။

သို့သော် စည်သူ့ထံမှ ကြောက်လန့်တကြား "အား" ခနဲအော်သံကြီးနှင့်အတူ သူရီကို ဆောင့်တွန်းထုတ်တာကို ခံလိုက် ရလျှင် သူရီသည် ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လိုက်လျှင် ပစ်လဲကျ သွားလေသည်။ သူရီက အံ့သြနာကျင်သွားသောစိတ်ဖြင့် မော့ကြည့်





လိုက်လျှင် မတ်တတ်ရပ်လျက် အနေအထားဖြင့် အပေါ်ပိုင်းဗလာ ကျင်း အောက်ဘက်မှာ တဘက်တစ်ထည်ကို ခပ်တိုတိုနန့်နန့် ပတ်ထားသော စည်သူမဟုတ်သည့် ရှည်လမျောကောင်တစ်ကောင် ကို တွေ့လိုက်ရလျှင် ဆံပင်မွေးတွေ ထောင်သွားမတတ် ထိတ် လန့်ချောက်ချားသွားသည်။ ပို၍ဆိုးသည်မှာ အဲဒီတစ်ယောက်သည် သူရီနှင့် မျက်နှာကြောလုံးဝမတည့်သည့် သင်တန်းမှ Fido Dido ကောင်းဖြင့် ရှည်လမျောပိန်ရှည်ကောင် ဖြစ်လို့နေသည်။ သူရီသည် အံ့သြလွန်းသဖြင့် ဖင်ထိုင်လျက်သားမှ ထတောင်မထနိုင်သေးဘဲ သူ့ကိုသာ လက်ညှိုးတထိုးထိုးဖြင့် စကားတွေက ထစ်ငေါ့လျက် နေသည်။

"ဟင် ... နင် ... နင်"

"မင်း ... မင်းက ဘယ်သူလဲ၊ ဟာ ... ဟုတ်ပါဘူး၊ မင်းက ဒီအခန်းထဲကို ဘယ်လိုလုပ်ပြီး ရောက်နေရတာ လဲ"

သူရီသည် အဲဒီစကားကြောင့် ဒေါသအကြီးအကျယ် ထွက်သွားရင်း ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ကာ ...

"အောင်မာ ... အဲဒါ ငါက နင့်ကို မေးရမှာဟဲ့၊ ဒါ ငါ့အခန်း။ နင်ကသာ ဘယ်လိုလုပ် ရောက်နေရတာလဲ"

"ဘာ ... ဘာရယ်၊ နင့်အခန်း ဟုတ်လား၊ ဟား ... မဖြစ် နိုင်တာ။ ငါ့အခန်းမို့ ငါဝင်ပြီး ရေချိုးနေတာပေါ့ ... မင်း မှားနေပြီ။ အခန်းလွဲနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ဘာကိစ္စ လွဲရမှာလဲ။ ငါ ဒီအခန်းကို မနက်တည်းက ရောက်နေတာဟဲ့။ အခန်းထဲမှာ ငါ့အဝတ်သေတ္တာကို နင် မမြင်ဘူးလား ဟမ် ...

ငါ မနက်ကရောက်တော့ကို အခန်းထဲမှာ ဘာအဝတ်အိတ်မှ မတွေ့သေးဘူး၊ နင်တောင် အခုနကမှ ရောက်လာတာ မဟုတ်လား ...

သွား ... သွား ... နင် ထွက်သွားတော့"

"ဟာ ... ဘာဆိုင်လို့ ထွက်သွားရမှာလဲ။ ဒါ ငါ့အခန်းပါ ငါ့အခန်းမို့ ငါ့သော့နဲ့ငါ ဖွင့်ဝင်လာလို့ရတာပေါ့၊ အဓိပ္ပာယ်မရှိတာ"

"ဘာ ... ဘာအဓိပ္ပာယ်မရှိရမှာလဲ။ ငါ့အခန်းဟဲ့သိလား နင်ဝင်လာတော့ အထဲမှာ အဝတ်သေတ္တာ မမြင်ဘူးလား ဒါ ငါ့အခန်းမို့လို့ပေါ့ ...

ရှင်းအောင်ပြောလိုက်ရဦးမလား၊ ဒါ (......) အောင်ဆောင်လုပ်ငန်းက ငှားထားတာ"

"ဟာ ... ငါလည်း အဲဒီကငှားထားတာပဲ၊ လိပ်စာတောင် ပြောလိုက်ရဦးမလား"

"အောင်မာ ... အောင်မာ ... ပြေူးက ပြန်ပြီနေရသေးတယ် ဒီအခန်းက ငါ့ရည်းစားနဲ့ ငါနဲ့ နေဖို့ တစ်နှစ်စာချုပ် ငှားထားတဲ့အခန်းဟဲ့ ...





စာချုပ်ရှိတယ် နားလည်လား။ ကျွတ် ... ကဲ ... ကြာတယ်ဟာ။ နင် အဝတ်လဲပြီး ထွက်သွားလိုက်တော့"

"ဟာ ... မသွားနိုင်ပါဘူး။ ငါလည်း ငါ့ရည်းစားနဲ့ အတူနေဖို့ ငှားထားတာပဲ။ ငါ့ရည်းစားကိုယ်တိုင် ငှားထားတာ။ ဒီကိုတောင် တစ်ခေါက်လာကြည့်ထားသေးတယ်။ ဒီအခန်းမှ ဒီအခန်း ဘာမှလွဲစရာအကြောင်းမရှိဘူး"

"ဪ ... အဲဒါဆို ငါက လွဲနေတဲ့သဘောလား။ မဖြစ်နိုင်တာ။ လုံးဝမဖြစ်နိုင်ဘူး။ သွား ... သွား မင်းထွက်သွားတော့"

"ဟ ... အဲဒီလိုကြီး မင်း တရားလက်လွှတ်မပြောနဲ့လေ။ မင်း ဦးနှောက်နဲ့ပဲ ဆင်ဆင်ခြင်ခြင် စဉ်းစားကြည့်စမ်းပါဦး ...

ဒီအခန်းသော့က မင်းလက်ထဲမှာရော ငါ့လက်ထဲမှာရော ရှိတယ်။ ဒါ ငါတို့နှစ်ယောက်လုံးနဲ့ ဆိုင်တဲ့အချက်ပဲ မဟုတ်လား။ သွေးရူးတန်းရူးနဲ့ အော်မနေစမ်းပါနဲ့။ ခေါင်းသုံးစမ်းပါကွာ"

"အို ... ဘာမှ မသုံးနိုင်ဘူး။ နှစ်ယောက်စလုံးနဲ့ ဆိုင်တယ်ဆိုပြီး နင်နဲ့ ငါနဲ့က အတူတူ တစ်ခန်းတည်းနေနေရမှာလား ...

အဓိပ္ပာယ်မရှိလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဗလသည် ကိုယ်က ဒီလောက်ပြေပြေလည်လည် ပြောနေတာတောင် လက်ခံတွေးတောနိုင်စွမ်းမရှိသည့် ဒီမိန်းမ ကြည့်ကာ ချဉ်လာသည်။ ဒါကြောင့် နဂိုတည်းကလည်း ရှေ့ရေး မရှိသူပီပီ အလျှော့မပေးတော့ဖို့ ဆုံးဖြတ်ထားပြီးဖြစ်သည်။ ပြီး အခြေအနေတွေက သူ မယုံကြည်နိုင်လောက်အောင် ရှုပ်ထွေး ဆန်းကြယ်လို့နေသည်။ ဒီပုံစံအတိုင်း ကြာကြာနေလျှင် မရှင်းမလင်း ကွဲကွဲပြားပြား မသိရသေးခင် လေအရင်ဖြတ် မှာကြောက်တာကြောင့် သူက အင်္ကျီဝတ်ဖို့ အခန်းထဲသို့ဝင် ပြလိုက်သည်။ အဲဒါကို သူမက ကြောက်လန့်တကြား လိုက်ဆွဲထားကာ ...

"ဟိတ် ... ဟိတ် ... ဒါက ဘယ်ကိုလဲ"

"ဘယ်ရမလဲ ငါ အင်္ကျီဝတ်မလို့ပေါ့။ ဒီအတိုင်းကြီး နေရမှာလား"

"အေး မြန်မြန်ဝတ်။ နင့်အထုပ်ကို သယ်ခဲ့ပြီး ထွက်သွား တော့"

သူ စိတ်ကုန်စွာဖြင့် ဘာစကားမှ ဆက်မပြော ဘဲ အခန်းထဲသို့ ဝင်ခဲ့သည်။ အပြင်ထပ်မသွားဖို့တော့ ယတိ ဆုံးဖြတ်ထားပြီးသား ဖြစ်သဖြင့် တီရှပ်တစ်ထည်နှင့် သရီးကွာ ဘောင်းဘီတိုတစ်ထည်ကိုပဲ ပေါ့ပေါ့ပါးပါးဝတ်ကာ ပြန်ထွက် ခဲ့သည်။ သူမက သူ့ကို မျက်လုံးပြူးပြီး လက်ပိုက်ကြည့်

"ဟဲ့ ... နင် မသွားသေးဘူးလား"





သူက အေးအေးဆေးဆေးပင် ဆိုဖာပေါ်မှာ ဝင် ထိုင်လိုက်ပြီးမှ ...

"ဘာဖြစ်လို့ သွားရမှာလဲ။ ဒီအခန်းက ငါနဲ့လည်း ဆိုင် တာပဲ"

"ဘာ ... ဘာဆိုင်တာလဲ၊ ဘာကိစ္စဆိုင်ရမှာလဲ။ ကျွတ်... နင့်ဦးနှောက် အဲဒီလောက်ချောင်နေလား။ ဒီအခန်းထဲမှာ နင်နဲ့ ငါနဲ့ ဘယ်လိုလုပ် အတူတူနေရမှာလဲ"

"မင်းနဲ့ရော ဘယ်သူက အတူတူ အိပ်မယ်ပြောနေလို့လဲ။ ဒီမှာ မိန်းကလေးမို့ သနားပြီး ငဲ့ညှာလိုက်မယ်။ မင်း အခန်းထဲမှာအိပ်၊ ငါ အပြင်မှာပဲ အိပ်မယ်။ ဒီထက်ပိုပြီး ဘာမှ မတောင်းဆိုနဲ့တော့၊ ငါ မလိုက်လျောနိုင်တော့ဘူး"

သူ့အပြောကို သူမက ပါးဖောင်းအောင် ဒေါသထွက် သွားဟန်ဖြင့် မျက်လုံးတွေက မီးဝင်းဝင်းတောက်သွားသည်။

"ဘာရယ် ... တောက် ... နင် မိုက်ရိုင်းလှချည်လားဟဲ့။ ဘယ်လို မိဘမျိုးရိုးက မွေးတာလဲ"

"ဟိတ် ... သူရိချမ်းစိမ့် မင်း မိဘတွေကိုပါ ထည့်မစော် ကားနဲ့။ ငါ ပြောလိုက်ရင် မင်း ဒီထက် ဆတ်ဆတ်ခါ နာသွားမယ် ...

မင်းရော ဘာအတွက်ကြောင့် ဒီအခန်းထဲကို ရောက် နေရတာလဲ။ တနာစိတ်ထားစမ်းပါ။ မင်းကို ငါ တစ်ခုမေး မယ်။ မင်း ဒီနေ့ ခိုးရာလိုက်ဖို့ ချိန်းထားတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကြောင့် သူမက မျက်နှာတစ်ချက်ပျက် သွားသည်။ အဲဒါကို အခွင့်ကောင်းယူ၍ သူမ ဘာမှ ပြန်မပြော နိုင်ခင်မှာ ဆက်ပြောမိသည်။

“အေး ... ငါလည်း အဲဒီအတိုင်း စီစဉ်ထားတာပဲ။ ဒါပေ... မင်းလည်း မင်းလိုရာခရီးကို မသွားနိုင်ခဲ့ဘူး မဟုတ်လား... ငါလည်း မသွားနိုင်ခဲ့ဘူး ...

မင်းရော ငါရော လက်ထဲမှာ ဒီအခန်းသော့ ... ယောက်တစ်ချောင်းစီ ရှိတယ်၊ ဒါ သေချာစဉ်းစားရ... အချက်ပဲ။ မင်းအခန်းသော့ကို မင်း ဘယ်ကရတာလဲ”

သူမက ပြန်မဖြေချေ။ သူက ခေါင်းတစ်ချက်ဆ... လိုက်ပြီးမှ ...

“မင်းရည်းစားဆီက ရတာမဟုတ်လား။ အေး ... ငါလည်း ငါ့ရည်းစားဆီက ရတာ။ ဒီတော့ ငါတို့ စဉ်းစားရမှာ... ဒါ တိုက်ဆိုင်မှုလား၊ တမင်တကာ ကြံစည်တာလားဆို... ပဲ ...

တိုက်ဆိုင်တာလားဆိုတာတော့ အကျိုးဆောင်... ငန်းရဲ့ မှားယွင်းမှုအဖြစ် ဒီအခန်းကိုပဲ နှစ်ယောက်စလုံး... ငှားမိတာလားဆိုတာပဲ။ ကြံစည်တာလားဆိုတာကတော့...

သူက ဆက်မပြောတော့ဘဲ သူမကို တစ်ချက်ကြည့်... ကာ ပခုံးတစ်ချက်တွန့်ပြလိုက်လျှင် သူမက အံကို တင်းတင်း ကြိတ်ကာ အခန်းထဲသို့ဝင်သွားသည်။ ခဏနေလျှင် သူ့ရဲ့လက်ဆွဲ... ကြီးကို အပြင်ဘက်သို့ ဝုန်းခနဲ ပစ်ထုတ်လိုက်တာကို တွေ့ရလျှင် သူက ထောင်းခနဲ ဒေါသထွက်သွားသည်။ သူမကတော့ အခန်း တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်သွားသည်။ သူက စိတ်တိုတိုဖြင့် အခန်းတံခါးကို တစ်ချက်ထုပစ်လိုက်ကာ ...



“ဟေ့ ... ဘာကိစ္စ အိတ်ကို လွှင့်ပစ်ရတာလဲကွ၊ နား မလည်ဘူးလား”

“နားမလည်ဘူး ... နားမလည်ဘူး”

သူမကလည်း အထဲမှ ကဲကဲဆတ်ဆတ် ပြန်အော်သည်။

“တောက် ... ဘယ်လိုမိန်းမမှန်း မသိဘူး။ ဟေ့ ... ဒီမှာ။ ငါပြောမယ်၊ မနက်ဖြန် အဲဒီ အကျိုးဆောင်လုပ်ငန်းကို မင်းနဲ့ ငါက အတူသွားမယ်။ ကြားလား။ အဲဒီကျ အဖြေ မှန်က ကွဲပြားသွားမှာပဲ”

“လျှာမရှည်နဲ့ သိတယ်ဟေ့”

သူက တက်တစ်ချက် ခေါက်ပြီးနောက် ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဆိုဖာပေါ်တွင် စိတ်ပျက်လက်ပျက် ပစ် ထိုင်ပြီးမှ ဘာကို စိတ်တိုမှန်းမသိ စိတ်တိုကာ လူသတ်ချင်စိတ် တွေ ပေါက်လာသည်။ စန္ဒီ ဟူသော နာမည်ကို ရန်ကုန်တစ်မြို့ လုံးကြားအောင် စိတ်ရှိလက်ရှိ အော်ပစ်ချင်စိတ်တွေကို အတွေးပဲ ထိန်းချုပ်ထားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညက အခန်းထဲမှာ တံခါးလော့ခ်ကို သေချာချလျှ
အိပ်ရာထက်မှာ လဲလျောင်းခဲ့သော်လည်း သူရီသည် တစ်ညလုံး
အိပ်မပျော်ခဲ့ပါ။ တစ်သက်နဲ့တစ်ကိုယ် စိတ်ဆင်းရဲမှုဆိုတာ ရှိ
လားဟု မေးလာခဲ့ရသော သူရီအတွက် အိပ်မပျော်ခြင်းကိုပေ
သည့် စိတ်ဆင်းရဲမှုဆိုတာ ဒါ ပထမဆုံးအကြိမ်ပဲ ဖြစ်သည်။
တစ်သက်နဲ့တစ်ကိုယ် ပထမဆုံးရောက်ဖူးသော နေရာစိမ်းလည်း
ဖြစ်၊ အဲဒီနေရာစိမ်းမှာ တစ်ယောက်တည်း ဆိုရင်တောင်မှ အိပ်
ပျော်ချင် ပျော်လိမ့်ဦးမည်။ အခုတော့ ဘယ်လို လွဲချော်မှုဖြ
ရောက်လာမှန်းမသိသော လူတစ်ယောက်ကလည်း ရှိသေးသည်။
အဲဒီအတွက် စိုးရိမ်ပူပင်စိတ်တို့အပြင် စည်သူ ဘာတွေလု
ထားလဲဆိုသော စိုးရိမ်စိတ်တို့ကလည်း သူရီ့ကို ဖိစီးနှိပ်စက်
သည်။

စိတ်တိုတိုဖြင့် စည်သူ့ဖုန်းကို ဆက်သော်လည်း
စက်ပိတ်ထားခြင်းနှင့် ကြုံရလေသောအခါ သူရီသည် တနုံ့နုံ့ဖြ
လာခဲ့သောစိတ်တို့ဖြင့် တစ်ညလုံး အိပ်မပျော်တော့။ စက်ပိ





ထားခြင်းဆိုရာမှာလည်း အကြောင်းအမျိုးမျိုးရှိနိုင်သည်။ ဘက်ထရီ
အား လုံးဝမရှိတော့လျှင်လည်း စက်ပိတ်ထားသည်ဟု ဖုန်းက
ဖြေတတ်သည်။ ဖုန်းလိုင်းမမိသည့်နေရာ ရောက်နေလို့ စက်ပိတ်
ထားရတာလည်း ဖြစ်နိုင်သည်။ စည်သူရဲ့ဇာတိမြို့ဟာ GSM
ဖုန်းလိုင်း မမိသေးသည့်မြို့တော့ ဖြစ်သည်။ အဲဒါကြောင့် စက်ပိတ်
ထားတာမျိုးလည်း ဖြစ်နိုင်သည်။ အို ... အဲဒါပဲ ဖြစ်နိုင်တာပေါ့။
စည်သူက တမင် ဖုန်းမပြောချင်၍ စက်ပိတ်ထားခြင်းတော့ ဖြစ်
နိုင်မည် မထင်ပါ။ ဘယ်လိုအကြောင်းနဲ့မှ မဖြစ်နိုင်။

အဲဒီ မဖြစ်နိုင်တာတွေ တွေးပြီးသော်လည်း တစ်ဖက်
မှာက ဒီအခန်းရဲ့သော့ကိစ္စက သူရီရဲ့အာရုံကို ခြောက်စေသည်။
ဒီအခန်းသော့တွေဟာ လုံခြုံရေးသော့တွေမို့ သော့တူကိစ္စဆိုတာ
လည်း ရှိလို့မရ။ အကျိုးဆောင်လုပ်ငန်းက ပေးထားသော သော့
နှစ်ချောင်းနဲ့သာ ဖွင့်မှရနိုင်သည်။ ဟိုဂျပိန်ကောင်ရှေ့မှာ အသည်း
အသန်အော်ငြင်းခဲ့သော်လည်း သူရီ့စိတ်ထဲမှာတော့ ဟိုအကောင်
ကိုင်ထားသည့်သော့ဟာ ဒီအခန်းသော့ပဲဆိုတာ သေချာပေါက်
သိသည်။ သို့သော် အဲဒီအဖြစ်အပျက်ကို သူရီ လက်မခံလိုပါ။
ဒါဟာ အကျိုးဆောင်လုပ်ငန်းရဲ့ လွဲမှားမှုဆိုတာပဲ တစ်ထစ်ချ
ယုံနေမိသည်။

ဒီလိုနဲ့ပဲ ဒေါသတွေ ထွက်လိုက်၊ စိတ်တိုလိုက်၊
ဘာတွေဖြစ်လာမှာလဲဟူသော စိုးရိမ်စိတ်၊ ကြောင့်ကြစိုက်တွေဖြင့်
စိတ်ဆင်းရဲလိုက် စသဖြင့် တစ်ညလုံး လူးလွန့်နေရာမှ အိပ်မ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ခဲ့ပါ။ မနက်ရောက်တော့ သူရိမှာ အပြင်သွားဖို့ အနေအထား ဖြင့် အဆင်သင့်တွေ့လိုက်ရသည်။ သူက သူရိကို မှုန်ကုပ်ကုပ်ကြီး ကြည့်ကာ ...

"မင်း သွားတော့မှာလား"

"ဘယ်ကိုသွားရမှာလဲ"

"ဟာ ... အကျိုးဆောင်လုပ်ငန်းကိုပေါ့၊ ဒါမှ အဖြူအမည်း သဲကွဲမယ်လေ၊ နေပါဦး၊ မင်းကို မေးပါဦးမယ်။ တကယ် လို့ အဲဒီက အလွဲမဟုတ်ဘူးဆိုရင် မင်း ဘာဆက်လုပ်မှာ လဲ"

"ဘာမှ မလွဲစရာအကြောင်းမရှိဘူး။ ဒါ သူတို့လွဲတဲ့အရေး တစ်ခုပဲနေမှာ"

"မင်းက တစ်ယူသန်ကြီးပါလား။ ဘာမဆို ဖြစ်နိုင်တယ် ဆိုတာလဲ မေ့မနေနဲ့"

"ကဲ ... ရှည်မနေနဲ့၊ သွားမှာဆိုလည်းထ"

"မင်း ဘာနဲ့ သွားမှာလဲ"

"ဘာနဲ့သွားရမှာလဲ။ ကားငှားသွားမှာပေါ့၊ ခြေလျင်လျှောက် သွားရမှာလား"

"ဩော် ... မင်းလည်း စီးနေကျကားလေး ယူမလာခဲ့ဘူး ပေါ့"

သူရိသည် ထောင်းခနဲ ထွက်လာသော ဒေါသစိတ် ဖြင့် ခါးကိုထောက်ကာ ...



"နင် ဘာလျှာရှည်နေတာလဲ၊ ကိုယ့်စကား ကိုယ်ပြော၊ ဒီမယ် အဲဒီကို ကိုယ့်ဟာကိုယ်ပဲ ကားငှားသွားမှာ။ နင် လည်း နင့်ဟာနင်သွား"

"အမယ်လေး ... မင်းနဲ့ရော ဘယ်သူက လိုက်မယ်ပြောနေ လို့လဲ၊ ကိုယ့်ဟာကိုယ်သာ ကြွနော် မယ်မင်းကြီးမ"

သူက ငေါ်တော့တော့ဆိုလျှင် သူမက နှုတ်ခမ်းကို ...င်းတင်းစေ့ကာ အရှေ့မှထွက်သွားသည်။ သူက နောက်ကနေ၍ ...ါ်တွေပိတ်ကာ ဆင်းလာခဲ့သည်။ အောက်ရောက်လျှင်တော့ ...ားတစ်စီးငှားပြီး ပန်းဆိုးတန်းမှာရှိသော အကျိုးဆောင်လုပ်ငန်း ...သို့ ထွက်လာခဲ့ကြသည်။ ရောက်လျှင်တော့ သူရော ...မရောဟာ ထိုင်ခုံနှစ်လုံးမှာ ယှဉ်ထိုင်မိကြလျက် သူကပဲ ဝန် ...ခမ်းအမျိုးသမီးကို စတင်မေးလိုက်ပါသည်။

"အစ်မ ကျွန်တော်တို့က စမ်းချောင်းလမ်း အိမ်နံပါတ် (၃၅)၊ (၅)လွှာကို အခန်းငှားထားတဲ့သူတွေပါ ...

ဒါပေမဲ့ အဲဒီမှာ ပြဿနာတစ်ခု တက်နေတယ် အစ်မရာ။ သူကလည်း အဲဒီအခန်းကို သူငှားတယ်ပြောနေ တယ်။ ကျွန်တော်ကလည်း ကျွန်တော် ငှားထားတာပါ။ ဒါပေမဲ့ သော့က တစ်ယောက်စီမှာ တစ်ချောင်းရှိနေတယ် ... အဲဒါ ဘယ်လိုဖြစ်တာလဲ။ တဆိတ်လောက် ဘယ်လို လွဲနေတာလဲဆိုတာ ရှင်းပြပေးနိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းအမျိုးသမီးသည်လည်း ခေါင်းရှုပ်သွားဟန်ဖြင့် စာရင်းစာအုပ်မှတ်တမ်းကိုဖွင့်ကာ ...

"အစ်မတို့ဘက်ကတော့ မလွဲပါဘူး။ စာချုပ်လည်း ရှိတယ်လေ။ အဲဒီနေ့က လာငှားတဲ့သူတွေက မောင်လေးတို့တော့ မဟုတ်ဘူးနော်"

သူရော သူမရောက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီးလျှင် သူကပဲ ခေါင်းညိတ်ကာ ...

"ဟုတ် ... ဒါပေမဲ့ ကျွန်တော် ... ကျွန်တော့်သူငယ်ချင်း တစ်ယောက် ငှားတာပါ၊ စန္ဒီသက်ဦးဆိုတဲ့ နာမည်နဲ့လေ"

အမျိုးသမီးက သူ့ကို တစ်ချက်မော့ကြည့်ကာ ...

"မဟုတ်ပါဘူး၊ မိန်းကလေးနာမည်က မောင်လေးပြောတဲ့ နာမည်မဟုတ်ဘူး"

"ဗျာ ... ဒါဆို ဘယ်သူ့နာမည်နဲ့လဲ"

"သူရီချမ်းစိမ့်တဲ့"

"ဟင် ... အဲ ... အဲဒါ ကျွန်မပဲ အစ်မ၊ မှတ်တင်ပုံနံပါတ်က (......:...) ဟုတ်တယ်မလား၊ ဟုတ်ပါတယ်၊ အဲဒါ ကျွန်မငှားထားတာပါ၊ သူနဲ့ ဘာမှ မဆိုင်ဘူး မဟုတ်လား"

သူမက တက်တက်ကြွကြွကြီးထပြောလျှင် သူက ဆတ်ခနဲ လှည့်ကြည့်မိကာ ကမန်းကတန်း ဝင်ပြောရသည်။

"အစ်မက ငှားထားတာ အဲဒီနာမည်တစ်ခုတည်းနဲ့ မဟုတ်ဘူးမလား၊ တ ... တခြားရော"





"တခြားက ယောက်ျားလေးနာမည်ပါတယ်လေ၊ မင်းဗလတဲ့"

"ဟာ ... အဲဒါ ကျွန်တော်ပါ၊ ကျွန်တော်က မင်းဗလပါ။ မှတ်ပုံတင်နံပါတ် (... ... ...)လေ၊ ဟုတ်တယ်မလား"

"ဟုတ်ပါတယ်၊ အဲဒီနံပါတ်၊ ဟုတ်ပါတယ်"

"ဟာ ... အဲဒါဆို ဘယ်လိုဖြစ်တာလဲ အစ်မ၊ ကျွန်တော်တို့ငှားတာက မင်းဗလနဲ့ စန္ဒီသက်ဦး နာမည်တွေနဲ့ပါ။ စန္ဒီသက်ဦး လာငှားတာ မဟုတ်ဘူးလား"

"ဟင့်အင်း ... အဲ ... အဲဒါတော့ မသိဘူးကွယ်။ အဲဒီနေ့က လာငှားတာတော့ စုံတွဲနှစ်ယောက်ပဲ။ သူတို့က အဲဒီနာမည်တွေနဲ့ ငှားတာပဲလေ ...

ယောက်ျားလေးက မင်းဗလတဲ့။ မိန်းကလေးက သူရီချမ်းစိမ့်တဲ့လေ"

ဝန်ထမ်းအမျိုးသမီးရဲ့စကားကြောင့် သူက သူမကို ဆတ်ခနဲ လှည့်ကြည့်မိသည်။ သူမကလည်း သူ့ကို လှည့်ကြည့်ဟန်နှင့် ကြံပါသည်။ သူမက အံ့ဩမှုကို ထိန်းချုပ်ထားသော မျက်နှာမျိုးဖြင့် ဝန်ထမ်းအမျိုးသမီးကိုကြည့်ကာ ...

"အဲဒီ မင်းဗလ ဆိုတာ ဘယ်လိုရုပ်မျိုးလဲ၊ ဘယ်လိုပုံစံလဲဟင် အစ်မ။ သူလား စိတ်မရှိပါနဲ့ အစ်မ။ ဒီကိစ္စက ကျွန်မတို့အတွက် အရေးကြီးနေလို့ပါ"

အမျိုးသမီးက သူ့ကို မေးဆတ်ပြကာ အငြင်းစကား ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူမဟုတ်ဘူး။ အဲဒီနေ့က လာတဲ့စုံတွဲနှစ်ယောက်စလုံးက အရမ်းလိုက်ဖက်လွန်းလို့ ရုံးခန်းတစ်ခန်းလုံးကတောင် မှတ်မိနေတာ။ ဩော် ... သိပြီ။ ယောကျာ်းလေးက မော်ဒယ် ဘွိုင်းတစ်ယောက်နဲ့တောင် ရုပ်ချင်းတူတယ်။ ကောင်မလေးကလည်း ဖြူဖြူသွယ်သွယ်လေးနဲ့ အရမ်းချောတယ်"

အဲဒီအဖြေစကားကြောင့် သူ့ရင်ထဲတွင် ဒိန်းခနဲ ခုန်သွားသည်။ ချက်ချင်းပဲ အာခေါင်တွေ ခြောက်သွေ့လာသလို ခံစားရလေသည်။ ဘေးနားက သူရိချမ်းစိမ့်ကိုလည်း လှည့်မကြည့်ဖြစ်။ သူမထံမှလည်း အသံထွက်မလာ။ ဒီလောက်ဆိုလျှင် အခြေအနေက ဘာဆိုတာ သိသာထင်ရှားနေပြီ ဖြစ်သော်လည်း သူတို့နှစ်ယောက်ဟာ အမှန်တရားကို လက်မခံရဲကြသေးပါ။ စန္ဒီဟာ ဒီလိုလုပ်မယ့်မိန်းကလေးမျိုးလား။ ဟင့်အင်း ... အင်မတန်နူးညံ့သိမ်မွေ့ပြီး ရိုးသားအေးဆေးတာပါ။

ဝန်ထမ်းအမျိုးသမီးက သူတို့ကို စာနာသလို တစ်ချက်ကြည့်ကာ ...

"မောင်လေးတို့ဘက်မှာတော့ ဘာတွေ လွဲနေသလဲတော့ မပြောတတ်ဘူး။ အစ်မတို့ လက်ခံစာချုပ်မှာတော့ ဒီနာမည်အပေါ်က်အတိုင်းပါပဲ။ စပေါ် (......)တင်ပြီး ခြောက်လစာကြိုပေးထားတာပါ။ စာချုပ်က တစ်နှစ်စာချုပ်နဲ့ပါ _ အခု ဖြစ်နေတဲ့ ပုံစံအတိုင်းဆိုရင် ဒီစာချုပ်ထဲမှာပါတဲ့





တကယ့်လူတွေက မောင်လေးနဲ့ ညီမလေးတို့ပေါ့။ အဲဒါဘာပြဿနာရှိလို့လဲ"

"မဟုတ်ဘူး အစ်မ၊ ကျွတ် ... ဘယ်လို ပြောရမလဲ။ ကျွန်တော့် မင်းဗလက ဒီအခန်းကို ငှားတာဟုတ်တယ်။ ဒါပေမဲ့ ဒီက သူရိချမ်းစိမ့်နဲ့ မဟုတ်ဘူး"

"ဟုတ်တယ် ကျွန်မလည်း ငှားတယ်၊ ဒါပေမဲ့ သူနဲ့မဟုတ်ဘူး။ ဘယ်လိုဖြစ်ပြီး သူနဲ့ ကျွန်မနဲ့က သွားတွဲနေရတာလဲ"

အကျိုးဆောင်ဌာနမှ ဝန်ထမ်းအမျိုးသမီးမှာ သူတို့ပြောတာတွေကို စိတ်ရှုပ်လာသည့်သဏ္ဌာန်ဖြင့် ခေါင်းတွေကိုက်ကာ ...

"အဲဒါတော့ အစ်မတို့လည်း မဖြေရှင်းတတ်တော့ဘူးကွယ်။ အစ်မတို့ဆီမှာ လာငှားတာတော့ ငှားတဲ့လူတွေက ဒီနာမည်တွေနဲ့ပါပဲ။ ပိုက်ဆံလည်း ဒီအတိုင်း ချေထားပြီးသားပါ။ စာချုပ်ထဲမှာလည်း ပါပါတယ်။ ငှားရမ်းတဲ့သူဘက်က အမှားအယွင်း တစ်စုံတစ်ရာရှိခဲ့ရင် ငှားရမ်းတဲ့သူတွေမှာပဲ တာဝန်ရှိတာပါ"

"အို ... အဲဒီလိုတော့မပြောနဲ့လေ၊ ဒါက ဟုတ်မှမဟုတ်တာ၊ သူနဲ့ ကျွန်မကလည်း ဘာမှ မဆိုင်ဘူး။ ဒီတော့ ကျွန်မတို့နှစ်ယောက်က ဘယ်လုပ်ပြီး အဲဒီအခန်းမှာ နေရမှာလဲ"

"ဟာ ... အဲဒီလိုတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



သူက အချေအတင် ပြောတော့မည့် သူမလက်ကို ရုတ်တရက်ထဆွဲကာ အပြင်ဘက်သို့ ခေါ်ထုတ်လာလျှင် သူမက အငိုက်မိပြီးပါလာသည်။ အပေါက်ဝရောက်တော့မှ သတိဝင်လာဟန်ဖြင့် သူ့ကို ဒေါသတကြီးကြည့်ကာ လက်ထဲမှ ဆောင့်ရုန်းပြီးထွက်သည်။

"ဟင် … ဒါ … ဒါ ဘာလုပ်တာလဲ။ နင် ဒါ ဘာလုပ်တာလဲ"

"ဒီမှာ သူရီချမ်းစိမ့်၊ ဒီပြဿနာက အကျိုးဆောင်လုပ်ငန်းနဲ့ ရှင်းရမယ့်ပြဿနာ မဟုတ်ဘူး။ မင်းရည်းစားနဲ့ရှင်းရမယ့် ပြဿနာ။ မင်း ရည်းစား ဘယ်မှာလဲ"

"အောင်မာ … ဘာဆိုင်လဲ။ နင့်ဟာမနဲ့ရော မဆိုင်ဘူးလား။ နင့်ဟာမကရော ဘယ်မှာလဲ"

သူမက ဆတ်ဆတ်ထိမခံ ကက်ကက်လန်ရန်တွေ့သည်။ သူက စိတ်ရှုပ်စွာဖြင့် ကျစ်ခနဲ စုတ်သတ်ပြီးတော့မှ

"မရှိလို့ပေါ့ဟာ၊ ရှိနေရင် ပြောနေစရာတောင် မလိုဘူး"

"အေး ပြီးတာပဲ။ အဲဒါဆိုလည်း ငါ့ကို ဘာမှ လာမပြောနဲ့။ ကဲဒီအခန်းမှာ ငါနေမယ်။ နင်လည်း နင့်အိမ်နင်ပြန်"

"ဟာ … အဲဒီလိုတော့ ဘယ်ဖြစ်မလဲ။ ငါ စန္ဒီ့ကို ဒီအခန်းငှားထားဖို့ ပိုက်ဆံတွေပေးထားတာ၊ ငါ့ပိုက်ဆံတွေလည်းပါတယ်"





"သြော် … ငါကရော ငါ့ပိုက်ဆံတွေ မပါတာကျနေတာပဲ။ နင့်ထက်တောင်များနေဦးမယ်သိရဲ့လား။ နင့်ပိုက်ဆံတောင် ါချင်မှပါမှာ။ နင့်ဟာမကတော့ နင့်ကို ပါတယ်ပြောမှာ ပေါ့။ တကယ်တမ်းက ငါ့ပိုက်ဆံတွေနဲ့ ငှားတာပဲဖြစ်မှာပဲ … သောက်"

သူရီသည် ပြောရင်းနဲ့ အသားတွေတောင် တဆက်ဆက်တုန်လာကာ စိတ်တွေတိုလွန်းအားကြီးသဖြင့် မျက်ရည်တွေ ရစ်ဝဲလာရသည်။ ဒီပုံအတိုင်းဆိုလျှင် စည်သူက သူရီကို ကက်သွားတာပေါ့။ ဟင့်အင်း … သစ္စာဖောက်တယ်လို့ ချုပ်ခွဲ၍မရ။ ပိပိရိရိနှင့် လိမ်လည်လှည့်စားသွားတာပဲဖြစ်သည်။ သူတို့ လုလည်လုပ်သွားပုံမှာ ရိုးရိုးလေးတောင်မဟုတ်။ တစ်ခုလုံးနဲ့ချီပြီး အထိနာအောင် လုပ်သွားခဲ့တာဖြစ်သည်။

"ဟာ … မင်း အဲဒီလိုတော့ မပြောနဲ့လေ။ ဘာပဲဖြစ်ဖြစ် ဒီအခန်းဟာ မင်းရော ငါရော နှစ်ယောက်စလုံးနဲ့ ဆိုင်တယ်။ ပြီးတော့ …"

သူ့စကားမဆုံးသေးခင်မှာပဲ သူရီ အိတ်ထဲက ဟန်းဒ် အမြည်လို့လာသည်။ သူရီက သူ့ကို ခပ်တင်းတင်း တစ်ချက်ကြည့်ကာ ဖုန်းကို ဖွင့်ထူးလိုက်သည်။ ဖုန်းက သူရီ့သူငယ်ချင်း ဘချင်းဖြစ်ပါသည်။

"ဟော့ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သူရိ။ နင့်ဟာက ဘယ်လိုဖြစ်တာတုံး။ ကျော်[illegible] လေ့သူကြီး၊ ညားတော့ လေ့ထိုးသားနဲ့ပါလား"

"ဘာ ... ဘာရယ်။ ဘာတွေလာပြောနေတာလဲ"

"နင် အခု ဘယ်မှာလဲ။ ကလောမှာလား။ ပြီးတော့ [illegible] သူနဲ့လဲ"

"ကျွတ် ... စိတ်တိုနေရတဲ့အထဲ အဲဒါတွေ လာမေးမ[illegible] ဟာ။ နင်ပြောတာ ဘာလဲ။ ဘာလေ့သူကြီးလဲ။ ဘာ[illegible] ထိုးသားလဲ"

"ဟဲ့ ... နင် ခိုးရာလိုက်ပြေးတာ စည်သူနဲ့ မဟုတ်[illegible] အခုတော့ သတင်းစာထဲမှာ ကြော်ငြာထားတာက မင်း[illegible] ဆိုပါလား။ မင်းဗလ ဆိုတာက ဘယ်သူလဲ ..."

သူရိသည် ဦးခေါင်းတစ်ခုလုံးကို မိုးကြိုးပစ်[illegible] ခံစားသွားရကာ ရုတ်တရက် စကားတောင် ချက်ချင်းပြန်[illegible] နိုင်ပေ။

"ဘာ ... ဘာရယ် ... မင်းဗလ ဟုတ်လား"

သူရိ့ပါးစပ်မှ မင်းဗလဟူသော အသံထွက်လာ[illegible] ကြောင့် သောနားက တစ်ယောက်ကလည်း ပြူးကြည့်သည်။[illegible] သည် သူ ပြူးကြည့်တာကို ဂရုမစိုက်အားဘဲ ခင်ဦးကို [illegible] တကော ဆက်မေးရသည်။

"ဘယ်လိုလဲ၊ ငါ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်း[illegible]





"ဟာ ... နင်ကလည်း ဘာကြောင်နေတာလဲ။ နင်တို့ပဲ ထည့်ထားတာ မဟုတ်လား။ နင်နဲ့ မင်းဗလဆိုတဲ့နာမည်နဲ့ ဒီနေ့ သတင်းစာထဲမှာ ပါတာဟော့၊'နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း ဆိုပြီးတော့"

"ဘာရယ် ... ဘာရယ် ... ဟာ"

သူရိမှာ မယုံနိုင်လွန်းသဖြင့် မိုက်ခနဲတောင် ဖြစ်[illegible]ရသည်။ မင်းဗလသည်လည်း သူရိချမ်းစိမ့်ဖြစ်နေသည့် အရူး[illegible]ပုံစံကိုကြည့်ကာ သူပါ ဘေးက ရူးချင်သလိုဖြစ်လာသည်။

"သူရိ ... နင် ဘာဖြစ်နေတာလဲ၊ နင် အခု ဘယ်သူနဲ့ ရှိနေတာလဲ ...

နင့်အဖေကတော့ နင့်ကို အကြီးအကျယ် စိတ်ဆိုးနေတယ်။ နင် ပိုက်ဆံတွေလည်း အများကြီးယူသွားတယ် ဆို။ အခု မင်းဗလ ဆိုတာကရော"

"ကျွတ် ... အဲဒါဟာ ငါ နောက်မှ ပြန်ဆက်မယ်"

သူရိကဖုန်းကို ထောက်ခနဲ ပိတ်ချလိုက်လျှင် [illegible]းက [illegible]ားက ပြူးတူးပြဲတဲကြည့်ကာ ...

"ဘာလဲ ... ဘာလဲ ... မင်း အခုနက ပြောတဲ့အထဲမှာ ငါ့နာမည်ပါတယ်။ ဘာဖြစ်လို့လဲ"

အဲဒီအချိန်မှာပဲ ထိုတစ်ယောက်ရဲ့ဖုန်းက ထမြည်လာ[illegible] သူရိသည် ဘာမှမပြောတော့ဘဲ နီးစပ်ရာ လက်ဖက်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ကသောကမြော ပြေးဝင်လာရင်းမှ သတင်းစာဖတ်နေ
လူတစ်ယောက်ကို အသက်ငင်နေသောလေသံဖြင့် တော
သည်။

"ဒီ ... ဒီမှာ ... ဒါ ဒီနေ့ထုတ် သတင်းစာလားဟင်
လောက်ပါနော်၊ အရမ်းအရေးကြီးနေလို့ပါ"

ထိုသူက သူရီ့ကို မော်ကြည့်ကာ ထ
သတင်းစာကို ကမ်းပေးသည်။ သူရီသည် နောက်ဘက်
စာမျက်နှာများသို့ ကသောကမြော လှန်ကြည့်ရင်းမှ တ
အရောက်တွင် စာလုံးမည်းမည်းထူထူများဖြင့် သီသာထင်
နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးကြောင်း ကြော်ငြာကို
ရသည်။ သို့သော် ခင်ဦး ပြောသလိုပင် မင်းဗလနှင့် သူ
ဖြစ်လို့နေလျှင် သူရီ့မျက်လုံးတစ်ခုလုံး ပြာဝေသွားသ
လိုက်ရလေသည်။ အဲဒီအချိန်မှာ သူရီ့အနားသို့ မင်း
ရောက်ရှိလာကာ သူရီ့လက်ထဲမှ သတင်းစာရွက်ကို
ဆွဲလုသွားသည်။ ကြည့်ရတာ သူ့ကိုလည်း တစ်ယောက်
ဖုန်းဆက်ပြောတာ ဖြစ်နိုင်ပါသည်။

လက်ဖက်ရည်သောက်နေသော သတင်းစာ
က ငယ်ရွယ်သော သူရီတို့နှစ်ယောက်ကို ကြည့်လျက်
ခုကို သဘောပေါက်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်
သူ့ဟာသူ တီးတိုးပြောသည်။





"သြော် ... အမွှေဖြတ်လိုက်ပြီကိုး"

အဲဒီလူအပြောက သူရီ့ကို ပို၍ တုန်လှုပ်သွားစေသည်။ ခိုးရာလိုက်ပြေးရုံတင်မကသေး မျက်နှာပြောင်နဲ့ပါ ကြော်ငြာရဲသည်ဟူသော အထင်ဖြင့် သူရီ့မိဘတွေက အမွေပြတ် ကြော်ငြာကို တကယ်ထည့်တော့မည်ဆိုတာ သူရီတစ်ယောက် သေချာစွာ သိလိုက်လေသည်။ သူရီသည် လက်သီးကို ကျစ်ကျစ်ပါအောင် သေချာစွာတင်းကြိတ်ကာ ဘာကိုမှန်းမသိ နာကြည်းစက်ဆုပ်လျက် နှလုံးသားတစ်ခုလုံး အောင့်မျက်လို့လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၀

တိတ်ဆိတ်သော အခန်းသည် မကြာမီမှာ ဗုံးတစ်လုံး ပေါက်ကွဲတော့မှာလို ချောက်ချားစရာ ကောင်းနေသည်။ ညှော်ခန်း ထဲရှိ စားပွဲပေါ်မှ အိမ်ခန်းငှားစာချုပ်နှင့် စာတစ်စောင်ကို မင်း ဗလသည် ပေါက်တော့မည့် မြွေပွေးတစ်ကောင်ကို ကြည့်သလို ကြောက်လန့်တကြား စိုက်ကြည့်နေမိသည်။ သူတို့နှစ်ယောက် အပြင်မှနေ၍ အခန်းသို့ စိတ်လိုက်မာန်ပါ ပြန်လာကြရာ်ဝယ် အခန်းတံခါးရှိ အပြင်ဘက်သံတံခါးတွင် ညှပ်ထားခဲ့သော အညို ရောင် စာအိတ်တစ်အိတ်ကို တွေ့ခဲ့ရသည်။ ထိုစာအိတ်ထဲတွင် ဒီအခန်းကို ငှားထားသောစာချုပ်နှင့် စာတစ်စောင်ပါ အတူပါရှိ သည်။ သူနဲ့ သုရီချမ်းစိမ့်တို့သည် အချင်းချင်း ပဋိပက္ခတွေဖြစ် တောင် မေ့လျော့လျက် အဲဒီစာကို ခေါင်းချင်းဆိုင်ကာ အသည်း အသန်ဖတ်ခဲ့ကြသည်။ စာထဲတွင် ရေးထားသည်မှာ ...





"မင်းဗလနဲ့ သုရီချမ်းစိမ့် ...

အခုလောက်ဆို အခြေအနေတွေကို နားလည်သဘော ပေါက်နေပြီလို့ မျှော်လင့်မိပါတယ်။ နှစ်ယောက်စလုံးကို အားနာပေမယ့် ကျေးဇူးအထူးတင်ပါတယ်လို့တော့ ပြော ပါရစေ။ ဘယ်လိုမှ မတတ်နိုင်တော့လို့ ကမ္ဘာမီးလောင် သားကောင်ချနင်းလိုက်ရတဲ့သဘောပါ၊ သိစေချင်တာတစ်ခု က ဖုန်းစည်သူနဲ့ စန္ဒီဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်တည်း က ချစ်နေခဲ့ကြတဲ့သူတွေပါ ...

မင်းဗလနဲ့ သုရီချမ်းစိမ့်ကို အခုလို ပူးတွဲဖြစ်သွား အောင်လုပ်ဖို့ အစီအစဉ်က အစတုန်းက မရှိခဲ့ပါဘူး။ ထူးဆန်းတိုက်ဆိုင်စွာနဲ့ ခင်ဗျားတို့ ခင်ဗျားတို့အချင်းချင်း လည်းသိနေတဲ့အတွက် မရည်ရွယ်ဘဲ ဒုက္ခပေးမိသွားတာပါ။ ဘာပဲဖြစ်ဖြစ် ကံတူအကျိုးပေး အချင်းချင်းတွေမို့ ပြေလည် ကြဖို့ မျှော်လင့်ပါတယ် ...

ကျွန်တော်တို့ကို လိုက်ရှာပြီး ဒုက္ခပေးဖို့ မစဉ်းစား ခင် ကိုယ့်ကိုယ်ကိုယ် အရင်ဆုံး အဆင်ပြေအောင် ရပ်တည် ကြဖို့ တိုက်တွန်းပါရစေ ...

စည်သူ + စန္ဒီ"

အဲဒီစာကိုဖတ်ပြီးနောက် သူတို့နှစ်ယောက်ဟာ တစ် ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလျက် ထိတ်လန့်စွာ နဲ့ အော်ဟစ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

“စန္ဒီ ... မင်းကို ငါ သတ်မယ်”

“စည်သူ ... နင့်ကို ငါ သတ်မယ်”

အဲဒီစူးစူးဝါးဝါးအော်သံကြီး အဆုံးတွင် သူ... ယောက်စလုံး အရုပ်ကြိုးပြတ်လို့ သွားလေသည်။ နှစ်ယောက်... ဘာစကားမှ မပြောနိုင်တော့ဘဲ နံရံကိုမှီကာ အသက်ကို ဖုတ်... ဖုတ်လိုက် ရှူနေရသလို ဖြစ်နေသည်။ အထူးသဖြင့် သူရိ... စည်သူ ဆိုသောကောင်ကို စိတ်ကူးထဲမှာတင် အစိတ်စိတ်... မွှာ စုတ်ခြေပြီးသား ဖြစ်လို့နေသည်။ အင်မတန် ရက်စက်... မာကာ အောက်တန်းကျသော ယောက်ျားသည် ရုပ်က... မလိုက်အောင် ပက်စက်ဆိုးဝါးသော အလုပ်ကိုလုပ်ကာ သူရိ... ကြီးတစ်ခုလုံးကို ဖျက်ဆီးသွားခဲ့သည်။

သူရိ့ထံမှ ဟန်းဒ်ဖုန်းတစ်လုံး၊ ပိုက်ဆံသိန်း... ကိုပါ ယူသွားရုံမကသေး မိဘအိမ်မှာပါ ဆက်နေ၍မရတော့... မိဘစွန့်ပစ်ခြင်းကိုခံရအောင် တမင်အကွက်ချ စီစဉ်သွားသေး... ဒါတင်လည်းမကသေး။ တခြားယောက်ျားတစ်ယောက်နဲ့ ... သက် ပတ်သက်အောင် တမင်တကာ ချောက်ချစီစဉ်သွားခဲ့... ဒီထက်ယုတ်မာသော အကြံအစည်ဖြင့် သတင်းစာထဲထိ... မဟုတ်တန်းရားတွေ ကြော်ငြာလိုက်သေးသည်။ တက... ယုတ်မာပက်စက်သော လင်မယားပါပေ။ ခုချိန်မှာတော့ ... ကို လိုက်လံရှာဖွေ လက်တုံ့ပြန်ဖို့ထက် ကိုယ့်ကိုယ်ကိုယ်... မနည်း Stand လုပ်ကာ ရပ်တည်ရမည့် အခြေအနေဖြစ်...





သူတို့ဖွထားသော အရှုပ်ပုံကို အရင်ရှင်းရတာနဲ့တင် သူတို့က အေးဆေးဒူးနန့်နေနိုင်သည်။ တော်တော်ကို အကြံကြီးကာ အကွက်ကျကျ စီမံထားခဲ့ကြတာဖြစ်သည်။ တစ်ဖက်သား ဆီက ယုံကြည်မှုတစ်ခုကို ခိုင်ခိုင်မာမာ တည်ဆောက်ယူပြီးမှ ပိပိရိရိ လိမ်လည်လှည့်ဖြားသွားခဲ့တာဖြစ်သည်။ ရိုးရိုးလိမ်တာလည်း မဟုတ်။ ဘဝကိုပါ ဖရိုဖရဲဖြစ်အောင် လုပ်သွားသေးသည်။ ခုဆို သူရိရဲ့လက်ထဲမှာ ဖုန်းတစ်လုံးနဲ့ ပိုက်ဆံငါးသိန်းမှလွဲ၍ ဘာမှ မရှိ။ ဒီပိုက်ဆံငါးသိန်းဆိုတာလည်း မိဘအိမ်မှာနေတုန်းက သူရိ ရဲ့တစ်လအသုံးစာရိတ်လောက်သာရှိသည်။ အလုပ်မရှိ အကိုင်မရှိ၊ မိဘကပါ အမွေပြတ်စွန့်လွှတ်ထားမည်ဖြစ်သော သူရိ အတွက် ဒီပိုက်ဆံလောက်နှင့် ဘယ်လိုရပ်တည်မည်နည်း။

သူရိသည် အစုတ်အနုပ်ကောင် စည်သူ့ထံမှာ ပါသွားသော ဟန်းဒ်ဖုန်းတစ်လုံးနှင့် သိန်းနှစ်ရာကို နှမြောစိတ်ဖြင့် မပဌာလို ရူးသွားမည်လားတောင် ထင်မိသည်။ ပြီးတော့ ခေါင်းတုံ ပေါ်ထိပ်ကွက်သွားခံရမှု။ သူရိ့လို မိန်းမတစ်ယောက်ကိုမှ ဒီလို ဘတ်သီးရိုက်ခံသွားရလေခြင်းဟူသော နာလိုခံခက်ဖြစ်မှုများသည် သူရိကို ကြီးစွာဖိစီးနှိပ်စက်သည်။ ထိုင်နေရင်းနဲ့တောင် သွေးတွေ တဒိတ်ဒိတ်တိုးလာသလို ထင်ရလေသည်။ နားထင်ကို လက်... ဖက်နှင့် ဖိထားလျက် လက်ရှိအခြေအနေကို လိုက်မှီအောင် မနည်းလုပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်း ဘယ်လိုလုပ်မှာလဲ သူရိချမ်းစိမ့်"

ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် သူရိမှာ ဆတ်ခနဲ ဖြစ်သွားသည်။ မော့ကြည့်လိုက်လျှင် သူရိကို ငေးနေသော မင်းဇလကို တွေ့မြင်လိုက်ရသည်။

"ဘာလုပ်ရမှာလဲ။ ငါ ဒီမှာ နေမှာပေါ့။ နင် တစ်နေရာ ရှာလိုက်ပေါ့"

"ဟာ ... အဲဒီလိုတော့ မလုပ်နဲ့လေ၊ ဒီအခန်းက မင်းနဲ့ ငါနဲ့ နှစ်ယောက်ဆိုင်တာပဲ၊ ငါ့ပိုက်ဆံတွေလည်း ပါတာပဲ ဟာ"။

"ဩော် ... အဲဒါ မြင်ရလို့လား။ နင့်ဟာမက ထုတ်ရော ထုတ်မှာသေချာလို့လား။ ဟိုအကောင့်ဆီမှာ ငါ့ပိုက်ဆံတွေ သိန်းနှစ်ရာပါသွားတယ်။ ဖုန်းတစ်လုံး ပါသွားတယ် သိလား။ နင့်ဟာမ ကောင်းစားဖို့အတွက် ငါအလိမ်ခံလိုက်ရတာ ...

နင့်ဟာမကတော့ သူ့ပိုက်ဆံတစ်ဝက်နဲ့ ငှားတယ် ပြောမှာပေါ့။ သူ့မှာ ဘယ်က ခြူးတစ်ပြား ရှိမှာမို့လဲ"

သူရိက မုန်းမုန်းနှင့် ဖိနှိမ်ပြောလျှင် သူက မျက်လုံးကြီးပြူးကြည့်ကာ ...

"ဟိတ် ... ဟိတ် ... မင်း သူများ သားသမီးကိုတော့ အဲဒီလို မှိုချိုးမျှစ်ချိုး မပြောနဲ့။ မင်းရည်းစားကရော ဘယ်နှပြားရှိလို့လဲ၊ ဘူဘူချင်း တစ်လာလုပ်မနေနဲ့ ...





ငါ့ပိုက်ဆံလည်း ပါတယ်ကွ သိလား၊ သိန်းနှစ်ဆယ် လောက်ပါတယ်"

"ဟက် ... သိန်းနှစ်ဆယ် ဟုတ်လား။ ငါက သိန်းနှစ်ရာနော်။ နင့်ပိုက်ဆံသိန်းနှစ်ဆယ် ဘာလုပ်ရမှာလဲ။ ပြီးတော့ ဟိုကောင်က ယောကျ်ားလေး၊ သူ့မှာ ပိုက်ဆံတွေ အများကြီး ပါတဲ့ဟာ။ သူပဲ ထုတ်မှာပေါ့ ...

အဲဒီတော့ သေချာတာက ဒီအခန်းဟာ ငါ့နာမည်နဲ့ လည်း ငှားထားတယ်။ ငါ့ပိုက်ဆံတွေနဲ့ပဲ ငှားထားတာ။ နင် အသာတကြည် ဖယ်သွားလိုက်တော့။ နင့်ထက် အရင် တောင် ငါက ဒီအခန်းမှာ ကြိုတင်ပြင်ဆင်ထားတာ။ မွေ့ရာတို့ ခေါင်းအုံးတို့ ငါထည့်ထားတာ တွေ့လား"

"ဟာ ... အဲဒါက မင်းဘာသာမင်း လျှောက်ထည့်ထား တာလေ၊ မင်းက ဒီကိစ္စကိုပဲ ခေါင်းထဲရောက်နေလို့နေမှာ ပေါ့"

"ဘာ ... နင် ဘာစကားပြောတာလဲ။ တောက် ... နင့်ကို ငါ လုပ်မိမယ်နော်"

"ဟုတ်တယ်လေ၊ မင်းက မတရားသဖြင့် ငါ့စကားနားရ လျှောက်ပြောနေတာကိုး၊ ဒီအခန်းက ငါနဲ့လည်းဆိုင်တယ်။ အဲဒါကို မင်းက သိသိကြီးနဲ့ လက်မခံတာ"

"လက်မခံတာရော နင်နဲ့ ငါက ဒီအခန်းထဲမှာ နှစ်ယောက် တည်းနေရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မနေနိုင်ရင် ထွက်သွားလေ၊ ငါကတော့ နေမှာပဲ"

သူရိသည် သူ့စကားကြောင့် အကြီးအကျယ် ဒေါသထွက်သွားကာ ထိုင်ခုံမှ ဝုန်းခနဲ ထရပ်မိသည်။ သူကတော့ ဘယ့်နှယ်မှ နေဟန်မရှိဘဲ အေးအေးဆေးဆေးသာ ဒူးနန့်လျက်ရှိသည်။ စည်သူ့အပေါ်မှာကျနေသော ဒေါသများကို ဒီကောင့်ထံသို့သာ လွှဲပြောင်းပေးပြီး စိတ်ရှိလက်ရှိ လုပ်လိုက်ရလို့ကတော့ တော်တော်ကြည့်ကောင်းမည့်ပွဲဖြစ်သည်။

"နင် ဘာစကားပြောတာလဲ။ နမချင်းမစာနာ မိုက်ရိုင်းလှချေလား"

သူက သူရိရဲ့စကားကို ဟာသတစ်ခုအလား တဟားဟား အော်ရယ်ကာ ...

"ငါက မိုက်ရိုင်းတယ် ! ဟုတ်လား။ အေး မိုက်ရိုင်းပေမယ့် မယုတ်မာဘူးကွ၊ မင်း ရည်းစားလို ပိုင်းလုံးမဟုတ်ဘူး။ နားလည်လား ...

ငါ ပြောနေတာ နည်းလမ်းကျကျလေးပဲ။ အခုစာချုပ်မှာပါတဲ့အတိုင်း ဒီအခန်းက မင်းနဲ့ငါ အတူတူငှားထားတာ။ နှစ်ယောက်စလုံးနဲ့ ဆိုင်တယ်။ နှစ်ယောက်စလုံး နေခွင့်ရှိတယ်။ ဘယ်သူက ဘယ်သူ့ကိုမှ နေခွင့်မရှိဘူးလို့ ပြောပိုင်ခွင့်မရှိဘူး ...

အဲ ... ငါ မနေနိုင်ဘူးဆိုရင် ငါ့ဟာငါ ဆင်းသွားရုံပဲ။ မင်း မနေနိုင်ရင်လည်း မင်းဆင်းသွား ဒါပဲရှိတယ်။





ငါကတော့ ဒီမှာပဲနေမယ်။ ငါ့မှာ နောက်ထပ်အခန်းထပ်ငှားစရာ ပိုက်ဆံလည်းမရှိဘူး။ ဒါစကားအကုန်ပဲ"

သူရိသည် ကတ်သတ်ပြောနေသော မင်းဗလကို စိုက်ကြည့်ကာ အံကိုတင်းတင်းကြိတ်ထားမိသည်။ တကယ်တော့ ကိုယ်သည်လည်း သူ့လိုပဲ ဖွင့်မပြောချင်၍သာ မပြောတာသည်။ လက်ထဲမှာရှိသော ရှိစုမဲ့စုပိုက်ဆံလေးကို တစ်ပြားမှ ထပ်၍ ပွန်းပဲ့မခံနိုင်တော့။ သူရိရဲ့ရှေ့ရေးကံကြမ္မာသည် ...သူဆိုသော အယုတ်တမာတစ်ယောက် ဖျက်ဆီးနှောင့်ယှက်သဖြင့် ကိုယ့်ဘဝကိုယ် ဘယ်လိုဆက်ဖြစ်လာမလဲဆိုတာတောင် ...တော့ချေ။

ဒီတော့ ဒီပိုက်ဆံသည် စားဝတ်နေရေးအတွက် ...တန်အရေးကြီးသည့် အခြေအနေမှာရှိသည်။

နောက်ထပ် အခန်းထပ်ရှာတာ၊ စပေါ်တင် အခန်း...ဘာမျိုးတွေ သူရိ ထပ်မလုပ်နိုင်တော့။ ဒီထက် အစစအရာရာ ...ပြေသည့် အခန်းမျိုးကိုလည်း ရမယ်မထင်တော့။ ဒီထက် ...ပင်ပန်းစိတ်ရှုပ်တာတွေကို မခံနိုင်တော့ပါ။

"တောက် ... နင် ယောက်ျားဖြစ်ပြီး သက်သက်ကပ်နေတာ။ ရတယ်လေ ပြီးတာပဲ။ နင့်စကားနဲ့နင်နော်။ ဒီအခန်းမှာ မနေနိုင်တဲ့လူက ဆင်းကြေးပဲ၊ ဟုတ်တယ်မှုလား"

သူက သူရိရဲ့စကားကို အရေးမစိုက်ဟန်ဖြင့် ခေါင်း...တ်တွန့်ပြသည်။ သူရိက ထိုင်ရာမှ ထရပ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နင့်ဟာနင် ကျေနပ်ချင်ကျေနပ်။ မကျေနပ်ချင် လည်းနေ။ ငါကတော့ အဲဒီအခန်းကို ယူတယ်။ အဲဒါ ငါ့ အခန်းပဲ"

"ဖြစ်တယ်"

"ဖြစ်ရမှာပေါ့။ ဒါ ငါ့ပိုက်ဆံတွေနဲ့ ငှားထားတဲ့အခန်းပဲ။ နင်သာ အရှက်မရှိ ကပ်သပ်ပြီး နေနေတာ"

"ဟော့ ... သူရိချမ်းစိမ့်။ မင်း စကားပြောတာ ဆင်ခြင်နော်။ ငါ ဒီထက်ပိုပြီး သည်းမခံနိုင်တော့ဘူး"

"အောင်မာ သည်းမခံနိုင်တော့ နင်က ဘာလုပ်ချင်လဲ"

သူရိရဲ့ ခါးထောက်ပြီး ရန်တွေ့သလိုအပြောကို သူက စိတ်ကုန်ဟန်ဖြင့် ကျစ်ခနဲ စုတ်သပ်ကာ ထိုင်ရာမှ ထထွက်သွားသည်။ ပြီးတော့ သော့ကိုဖွင့်ကာ အောက်ထပ်သို့ ဆင်းသွားတော့လေသည်။ သူမရှိတော့မှပင် သူရိသည် စိတ်တိုင်း ကျ တစ်ယောက်တည်း အားရပါးရ အာခေါင်ခြစ်အော်ဟစ်ပစ်ကာ ရင်ထဲက Stress တွေကို ဖြေဖျောက်ပစ်ရသည်။ ဖြစ်နိုင်လျှင် သူရိ တကယ်ကို ဘာမှမသိတော့လောက်အောင် ရူးသွားချင်ပါ သည်။

❁ ❤ ❁





အခြေအနေတွေသည် သူရိ တွက်ဆထားခဲ့သလိုပဲ မှားခဲ့ပါ။ သူရိရဲ့မိဘတွေသည် သူရိ့ကို မိဘများ၏ ပြောဆိုဆုံးမ မှုကို မနာခံဘဲ မိမိသဘောအတိုင်း အိမ်ပေါ်မှဆင်းသွားသူအဖြစ် စုံစမ်းမေးမြန်းခြင်း သည်းခံပါရန်ဖြင့် အမွေပြတ်ကြော်ငြာခဲ့သည်။ မျှော်လင့်ထားပြီးသားဖြစ်သဖြင့် သိပ်မတုန်လှုပ်တော့သော်လည်း တကယ်တမ်း ရင်ဆိုင်ခဲ့ရသောအခါမှာတော့ ကြေကွဲဝမ်းနည်းခဲ့ရ ပါသည်။ အနားမှာ အားကိုးရမယ့်လူ ရှိတယ်ဆိုရင်တောင် ကိုယ့် မိဘက ကိုယ့်ကို သမီးအဖြစ်မှ စွန့်လွှတ်လျှင် ဘယ်သူမဆို စိတ် ထိခိုက်ခံစားရသည်ဖြစ်လေရာ သူရိ့လို ဘဝတစ်ခုလုံးနဲ့အချိုး သိမ်ညာခံလိုက်ရသူအတွက်တော့ ပြောဖွယ်မရှိတော့ပြီ။ ပင်ကို စိတ်ဓာတ်ကြံ့ခိုင်ခြင်း မရှိသော ခပ်ပျော့ပျော့ မိန်းကလေးသာ ဆိုလျှင် ပုံတောင်လဲသွားနိုင်ပါသည်။

သူရိ့လိုပဲ ဟိုတစ်ယောက်လည်း သားအဖြစ်မှ စွန့်လွှတ်ကြောင်း အမွေပြတ်ကြော်ငြာပါသည်။ ပြီးတော့ ထင်စရာ ရှိသူတွေအဖို့ သူနဲ့ သူရိကို ပို၍ ထင်ကြတော့မည်။ သူရိသည်



www.burmeseclassic.com

www.burmeseclassic.com



ကြုံဆုံလာသော အဖြစ်အပျက်တွေကို စိတ်ကုန်လွန်းအားကြီးသော ကြောင့် ဘယ်သူကမေးမေး ဘာမှ ဖြေရှင်းမနေတော့ပါ။ ဖုန်းစည် သူနဲ့ စန္ဒီသက်ဦး ဟူသော အယုတ်တမာလင်မယားနှစ်ယောက် သာ တွေ့အောင်ရှာပြီးသတ်ချင်နေတာဖြစ်သည်။ နောက်ဆုံးပိုင် ပိုက်ဆံတွေ လိမ်သွားတာကို သူရီ အဲဒီလောက် မခံစားရ။ မိဘ အမွေပြတ်တာလည်း ထားတော့။ ဒီနှစ်ချက်နဲ့တင် မလုံလော သေးဘဲ နေရင်းထိုင်ရင်း ယောကျ်ားတစ်ယောက်ရအောင် တိုင် ညြည်သိ လုပ်သွားကာ အဲဒီယောကျ်ားနဲ့ တစ်အိမ်တည်း အတူ ဖြစ်အောင်အထိ လုပ်သွားတာကတော့ အတော်ကိုပဲ ဆိုးရွားပြင် ထန်လှသည်။ တွေးတိုင်းလည်း အံ့ဩနာကျင်ရပါသည်။

ခုချိန်မှာ သူရီ့ကို "အချစ်"ဆိုတာ ဘာလဲဟု မေး မမေးနှင့်။

အချစ်ဆိုတာ အင်မတန်ရက်စက်ယုတ်မာသောအ ဟုသာ ဖြေလိမ့်မည်။ အံ့တော့အံ့ဩစရာကောင်းသည်။ ခုချိန်တွင် ဖုန်းစည်သူနဲ့ပတ်သက်၍ သူရီ့ရင်ထဲမှာ ဘာမှရှိမနေတော့။ ဆိုး သော ဘဝလောကခံကို အချစ်ကြောင့် ပြောင်းလဲ ရင်ဆိုင်လို ရချိန်မှာ အချစ်သည် ဘဝထဲမှ လိုက်ရှာ၍ မရတော့လော အောင်ကို ပျောက်သွားသည်။ သို့သော် အဲဒီနှစ်ယောက်ကိုတော့ တကွေ့ကွေ့မှာ တွေ့အောင်ရှာကာ လက်စားချေချင်ပါသေးသည်။

အခုလောလောဆယ်မှာတော့ သူရီသည် လက် ဘဝရပ်တည်ရေးကိုသာ ကြိုးစားအာရုံပြုနေရသည်။ လက်ထဲမှာ





န်းတစ်လုံး ရှိသော်လည်း တစ်နေကုန်နေလို့ တစ်ခါတောင် ဆက်ဖြစ်တော့။ အရင်တုန်းက ဝင်လာမစဲ တသဲသဲ ဖုန်းမြည်သံ များမှာလည်း အခုတော့ အံ့ဩစရာ ကောင်းလောက်အောင်ကို ိတ်ဆိတ်နေကြသည်။ လူ့ဘဝစစ်စစ်ရဲ့ အရသာကို စတင်ရင် ဆိုင်နေရပေပြီ။ လူတစ်ယောက်ရဲ့ဘဝမှာ အခြေခံအကျဆုံးပြဿနာ ဖြစ်သည့် စားဝတ်နေရေးပြဿနာတွင် လောလောဆယ် အစား ပြဿနာကို စတင်ရင်ဆိုင်ရပြီဖြစ်သည်။ အဝတ်နဲ့ နေရေးထိုင်ရေး ာ လောလောဆယ် ခေါင်းမခြောက်ရသေးသော်လည်း အစား ပြဿနာအတွက်တော့ စတင်ခေါင်းခြောက်ရပြီဖြစ်သည်။

တစ်သက်လုံး ခြေမွေးမီးမလောင်၊ လက်မွေးမီး လောင်နေလာခဲ့ရသော သူရီ့အတွက် ထမင်းဆိုတာ Rice Cookerထဲက ရတာဟုတောင် သတ်မှတ်တာမဟုတ်ဘဲ ပန်းကန် ပြားထဲက အဆင့်သင့်ချူးထားတဲ့အရာဟုသာ မြင်ခဲ့သမျှ လက်တွေ့ ဘဝကျမှ ကျွမ်းပြန်ရတော့တာဖြစ်၏။ သူရီတို့အိမ်တွင် အမေ လုပ်သူက အိမ်ရှင်မသက်သက်ဖြစ်ပြီး အစားကောင်းမက်လှသော င်ယောကျ်ားနဲ့သမီးဖြစ်သူအတွက် နေ့စဉ်နေ့တိုင်း စပါယ်ရှယ် အစားအသောက်ကိုချည်း ရာသီအလိုက် စီစဉ်လေသောကြောင့် အကောင်းစားပါးစပ်ပိုင်ရှင်ဖြစ်သည့် သူရီ့မှာ ယခုလို အခြေအနေ တွင် အတော်ဒုက္ခရောက်ရသည်။ အိမ်မှာလို ဟင်းထနေသည့် ထမင်းဝိုင်းများကို ကြုံရဖို့မဆိုထားဘိ။ တစ်နေ့တစ်နေ့ သုံးပ ာ နပ်မှန်ဖို့ကိုပင် ငါးလွှာကို တက်လိုက်ဆင်းလိုက်ဖြင့် ဒုက္ခခံ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ တစ်ပတ်လောက်နေလျှင် သူရီ ဒုက္ခမခံနိုင်တော့။ အဲ
အတွက် ရေနွေးကြိုသည့်ဓာတ်ဘူး၊ လျှပ်စစ်ပလပ်ပေါက်အိုး
ပန်းကန်ပြား၊ ဇလုံ၊ ဇွန်း၊ ခွက် စတာတွေ ဝယ်ရသည်။ ရိက္ခာ
ခြောက်များအဖြစ် ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်ထုပ် စသဖြင့်
အဲဒါတွေပါ ဝယ်ရသည်။

သူရီ့လိုပင် ဟိုတစ်ယောက်ကလည်း အားကျမခံ
ဝယ်သည်။ သို့သော် သူ ဝယ်တာက သူရီ့ထက်တောင် ပိုများ
သေးသည်။ သူ့လက်ထဲမှာတော့ ပိုက်ဆံဘယ်လောက်ရှိသလဲ
တော့ မပြောတတ်ပါ။ သူက ရေခဲသေတ္တာ One Door လေးတစ်
လုံးလည်းဝယ်သည်။ ဂက်စ်မီးဖိုတစ်လုံးနဲ့အတူ ကြော်လှော်ချက်
ပြုတ်ဖို့ အိုးခွက်ပန်းကန်ခွက်ယောက်တွေကလည်း အပြည့်အစုံပင်။
တစ်ပုံတပင်ကြီး ဝယ်ချလာကာ မီးဖိုခန်းထဲမှာ လေလေးတချွ
ချွန်ဖြင့် သူ့ပစ္စည်းတွေကို နေရာချပေးထားသည်။ ရေခဲသေတ္တာ
ထဲကို ကြက်ဥ၊ အသားဘူး၊ ဟင်းသီးဟင်းရွက်၊ အအေးပုလင်း
စတာတွေကို သွင်းထည့်ကာနေသည်ကို သူရီက တစေ့တစောင်း
အကဲခတ်နေမိသည်။

သူ့ပစ္စည်းတွေနဲ့ ယှဉ်လျှင် စားပွဲခုံတစ်ခုပေါ်မှာ
တင်ထားသော သူရီ့ရဲ့ပစ္စည်းအပုံလေးမှာ မျက်နှာငယ်နေရှာသည်။
ဒါတောင် တကယ် လိုအပ်တာတွေကိုပဲ စစ်စီပြီး ဝယ်လာခဲ့တာ
ဖြစ်သည်။ ထမင်းဟင်းချက်စားဖို့ ပစ္စည်းပစ္စယတွေ မပါဝင်သေး
တောင် ကုန်ကျစရိတ်က ငါးသောင်းကျော်နေသည်။ အရင်တုန်း





က ဖိနပ်တစ်ရံကို ကြိုက်လျှင်လည်း သိန်းချီပစ်ဝယ်ခဲ့သော သူရီ
သည် အိတ်ထဲက ငါးသောင်းကျော်လေး ထွက်သွားတာကို
နှမြောနေသည်။ ဟိုတစ်ယောက်ကတော့ ပိုက်ဆံတွေ ဘယ်လောက်
ပါနေလဲတော့ မသိပါ။ အိမ်ရှေ့မှာ တစ်ယောက်အိပ် စပရိန်မွေ့
ရာတစ်ခုလည်း ချခင်းထားသေးသည်။ သေးမှာ သီချင်းဖွင့်လျက်
သား Lap top တစ်လုံး။ အဲဒါကတော့ အိမ်ကယူလာတာဖြစ်နိုင်
သည်။ အဲဒါကိုမြင်တော့မှ သူရီသည် ကိုယ့် Lap top ကို မယူ
လာခဲ့မိတာ နောင်တရသွားသည်။ ခုတော့ တစ်နေ့တစ်နေ့ ပျင်း
လိုက်သည်မှာ အရည်ပျော်မတတ် စိတ်ဓာတ်ကျနေရသည်။ အပြင်
ဘက်လည်း ထွက်ချင်စိတ်မရှိ။ ထွက်စရာကလည်း ကားမရှိသဖြင့်
ခြေလျှင်လျှောက်ရမှာမပြောနဲ့ Taxi စီးရမှာတောင် သိမ်ငယ်သလို
ဖြစ်နေသောကြောင့် ဘယ်မှလဲ မသွားဖြစ်တော့ပါ။

ဒါကြောင့် ဟန်ကိုယ့်ဖို့လုပ်ကာ ဂျာနယ်တစ်စောင်
ဖတ်နေသော သူရီ့အနားသို့ မင်းဇလက ရောက်လာကာ ...

"ဟိတ်"

"ဘာလဲ"

"မင်းကို ငါ ပြောစရာရှိတယ်"

"ပြောပါလား"

သူက သူရီ့မျက်နှာကို အကဲခတ်သလို တစ်ချက်
ကြည့်ပြီးမှ ...

"ငါ ဒီအခန်းကို Air Con တပ်မလို့"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကြောင့် သူရီ့စိတ်ထဲတွင် လိုက်ေ
ဖြစ်သွားသည်။ ဝမ်းသာစိတ်ကလည်း လှစ်ခနဲ ပေါ်လာသည်
တစ်သက်လုံးက အေးအေးစိမ့်စိမ့်နေလာခဲ့ရကာ ဘဝက နှာမည်
လိုက်အောင် ချမ်းစိမ့်ခဲ့ရသော သူရီချမ်းစိမ့်သည် ဒီအခန်းထဲ
ပူလောင်အိုက်စပ်သည့်ဒဏ်ကို တကယ်ပဲ မခံနိုင်ပါ။ အခုချိန်
လည်း ပူလောင်လှသည့် နွေရာသီကြီးမို့ သူရီ့အတွက် Air Con
မရှိတာကလည်း တကယ့်ကို ကြီးမားသောဒုက္ခပဲ ဖြစ်တော့သည်
ဒီအခန်းမှာ Air Con တပ်ဖို့ကိုလည်း သူရီ မတတ်နိုင်။ အဲဒီတော
သူ အဲဒီလိုပြောလာသည့်အခါ သူရီက တကယ်ပဲ ဝမ်းသာသွား
သည်။

သို့သော် ဝမ်းသာစိတ်က တစ်မိနစ်တောင် မခံပါ
သူက ဆက်ပြောသည်။

"မင်းရော ရှယ်ချင်လား"

"ဘာရှယ်ရမှာလဲ"

"ဟ … ရှယ်ချင်လားဆိုတော့ ရှယ်ယာတစ်ဝက် ပါချင်
လားလို့ မေးတာ"

"ဟင် … နင့်ဟာနင် Air Con တပ်တာ ငါက ဘာကြ
ရှယ်ယာတစ်ဝက် ပါရမှာလဲ၊ အဓိပ္ပာယ်မရှိတာ"

"သြော် … ဘာလို့ အဓိပ္ပာယ်မရှိရမှာလဲ။ ဒီအခန်း
တပ်ရင် နင်ရော မအေးဘူးလား။ နင်လည်း အေးတဲ့အရသာ
ကို ခံစားရမှာပဲ …





အဲဒါကြောင့် နင်ပါ တစ်ဝက်စိုက်ဖို့လိုတယ်"

"အောင်မာ … မစိုက်နိုင်ပါဘူး။ နင် တပ်ချင်လို့တပ်တာ
ငါနဲ့ ဘာမှ မဆိုင်ဘူး"

"ဟ … နင်ရော Air Con တပ်မှာ မကြိုက်လို့လား ပြော"

"ကြိုက်ကြိုက် မကြိုက်ကြိုက် ပိုက်ဆံကတော့ တစ်ဝက်
မစိုက်နိုင်ဘူး။ နင့်ဟာနင် တပ်ချင်တပ် မတပ်ချင်နေ"

သူက သူရီ့ကို ပြုံးမဲ့မဲ့ဖြင့် ခါးထောက်ပြီး စိုက်
ကြည့်ကာ …

"မင်းမှာ ပိုက်ဆံမရှိလို့ မဟုတ်လား"

အဲဒီအပြောကြောင့် သူရီ့ရင်ထဲတွင် ဖျဉ်းခနဲဖြစ်သွား
သည်။ အရှိက်ကို ထိမှန်ခံလိုက်ရသူမို့ ရုတ်တရက် ဘာမှ ပြန်
မပြောနိုင်ချေ။ ဟုတ်နေသောကြောင့် ရုတ်တရက် ဘာပြန်ပြော
ရမှန်းမသိ။ ပြီးတော့မှ ကမန်းကတန်းနှင့် အထစ်ထစ် အငေါ့ငေါ့
ဖြင့် …

"ဘာ … ဘာကိစ္စ ပိုက်ဆံမရှိရမှာလဲ"

သူက ပြေးကုတ်ချင်စရာ ကောင်းလေ ကြ်အောင်
ခနိုးခနဲ့ပြုံးကာ …

"မရှိရင်လည်း မရှိဘူး ပွင့်ပွင့်လင်းလင်း ပြောပါကွာ။
ဒါဆိုလည်း ငါက ဖွတ်မတောင်းပါဘူး။ ကျွန်မှာ အဲဒီ
လောက် မတတ်နိုင်လို့ ဆိုရင့်လည်း ငါက မင်းကို အအ
တကြည့်ပဲ အအေးခာတ်လေး ဒါနပြုမှာပါ …



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းလေးတော့ မလျှို့စေတမ်းလိုတာပေါ့ ... ဟုတ်လား"

"သေလိုက်ပါလား။ ဘာကိစ္စ ငါက ရှင်းလင်းပြနေရမှာလဲ။ နင်နဲ့ကို မပတ်သက်ချင်လို့ နားလည်လား"

"ဒီမှာ သူရိချမ်းစိမ့် ... ဒီအချိန်က မာနကြီးနေရတော့မယ့် အချိန်မဟုတ်တော့ဘူးကွ။ လူဆိုတာ ရောမရောက်ရင် ရောမလိုကျင့်ရမှာပဲ။ အရင်က ရွှေထီးဆောင်းခဲ့တဲ့ခေတ်ကို တမ်းတမနေနဲ့တော့ ...

ရေလိုက် ငါးလိုက်နေတတ်ဖို့က လောကကြီးမှာ အရေးကြီးဆုံးပဲ"

"လျှာမရှည်နဲ့ နင် ငါ့ကို ဘာမှ ဆရာလာလုပ်စရာမလိုဘူး"

"ငါက အမှန်တွေကိုပြောလို့ မင်း စိတ်တိုနေတာမဟုတ်လား။ မင်းလို မိန်းမမျိုးလား ကောင်းကောင်းမနေချင်ပဲရှိမှာ။ တကယ်တမ်း မင်းမှသာ ပိုက်ဆံရှိရင် တစ်ဝက်ပေးဆိုတာနဲ့ ပက်ခနဲ ပစ်ပေးလိုက်မယ့် မိန်းမမျိုးပါကွာ — ဟဲ ဟဲ ...

ဟုတ်တယ်မလား ...။ ဒီလောက်တောင် အပြောခံမနေပါဘူး။ ဧကန္တ ဖုန်းစည်သူဆိုတဲ့ ကောင်ဆီမှာ သိန်းနှစ်ရာလုံး ပါသွားပြီ။ မင်းဆီမှာတော့ နည်းနည်းပါးပါးလောက်ပဲ ကျန်ရစ်ခဲ့မယ်နဲ့တူတယ် ...





ဒါဆို မင်းထက်စာရင် ငါက တော်သေးတယ်ပြောရမှာပေါ့"

သူရိက အံကို တင်းတင်းကြိတ်မိကာ ...

"နင့်ပါးစပ်ကို ပိတ်ထားစမ်း။ အေး ... နင်ကတော့ နင့်ဟာမကို ခြူးတစ်ပြားမှ မပေးလိုက်ဘူးမဟုတ်လား။ ငါ့ပိုက်ဆံတွေနဲ့ နင့်ဟာမက မျိုဆို့သုံးစွဲနေမှာလေ"

"ဘာဖြစ်လို့ မပေးလိုက်ရမှာလဲ။ ပေးလိုက်တာပေါ့။ အေးပေါ့ မင်းလောက်တော့ ဘယ်များမလဲ။ မင်းကတော့ ရှိသမျှ ပုံအောပြီးပေးလိုက်ရလို့ အခု ပျားတုပ်ခံနေရပြီ မဟုတ်လား ...

အေးပါ ထားလိုက်ပါတော့။ မင်း စိတ်မပါတဲ့ကိစ္စကို ဖွတ်မပြောဘူး။ ဒါကတော့ ငါတပ်ချင်လို့ တပ်တာဆိုတော့ ငါပဲ အကုန်ခံရုံပေါ့။ ငါကတော့ ဒီအခန်းမှာ ရေရှည်နေသွားဖို့ စိတ်ကူးတယ် ဆိုတော့ တပ်ရမှာပဲ"

သူပြောသည့်ပုံစံက သူရိကပဲ ရေရှည်မနေနိုင်တော့ဘဲ နောက်တစ်ရစ်စာ ထပ်မသွင်းနိုင်တော့သဖြင့် ဆင်းပေးရတော့မည့်ပုံဖြစ်သည်။ သူရိသည် အစော်ကားကြီး စော်ကားနေသော ချပိန်ကောင်ကိုကြည့်ကာ စိတ်ရှိလက်ရှိ လုပ်ပစ်ချင်စိတ်တို့ကို အထူးပင် ထိန်းချုပ်ထားရသည်။ သူက ရိုက်ပေါက်ပုံစံဖြင့် ခေါင်းဆုကို ဟန်ပါပါ ပွတ်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေဦး။ မင်းကို အရေးကြီးတာတစ်ခု ပြောစရာရှိတယ်။ ဒီအခန်းမှာ မင်းရော ငါရော နှစ်ယောက်စလုံးနေတာဆိုတော့ ဒီအခန်းရဲ့ သန့်ရှင်းရေးက နှစ်ယောက်စလုံးမှာ တာဝန်ရှိတယ်။ အဲဒီတော့ ... တစ်ယောက်တစ်ရက်စီ တစ်လှည့်စီ တာဝန်ယူမှဖြစ်မယ်"

"ဘာဆိုင်လို့ တစ်လှည့်စီ တာဝန်ယူရမှာလဲ။ နင်က ရှေ့မှာနေနေတာ။ နင်နေတဲ့နေရာ နင် တာဝန်ယူချေ။ နင့်နေရာထိပါ ငါက ကြမ်းတိုက် တံမြက်စည်းလှည်းပေးနေရမှာလား"

"ဒါဆို နင်က နောက်ထဲကို တာဝန်ယူမယ်ပေါ့"

"နောက်ထဲကလည်း နင်ပဲ အများဆုံးသုံးပြီး ချက်ပြုတ်နေတာပဲလေ။ မီးဖိုထဲကို နင့်ဘာသာ လှည်းကျင်းပေါ့။ ငါက ဘာသုံးတာမှတ်လို့"

"သူရီချမ်းစိမ့် ... မင်းဟာလေ တော်တော်ကို အပျင်းကြီးတဲ့မိန်းကလေးပါလား။ မင်းလောက် အပျင်းကြီးတဲ့ မိန်းကလေးမျိုး ငါ တစ်ခါမှ မတွေ့ဖူးဘူး ...

အဲဒါကြောင့်လည်း မင်းကို ဟိုကောင်က မယူတာနေမှာ"

အဲဒီစကားသည် သူရီ့ကို အနာပေါ်တုတ်ကျသွားသလို နာသွားစေကာ ထိုင်ရာမှ ဝုန်းခနဲပင် ထရပ်မိသည်။





"သေလိုက်ပါလား၊ နင့်ပါးစပ်ကို ပိတ်ထားစမ်း မင်းဗလ။ ဘာမှ လာလျှာရှည်မနေနဲ့။ နင့်ကိုရော နင့်ဟာမကို ယူလို့လား။ အဲဒီအယုတ်တမာတွေအကြောင်း စကားထဲလာထည့်မပြောနဲ့။ အသံတောင်မကြားချင်ဘူး နားလည်လား ...

အေး ... နင်ကတော့ ပေါ့သွမ်းသွမ်းလူမို့ နင့်ဟာမကို စိတ်နာချင်မှနာမယ်၊ ငါကတော့ ဟိုး ကလီစာထဲကအထိ နာတယ်ဟဲ့ မှတ်ထား။ ငါ့ကို နင်နဲ့ပါ ပေးစားခဲ့တဲ့အထိ ယုတ်မာသွားကြတဲ့ အဲဒီလင်မယားကို မသတ်ရမချင်းမကျေနပ်ဘူး ...

နင်ကတော့ ငါနဲ့ ရတယ်လို့ ကြော်ငြာခံရတာဘာအရေးလဲ။ ငါကတော့ တစ်သက်လုံး ဒီအမည်းစက်ကြီးနဲ့ သွားပြီဟဲ့ သိရဲ့လား။ ဘယ်သူ့ကို ဘယ်လို သွားပြီး ဖြေရှင်းပြရမှာတဲ့လဲ။ နင့်ပါးစပ်က နောက်တစ်ခါ အဲဒီအယုတ်တမာတွေအကြောင်း လုံးဝလာမပြောနဲ့"

သူရီသည် ပြောရင်းတန်းလန်းမှ ဝမ်းနည်းလွန်းအားကြီးသောကြောင့် မျက်ရည်တွေပါ စီးကျလာရင်း အံကို တင်းတင်းကြိတ်ကာ ရှာခနဲ ထထွက်လာခဲ့သည်။ ဟိုတစ်ယောက်ကတော့ သူရီ့ကို မျက်လုံးအပြူးသားဖြင့် ငေးကြောင်ကြည့်ကာ ကျန်ခဲ့လေသည်။ အခန်းထဲအရောက်တွင် အိပ်ရာပေါ်ကို ပစ်လှဲချလိုက်ခေါင်းအုံးပေါ်တွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရီ ဘာကြောင့်များ ဒီလောက်ထိ ကံဆိုးသွားရတာတဲ့လဲ။ ခုချိန်တွင် သူရီ့အနားဌ် ဘယ်သူမှမရှိ။ မိဘအိမ်မှာ နေခဲ့ရသော ဘဝနှင့် တခြားစီဖြစ်လျက် စိတ်ဓာတ်ကျရသော ဝေဒနာကိုပါ တွဲဖက်ခံစားရလျှင် ရူးသွားမလားတောင် ထင်ရလေသည်။

သူရီသည် လူတစ်ယောက်ကို အလွယ်တကူ ယုံတတ်သော မိန်းကလေးတစ်ယောက် မဟုတ်ခဲ့ပါ။ စည်သူ့ကိုဆိုလည်း ကိုယ့်အပေါ်မှာ သည်းခံနိုင်သော၊ ခွင့်လွှတ်တတ်သော စိတ်ထားတို့ရှိ၍သာ ပို၍ သံယောဇဉ်တိုး ယုံကြည်သွားရခြင်းဖြစ်သည်။ လူတစ်ယောက်ကို ယုံကြည်တယ် ဆိုရာမှာလည်း ဘယ်သူကမှတော့ ဘလိုင်းကြီး ယုံမည်မဟုတ်ပါ။ ယုံလောက်စရာ အကြောင်းတွေရှိ၍သာ ယုံကြတာဖြစ်သည်။ အဲဒီ ယုံကြည်ခြင်းသည် လူတစ်ယောက်ဘဝကို ဒီလောက်အထိအောင်ပဲ အသေသတ်နိုင်လားတော့ မပြောတတ်ပါ။

လောလောဆယ်မှာတော့ အဲဒီတစ်ယောက်ကို လက်တုံ့မပြန်နိုင်သေးခင် ကိုယ့်ကိုယ်ကိုယ် ကောင်းကောင်းရပ်တည်ဖို့တောင် မနည်းကြိုးစားရဦးမှာ ဖြစ်သည်။ ဘဝဆိုသော စာလုံးလေးနှစ်လုံးကို တကယ်ကို တစ်ယောက်တည်း စတင်ရင်ဆိုင်နေရတာဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ်တော့ ရေးတေးတေး သဘောပေါက်လိုက်လေသည်။ သူရီသည် အားတင်းထားဟူသော စကားလုံးလေးကို ကိုယ့်ကိုယ်ကိုယ်တောင် ပြန်မပြောနိုင်ပါ။





## ၁၁

သူ မျက်လုံးဖွင့်ကာ ဖျတ်ခနဲ နိုးထလာချိန်ဟာ နက်ခုနစ်နာရီခန့်ဖြစ်သည်။ သူသည် အိပ်ရာထဲမှာ ဟိုဟိုဒီဒီ တစ်ချက်နှစ်ချက်လောက် လူးလိမ့်လိုက်ရင်းမှ အပျင်းမကြီးဘဲ အိပ်ရာထဖို့ ကြိုးစားလိုက်သည်။ အိပ်ရာခင်းတွေ၊ ခေါင်းအုံးတွေကို သပ်သပ်ရပ်ရပ် စီရီထပ်ထားပြီးနောက် သူက တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်လိုက်သည်။ အဲဒီနောက် မျက်နှာသုတ်ပဝါကို ည်ပင်းမှာပတ်ကာ အိမ်ရှေ့ဝရန်တာဆီသို့ လှမ်းထွက်လာခဲ့လိုက်သည်။

နံနက်ခင်းစောစောမို့ အအေးဓာတ်လေးက ရှိနေကာ သီဥတုက သင့်တော်ကောင်းမွန်နေသည်။ သူသည် နံနက်စော ထလေတိုင်း ဝရန်တာလေးကနေ၍ အောက်ဘက်က ဖြတ်သွား တ်လာလူတွေကို ကြည့်ရတာ ဝါသနာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်မှာနေတုန်းက ဒီမြင်ကွင်းမျိုး မမြင်ဖူးလေသောကြောင့် မနက်အိပ်ရာနိုးတိုင်း ဝရန်တာမှာထွက်၍ ရပ်ကြည့်ရတာကို သူက အလွန်သဘောကျသည်။ ဟိုတစ်ယောက်ကတော့ အခုထိ နိုးသေးပုံ မပေါ်ပါ။ သူသည် သူရှိချမ်းစိမ့်ရဲ့အကြောင်းကို တွေးမိသွားလျှင် ညကကိစ္စအတွက် နည်းနည်းတော့ စိတ်မကောင်းဖြစ်သွားသည်။ ဟုတ်တော့လည်းဟုတ်ပါသည်။ ယောကျ်ားလေးဖြစ်သည့် သူတောင်မှ ကိုယ့်ကို ဘတ်သီးရိုက်သွားခံရခြင်း မိဘရဲ့ အမွေပြတ်စွန့်လွှတ်မှုကိုခံရခြင်း၊ အဲဒီနောက် ဘာမဆိုင်ညာမဆိုင် လက်ထပ်ပြီးစီးကြောင်း သတင်းစာထဲထည့်၍ ကြော်ငြာခံရခြင်းတို့အတွက် ကြီးစွာသော စိတ်အနှောင့်အယှက်ဖြစ်မှုတွေ ဒေါသတရားတွေ နာကြည်းမှုတွေနှင့် ရင်ဆိုင်ခဲ့ရသေးသည်။

သို့သော် သူက လက်ထဲမှာ ပိုက်ဆံတော်တော်များများ ကျန်ရစ်ခဲ့လျက် ယောကျ်ားလေးလည်းဖြစ်တာကြောင့် သူလောက် ချုံးချုံးကျမသွား။ ပြီးတော့ သူက နဂိုတည်းက ပျော်ပျော်နေတတ်သောစိတ်ခံလည်း ရှိသလို ရောက်တဲ့နေရာနဲ့ လိုက်လျောညီထွေရှိတဲ့ စိတ်မျိုးလည်း မွေးတတ်သေးသည်။ လက်ရှိအခြေအနေပေါ်မှာ စိတ်ညစ် စိတ်ဆင်းရဲနေ၍လည်း ဘာမှထူးမှာမဟုတ်ဆိုတာကို နားလည်သည်။ အိမ်မှာ သူ့အမေဖွင့်ထားသော တရားခွေတွေကို တမင်နားမထောင်သော်လည်း ကြားကြားနေရသောကြောင့် တရားထဲကလို အကြောင်းရှိလို့ ဖြစ်လာတာဆိုတာကို အေးအေးလူလူ လက်ခံလိုက်သည်။ စေတနာအတိုင်း သူတို့ အကျိုးပေးသလို သူတို့ သွားကြလိမ့်မည်ဟု သဘောထားလိုက်နိုင်သည်။



ကိုယ် စိတ်ခုတ်ကျ စိတ်ဆင်းရဲကာ ဒေါသစိတ်တွေက ကိုယ့်ကို နှိပ်စက်လျှင် ကိုယ်ပဲ သတ်သေချင်စိတ် ပေါက်သွားသည်။ ဟိုနှစ်ယောက်ကတော့ သူတို့ပိုက်ဆံတွေဖြင့် မိုးမမြင်လေမမြင်ပျော်နေမှာဖြစ်သောကြောင့် နှစ်ခါလည်း အရှုံးမခံတော့ပါ။ သူ့အမှားတွေထဲက သင်ခန်းစာကောင်းကောင်းယူ၍ ကြိုးစားရပ်တည်သွားဖို့ပဲ စိတ်ကူးတော့သည်။ သူ့လက်ထဲမှာ ပိုက်ဆံတွေရှိသေးသော်လည်း အဲဒီအတိုင်း ထိုင်စားနေလို့ကတော့ ကုန်သွားမှာကို သူ သိသည်။ အိမ်ခန်းငှားခစရိတ်၊ မီတာစရိတ်တွေဖြင့် စားစရိတ်၊ သောက်စရိတ် ကုန်ကျစရိတ်တွေကလည်း ရှိသေးလေရာ သူက အလုပ်တစ်ခုခုလုပ်ဖို့ စဉ်းစားရသည်။ လုပ်ငန်းကိုတော့ ဟိုဟာမလေး မရှိတော့သော်လည်းပဲ သူက ဆက်ငှားဖို့ စိတ်ကူးထားပါသည်။ ဒီထက်နိမ့်သောနေရာမှာတော့ မနေနိုင်။ မနေလိုတော့။ ဒါကြောင့် သူ့လက်ထဲမှာ ကျန်သော ပိုက်ဆံကိုတော့ အရင်လို ထင်ရာလျှောက်မဖြုန်းတော့ဘဲ ကျစ်ကျစ်လျစ်လျစ်အောင် စုဆောင်းထားဖို့ စိတ်ကူးထားရသည်။

သူသည် ဝရန်တာမှာ အတွေးပွားနေမိပြီးမှ နောက်ဖေးထဲရှိ မီးဖိုထဲသို့ လှမ်းဝင်လာခဲ့လိုက်သည်။ တစ်နေ့တာအတွက် ချက်ပြုတ်ရပေလိမ့်ဦးမည်။

အရင်တုန်းကတော့ အောက်ကဆိုင်တွေမှာ ဆင်းပြီး ဝယ်စားတတ်ပေမယ့် ကြာတော့ ရိုးလာကာ မစားချင်ပြီးတော့ အစားလေးတစ်လုတ် စားရဖို့အရေးကို တက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဆင်းလိုက် လမ်းလျှောက်လိုက်ဖြင့် ဒုက္ခလည်း မခံလို
ချေ။ ဒါကြောင့် ရေခဲသေတ္တာတစ်လုံး ဝယ်ထားကာ တစ်ပတ်
လောက် စုထည့်လာတတ်သည်။ ပြီးတော့ သူက ဟိုစပ်
ဒီစပ်စပ် ဝါသနပါသူမို့ ကိုယ့်ဟာကိုယ် ချက်ပြုတ်စားသော
လည်း စိတ်ဝင်စားသည်။ ကိုယ့်ဟာကိုယ် ချက်ပြုတ်စား
ဝယ်စားတာထက်လည်း တော်တော်တန်ကြောင်း သိလာရပြီ
သည်။

RiceCookerနဲ့ ထမင်းတစ်လုံးတည်။ ကြက်ဥ
ကြော်။ လက်ဖက်လေးသုပ်ပြီး ထမင်းပူပူလေးနှင့် စားလိုက်လျှ
လည်း ငတ်နေလို့လားတော့မသိ ထမင်းနှစ်ပန်းကန်လောက်
အသားလေးဝင်သွားတတ်သည်။ အဲဒါက စိတ်မပါလျှင်
အတိုင်းစားတာဖြစ်ပြီး စိတ်ပါလျှင်တော့ ကြက်သားဟင်း။
သားဟင်းတွေ ကိုယ့်ဟာကိုယ် လက်တည့်စမ်းပြီး လျှောက်ချ
ကြည့်သည်။ မဆိုးပါ။ စာအုပ်ကိုင်ပြီး ဂရုတစိုက် ချက်ပြုတ်
ဖြစ်သည့်အတွက် ဇွတ်ဒိရှယ်မဖြစ်အောင် စားလို့ဖြစ်သည့် အ
ထဲမှာတော့ပါလာသည်။ သူ့အမေသာမြင်လျှင်တော့ ရင်ထု
မလား မပြောတတ်ပါ။ မတတ်နိုင်ချေ။ ဘဝရဲ့လျှို့ဝှက်ကံကြ
ဆိုတာ လူတိုင်းရင်ဆိုင်ရမည်သာဖြစ်ပါသည်။

ဒီနေ့တော့ သူသည် ဘာကြောင့်မှန်းမသိ ဝက်သာ
မှျစ်ချဉ်ကို အလွန်တရာ တောင့်တနေသောကြောင့် အဲဒါ
ချက်ဖို့ စိတ်ကူးရသည်။ ဝက်သားနဲ့ မှျစ်ချဉ်နဲ့ချက်ကာ ရယ်ဒီ



ခြောက်ကြော်တစ်ထုပ်နှင့် တွဲဖက်စားရလျှင် ထမင်းတော့
တော်တော်မြိန်သွားမှာဖြစ်သည်။ သူ ချက်ပြုတ်ဖို့ ပြင်ဆင်နေချိန်
အထိ ဟိုကလေးမက အိပ်ရာကမနိုးသေးချေ။ ညကပဲ အိပ်ရာဝင်
နောက်ကျသွားလို့လားတော့မသိ။ သို့သော် သူ မြင်တာတော့
သူမ သူ့ထက်စာရင် ဘယ်တော့မှ အိပ်ရာနိုးတတ်လေ့ မရှိပါ။
သူက မီးဖိုထဲမှာ ချက်ပြုတ်ဖို့ ပြင်ဆင်ရင်းနဲ့ သူမ ပစ္စည်းတွေ
ထားသော စားပွဲပေါ်သို့ အကြည့်ရောက်သွားသည်။ သူမက
ကော်ဖီမစ်နဲ့ ခေါက်ဆွဲထုပ်လောက်သာ အားပြုစားသောက်တတ်
သျက် ထမင်းဟင်းကိုတော့ ကိုယ်တိုင်ချက်ပြုတ် မစားတတ်ချေ။
ဒါကလည်း မချက်တတ်လို့ မချက်တာပဲ ဖြစ်ဖို့များသည်။

သူက မှျစ်ချဉ်နဲ့ ဝက်သားအိုးကို မီးဖိုပေါ်တင်ပြီး
တော့မှပဲ နံနက်စာ စတင်စားဖို့ပြင်သည်။ သူ့ရဲ့ Breakfastက
ဝက်အူချောင်းနဲ့ကြော်သော ထမင်းကြော်နှင့် ကော်ဖီပူပူဖြစ်သည်။
သူ စားသောက်နေတုန်းမှာပဲ သူမက အိပ်ရာမှ နိုးထလာကာ
မျက်နှာသစ်ပြီးစပုံစံဖြင့် မီးဖိုထဲသို့ ဝင်ရောက်လာလျှင် ထမင်း
ကြော်ကို အားရပါးရစားနေသော သူသည် သူမကို မြင်သော
အခိုက်မှာ အိုးတိုးအမ်းတမ်းဖြစ်သွားသည်။ သူမကလည်း သူ့ကို
ရှုတည်တည်တစ်ချက်ကြည့်ကာ ကော်ဖီတစ်ခွက်ကို ဖျော်နေသည်။
ပြီးတော့ ပေါင်မုန့်တစ်ထုပ်ကို ယူကာ အိမ်ရှေ့ခန်းသို့ ပြန်ထွက်
သွားသည်။ သူရှိနေ၍ နောက်ထဲမှာမစား။ သူသည် ဒယ်အိုးထဲမှ
အနည်းငယ်ကျန်နေသော ထမင်းကြော်ကို သူမအား ကျွေးချင်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာသည်။ တကယ်တော့ ကိုယ့်ဟာကိုယ် တစ်ယောက် တလောက်ချက်စားရတာဟာ နည်းနည်းတော့ ပိုနေတတ်သည်။ နှစ်ယောက်စားရင်လည်း ဆိုးတော့မဆိုး။ သို့သော် ဒီအထည်ကြီး ပျက်မလေးက ညှို၍ရမယ် မထင်ပါ။

တကယ်တော့ လူ့စိတ်ဆိုတာလည်း ဆန်းတော့ဆန်း ကြယ်သည်။ သူနဲ့ကိုယ်နဲ့ မတည့်ဘူး၊ မျက်နှာကြောမတည့်ဘူး ဆိုသော်လည်း ဒီအိမ်မှာ သူမ ရှိနေတယ်ဆိုသောအသိက သူ့ကို အရောင်မှမပါသောစိတ်ဖြင့် နွေးထွေးစေသည်။ ကိုယ်လို ဘဝတူအချင်းချင်း အတူရှိနေပါလားဟူသော အသိသည် အထီး ကျန်မှုကို ပြေပျောက်စေပါသည်။ ဒီတိုက်ခန်းလေးထဲမှာ ကိုယ် တစ်ယောက်တည်းမဟုတ်ဘဲ နောက်တစ်ယောက်ပါ ရှိသေးသည် ဟူသော အသိသည် သူ့စိတ်ကို တစ်မျိုးဓာတ်မည် ပြေပျောက်စေ နိုင်သည်။ သူမတော့မသိ။ သူမကို ကြည့်ရသည်မှာ ခုတလော ပိန်တောင်ပိန်သွားသည်ဟု ထင်မိသည်။ အင်း ... ပြောသာပြော ရတာ သူမလည်း တော်တော်တော့ စိတ်ဆင်းရဲရှာမှာပဲ။

သူမ ပြောသလို အမည်းစက်တစ်စက် စွန်းထင် သွားသည်မှာ တကယ်ပဲ ဖြစ်တော့သည်။ သူတို့နှစ်ယောက်ကို ဘာမှမဆိုင်ဘဲနဲ့ နှစ်ဦးသဘောတူ လက်ထပ်ခြင်း ကြော်ငြာကြီး ထည့်ပစ်သည်မှာတော့ ဟိုနှစ်ယောက် တော်တော်လွန်သည်ဟု ထင်မိသည်။ အင်း ... ဆက်မတွေးတာပဲ ကောင်းမယ်ထင်သည်။ သူက ထမင်းစားလက်စကို လက်စသတ်ကာ နာရီကို တစ်ချက်





ကြည့်လိုက်သည်။ ဒီနေ့ နေ့လယ်ခင်းမှာ သူ အင်တာဗျူးတစ်ခု သွားစရာရှိသည်။ ကွန်ပျူတာနဲ့ပတ်သက်သော အလုပ်တစ်ခုမို့ အရင်တုန်းက ကွန်ပျူတာနဲ့ပတ်သက်ပြီး အပျင်းပြေလိုက်စားခဲ့ တာက ခုတော့ သူ့ကို ထမင်းကျွေးတော့မည့်အလုပ် ဖြစ်နေတာက တော့ တရားကျဖို့ပင် ကောင်းလှသည်။

ဒီနေ့တော့ သူမက နေ့လယ်ခင်း ထမင်းမစားခင် အပြင်ဦးအောင်ထွက်သွားလျှင် ဘယ်များထွက်သွားတာလဲဟု ခပ်စပ်စုစုပဲ လိုက်တွေးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရီသည် ရှေ့မှ ထမင်းပန်းကန်ကို တွန်းထုတ်လိုက် ရင်းမှ စားပွဲထိုးကိုခေါ်ကာ ပိုက်ဆံနှစ်ထောင်ထုတ်ရှင်းလိုက်သည်။ ထမင်းဆိုင်ထဲမှ ပြန်ထွက်လာရင်းမှ မြို့ထဲသို့ သွားရမှာကို လှမ်းတွန့်နေသည်။ အခုဆိုလျှင် သူရီ့လက်ထဲမှာ ပိုက်ဆံ သိပ်မကျန်တော့ချေ။ အိမ်ထဲမှာပဲ ထိုင်စားကာ အညှာစားဆိုလည်း မစားတတ် မသောက်တတ်သော သူရီ့အတွက် စားစရိတ် တော်တော်ထိလှသည်။ အလုပ်တစ်ခုတော့ လုပ်မှဖြစ်တော့မည် သော အတွေးမှာ လွန်ခဲ့သောတစ်လလောက်တည်းက အသိ ဝင်ခဲ့သော်လည်း တကယ့်တကယ်တမ်းမှာ ဘာလုပ်လို့ လုပ်ရမှန်း လည်း မသိချေ။ အလုပ်ကောင်းကောင်း ရဖို့အတွက် သင်တန်း ဆင်းလက်မှတ်ပေါင်းစုံ လိုအပ်လေရာ အဲဒါတွေလည်း သူရီ့မှာ တစ်ခုမှမရှိပါ။

ရိုးရိုးဘွဲ့လေးတစ်ခုနဲ့ သူရီ ဘာကိုလုပ်ရမည်နည်း။ ဒီအချိန်ကျတော့မှပဲ အမေပြောခဲ့သော စကားတွေကို ရေရေရာရာ သဘောပေါက်တော့တာဖြစ်သည်။ ကိုယ်ပိုင်အရည်အချင်း၊ အ





အစမရှိဘဲနဲ့ လောကအလယ်မှာ တင့်တင့်တယ်တယ် မရပ်တည်နိုင် ဟုသော စကားကို အခုမှပဲ သူရီ လက်ခံရတော့သည်။ မိဘအိမ် မှာနေတုန်းက ပေါ့ပေါ့နေ ပေါ့ပေါ့စားကာ ငွေကို ရေလိုသုံးခဲ့ သော သူရီသည် အခုတော့ လက်ထဲက ပိုက်ဆံရွက်လေးတွေ ထွက်သွားလေတိုင်း ငွေရဲ့တန်ဖိုးကို သိကာ နှမြောတသနေခဲ့ရ ပြီဖြစ်သည်။ အပြင်မှာ အစားအသောက် ဝယ်စားရတာ မတန်ဘူးဟု သိသော်လည်း ကိုယ့်ဟာကိုယ် ဘယ်ကနေ ဘယ်လို ချက်စားရ မှန်းမသိ။

အဲဒီတစ်ခုကိုတော့ ဟို Fido Dido ကောင်ကို ချီးကျူးရမည်ဖြစ်သည်။ တစ်ယောက်တည်း ချက်ပြုတ်စားသောက် နေလိုက်သည်မှာ မိန်းကလေးတစ်ယောက်အတိုင်းပဲ ဖြစ်သည်။ သူရီ့ကို အိပ်ရာကနိုးအောင် စွမ်းဆောင်နိုင်လိုက်သည်မှာ သူချက် စားသော မီးဖိုပေါ်မှ ဝက်သားနဲ့ မျှစ်ချဉ်ရနံ့ကြောင့်ဖြစ်သည်။ စားချင်လိုက်သည်မှာ လျှာတွေကို ယားပြီးနေသည်။ ပြီးတော့ သူစားသောက်နေသော ထမင်းကြော်မှာလည်း ဝက်အူချောင်းနှန်း ချင်းဖြင့် စားချင့်စဖွယ်အတိ။ သူရီ့မှာတော့ တစ်နေ့ပေါလည်း ကော်ဖီနဲ့ပေါင်မုန့်၊ ခေါက်ဆွဲပြုတ် ဒါပဲ လှည့်လည်နေရသဖြင့် စိတ်တောင်ကုန်လာသည်။ တစ်ခါတစ်ရံများဆိုလျှင် ကိုယ်တော် ချောက လက်ဖက်တွေ ဘာတွေတောင်သုပ်ကာ ထမင်းပူပူတွေဖြင့် အားပါးတရစားပြနေလျှင် သူရီ့မှာ တံတွေးများတောင် ကျိတ်မျိုရ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရီသည် အရေးမပါသော အတွေးနတွေကို ခေါင်း ထဲမှ မောင်းထုတ်ပစ်ရင်းမှ အလုပ်ကိုသာ အာရုံစူးစိုက်လိုက်သည်။ အလုပ်တစ်ခုကတော့ မရ၍မဖြစ်ပါ။ အတွေးနဲ့အတူ အလုပ်ခေ ထားသည့် အဆောက်အအုံကြီးထဲသို့ လှမ်းဝင်မည်အပြုတွင် သူရီရဲ့လက်ကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ ဖမ်းဆွဲထားတာ ကို ခံလိုက်ရသည်။ သူရီက လှည့်ကြည့်လိုက်လျှင် သူရီ့ရဲ့အဒေ အန်တီလေး (မေမေ့ညီမ အပျိုကြီး) ဖြစ်လို့နေသည်။ သူရီသည် အန်တီလေးကိုမြင်လျှင် ရုတ်တရက် ကြောင်ကြည့်နေပြီးတော့ ချာခနဲ လှည့်ထွက်ပြေးဖို့ပြင်သည်။ အန်တီလေးက သူရီ့လက် တွေကို တင်းတင်းဆွဲထားပြီးမှ ...

"သူရီ ဒါ ဘယ်ကိုသွားမှာလဲ။ ငါနဲ့ လိုက်ခဲ့စမ်း"

"ဟင့်အင်း ... သူရီ့ကို လွှတ်ပါ အန်တီလေး"

"ကျွတ် ... စကားရှည်မနေစမ်းနဲ့၊ လာခဲ့"

နောက်ဆုံးတော့ သူရီသည် အန်တီလေး ခေါ်ထား သည့် စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ပါလာရတော့သည်။ ဆိုင်ထဲ တွင် မျက်လွှာအောက်ချကာ ငြိမ်သက်နေသော သူရီ့ကို အန်တီ လေးက ခပ်တင်းတင်းကြည့်ကာ (ကြည့်မှာပေါ့၊ အန်တီလေးရဲ့ ဖုန်းကိုငှားပြီး ဟိုဘတ်သီးကောင် စည်သူကို ပေးထားခဲ့တာကိုး)

"ညည်း တော်တော် မိုက်ပါလား သူရီ။ ညည်းကြောင့် ညည်း အမေ ဘယ်လောက် စိတ်ဆင်းရဲခဲ့ရတယ်မှတ်လဲ ဘာဖြစ်လို့ ဒီလိုလုပ်သွားရတာလဲ"





"အဲဒါတွေ မေးမှာဆိုရင် သူရီ သွားတော့မယ် အန်တီ လေး"

"နေစမ်းပါဦး၊ ညည်း အခု ဘာတွေလုပ်နေတာလဲ။ ညည်း ကြည့်ရတာလည်း လောကကြီးကို အင်မတန် စိတ်ကုန် စိတ်ပျက်နေတဲ့ရုပ်နဲ့ပါလား။ ညည်းယောကျ်ားရော။ ဟဲ့ ... ညည်းနဲ့ရတာ မင်းဗလ ဟုတ်လား။ မင်းဗလ ဆိုတာ အဏ္ဏဝါရေလုပ်ငန်း ပုလဲလုပ်ငန်းက ဦးသောင်းဌေးရဲ့သား မဟုတ်လား ...

ညည်းဖြစ်နေတာက စည်သူဆို။ ဘာတွေလဲ ငါ့ကို မျက်စိလည်အောင် မလုပ်စမ်းပါနဲ့။ ရှင်းရှင်းလည်းပြော ပြစမ်းပါဦး"

သူရီသည် စည်သူ ဆိုသော အသံကိုကြားလျှင် အသက်တစ်ရက်တိုရသူပီပီ အခုလည်း စိတ်ရှိလက်ရှိ အော်မိတော့ မလို ဖြစ်သွားသည်။ သို့သော် ဘာကိုမှ ဖြေရှင်းချင်စိတ်မရှိတော့ သူပီပီ ခေါင်းတွေကိုသာ ခပ်သွက်သွက် ခါယမ်းပြလိုက်သည်။ အန်တီလေးက သူရီ့ကို မျက်မှောင်ကုတ်ကြည့်ကာ ...

"သူရီ ... ညည်း ယောကျ်ားနဲ့ အဆင်မပြေဘူးလား။ ဘာလဲ ညည်းအဖေဆီက သိန်းနှစ်ရာလည်း ယူသွားသေး တယ်ဆို၊ ငါ့ဖုန်းကရော ဘယ်သူ့ဆီမှာလဲ ...

ညည်း ဘာတွေဖြစ်နေတာလဲ သူရီ။ ငါ့ကို ရှင်းရှင်း လင်းလင်း ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူရိက စိတ်ရှုပ်ထွေးစွာဖြင့် အိတ်ထဲမှ ဖုန်းကို အပြင်ဘက်သို့ ထုတ်လျက် အန်တီလေးရှေ့သို့ တွန်းထုတ်ပေးလိုက်ကာ ...

"သူရိ့ကို ဘာမှ မမေးပါနဲ့တော့ အန်တီလေး။ သူရိ့ကြောင့် အန်တီလေး ဖုန်းတစ်လုံး ဆုံးသွားတယ် မဟုတ်လား။ ဒီဖုန်းကို အစားပြန်ယူလိုက်ပါ"

"ငါ ဖုန်းလိုချင်လို့ မေးနေတယ်များ ထင်နေလား သူရိ။ ညည်း ပုံစံကို စိတ်တိုင်းမကျလို့ မေးနေတာ။ ညည်း ဘာတွေဖြစ်နေတာလဲ။ အခုရော ဘယ်မှာနေနေတာလဲ_ စည်သူနဲ့ ကြိုက်နေလျက်သားနဲ့ ဘာဖြစ်လို့ မင်းဗလနဲ့ ရသွားရတာလဲ။ ညည်းတို့ အဆင်ရော ပြေရဲ့လား"

"ပြေပါတယ်၊ မေမေရော နေကောင်းရဲ့လား အန်တီလေး"

"အင်း မေးဖော်တော့ရသေးသားပဲ။ ညည်းအမေကတော့ ညည်းကို သတိရနေတာပေါ့။ ညည်းများ ပြန်ဆက်သွယ်မလားလို့ မျှော်တလင့်လင့်နဲ့။ ညည်းအဖေကတော့ ပြတ်တယ်ဟေ့။ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာထည့်တာလည်း ညည်း အဖေပဲ။ ဒုက္ခရောက်လို့ ပြန်လာရင်တောင် လက်မခံနဲ့လို့ မှာထားတယ် ...

သူရိရယ် ... ညည်း ဘာကြောင့်များ ဒီလောက်မိုက်ရတာလဲဟင်။ ကောင်လေးတက်ကလည်း အမွေပြတ်စွန့်လွှတ်ထားတယ်ဆို။ ညည်းတို့ ဘယ်လိုများနေထိုင်ပြီး





ဘာတွေများ လုပ်ကိုင်စားသောက်ကြတာလဲ။ ငါ ကြားတာတော့ ဟိုကောင်လေးကလည်း အလုပ်မရှိ အကိုင်မရှိဆို။ ရှိတာတွေပဲ ထိုင်စားနေကြတာပေါ့ ဟုတ်လား"

"လောလောဆယ်တော့ ဒီအတိုင်းပဲ။ ဒါပေမဲ့ သူရိတို့ အဆင်ပြေပါတယ်"

"ဟင်း ... ပြေတယ်သာ ပြောတာ၊ ညည်းကြည့်ရတာလည်း စိတ်ချမ်းသာနေတဲ့ ပုံစံလည်း မရှိပါဘူး။ သူရိရယ် ... ညည်းအတွက်နဲ့ ငါတော့ ရတက်မအေးပါဘူး ...

အိမ်ထောင်ပြုတာကို ပေါ့ပေါ့ပါးပါးတွေးပြီး စိတ်လိုက်မာန်ပါ လုပ်ခဲ့ပြီးမှ အမှားတစ်ခုအတွက် နောင်တရနေတဲ့ပုံစံမျိုးပဲ ...

ဟုတ်တယ်မှလား သူရိ ...

ငါထင်တာမမှားဘူး မဟုတ်လား ..."

အန်တီလေးက စူးစူးနစ်နစ်ကို မေးနေလျှင် သူရိသည် ဝမ်းနည်းကာ ငိုချင်လာသည်။ မျက်ရည်လည်းမလာမိအောင် အံကို တင်းတင်းကြိတ်လျက် ...

"ဘယ်လိုပဲဖြစ်ဖြစ် သူရိ့အမှားတစ်ခုအတွက် သူရိ ကျေနပ်စွာ ပေးဆပ်နိုင်ပါတယ် အန်တီလေး။ မိဘတွေကိုလည်း ထပ်ပြီး ဒုက္ခပေးဖို့ ရည်ရွယ်ချက်မရှိပါဘူး။ မေမေ့ကိုလည်း ပြောလိုက်ပါ။ သူရိ့အတွက် ခေါင်းထဲမှာ ဘာမှ ထည့်မထားပါနဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးက သူရီ့အပြောကို သက်ပြင်းတစ်ချက်ချပြီး မသက်မသာဟန်ဖြင့် ကြည့်သည်။ ပြီးတော့ သူရီ့ဟန်းဒ်ဖုန်းကို သူရီ့ဘက်သို့ ပြန်လည်တွန်းပေးရင်းမှ ...

"ဒီဖုန်းကို ပြန်ယူထားလိုက် သူရီ။ အရေးအကြောင်းရှိရင် ဒီဖုန်းကိုပဲ ဆက်သွယ်ရမှာ။ ဒီဖုန်းကိုတော့ ဘာမှမလုပ်နဲ့ ကြားလား ...

တစ်ခုခုအခက်ခဲရှိရင်လည်း ငါ့ကို လှမ်းဆက်သွယ် စိတ်ထင်ရာတွေ လျှောက်မလုပ်နဲ့ သူရီ။ ပြောတာကြားလား"

"ဟုတ်"

သူရီရဲ့ မပွင့်တပွင့်ပုံစံကို အန်တီလေးက တစ်ချက်စိုက်ကြည့်ကာ ...

"နေတော့ရော ဘယ်မှာနေကြလဲ"

"စမ်းချောင်းဘက်မှာ အခန်းငှားထားတယ်"

"အပေါ်တက်ရတာလား"

"အင်း ... ငါးလွှာမှာ"

"အေး ... ဒါကြောင့် ညည်း ပိန်သွားတာကိုး။ ဘာပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခုကို ထူထောင်ပြီးပြီ ဆိုမှတော့ ရေရှည်ကောင်းဖို့ပဲ စဉ်းစားပေါ့ သူရီရယ်။ အရင်ကလို ထစ်ခနဲရှိ ဒေါသထွက်တတ်တဲ့ စိတ်မျိုးကိုလည်း ပြင်ပါ ပြင်တော့ ...





ရှေ့ဆက်ပြီး ဘဝကို အကောင်းဆုံး လျှောက်လှမ်းသွားဖို့ပဲ ကြိုးစားတော့ ကြားလား"

သူရီက ခေါင်းတစ်ချက်ညိတ်ပြလိုက်ကာ ထိုင်ရာမှ ထပြီးနောက် သွားဖို့အတွက် အန်တီလေးကို နှုတ်ဆက်လိုက်သည်။ ပြီးတော့ တိုယ်ဦးတည်ရာကို ဆက်လျှောက်လာခဲ့ပါသည်။ လောလောဆယ်မှာ စိတ်လည်းမလေချင်သဖြင့် ရရာအလုပ်တစ်ခု လုပ်ဖို့ ဆုံးဖြတ်လိုက်သော သူရီသည် ကံကောင်းထောက်မစွာဖြင့် အလှကုန်ကုမ္ပဏီတစ်ခုတွင် အရောင်းဝန်ထမ်းရာထူး ရသွားသည်။ ဒီအလုပ်မျိုးတွေက ပညာအရည်အချင်း ဦးစားပေးမဟုတ်ဘဲ အသားအရေနှင့် ရုပ်ရည်လှပမှုကို ဦးစားပေးလေရာ ဘယ်ဘက်ကကြည့်ကြည့် အဆင့်အတန်းမြင့်ကာ သပ်ရပ်စမတ်ကျနေသော သူရီ့ကို မန်နေဂျာက ချက်ချင်းပဲ လက်ခံလိုက်သည်။

ပြီးတော့ အလှကုန်ပစ္စည်းတွေရဲ့ ရှင်းလင်းချက်တွေပါသော စာသားတွေကို အိမ်မှာ ကျက်မှတ်ထားဖို့ စာအုပ်တစ်အုပ်လည်း ပေးလိုက်သေးသည်။ Customerကို ရှင်းလင်းပြောပြရန်ဖြစ်သည်။ သူရီရဲ့အလုပ်မှာ တစ်နေ့ရာတည်းမှာ အတည်တကျမဟုတ်ဘဲ သူများနားတဲ့ရက်တွေမှာ အစားဝင်ပေးရသောသူလည်း ဖြစ်သေးသည်။ ဒါကြောင့်လည်း ချက်ချင်းလိုလို ရခဲ့တာဖြစ်သည်။ ဘယ်လိုဖြစ်ဖြစ် မတတ်နိုင်တော့။ သူရီ့လက်ထဲမှာ ပိုက်ဆံသုံးသိန်းလောက် ကျန်တယ် ဆိုသော်ငြားလည်း ဒီပိုက်ဆံဟာ ထိုင်စားနေလျှင် ခဏလေးနဲ့ ကုန်သွားတော့မယ်ဆိုတာကို ကြိုသိနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီအခန်းခကို ပေးရမှာတွေကလည်း ရှိသေးသည်။ ဒါကြောင့် ဒီအလုပ်ကတော့ သိပ်မပင်ပန်းလောက်ဘူးထင်၍ သူရိက လုပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ တစ်လကို ငါးသောင်းဟူသော လစာငွေမှာ သာမန်အလုပ်စလုပ်သော လူတစ်ယောက်အတွက်တော့ မနည်းဘူးထင်ရပေမယ့် သူရိအတွက်တော့ တကယ်ကို စိတ်ပျက်ဖွယ်ရာ ငွေကြေးပဲဖြစ်သည်။ တစ်လလုံးလုံး လုပ်ပါလေမှ ငါးသောင်းဟူသော ပမာဏသည် သူရိအတွက်တော့ ကိုယ့်ဘဝကိုယ် တရားကျစရာပင် ကောင်းပါသည်။ သို့သော် ဒီငါးသောင်းကိုပဲ သူရိက လိုအပ်လို့ နေသေးသည်။

မတတ်နိုင်တော့။ ကံကြမ္မာက စေလာခဲ့ပြီမို့ စေတဲ့အတိုင်း ဘဝဇာတ်ခုံပေါ်မှာ သူရိ ကပြရတော့မည်။ မိဘအိမ်မှာ နေခဲ့တုန်းက ငါးသောင်းဟူသော ပမာဏမှာ အလှပြင်ဆိုင်တစ်ခါသွားလျှင် သုံးသလောက်ပဲ ရှိခဲ့သော ငွေကြေးဖြစ်သော်လည်း အဲဒီငွေလေးကိုရဖို့အတွက် တစ်လလုံးလုံး လုပ်ရကိုင်ရပေဦးတော့မည်။ ခုချိန်မှပင် သူရိသည် တစ်ဝမ်းတစ်ခါးဟူသော စကား၏ အဓိပ္ပာယ်ကို လေးလေးနက်နက်ကြီး စတင်သဘောပေါက်လေတော့သည်။





## ၁၂

အလုကုန်ကောင်တာမှာ ကြော့ကြော့မော့မော့လေးတော်စားပြီး အလုကုန်ရောင်းရတာ သိပ်ပင်ပန်းမှာတော့ မဟုတ်ဟု သူရိ တစ်ယောက် တွက်ဆထားခဲ့မှုများသည် တကယ်တမ်းကျတော့မှပဲ တက်တက်စင်အောင်လွဲမှန်း သိရတော့လေသည်။ ကြော့ကြော့မတ်မတ်လေးနေရမှုမှာ အဲဒီကြော့မတ်တာကို မပျက်ဖို့အရေး တစ်နေကုန် မတ်တတ်ရပ်ရတာဖြစ်သည်။ ပြီးတော့ အပြုံးတစ်ခုကိုလည်း မချွတ်စတမ်း တပ်ဆင်ထားရသေးကာ ကိုယ့်ကောင်တာနားက ဖြတ်လျှောက်သွားသူမှန်သမျှကို ကြီးကြီးငယ်ငယ်မှန်သမျှ ကိုယ့်ပစ္စည်းကို မဝယ်ဝယ်ရျင်အောင် တတွတ်တွတ်နှင့် ကြက်တူရွေးစာအံသလို နှုတ်တိုက်ရွတ်ဆိုပြရသေးသည်။

တကယ်တော့ သူရိသည် အဲဒီလို နှုတ်ပြောတာမျိုးဆို ကိုယ်တိုင်က လုပ်ဖို့မပြောနဲ့ ကိုယ့်ကိုလာလုပ်လျှင်တောင် အလွန်မုန်းသူဖြစ်လေရာ အခုလည်း ဝယ်သူကို နားငြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



ခွတ်ပြောစရာမျိုးကိုမလုပ်။ လာမေးလျှင် ရှင်းပြလိုက်ကာ တစ်ခု ကနေ နှစ်ခုဝယ်အောင်လည်း မပြောတတ်။ အလကားနေရင်းလည်း မပြုံးတတ်သဖြင့် ဆူပါမိုက်ဇာ၏ အဆူအငါက်ကို အမြဲတမ်း ခံရလေသည်။

"သူရီချမ်းစိမ့် Customer တွေကို ဘယ်လိုဆက်ဆံနေတာလဲ။ မျက်နှာကိုပြုံးထား။ ဝယ်သူရောက်လာရင် စိတ်ဝင်စားအောင် ရှင်းလင်းပြရမယ်လေ ...

ဒီပုံအတိုင်းဆို မင်းကောင်တာ ဘယ်လိုလုပ် ရောင်းအားတက်မှာလဲ။ ရောင်းအားမတက်လို့ကတော့ မင်းလည်း ဒီနေရာကနေ မတက်ဘူးနော်။ ဒီလိုပဲ သူများ နားရက်တွေမှာ နေရာတကာ လိုက်ဆင်းပေးရမှာပဲ။ မျက်နှာကို ပြုံးထား။ ခပ်တည်တည်နေစရာ ဘာအကြောင်းမှ မရှိဘူး"

အဲဒီအခါမျိုးတွင် သူရီသည် အံကို တင်းတင်းကြိတ်ကာ မျက်နှာခပ်တည်တည်နဲ့ပဲ နေမိသည်။ တခြားကောင်တာက မိန်းကလေးတွေက သူရီ အဆူခံရတာကို ဝိုင်းကြည့်ကြလျှင် သေလုအောင်ကို ရှက်ရွံ့နာကြည်းရလေသည်။ သူရီ့ဘဝတစ်သက်တာမှာ အမြဲတမ်း မှူးမှူးမှတ်ခံခဲ့ရလျက် ကိုယ်ကချည်းပဲ သူများကို အထက်စီးက ဆက်ဆံခဲ့သည်ဖြစ်လေရာ ဒီလို အပြောအဆိုမျိုးကို ခံရတာက ဒါ ပထမဆုံးပဲ ဖြစ်သည်။ တစ်ချိန်က အခုကိုယ်ရောင်းချနေသည့် အလှကုန်လောက်ကိုတောင် လူလတ်တန်းစားသုံးဟု သတ်မှတ်ကာ သုံးစွဲသည့်စာရင်းထဲ မထည့်ခဲ့သည့်





သူရီသည် ဘာမဟုတ်တဲ့ ဆူပါမိုက်စာလောက်က ပြောခြင်းခံရတာကို တကယ်ပဲ မခံနိုင်ဖြစ်တော့သည်။

"ဟော့ ... မင်းမျက်နှာထားကိုပြင်ထား။ ဒီပုံစံအတိုင်းဆိုလို့ကတော့ မန်နေဂျာကို တင်ပြရလိမ့်မယ်။ ဟင်း ... ရုပ်ကိုက တစ်လောကလုံးကို သူ ရှာကျွေးနေရတဲ့ရုပ်နဲ့။ အချိုးကိုမပြေဘူး"

"တောက်"

သူရီက သည်းမခံနိုင်တော့တဲ့ တက်တစ်ချက်ခေါက်မိလျှင် ထိုမိန်းမက မျက်လုံးပြူးကာ ခါးထောက်ပြီး လှည့်ကြည့်သည်။

"မင်း ဘာလုပ်လိုက်တာလဲ"

"တက်ခေါက်လိုက်တာ"

"ဘာ ... ဘာရယ်။ မင်းကများ ငါ့ကို။ ဒီမှာ မင်းကိုယ်မင်း ဘာများထင်နေလဲ။ ဟင် ... ငါ ပြောတဲ့အထဲမှာ လွန်နေတာများ ပါသွားလို့လား"

"ကျွန်မကရော အလုပ်တာဝန်ကို မကျေပွန်လို့လား။ Customer တွေကို စိတ်ပျက်အောင် ဘေးနားကနေ တတွတ်တွတ် ပြောမနေတာဟာ အပြစ်လား ...

ကျွန်မလည်း Customer ဘဝကလာတာ။ ဒီလိုအပြုအမူမျိုးတွေကို မကြိုက်ဘူး။ ဒါကြောင့် ကိုယ်စိတ်မပါတဲ့ အလုပ်မျိုးကို မလုပ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဘုရားသခင် ကြားကြရဲ့လား။ သူကများ ဘယ်တုန်းက ဒီလိုပစ္စည်းမျိုးသုံးနိုင်တဲ့ Customerဖြစ်သွားတာပါလိမ့် ...

အဟား ... ရယ်လိုက်ရတာ"

"ရှင့်ဟာရှင် ရယ်ချင်ရယ် မရယ်ချင်နေပေါ့"

"ဟော့ ... ဟော့ ... မင်းပါးစပ်ကို ပိတ်ထားစမ်း။ ဒီမှာ မင်း အပြုအမူတွေကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတယ် များ ထင်နေလား။ အခု မင်းပုံစံကို မန်နေဂျာဆီ ပြန်တင် ပြမှာ နားလည်လား။ အေး ... အဲဒီကျ မန်နေဂျာက မင်း ကို အလုပ်ဆက်ခန့်ဖို့ မခန့်ဖို့ စဉ်းစားလိမ့်မယ်"

"မလိုပါဘူး။ ရှင်တို့ဆုံးဖြတ်တဲ့အထိလည်း ကျွန်မစောင့်မနေနိုင်ဘူး။ အခုပဲ ကိုယ့်သဘောနဲ့ကိုယ် အလုပ်ထွက်တယ်"

"အောင်မာ ... အောင်မာ ... မင်း ဘာပြော ... ဟော့ ... ဟော့"

သူရိသည် ပြောပြီးတာနဲ့ နောက်ကြောင်းကို လှည့်မကြည့်တော့ဘဲ ကိုယ့်အိတ်ကို ကောက်လွယ်ကာ ထွက်လာခဲ့သည်။ တော်ကာမှတော်ရော။ ဒီလို အပြောအဆိုမျိုးတော့ တစ်သက် လုံးမခံဟူသည့် စိတ်ဓာတ်နှင့် ထွက်လာခဲ့ခြင်းဖြစ်လေရာ ဒီအလုပ် ပြုတ်သွားခြင်းအတွက်လည်း တစ်စက်လေးမှ ဝမ်းမနည်းပါ။ ဒီအလုပ်ဟာလည်း သူရိနဲ့ မကိုက်ဆိုတာကို အလုပ်လုပ်လို့ တစ်လမပြည့်ခင် နားလည်ခဲ့ရပြီဖြစ်သည်။





လူတွေကို စိတ်ထဲကမပါဘဲ ဟန်ဆောင်ပြုံးတစ်ခု နှင့် ရင်ထဲကမပါသော စကားတွေကို ပြောနေရတာလောက် ငြင်ပန်းတဲ့ကိစ္စ မရှိဘူးဟု ထင်သည်။ ပြီးတော့ Air Con အခန်း ထဲမှာတော့ နေနေရပါရဲ့။ တစ်နေ့လုံး သွေးတောင့်မတတ် မတ် မတ်ရပ်နေသော အပြစ်ကြီးကိုလည်း ရင်မဆိုင်လိုတော့။ သူရိနဲ့ ဆိုတော့ ဘယ်သူနဲ့မှ စကားသိပ်မပြောရသော စာရင်းလုပ်နေ သည့် အလုပ်မျိုးနဲ့သာ ကိုက်ညီမည်ဟု ထင်သည်။ အင်း ... စားသောက်ဆိုင်ရဲ့ အလုပ်လောက်ကိုလည်း သူများလက်အောက်မှာ ဒူးထောက်နေပြီး မလုပ်ချင်တော့ပါ။ ဘယ်အလုပ်ဟာ သူရိနဲ့ ကိုက်ညီမလဲ။ သူရိကရော ဘာတွေတတ်လဲ။

အဲဒီအချိန်မှာ သူရိသည် အဖေ အမြဲပြောနေကျ စကားဖြစ်သော နင်တတ်တာ ပိုက်ဆံဖြုန်းတဲ့အလုပ်ပဲ ရှိတယ် ဟူသော စကားကို ဖျတ်ခနဲ သွားသတိရမိသည်။ ဟုတ်ခဲ့သည်။ သူရိတတ်တာ အဲဒီအလုပ်ပဲရှိခဲ့ပါသည်။ ခုချိန်မှာ မိဘအထောက် အပံ့ မရှိတော့သော်လည်း ကိုယ့်ခြေထောက်ပေါ်မှာကိုယ် တင့်တင့် တယ်တယ်နဲ့ ရပ်တည်နိုင်သော ပညာမျိုး သူရိ မတတ်ခဲ့။ သူရိ သာ အဲဒီလိုပညာမျိုး တတ်ခဲ့လျှင် ဒီလောက်စိတ်ဆင်းရဲရမည် မထင်ချေ။ ဒီအချိန်ကျမှပဲ ဖေဖေ ပြောခဲ့သော ပညာတန်ဖိုး၊ ငွေအားတန်ဖိုးကို သဘောပေါက်ခဲ့ရတော့တာဖြစ်သည်။

အတွေးနဲ့အတူ ကားလမ်းကူးလာသော သူရိသည် တစ်နေရာအရောက်မှာတော့ လူတစ်ယောက်၏ ဖမ်းဆွဲခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရပြီးနောက် ကားတစ်စင်းက အနားမှ ဝီခနဲ ပွတ်ဖြတ်သွား
တာကို ကြုံရသည်။ အဲဒီတော့မှပင် အသည်းထဲက လှပ်ခနဲဖြစ်သွား
လျက် လန့်သွားရတာဖြစ်သည်။ သူရီ့ကို ဖမ်းဆွဲလိုက်သောလူ
လှည့်ကြည့်လိုက်လျှင် ပါးစပ်ဟသွားအောင်ပင် အံ့ဩသွားရသည်
သူက သူရီ့ကို ဖြစ်ရမယ်ဟူသော အကြည့်မျိုးဖြင့် စိုက်ကြည့်လျက်_

"စိတ်နဲ့ ကိုယ်နဲ့ရော ကပ်သေးရဲ့လား ဒေါ်သူရီ"

သူရီသည် သူ့အပြောကြောင့် နှုတ်ခမ်းကို တင်းတင်း
...ကော့ ကားလမ်းကို ဆက်ကူးဖို့ပြင်သည်။ သူကလည်း သူ
ဘေးမှ ကပ်ပါလာရင်းမှ ...

"ထမင်းထွက်စားတာလား။ ငါလည်း ထမင်းသွားစားမလို့
အတူလိုက်စားပါလား"

သူရီက တစ်သက်နဲ့တစ်ကိုယ် စကားအကောင်း
မပြောဘူးသော မင်းဇလကို အံ့ဩသလို မော့ကြည့်လိုက်မိသည်။
သူက ပြုံးသလိုလို မပြုံးသလိုလို မျက်နှာထားဖြင့် ...

"အကောင်းပြောနေတာပါ။ အပြင်မှာ တစ်ခါမှ မဆုံဖူး
ဆုံတော့လေ"

"အမေရိကန်စစ်စတမ်ပဲနော်"

"ဟက် ... ကျလည်းကျလောက်တယ်ဟာ။ ကဲ ... မင်း
ငါက ထမင်းကျွေးမှာပါ"

"အို ... ဝယ်ကျွေးစရာမလိုပါဘူး။ ငါဟာငါ ဝယ်စားနိုင်
တယ်"





"ပြီးတာပဲ ... ကဲ လာ"

"ဘယ်ဆိုင်မှာ စားမှာမို့လို့လဲ"

"ဒီနားလေးမှာ ငါ စားနေကျ ဆိုင်လေးတစ်ဆိုင်ရှိတယ်။
မဆိုးပါဘူး။ ဈေးသင့်ပြီး စားပျော်ပါတယ်။ ဒီနားက
ဝန်ထမ်းတွေ အစားများတဲ့ ဆိုင်ဆိုတော့ ချွေတာရေး
ခေါက်ဆွဲကြော်တို့ ဘာတို့ ရတယ် ... ဟာ"

သူရီသည် သူ့အပြောကို စိတ်ဝင်စားစွာဖြင့် သူ့
နောက်သို့ လိုက်ပါလာခဲ့သည်။ သူ ပြောသောဆိုင်မှာ သိပ်မဝေးပါ။
သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဖွင့်ထားသော စားသောက်ဆိုင်
လေးဖြစ်ကာ နေ့လယ်ခင်း ထမင်းစားချိန်ဖြစ်၍ လူလည်း
စည်ကားနေသည်။ သူရီတို့မှာ ဆိုင်ထောင့်က စားပွဲတစ်လုံးမှာ
နေရာရသွားသည်။ သူက စားပွဲထိုးကို လက်နဲ့ခေါက်ရင်းမှ သူရီ့
ကို မေးဆတ်ပြကာ ...

"ဘာစားမှာလဲ မန္တလေးထမင်းပေါင်းလည်း ရတယ်"

"အင်း ... အဲဒါပဲ"

"အိုကေ ... မန္တလေးထမင်းပေါင်းနှစ်ပွဲ"

စားပွဲထိုးလေး ထွက်သွားလျှင် သူက သူရီ့ကို
အဓိပ္ပာယ်ပါသော အပြုံးတစ်မျိုးဖြင့် စိုက်ကြည့်လာကာ ...

"သူရီချမ်းစိမ့် ... ရန်သူရဲ့ရန်သူဟာ မိတ်ဆွေဆိုတဲ့စကား
ကို မင်း ကြားဖူးလား"

သူရီက သူ့ကို မျက်ခုံးကြုတ်ပြီး ပြန်ကြည့်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးသားပဲ။ အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ။ မင်းစိတ်ထဲမှာ စည်သူ ဆိုတဲ့ကောင်ကို ချစ်သူလို့သဘောထားတာလား၊ ရန်သူလို့ သဘောထားတာလား"

သူရီက ပြန်မဖြေဘဲ ခပ်တည်တည် ပြန်ကြည့်လိုက်လျှင် သူက ပခုံးကို တစ်ချက်တွန့်ကာ ...

"ရန်သူလို့ သဘောထားတယ် မဟုတ်လား။ အင်း _ မင်းရဲ့ရန်သူဟာ စည်သူ။ စည်သူနဲ့ စန္ဒီသက်ဦးတို့ရဲ့ ရန်သူဟာ ငါဆိုရင် မင်းနဲ့ငါဟာ မိတ်ဆွေတွေ ဖြစ်သင့်ပါပြီ ...

ဒီအချိန်မှာတော့ ငြိမ်းချမ်းရေးယူသင့်ပြီလို့ ထင်တယ်။ သူတို့နှစ်ယောက်က တို့တွေရဲ့ပိုက်ဆံတွေနဲ့ ပျော်မြူးနေကြတဲ့အချိန်မှာ တို့တွေကတော့ တစ်ယောက်နဲ့တစ်ယောက် ရန်စောင်ပြီး အဆင်မပြေ ဖြစ်နေကြရင် သူတို့ဝမ်းသာကြမှာပေါ့ ...

ဒီတော့ သူတို့လည်း နှစ်ယောက်ပေါင်းသွားသလို တို့လည်း နှစ်ယောက်ပေါင်းပြီး သူတို့ကို လက်တုံ့ပြန်ရင် မကောင်းဘူးလား"

အဲဒီအပြောကြောင့် သူရီရဲ့ မျက်လုံးတွေက အရောင်တစ်ချက် လက်သွားသည်။ သို့သော် သူရီက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ရင်းမှ ...





"ခုလောလောဆယ်တော့ သူတို့ကို လက်တုံ့ပြန်ဖို့ နေနေသာသာ ငါတို့ကိုယ်ငါတို့တောင် မနည်းရပ်တည်နေရတာပါ"

"အဲဒီလို စိတ်ဓာတ်ကျတဲ့စကားတွေ မပြောစမ်းပါနဲ့ သူရီချမ်းစိမ့်။ ခုဆိုရင် တို့ဆီမှာ ကျန်တာဆိုလို့ စိတ်ဓာတ်ပဲရှိတော့တယ်။ အဲဒီစိတ်ဓာတ်လေးကျသွားတယ်ဆိုရင်လည်း ပြန်ကောက်ထားလိုက်ပါ ...

ဟိုးတစ်ခါက မင်း ငိုသွားတဲ့ ကိစ္စအတွက် ငါ တောင်းပန်ပါတယ်။ အေးပေါ့ ... မင်းက မိန်းကလေးဆိုတော့ ပိုထိခိုက်ခံစားရမှာ နားလည်ပါတယ်။ ဒါပေမဲ့ အားတင်းထားပါဦး သူရီချမ်းစိမ့်။ ဘဝကို အရှုံးမပေးလိုက်ပါနဲ့။ အဲဒီလိုဆိုရင် ဟိုနှစ်ယောက်က ပိုကျေနပ်နေကြမှာပေါ့။ ငါပြောတာ ဟုတ်တယ်မှလား"

သူရီသည် သူ့စကားကို ပါးစပ်ကနေ၍ ထောက်ခံချက် တစ်စုံတစ်ရာ မပေးမိသော်လည်း ရင်ထဲမှာတော့ ကိုတ်၍ ထောက်ခံမိသည်။ ကိုယ့်ကို အားပေးသည့် ဘဝတူတစ်ယောက်ရှိခြင်းဟာ ဒီအချိန်မှာတော့ တကယ်ပဲ တန်ဖိုးရှိလွန်းပါသည်။ အဲဒီအချိန်မှာပဲ ထမင်းပွဲတွေ လာချသောကြောင့် သူက စားရင်းက ဆက်ပြောသည်။

"ငါပြောတာ ခုချက်ချင်း လက်တုံ့ပြန်ဖို့တော့ ဘယ်ဟုတ်ပါ့မလဲ။ မင်းပြောသလို ခုချိန်မှာတော့ ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တောင် မနည်း Stand လုပ်နေရတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ငါတို့ နာကြည်းမှုတွေကို မွေးထားပြီး အဲဒါတွေကို Energy အဖြစ် ပြောင်းလဲယူရမယ် သူရိချမ်းစိမ့် ...

တကယ်တော့ သူတို့နှစ်ယောက် လုပ်သွားတဲ့ပုံစံက ဘယ်တော့မှ ခွင့်လွှတ်ချင်စရာမကောင်းတဲ့ ယုတ်မာမှုတစ်ခုပါ။ ပိုက်ဆံချည်း လိမ်သွားတဲ့ကိစ္စကို အဲဒီလောက် အုံ့မစားဘူး။ တို့နှစ်ယောက်ကို တိုက်ခန်းအတူငှားထားပေးခဲ့ပြီး လက်ထပ်ပြီးစီးကြောင်း ကြော်ငြာလိုက်တာကတော့ တကယ့်ကို ယုတ်မာသွားတာပါ။ ဘဝကိုပါ သတ်သွားတယ်လို့ ပြောလို့ရတယ် ...

ဒါပေမဲ့ အဲဒီအတွက် မခံစားပါနဲ့ သူရိချမ်းစိမ့်။ အရှိအတိုင်း ရဲရဲရင်ဆိုင်ပြီး ကြိုးစားဖို့ အားမွေးပါ။ မင်းကိုလည်း ငါ ဘဝတူတစ်ယောက်အဖြစ် ကိုယ်ချင်းစာပြီး ခင်မင်သွားပါပြီ။ ငါကတော့ ဖြစ်သမျှကို အကောင်းဆုံး ရင်ဆိုင်ပြီး တစ်နေ့နေ့မှာ သူတို့ကို လက်စားပြန်ချေမယ်လို့ စိတ်ကူးထားတယ် ...

မင်းကိုလည်း ငါ့ပါတနာအဖြစ် အဲဒီလို စိတ်မျိုး မွေးစေချင်တယ်။ အခု မင်းကြည့်ရတာ စိတ်ဓာတ်လည်းကျပြီး လောကကြီးကို စိတ်ကုန်စိတ်ပျက်နေတဲ့ပုံပဲ။ ငါ ထင်တာ မလွဲဘူးဆိုရင် မင်း အလုပ်လည်း ပြုတ်လာတယ် မဟုတ်လား"





သူရိက စားလက်စ ဖွန်းခက်ရင်းကို ဆောင့်ချကာ ...

"ဘာ အလုပ်ပြုတ်ရမှာလဲ။ ငါ့ဟာငါ ထွက်လာတာ။ ဘယ်သူကမှ မဖြုတ်ဘူး"

"အေးလေ၊ ဒါကလည်း ပြုတ်တော့မယ့်ဆဲဆဲမှာ နင့်ဟာနင် သိက္ခာဆယ်ပြီး ထွက်လာတာမဟုတ်လား ... ဟား ဟား"

"နင့်ပါးစပ်ကို ပိတ်ထားနော်"

"အလကားနောက်တာပါဟာ။ လူတွေက အမှန်ကိုပြောရင် ဘာလို့ လက်မခံချင်ကြတာလဲ မသိဘူး။ ထားပါ။ အခုမှ ပြေလည်ကာစ အခြေအနေလေး ပျက်ပြားသွားပါဦးမယ် ...

ဒါပေမဲ့ စိတ်ဝင်စားလို့ အကောင်းမေးတာပါ။ မင်း ဘာလို့ အလုပ်ထွက်လာရတာလဲ"

သူရိက အကျဉ်းချုံးပြောပြလိုက်လျှင် သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မင်းနဲ့ အဲဒီလိုအလုပ်မျိုးနဲ့က အဆင်မပြေနိုင်ပါဘူး။ တခြား တစ်ခုခု စဉ်းစားပါလား"

"နင်ကရော ဘာလုပ်တာလဲ"

"ငါက ဒီနားက ကုမ္ပဏီတစ်ခုမှာ ကွန်ပျူတာဝန်ထမ်းပေါ့။ ငါကတော့ အဆင်ပြေပါတယ်။ တစ်ခုတော့ရှိတယ် သူရိချမ်းစိမ့်ရ။ လူဆိုတာ ရောမရောက်ရင် ရောမလိုကျင့်ရမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က အရင်တုန်းက သူဌေးသားသမီးဖြစ်ပေမယ့် ခုချိန်မှာ ကိုယ်က ဘာကောင်မှ မဟုတ်တော့ဘူးဆိုတာကို နားလည်ရမယ်။ ကိုယ့်မှာ မိဘလည်း မရှိဘူး။ ဘဝကို တစ်ယောက်တည်း ရင်ဆိုင်နေရတဲ့သူ ဒီလိုမျိုးဟာ ဘဝကို ခေါင်ကျကျ ပြားကျကျ ဖြတ်သန်းရတော့မှာပဲ။ အခု အဲဒီ အလုပ်မှာ မင်း အဆင်မပြေဘူး ဆိုတာက မင်းကိုယ်မင်း သူဌေးသမီးဆိုတဲ့ မာနလက်ကျန်တွေကြောင့်ပဲ –

ရှေ့ဆက်ပြီးတော့ ငါတို့ အဲဒီလိုစိတ်မျိုး မွေးလို့ မရတော့ဘူး သူရိချမ်းစိမ့်။ ကိုယ့်ဘဝရဲ့ အရှိအခြေအနေ အတိုင်း လက်ခံပြီး ကြိုးစားတော့မယ် ...

မင်းဟာ ငါနဲ့ ကံတူအကျိုးပေး ဘဝတူတစ်ယောက်ပါ။ အဲဒီလိုလူတစ်ယောက်ကို ရှုံ့နိမ့်နေတာမျိုး မမြင်ချင်ဘဲ အောင်မြင်စေချင်တယ် ...

ကြိုးစားပါ သူရိချမ်းစိမ့်”

သူရိသည် ကိုယ့်ကို တကယ့်ပဲ စိတ်ပါလက်ပါဖြင့် အားတွေပေးနေသော မင်းဗလကို ကြည့်ကာ ဘာမှ ပြန်မပြောနိုင်တော့လောက်အောင် ရင်ထဲမှာ ဆို့လာသည်။ ဒီစကားတွေကို ကြားရတော့မှပဲ သူ ပြောသလို ကျနေသော စိတ်ဓာတ်တွေကို ပြန်ကောက်ဖို့ သတိရသွားတာဖြစ်သည်။ သူရို့ကို ဒီလိုပြောမယ့်သူ မရှိခဲ့။ သူရော ဒီလို စိတ်ဓာတ်ခွန်အားတွေ ဘယ်ကရပါသလဲ။ သူရိ အထင်မကြီးခဲ့သော ပိန်ပိန်ရှည်ရှည်ကောင်လေးတစ်ယောက်





သည် သူရို့ကို ဒီလိုအားပေးစကားတွေပြောလိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မထားခဲ့ပါ။

အခုတော့ သူရိသည် လျှာမရှည်နဲ့။ နင်နဲ့ ဘာဆိုင်လို့လဲ စသဖြင့် အရင်လို ကက်ကက်လန် ရန်တွေ့ဖို့ မမျှော်လင့်စွာ မေ့လျော့နေမိသည်။ လက်ရှိကြုံတွေ့နေရသော အခြေအနေတွေသည် သူရို့ကို အဲဒီလိုပြန်ပြောဖို့ မေ့လျော့စွာ ဆွံ့အနေစေသည်။ ပြီးတော့ သူ ပြောသလိုပဲ ရန်သူရဲ့ရန်သူဟာ မိတ်ဆွေဆိုသည့် စကားကိုလည်း အပြည့်အဝ လက်ခံလိုက်မိသည်။ ဒီအချိန်မှာ အကျိုးတူပူးပေါင်းခြင်းသည်သာ ကိုယ့်အတွက် အကောင်းဆုံး ဖြစ်စေမည်ဆိုတာကို နားမလည်တဲ့အထိ သူရိ မညံ့ခဲ့ပါ။ ပြီးတော့ ကိုယ်ကစပြီး ပြေလည်ရေးကို တောင်းဆိုတာ မဟုတ်။ သူက စတင်ကမ်းလှမ်းတာဖြစ်သည်။

သူ ကမ်းလှမ်းတာကို ပုတ်ထုတ်သည် အထိတော့ သူရို့စိတ်ဓာတ်က မခေါင်နိုက်သေးပါ။

သူရိသည် သူ့ကို ပြေလည်သော အပြုံးတစ်ခုကို ယောင်ယောင်လေးပြုံးပြမိသည်။ သူက သူရို့ကို လေးနက်သော အသွင်သဏ္ဌာန်ဖြင့် တစ်ချက်စိုက်ကြည့်ကာ ...

“မင်း အလုပ်လုပ်ဖို့ စိတ်ကူးရှိသေးလား”

“ရှိတာပေါ့၊ ဘာဖြစ်လို့လဲ”

“ရှိတယ်ဆိုရင်လည်း တစ်ခုခုကို ကြိုတင်ပြင်ဆင်ပြီးမှ ဝင်လုပ်ပေါ့။ ဒီလို ရိုးရိုး Sale girlအလုပ်ကို ဝါသနာမပါ



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း မင်းနဲ့ ကိုက်ညီတဲ့ စကားသိပ်မပြောရတဲ့ အလုပ်မျိုးဖြစ်ဖြစ် စဉ်းစားပေါ့ ...

အဲဒီအတွက် လိုအပ်တဲ့သင်တန်းလေး ဘာလေး တက်ပြီးမှ လုပ်ပေါ့။ သြော် ... မင်းကို ဆရာလုပ်တာမဟုတ်ဘူးနော်။ အကြံပေးတာပါ”

သူရိက ခေါင်းတစ်ချက် ဆတ်ပြလိုက်လျှင် သူက အားတက်လာဟန်ဖြင့် ဆက်ပြောသည်။

“နေ့စဉ် အစားအသောက်ကို မင်း အမြဲတမ်းပဲ ဝယ်စားနေတာလား”

“အင်း ... နေ့လယ်စာတော့ ဝယ်စားတာပေါ့။ မနက်နဲ့ ညကတော့ ဖြစ်သလိုပါပဲ”

“ဒါဆိုရင် စားမကောင်းသောက်မကောင်းနဲ့ ပိုက်ဆံပိုကုန်တာပေါ့။ ငါဆိုရင် အိမ်မှာပဲ ချက်စားတာပဲ။ မင်းနဲ့ ငါနဲ့ ရှယ်မလား”

“လာပြန်ပြီ”

“ဟုတ်တယ်လေ၊ ဒီအိမ်မှာ နှစ်ယောက်တည်းရှိတဲ့ဟာပဲ။ စရိတ်ပေါင်းလိုက်ရင် သက်သာသွားမှာပေါ့။ ဘယ်လိုလဲ”

သူက မျက်စပစ်ပြောလျှင် သူရိသည် နဂိုတည်းက အဲဒီလိုမျိုး တွေးထားရသည် ဖြစ်လေရာ နည်းနည်းတော့ ကျေနပ်သွားသည်။ သူ့မှာက ဂက်စ်မီးဖို၊ အိုးခွက်ပန်းကန် စသဖြင့် အပြည့်အစုံ ရှိထားပြီးသားဖြစ်သည်။ ပြီးတော့ မင်းဗလဟာ





ထမင်းဟင်းချက်ပြုတ်ခြင်းကိုလည်း ထူးဆန်းအံ့သြဖွယ်ရာ တတ်မြောက်ထားသေးသည်။ သူရိမှာ ကြက်ဥတောင် ကောင်းကောင်း မကြော်တတ်ပါ။ ခေါက်ဆွဲထုတ်တောင် အစပိုင်းတုန်းက ရေအချိန်အဆ မထည့်တတ်၍ ရေပေါလော်ဖြင့် စားမကောင်း သောက်မကောင်း ဖြစ်ခဲ့ရဖူးသည်။

အခုတော့ ...။ သူရိ အလုပ်ပြုတ်လာသည်ပင်လျှင် အကောင်းဘက်ကို ဦးတည်နေပြီဟု ပြော၍ရသည်။

“အင်း ... နင့်အထဲကို ငါက စားစရိတ် ဘယ်လောက်ထည့်ရမှာလဲ”

“အဲဒါက အကြမ်းဖျင်းတွက်ချက်ကြည့်ပြီးမှ တစ်ယောက်တစ်ဝက် ခွဲရမှာပေါ့။ Breakfastကတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်စားပြီး နေ့ခင်းစာနဲ့ ညစာ နှစ်နပ်ကိုပဲ တွက်မယ်”

“ကောင်းပြီလေ၊ တွက်ပေါ့”

“ဂျူတီကတော့ တစ်ပတ်ကိုတစ်ခါ ချိန်းတာပဲကောင်းမယ်နဲ့ တူတယ်နော်”

“ဘာရယ် ... ဘာဂျူတီလဲ”

“ဟင် ... ထမင်းဟင်းချက်တဲ့ ဂျူတီလေ။ တစ်ယောက်တစ်လှည့်စီ ချက်ရမှာပေါ့”

“အာ ... ငါမှ မချက်တတ်တာ”

“အေး ... မင်းမချက်တတ်တာတော့ သိပါတယ်။ ဒါပေမဲ့ မချက်တတ်ဘူးဆိုပြီး မချက်ချင်လို့မှ မရတာ။ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



နဂိုက တတ်တာမဟုတ်ဘူး။ ဒီလိုပဲ စမ်းသပ်ကွင်းကြီးလုပ်ပြီး ဖြစ်သွားတာပဲ၊ မင်းလည်း ဒီလိုလုပ်မှ တတ်လိမ့်မယ်"

"ကျွတ် ... ရှုပ်လိုက်တာ။ နင့်ဟာနင်ပဲ ချက်လိုက်ပေါ့။ ငါလည်း တစ်ဝက်စိုက်မှာပဲဟာ။ နင်လည်း ချက်တတ်နေတာပဲ"

သူက သူရီကို စိတ်လျှော့ထားသည့် ခွင့်လွှတ်ခြင်းမျိုးဖြင့် ...

"အဲဒီလိုမလုပ်နဲ့လေ သူရီချမ်းစိမ့်။ နင်ရော ငါရောဟာ တစ်သက်လုံး ဒီလိုအလုပ်မျိုးတွေ လုပ်ခဲ့ဖူးတဲ့သူတွေမဟုတ်ပါဘူး။ မလုပ်ခဲ့တဲ့အပြင် သာမန်လူတွေထက်ပိုတဲ့ ဂရုစိုက်ခံရမှုတွေကြားမှာ နေထိုင်ကြီးပြင်းခဲ့ရတာပါ ...

ဒါပေမဲ့ တစ်သက်နဲ့တစ်ကိုယ် မမျှော်လင့်တဲ့ အခြေအနေတစ်ခုကို ရင်ဆိုင်ကြုံတွေ့နေရပြီ။ ဒီလို အခြေအနေမျိုး ကြုံရလိမ့်မယ်လို့ မင်းရော ငါရော အိမ်မက်တောင်မက်ခဲ့ဖူးကြမှာမဟုတ်ဘူး။ ခုချိန်မှာ ဗေဒင်ဆရာတစ်ယောက်ကသာ တို့ရဲ့ဇာတာကို တွက်ချက်စစ်ဆေးကြည့်မယ်ဆိုရင်ကံအနိမ့်ဆုံးကို ရောက်နေတယ်ပြောမှာပဲ။ အမွေဖြတ်ခံရတယ်၊ ငွေတွေ အလိမ်ခံရတယ်၊ ဘာမှ မလုပ်ရပါဘဲနဲ့ကိုယ်စီ ကိုယ်စီ ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်ရတယ်လို့ နာမည်ထွက်ခံရတယ် ...





စိတ်မထားတတ်ရင်တော့ သတ်သေချင်စရာကောင်းတာပဲ။ ဒါပေမဲ့ ဒါကို ဘဝရဲ့စိန်ခေါ်မှုတစ်ခုအဖြစ် သတ်မှတ်ပြီး လဲနေရာက ပြန်ထရမှာပဲ သူရီ။ ဒီတော့ ဘာမဆိုဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ကိုမွေးပါ"

သူက အဲဒီလိုပြောလျှင် သူပြောတာကို သဘောပေါက်သော်ပေါက်ငြား သူရီက မျက်စောင်းတစ်ချက်ထိုးမိသည်။

"တော်စမ်းပါ၊ နင်တစ်ယောက်တည်း မချက်ချင်တိုင်း"

"မချက်ချင်တာတော့ အမှန်ပဲ သူရီချမ်းစိမ့်။ ဘယ်သူမဆိုဗိမ်နဲ့နေချင်တာပေါ့ကွာ။ ဒါပေမဲ့ မတတ်နိုင်တော့ဘူးလေ။ တရားမျှတပါတယ်ကွာ ...

တစ်ယောက် တစ်လှည့်ပဲဟာ။ မင်းကို ငါ သင်ပေးပါ့မယ်။ အခြေခံနည်းစနစ်လောက်ပေါ့။ ငါ ဝယ်ထားတဲ့ စာအုပ်တွေလည်း ရှိပါတယ်။ တစ်ပတ်လောက်ဆို ကောင်းကောင်းချက်တတ်သွားမှာပါ ...

ဘယ်လိုလဲ ... R u Ok"

သူ့အပြောကို သူရီက မျက်စောင်းတစ်ချက်နဲ့တင်အကြေရတော့မှာပေါ့ဟု ဆောင့်ဆောင့်အောင့်အောင့် ပြန်ပြောလိုက်လျှင် သူက အရင်လို စိတ်မဆိုးတော့ဘဲ တဟားဟား အော်ရယ်လေသည်။ သူရီသည်လည်း မကျေမချမ်း ပြုံးနေမိသော်လည်းငြိမ်ထဲမှာ ပေါ့ပါးနေတာတော့ ကိုယ်ကိုယ်ကိုယ်ပဲ သိသည်။ကမ္ဘာကြီးနဲ့ ကိုယ်နဲ့ တစ်ဖက်ဆီရှိနေချိန်မှာ ကိုယ့်နောက်ကျောကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကပ်ပြီး ရုပ်လိုက်သူတစ်ယောက်ကြောင့် အားရှိလာသလိုလည်း ခံစားရသည်။

အချစ်ဆုံးလူတစ်ယောက်က အမုန်းဆုံးစာရင်းထဲ ဝင်သွားကာ သိပ်ကြည့်မရချင်၊ အမြင်ကတ်လွန်းရသော လူတစ်ယောက်ကတော့ ကိုယ်နဲ့ဘဝတူအားပေးဖော် အားပေးဖက်ဖြစ်လာသော ကံကြမ္မာရဲ့ အလှည့်အပြောင်းကိုတော့ တကယ်ပဲ အံ့သြမှင်တက်မိရတော့သည်။





## ၁၃

"အားပါး ... ကြက်သားဟင်းကလည်း နနွင်းမှုန့်တစ်ဘူးလုံး ကုန်အောင်ထည့်ထားတယ်နဲ့တူတယ်။ ဟား ... ချဉ်ပေါင်ဟင်းကလည်း ရေနွေးပူပူထဲကို ချဉ်ပေါင်ရွက်တွေ ပစ်ထည့်ထားတာပေါ့ ဟုတ်လား ...

အား ... ငါးဖိထုပ်ကြော်ကတော့ အားမရှိတဲ့ဒီဓိုင်းနဲ့ နွမ်းဖတ်နေတာပဲ။ ဟား ဟား ... ထမင်းကတော့ သာကူကြီးနဲ့ တွဲစားဖို့ကောင်းတော့တယ်။ နို့ထမင်းကျနေတာပဲ"

သူက ထမင်းစားပွဲပေါ်မှာ ချထားသော ထမင်းဟင်းတွေကိုကြည့်ကာ ပြောလိုက်လျှင် သူမက မျက်နှာကို တစ်ချက်တင်းကာ ...

"မစားချင်လည်း မစားနဲ့ပေါ့၊ ငါလည်း တတ်သလောက်မှတ်သလောက် ချက်ထားတာပဲ ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူက အသာပြုံးရင်းမှ ခုံမှာဝင်ထိုင်ရင်း ဟင်းချိုက စ,မြည်းလိုက်သည်။ ဆားပေါ့ရုံမှလွဲ၍ မဆိုးပါ။ အရည်ကျဲဖို့လည်း နည်းနည်းလိုသေးသည်။ ကြက်သားဟင်းကတော့ နည်းနည်းငန်သည်။ သို့သော် စားဖြစ်သေးသည်။ မာနေတာမျိုး၊ တူးနေတာမျိုးတော့မရှိ။ ငေါ်ဖီထုပ်ကတော့ ဒီအတိုင်း ကြော်ထားသည်ဖြစ်၍ ဘာအရောင်အဆင်းမှ မရှိပါ။ ထမင်းကတော့ ရေချိန်တာ များသွား၍ထင့် နည်းနည်းပျော့သည်။ ဒါလည်း စားလို့ရပါသည်။

"အလကား နောက်တာပါဟာ။ ဒါလည်း စားလို့ဖြစ်ပါတယ်။ တခြားမိန်းကလေးတစ်ယောက် ချက်ရင်တော့ ညံ့တယ်လို့ ဝေဖန်ချင်ဝေဖန်လို့ရနိုင်ကောင်းပေမယ့် သူရီချမ်းစိမ့် ချက်တဲ့ဟင်းဆိုတော့ ဒီလောက်ဖြစ်တာကို တော်တော် တော်လာတယ်လို့ ပြောရမယ် ...

တကယ်တော့ ထမင်းဟင်းချက်တယ်ဆိုတာ ချက်တတ်တဲ့လူတွေလောက်သာ အဆင်ပြေတာ။ မချက်တတ်တဲ့လူတွေအဖို့တော့ တော်တော်ဒုက္ခရောက်ရတာဟ။ ဒါတောင် ငါတို့က ဂက်စ်နဲ့ချက်တာမို့ နယ်ကလူတွေလို မီးမွှေးရတဲ့ဒုက္ခက ကင်းဝေးသေးတယ်။ နယ်မှာဆို မီးမွှေးဖို့က သင်္ချာတစ်ခုအနေနဲ့ သင်ရသေးတယ်။ မီးခိုးတွေက မွန်၊ မီးကမတက်၊ တအားဒုက္ခရောက်ရတာ"

သူ့အပြောကို သူမက ခေါင်းတညိတ်ညိတ် ဆတ်ညိတ်ရင်းမှ ထမင်းကိုသာ တိတ်ဆိတ်စွာ စားနေသည်။ သူက သူမကို မေးတစ်ချက် ဆတ်ပြရင်းမှ ...





"မင်း သင်တန်းတက်မှာဆို ဘာသင်တန်းလဲ"

"စာရင်းကိုင်ပါ။ အဲဒီလက်မှတ်ရတော့မှပဲ ကုမ္ပဏီတစ်ခုခုမှာ အလုပ်လျှောက်တော့မလားလို့၊ ဟိုလို အလုပ်တွေကတော့ ငါနဲ့ ကိုက်မှာမဟုတ်ဘူး"

"အင်း ... ဟုတ်ပါတယ်။ မင်းက ဘာနဲ့ ကျောင်းပြီးတာလဲ။ ကွန်ပျူတာရော ကျွမ်းလား"

"ကျောင်းပြီးတာက အင်္ဂလိပ်နဲ့။ ကွန်ပျူတာကတော့ ဒီလိုပါပဲ။ စာရင်းအင်းလုပ်တာ ဘာညာတွေတော့ ဘယ်ကျွမ်းမလဲ။ Chattingဝင်တာ အင်တာနက်ကြည့်တာတွေကတော့ လုပ်တတ်နေတာပေါ့"

"အင်း ... ဒါဆိုရင်တော့ မင်းရထားတဲ့ဘွဲ့ရယ်၊ စာရင်းကိုင်လက်မှတ်ရယ်၊ ကွန်ပျူတာလည်း ကိုင်တတ်မယ်ဆိုရင်တော့ အလုပ်ကောင်းကောင်း ရနိုင်မှာပါ ...

ဒါထက် မင်း ခုနစ်မိုင်ခွဲကခြံမှာ ဂျပန်စာလာတက်တာက ဘာအတွက်လဲ"

"အဖေက ဖွတ်တက်ခိုင်းတာပါ။ Planနဲ့လေ။ ငါ့အဖေက ခရီးသွားအေဂျင်စီလည်း လုပ်တယ်။ ဂျပန်က အေဂျင်စီတစ်ခုနဲ့ ချိတ်ဆက်လုပ်တော့မှာမို့ ငါ့ကို အဲဒီနေရာမှာ ဦးစီးခိုင်းမယ့်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တက်ခိုင်းတာ ...

နင်ကရော ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါကလား … ငါကလည်း အဲလိုပဲ။ အဖေက ပုလဲလုပ်ငန်းကို ဂျပန်တွေနဲ့ ဖက်စပ်လုပ်နေတာ ဆိုတော့ ငါ့ကို အဲဒီဘက်မှာထည့်မှာမို့ တက်ခိုင်းတာ …

ငါက လုံး၀ တက်ချင်တာ မဟုတ်ဘူးလေ။ ဒီလိုပဲ ဝေးလားဝါးလားနဲ့ ပျော်ပဲပျော်ချင်တာ …

ရယ်တော့ ရယ်ရတယ်နော်။ မိဘအလုပ်ထဲမှာ ကောင်းဟဲ့နေရာကို မလုပ်ချင်ခဲ့တဲ့ လူတွေက အခုတော့ တစ်ဝမ်းတစ်ခါးအတွက် အလုပ်ကို ရှာဖွေလုပ်ကိုင်နေရ တယ်။ တကယ့်ဘဝဆိုတာ တော်တော်ရုန်းကန်ရတယ်ဆို တာကို ငါ နားလည်သွားသလိုပဲ"

"နင်က ငါ့ထက်စာရင် ပိုနားလည်သလိုပဲ။ ဘာပဲပြောပြော ငါ့အပေါ်မှာ အာဃာတမထားဘဲ မိတ်ဆွေကောင်းတစ် ယောက်လို သဘောထားပြီး အားပေးခဲ့တဲ့အတွက် နင့်ကို ကျေးဇူးတင်ပါတယ်"

သူက တစ်သက်နဲ့တစ်ကိုယ် ကြားရခဲ့သော ကျေးဇူး တင်စကားကြောင့် ထမင်းစားလက်စကိုတောင်ရပ်ပြီး သူမကို ငေး ပြုံးကြည့်နေလျှင် သူမက ဗီဇမပျောက်စွာဖြင့် မျက်လုံးပြူးကြည့်ကာ မေးသည်။

"ဘာကြည့်နေတာလဲ"

"ဩော် … ကိုယ့်နားကိုယ် မယုံနိုင်ဖြစ်နေလို့ပါ"

"အောင်မာ … နင်နော် ရန်လာမစနဲ့"





"ဩော် … မစပါဘူးဟာ၊ တကယ်ပြောနေတာပါ။ နင် အဲလိုပြောတော့ ငါ အံ့ဩလို့ပါ။ ကျေးဇူးတင်ခံချင်တယ် တော့မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ့စေတနာကို နင် နားလည် တယ်ဆိုတော့ ငါ ကျေနပ်ပါတယ်"

သူက အဲဒီလိုပြောလိုက်လျှင် သူမက အသာအယာ ပြုံးနေသည်။

သူသည် အဲဒီအပြုံးတစ်ခုကို ဝေးကာ စန္ဒီ့ကို ဖျတ်ခနဲ သတိရသွားသည်။ အရင်တုန်းကတော့ မိန်းမဆန်ကာ နူးညံ့သိမ်မွေ့လှသော စန္ဒီ့ကိုမှ တန်ဖိုးရှိတယ်ဟု ထင်ခဲ့သည်။

သူ့ရိုချမ်းစိမ့်လို ဆတ်ဆတ်ကြဲကို အထင်မကြီးခဲ့။ အခုတော့ မိန်းကလေးပဲဖြစ်ဖြစ် ယောကျ်ားလေးပဲဖြစ်ဖြစ် လူ တစ်ယောက်မှာ အတွင်းစိတ်ကသာ အဓိက ဆိုတာကို နားလည် သဘောပေါက်ခဲ့ရပြီဖြစ်သည်။

"သူတို့ ဘယ်ရောက်နေလဲ မသိဘူးနော်"

သူက ပါးစပ်က လွတ်ခနဲ ထွက်သွားလျှင် သူမက ထမင်းဝါးနေရာမှ ဖျတ်ခနဲ မျက်လုံးလှန်ကြည့်သည်။ အဲဒီအကြည့် ကြီးကြောင့် သူ့မှာ ကပျာကယာပဲ ဆောရီးလုပ်လိုက်ရသည်။

"ဆောရီး … သူတို့အကြောင်းကို နင့်ရှေ့မှာ ပါးစပ်မဟဖို့ ပြောထားတာ ငါ သတိလစ်သွားတယ်"

"ကိစ္စမရှိပါဘူး၊ ငါ အေးဆေးဖြစ်သွားပါပြီ"

"ဘာလဲ နင်က ခွင့်လွှတ်နိုင်သွားပြီပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ဘာဆိုင်လို့ ခွင့်လွှတ်ရမှာလဲ။ တစ်သက်လုံး ခွင့်မလွှတ်ဘူး။ ဒါပေမဲ့ သူတို့အကြောင်းကို မပြောနိုင်စရာ ဘာအကြောင်းမှမရှိဘူး ...

ငါတို့က မဟုတ်တာ လုပ်ထားတဲ့ သူတွေမှမဟုတ်တာ။ သူတို့ကသာ ငါတို့ကို ကြောက်နေရမှာပါ။ လူတော မတိုးရဲတဲ့ဟာတွေ ဖြစ်မှာပါ"

"မင်း အဲဒီလိုစိတ်မျိုးထားနိုင်တာ ငါ ဝမ်းသာပါတယ်။ အင်း ... တစ်ခါတလေတော့လည်း စဉ်းစားကြည့်မိတယ်ဟာ။ ငါတို့ကပဲအ,လွန်းလား၊ သူတို့ကပဲ တော်လွန်းလို့လား ဆိုတာကိုပေါ့ ...

မင်းရော ငါရော တစ်စက်လေးမှ မရိပ်မိခဲ့ကြဘူးနော် တူတယ်နော်"

သူမက တစ်စုံတစ်ခုကို စူးစူးစိုက်စိုက် တွေးတောဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"ငါတို့က အ,လွန်းတာတော့မဟုတ်ဘူး။ ဒါပေမဲ့ လူတိုင်းမှာ အားနည်းချက်ဆိုတာ ရှိတယ်လေ။ သူတို့က အဲဒီအားနည်းချက်ကို သိအောင်ရှာပြီး နင်းသွားတာ၊ ဖြစ်ရပ်က ဒါပါပဲ။ ငါတို့မိဘတွေ စိတ်ကြီးမှန်း ငါတို့ပြောလို့ သူတို့သိရတယ်။ နောက် ငါတို့ကို သည်းခံအလိုလိုက်ပြီး အကြိုက်ဆောင်ရင်ရမှန်းသိတော့ အဲဒီအတိုင်းသွားတယ်၊ ငါတို့ ယုံကြည်မှုကို ရအောင်ယူတယ် ...





ဘယ်ကိစ္စမဆို ပိပိရိရိနဲ့ အကွက်ချပြီး စီစဉ်ရင် တစ်ဖက်လူရဲ့အားနည်းချက်ကိုလည်း ကောင်းကောင်းသိရင် ကိုယ့်ကိစ္စက အောင်မြင်ဖို့ ရာနှုန်းများတာပဲ။ သူတို့က တစ်နပ်စားကြံသွားတာမှ မဟုတ်တာ။ တစ်သက်စားကြံသွားတာ။ တော်တော်တော့ အကြံကြီးတဲ့ ဘတ်သီးလင်မယားပါ"

ပျစ်ပျစ်နှစ်နှစ်ပြောသော သူမရဲ့စကားကို သူက ဟက်ခနဲ ရယ်မိလျှင် သူမက ဘာရယ်တာလဲဟူသော ပုံစံဖြင့် မျက်လုံးတစ်ချက်လှန်ကြည့်သည်။

"လူဆိုတာ အဆိုးထဲကအကောင်းကို အမြတ်ထုတ်တတ်ရမှာပေါ့ဟာ။ ဘာပဲပြောပြော အရင်ကထက်စာတော့ ကိုယ့်စိတ်တွေ အများကြီးရင့်ကျက်ပြောင်းလဲလာတယ်လို့ ပြောရမယ် မဟုတ်လား ...

ဒါဟာ ဘဝနဲ့ရင်းပြီးရလိုက်တဲ့ အသိတစ်ခုဆိုတော့ အရမ်းတန်ဖိုးရှိတယ်လေ ဟုတ်တယ်မလား"

"ငါလေ အရင်က ငါ့အဖေပြောတဲ့စကားတွေကို တကယ်ပဲ အရေးမစိုက်ခဲ့ဘူး။ အဲဒီလောက်လည်း အရေးမပါဘူးလို့ ထင်ခဲ့တယ် ...

အဖေတို့ သက်သက်ပိုတာပါလို့။ ဒါပေမဲ့ အခုတော့ ငါ့အဖေပြောတာတွေက သိပ်မှန်တယ်။ လောကမှာ ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ထက် မသိတာကခက်တယ်တဲ့။ ငါတို့ဟာ ပစ္စည်းဥစ္စာတွေ ကြားထဲမှာ နေခဲ့ရပေမယ့် မသိတာတွေက များခဲ့တော့ ဒီလိုဘဝကို ရောက်ခဲ့ရတာပဲ ...

အခု အသိတရားတစ်ခုနဲ့ နေထိုင်တတ်သွားတော့ မရှိတာက အရေးမကြီးတော့ဘူး။ မရှိတာက ရှိအောင်လုပ် လို့ရတယ်။ လောကမှာ ကိုယ့်ကိုယ်ကိုယ်သိဖို့ အသိဉာဏ် ရှိဖို့ဆိုတာ အရေးအကြီးဆုံးပဲလို့ နားလည်သွားပြီ"

"ဒါကြဲ့ သိန်းနှစ်ရာနဲ့ ဝယ်ခဲ့ရတယ်ပေါ့ ... ဟဲ ဟဲ"

သူက ဗီဇကို မဖျောက်နိုင်ဘဲ နောက်လိုက်လျှင် သူမက ဖန်ခွက်နဲ့ကောက်ရွယ်သည်။ သူက အဲဒီပုံစံကို သဘော ကျ၍ဖြင့် ဟားဟားဟား ရယ်မောမိကာ ...

"အမှန်တရားလေဟာ လက်ခံရမှာပေါ့"

"နင်က အပြုသဘောဆောင်ပြီး ပြောနေတာမှမဟုတ်တာ ငါ့ကို ချွတ်နေတာကိုး"

"ချွတ်တာမဟုတ်ရပါဘူးဟာ၊ ဒီကောင့်ကို သဘောကျလွန်း လို့ပါ။ လောကမှာ ဒီလိုကောင်တွေလည်း ရှိတာပဲနော် မိန်းကလေးတစ်ယောက်ဆီက ပိုက်ဆံကို ဒီလိုဘတ်သီး ရိုက်ခဲ့ပြီး လုပ်ရဲသွားတယ်"

"ဟုတ်ပါ ... နင့်ဟာမလေးကတော့ ဖြူစင်ရှာတယ် ပေါ့"





"မဟုတ်ပါဘူးဟာ ငါ ပြောတာက ယောကျ်ားတန်မဲ့ ပိုင်းလုံးလုပ်တာကိုပြောတာပါ။ ဟိုတစ်ယောက်လည်း အတူတူပဲပေါ့။ ဒါကြောင့်လည်း စိတ်တူကိုယ်တူမို့ ပေါင်း မိကြတာပေါ့ ...

ဒါပေမဲ့ နင်နဲ့ ငါ့ကို လက်ထပ်ပြီးစီးကြောင်း ကြော်ငြာထည့်ပစ်တာတော့ ဘယ်သူ့အကြံလဲ မပြောတတ် ဘူး ...

တစ်ယောက်ယောက်က အဲလို ကြံစည်တယ်ဆိုရင် တောင် တစ်ယောက်က တားရဦးမှာမဟုတ်လား။ ဒီလောက် ကြီးတော့ မလုပ်သင့်ပါဘူးဟာတို့ ဘာတို့ ...

ကျွတ် ... တော်တော့်ကို လုပ်ရက်ကြတယ်နော် ...

ငါတို့လည်း ရှေးဘဝက အကုသိုလ် တော်တော် ကြီးတယ်နဲ့ တူပါတယ်"

"သင်ခန်းစာပေါ့။ ဒါပေမဲ့ နင် တစ်ခုကိုတော့ ယုံတယ် မဟုတ်လား။ လောကမှာ အတုံ့အလှည့်ဆိုတာ ရှိတယ် လေ။ အခြေအနေဆိုတာ တစ်သမတ်တည်း သွားနေတာမှ မဟုတ်တာ"

"ဟုတ်ပါပြီ။ ဒါဆို မင်းကို တစ်ခုမေးရဦးမယ်။ အခုနေ များ ဟိုကောင်နဲ့ လမ်းမှာ ရုတ်တရက် မျက်နှာချင်းဆိုင် တွေ့ပြီဆိုပါတော့ ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ"

"ဟဲလို ဒါလင် ... မတွေ့ရတာ ကြာပြီနော် ဆိုပြီး နှုတ်ဆက်မှာ မဟုတ်လား"

"သေလိုက်ပါလား။ နင်သာ နင့်ဟာမကို အဲဒီလို နှုတ်ဆက်ချင်နေတာ မဟုတ်လား"

"ဟား ဟား ... မဟုတ်ပါဘူးဟာ။ ငါက နင့်ကိုစ,တာပါ။ ငါက အစအနောက် နည်းနည်းသန်တယ်ဟ"

"အေး ... ငါကလည်း လက်သံပြောင်တယ်ဆိုတာ မှတ်ထားဦး"

"အင်း ... အဲဒါကြောင့် ဟိုအကောင်က မင်းကိုကြောက်ပြီး မယူရဲတာနဲ့တူတယ် ... ဟား ဟား "

"မင်းဗလ ... နင့်ပါးစပ်ကို ပိတ်ထားနော်။ ပြီးတော့မှ ငါ့အဆိုးမဆိုနဲ့"

"ဟုတ်တယ်လေ။ မင်းက ဘာမဆိုင် ညာမဆိုင် ငါ့ကိုတောင် ဖိုင်နဲ့ဆော်သွားသေးတာ။ မင်းအကောင်ကိုတော့ အားတိုင်း တဖုန်းဖုန်း ရိုက်နေတော့မှာတော့ အသိသာကြီးပဲ။ ဒါကြောင့် ဟိုကောင်က စိတ်နာပြီး သိန်းနှစ်ရာနဲ့ ဟန်းဒ်ဖုန်းတစ်လုံး ဘတ်သွားတာ ... ဟဲ ဟဲ"

"တောက် ... မင်းဗလ။ အရိုးဂေါက်ဂက်ကောင်၊ နင့်ပါးစပ်ကို ပိတ်ထားတော့နော်"





"ဟာ ... ငါ့ကိုများ အရိုးဂေါက်ဂက်တဲ့။ နင်တောင် ဒီအရိုးဂေါက်ဂက်ကို အားကျနေတာ မဟုတ်လား"

"နင်ဟာလေ ယောက်ျားဖြစ်ပြီး တော်တော်စကားများတယ်။ ပါးစပ်ထဲရှိရာ အရှုးချေးပန်း လျှောက်ပြောနေတာပဲ။ အဲဒါကြောင့် နင့်ကိုလည်း ဟိုဟာမက မယူတာ ...

ဒီငပေါကောင်ကို ပိုင်းလုံးလုပ်ဖို့ပဲ ကောင်းတယ်လို့ သတ်မှတ်တာ"

သူမက အဲဒီပြောလျှင် သူက နှုတ်ခမ်းကို တစ်ချက်မဲ့ကာ မျက်နှာကို ရှုံ့မဲ့မိသည်။ ဒါကိုတော့ သူမက သဘောကျသွားသည့်အလား ဟက်ဟက်ပက်ပက်ကြီးပဲ ရယ်မောလေသည်။ သူသည် အဲဒီရယ်မောနေသော ပုံစံကို ခေတ္တမျှငေးနေမိသွားသည်။ သူမ အဲဒီလို ရယ်တာကို တစ်ခါမှ မမြင်ဘူးပါ။ လွတ်လပ်ပေါ့ပါးသော ရယ်ခြင်းမျိုးကို သူ့မကိုယ်တိုင်ရော တစ်သက်မှာ ဘယ်နှခါများ ရယ်ဖူးပါလိမ့်။ ဒီလို ဘဝအခြေအနေမှာ ဒီလိုရယ်နိုင်တယ် ဆိုတာကိုက သူမ ရင်ထဲမှာ တကယ်အကြည်ဓာတ်ရှိလို့သွားတာ ဖြစ်နိုင်သည်။ သူမ ဒီလို ရယ်ရယ်မောမောဖြစ်လာတာကို သူက တကယ်ပဲ ဝမ်းသာပါသည်။ အဲဒီ ဝမ်းသာစိတ်ကြောင့် အပြည့်အဝကြီးကို ပြုံးကာ ခေါင်းတဆတ်ဆတ်ညိတ်မိသည်။

ဒါကို သူမက ရယ်လက်စကို ရပ်တန့်လျက် ...

"နင်က ဘာပြုံးတာလဲ၊ ဂေါက်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မဂေါက်သေးပါဘူး။ မင်းရယ်တာ လွတ်လပ် သန့်စင်လို့ သဘောကျလို့ ပြုံးတာပါ"

"အောင်မယ် ... လာသေးတယ်၊ ငါ ရယ်တာကများ လွတ်လပ်သန့်စင်တယ် ဖြစ်ရသေးတယ်"

"ဟုတ်တယ်လေ။ မင်းကိုယ်မင်းတောင် မသိဘူး မဟုတ် လား။ မင်း ဟက်ဟက်ပက်ပက် ရယ်တာကို ငါ ဒါ ပထမဆုံးအကြိမ် တွေ့ဖူးတာပဲလေ။ သူများကို လှောင် တာလည်း မပါဘူး။ အောင်မြင်မှုတစ်ခုအတွက် ကျေနပ် တာလည်း မပါဘူး။ ဒီအတိုင်း ဒီအခြေအနေမှာကို လွတ် လွတ်လပ်လပ်ရယ်တာ မင်းရဲ့ပကတိစိတ်ရင်းကို ဖော်ပြ တာပဲလေ ...

ဝမ်းသာပါတယ် သူရိ။ ဆက်ကြိုးစားသွားပါ"

သူမက သူ့ကို ဆရာလာလုပ်မနေနဲ့ဟူသော မျက် ဖြင့် မှတ်ခမ်းတစ်ချက် ခွဲ့ပြနေသော်လည်း သူ့စကားကို ကျေနပ် သွားလက်ခံသည် ဆိုတာတော့ သူ သိပါသည်။ သူ ထမင်းစား ပြီးလျှင် သူမက သူ့ပန်းကန်ကိုပါ ယူဆေးသည်။ သူ့အလှည့် ကျရင်လည်း သူက သူမ စားပြီးသား ပန်းကန်ကို ဆေးရသည်။ ဒီလိုနှင့် မီးဖိုချောင်တာဝန် အစအဆုံးကို တစ်ယောက်တစ်လှည့် စီ ကျေကျေနပ်နပ်ကြီး ယူရတာ ဖြစ်ပါသည်။ ကိုယ့်ဂျူတီမဟုတ် သော တနေ့ပတ်မှာတော့ တော်တော်ဇိမ်ကျသည်။ ဂျူတီရှိသော ရက်တွေမှာလည်း သိပ်တော့ မပင်ပန်းပါ။





ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်သည် ပြောင်းလဲရင့် ကျက်လာသော အသိဉာဏ်တွေဖြင့် တစ်ယောက်နဲ့တစ်ယောက် အဖော်ကောင်းတွေ ဖြစ်မှန်းမသိ ဖြစ်ခဲ့ကြသည်။ အလိုလိုနေရင်း ကျောချင်းကပ်မိသွားကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရိသည် ကြားထဲမှာ အလုပ်အသစ်တစ်ခု မရှာသေးခင် ကိုယ့်မှာ လိုအပ်နေသော အရည်အချင်းနဲ့ စိတ်ဓာတ်တွေကို အရင်ဆုံးပြည့်အောင် ဖြည့်ခဲ့ပါသည်။ ဒီတစ်ခါ အလုပ်ကိုတော့ ကိုယ်နဲ့အကိုက်ညီဆုံး အလုပ်ကို သေချာရွေးလုပ်မှာမို့ လောမကြီးတော့ဘဲ လိုအပ်တဲ့ပညာတွေကိုသာ စုဆောင်းထားခဲ့သည်။ မင်းဗလ ပြောသလိုပင် ကိုယ်ဟာ ဘာကောင်မှမဟုတ်တော့ဘူးဆိုသော စိတ်ဓာတ်ကို အသိထဲ နှလုံးသားထဲမှာ အမြဲထည့်ထားခဲ့ရသည်။ တစ်သက်လုံးက ကိုယ်ပိုင်ကားတစီးစီးနဲ့ သွားလာခဲ့သော သူရိသည် အခုတော့ စာရင်းကိုင်သင်တန်းသို့ ဘတ်စ်ကားစီးကာ သွားလာရသည်။ ကျပ်ညပ်နေသော ဘတ်စ်ကားထဲမှာ အသက်ကို ဝအောင်လုရှူရင်း အခြေခံလူတန်းစားတွေရဲ့ဘဝကို နားလည်သိမြင်လို့ လာရသည်။

ကိုယ်ပိုင်ကားတွေကို မောင်းသွားလေသော တခြားသက်တူရွယ်တူ မိန်းကလေးတွေကို မြင်ရလေတိုင်း တစ်ချိန်က ရွေထီးဆောင်းခဲ့သော ကိုယ့်ဘဝကိုယ် ပြန်လည်တမ်းတမိသော်





လည်း နောင်တရစိတ်တော့ မရှိတော့ပါ။ ကိုယ်လုပ်ခဲ့သော ကိစ္စတစ်ခုအတွက် နောင်တလည်း မရချင်တော့။ လက်ရှိမှာ ကိုယ့်ဘဝကိုယ် ဘယ်လိုအောင်မြင်တိုးတက်အောင် လုပ်ရမလဲဆိုတာသာ သူရိ့ခေါင်းထဲမှာ ရှိတော့သည်။ အခုချိန်ကျတော့မှပဲ ငုပ်နေသော သူရိ့အဖေထံက သွေးတွေဟာ ထပြီးပွက်သလားတော့ မပြောတတ်ပါ။ သူရိဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ရဲ့ သမီးပီပီ စီးပွားရေးလုပ်ငန်းကြီးတွေကိုသာ စိတ်ဝင်စားသည်။ စာရင်းကိုင်သင်တန်း တက်နေသည့်အတောအတွင်း အင်္ဂလိပ်စာအုပ်တွေဝယ်လျက် ထပ်လေ့လာသည်။ ကွန်ပျူတာပိုင်းနှင့်ပတ်သက်၍ မင်းဗလက အကူအညီပေးသည်။ ဒီလိုနှင့် သင်တန်းဆင်းလက်မှတ်တစ်ခု ရသောအခါ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုတွေ ကောင်းကောင်းရှိလာသောအခါ သူရိတစ်ယောက် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ လက်ထောက်မန်နေဂျာရာထူးကို ရသွားသည်။ သုံးယောက်ခေါ်သည့် အထဲမှာမှ တစ်ယောက်သောသူအဖြစ် အရွေးခံလိုက်ရတာ ဖြစ်ပါသည်။

ကိုယ့်အရည်အချင်းရှိလျှင် ရှိသလို တက်သွားမည့်နေရာဖြစ်လေရာ အလုပ်စဝင်ကတည်းက သူရိက အလုပ်ကိုကြိုးစားသည်။ အားလုံးနှင့် အဆင်ပြေအောင် ပေါင်းတတ်ဖို့ကိုလည်း ပြောင်းလဲလေ့ကျင့်ပြီး ဖြစ်သဖြင့် ပေါင်းသင်းဆက်ဆံရေးမှာလည်း မဆိုးလှ။ အရာအားလုံးကို သိလိုစိတ် တတ်လိုစိတ်ဖြင့် ကြိုးစားသောကြောင့် အချိန်အတိုတွင်းမှာပဲ မန်နေဂျင်း၏



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြုမှုကိုပင် ခံရလေသည်။ အများနှင့် ဆက်ဆံရသော အလုပ်တွေကို လုပ်ကိုင်ရတယ် ဆိုကတည်းက ကျန်တဲ့ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းတွေရဲ့ စပ်စုခြင်းကို ခံရသောအခါ သူရိက ကိုယ့်ကိုယ်ကိုယ် အိမ်ထောင်ရှိတယ်ဟုပဲ ပေးသိခဲ့သည်။ ဒါက လည်း အလုပ်စဝင်တည်းက မန်နေဂျင်းဆီမှာ CV Form တင်ထားပြီးသား ဖြစ်သည်။

သို့သော် အဲဒီအတွက် တစ်ခါမှ စိတ်အနှောင့်အယှက် ဖြစ်တာမျိုး မရှိခဲ့ပါ။ ပြောရလျှင် စိတ်ထဲမှာ လုံခြုံမှုတစ်ခု ရသည်ဟုတောင် ခံစားရပါသည်။ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း နေရင်တောင် ဘယ်သူကများ ဘယ်လိုထင်မလဲဟု စိုးရိမ်ကြောင့်ကြမှုများ ရသေးသည်၌။ အခုတော့ ယောကျ်ား ရှိတယ်ဆိုတော့ ဘယ်သူကမှ စိတ်မဝင်စားတော့။ တခြား ဘာညာဘာညာ ထွေလီကာလီ ဇာတ်လမ်းရှုပ်ချင်စရာလူတွေနဲ့လည်း ဆက်ဆံစရာလည်း မလိုတော့။ ပြီးတော့ ထူးဆန်းတာတစ်ခုက သူရိသည် မင်းဗလနဲ့ မတည့်စဉ်တုန်းကလည်း တစ်အိမ်ထဲမှာသာ အတူတူရှိသော်ငြား စိတ်မလုံခြုံတာမျိုး၊ စိုးရိမ်ကြောင့်ကြစိတ်များတာမျိုး မရှိခဲ့ရ။ သူ ရှိနေသောကြောင့်ပင် ကြောင့်ကြခြင်းကင်းစွာ အိပ်စက်ခဲ့ရသည်။

ဒီနေ့မနက်တော့ သူရိသည် စိတ်လိုလက်ရနှင့် နံနက်စောစောထကာ မြီးရှည်တွေ လုပ်နေလိုက်သည်။ သူရိ အလုပ်ဝင်ခဲ့တာ နှစ်လပြည့်ခဲ့ပြီမို့ လုပ်ရည်ကိုင်ရည်ကို ကြည့်ကာ





ဆိုက်အသစ်တစ်ခုထဲမှာ အတွေတွေမန်နေဂျာ အဖြစ် ရာထူးတိုးပေးခံရခြင်း အထိမ်းအမှတ်အဖြစ် သူရိက မင်းဗလကို မြီးရှည်လုပ်ကျွေးမှာဖြစ်သည်။ သို့သော် သူ့ကို ကြိုတင်အသိမပေးထား။ သူ အိပ်ရာနိုးတော့မှ ဆပ်ပရိုက်လုပ်မှာ ဖြစ်သဖြင့် ကိုယ်က စောစောဦးအောင် ကြိုထထားလိုက်သည်။ ရှစ်နာရီခွဲလောက်ကျတော့ သူက နိုးလာပါသည်။ စနေ တနင်္ဂနွေ ရုံးပိတ်ရက်ဆိုလျှင် သူရော သူရိရောဟာ ကိုးနာရီလောက်မှ ထကြသူတွေ ဖြစ်သဖြင့် သူက စောစောစီးစီး နိုးနေသော သူရိ့ကို အံ့ဩသလိုကြည့်ကာ...

"ဟေး ... မောနင်း။ ကြားသားမိုးကြိုး၊ စောစောစီးစီးနိုးပြီး ဘာတွေချက်နေတာလဲ။ ဒီနေ့ ငါ့ဂျူတီပါ၊ ဟုတ်တယ်မှုလား"

"ဟုတ်တယ်၊ ကဲ ... နင်က ငါ့အတွက်ပါ ကော်ဖီဖျော်။ ငါ မြီးရှည်လုပ်ထားတယ်။ စားဖို့ အသင့်ပြင်"

"ဟား ... ဒါကြောင့် အခုနက အိပ်မက်ကောင်းတွေ မက်နေတာကိုး။ နေပါဦး၊ နင်က မြီးရှည်ကို လုပ်ရောလုပ်တတ်ရဲ့လား"

"အောင်မာ ... စေတနာကို မစော်ကားနဲ့။ နင့်ပါးစပ်ထဲကို ဘယ်သူမှ ဇွတ်ထိုးမထည့်ဘူး။ မကြိုက်ရင် မစားနဲ့"

"ဟား ... ကျွေးတဲ့လူကလည်း စေတနာရှိလိုက်တာ။ နောက်တာပါဟာ။ နင့် မြီးရှည်က ကောင်းကောင်းမကောင်းကောင်း နံနက်စောစောထပြီး ကိုယ်တိုင် အပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းခံ လုပ်ကျွေးတယ် ဆိုကတည်းက ငါက ဝမ်းသာပြီး သားပါ ...

ကဲ ... ကဲ ... စားမယ် ... စားမယ်၊ ပေး"

သူရီက သူ့ကို မျက်စောင်းတစ်ချက် ထိုးရင်းမှ သူ့ရှေ့သို့ မြီးရှည်ပန်းကန်ကို ချပေးလိုက်လျှင် သူက ငုံ့ကြည့်ကာ တူနှစ်ချောင်းကို ဖောက်ပြီးနောက် ...

"အမြင်၊ အနံ့နဲ့တင်တော့ နင့် မြီးရှည်က ကောင်းမယ့်ပုံပဲ၊ ဟိုဒင်း မန္တလေးမြီးရှည်လား"

"အေး ... ငါက မိုးကုတ်မြီးရှည်တို့၊ ကျိုင်းတုံမြီးရှည်တို့ သိပ်မကြိုက်ဘူး"

"ဟီး ... ငါနဲ့ အကြိုက်ချင်းတူတယ်"

သူက မြီးရှည်ကို တူနဲ့ အားရပါးရနယ်ကာ ပါးစပ်ထဲသို့ ထည့်သည်။ သူရီသည် ကိုယ့်ကိုယ်ကိုယ် အရင်မစားနိုင်အားသေးဘဲ သူစားတာကိုစောင့်ကြည့်နေသေးသည်။ သူက ဝါးရင်းမှနေ၍ အရသာခံသလို မျက်လုံးကိုတောင် အမြင်ကတ်ဖွယ်မှေးစင်းလိုက်သေးသည်။ *ပြီးတော့မှ လက်မတစ်ချက် ထောင်လိုက်ရင်း...*

"အိုကေ ... ဗဲရီးဂွတ်ဒ်။ မထင်ရဘူးဟာ သူရီ။ နင့်ရဲ့ ပထမဆုံး မြီးရှည်လက်ရာလို့တောင် မထင်ရဘူး။ အရမ်းစားကောင်းတာပဲ၊ တကယ်။ ငါ ပိုပြောတာ မဟုတ်ဘူး။ တကယ် ... တကယ်ကို ကောင်းတာပါ။ နင် တော်တယ်၊ သင့်ခ်ယူဟာ"





သူရီသည် သူ့အပြောကို ကျေနပ်စွာ ပြုံးပြီးတော့မှပဲ ကိုယ့်ပန်းကန်ကို စစားဖြစ်တော့သည်။ သူက အားရပါးရစားရင်းမှနေ၍ ...

"နင် ဘယ်လိုလုပ် ချက်တတ်တာလဲ"

"မြီးရှည်လုပ်တာများ ဘာမှ မခက်ပါဘူး"

"အံမယ် ... ဒိုင်လှိုနေပြန်ပြီ။ သူများတွေအတွက် မခက်ပေမယ့် သူရီချမ်းစိမ့် အတွက်တော့ ခက်နေနိုင်တယ်လေ"

"ဟင်း ... လုပ်လိုက်ရတော့ ဒုက္ခတော့မယ်။ ဘာမှမခက်ဘူးဟေ့။ အခုချိန်ကစပြီး ငါ့အတွက်က အားလုံးလွယ်တယ်"

"ဟား ဟား ... ဟုတ်ပါတယ်။ အဲဒါပဲ ကောင်းပါတယ်။ ကဲ ... ပြောပါ၊ မင်းသမီးကလည်း ပဲများနေပြန်ပြီ။ ဘယ်စာအုပ်ထဲက ကြည့်ချက်တာလဲ။ ငါလည်း နင့်ကို ပြန်လုပ်ကျွေးချင်လို့ပါဟ"

*အဲဒီအပြောလေးသည် ဘာမှမဟုတ်ပါဘဲနဲ့ သူရီ့*ရင်ကို စိတ်ချမ်းသာ အေးမြသွားစေသည်။ အဲဒါဟာ မေတ္တာရဲ့ သဘောတရားပဲ ဖြစ်ပါလိမ့်မည်။ သူနဲ့ သူရီသည် ဘာမှသွေးသားမတော်စပ်၊ သမီးရည်းစားလည်း မဟုတ်ပါဘဲနဲ့ တစ်အိမ်ထဲမှာ အတူတူ နေကြသော်လည်း တစ်ယောက်နဲ့တစ်ယောက် မရိုးမသားစိတ်မျိုးလည်း မပေါ်ခဲ့ကြပါ။ သူငယ်ချင်းမိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးထက် မောင်နှမပုံစံတောင် ပိုပေါက်သွားကြသည်။ ညဘက်တွေဆိုလည်း TV အတူတူကြည့်၊ လက်ဖက်သုပ်စားရင်း တစ်ခုခုကို ငြင်းဟယ် ခုံဟယ်ဖြင့် စိတ်ချမ်းသာဖို့ ကောင်းလှသည်။

တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ စာနာမှုနှင့် မေတ္တာတရားကို ထားနိုင်သွားသည့်အတွက် သူရိတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးမှာ တကယ်ကို ကြည်မွေ့သာယာသော ဆက်ဆံရေးမျိုး ဖြစ်ခဲ့ပါသည်။

"ငါ့ရုံးက အစ်မကြီးတစ်ယောက်ကို မေးတာပါဟာ။ သူပြောတာတွေကို မှတ်ထားပြီး ချက်တာ"

"ဟုတ်လား၊ ဒါနဲ့များတောင် တော်တော်ကောင်းတယ်။ နှင် ကုမ္ပဏီမှာ မလုပ်တော့ဘဲနဲ့ အောက်မှာ မြီးရှည်ဆိုင် ဖွင့်ပါလား"

"အေး ... နှင်သာ ပန်းကန်ဆေး ခွက်ဆေးပေးမယ်ဆိုရင်တော့ ဖွင့်ချင်တာပေါ့"

"လုပ်လိုက်လေ၊ တို့မောင်နှမမြီးရှည် ဆိုပြီး စမ်းချောင်းတစ်ခွင် ပြုံပြုံစင်အောင် အထမ်းနဲ့ လျှောက်ရောင်းကြမယ်၊ မကောင်းဘူးလား"

"ကောင်တယ်၊ ဟဲ့ ... နှင် စားသာ စားနေတာ၊ ငါ ဘာဖြစ်လို့ ကျွေးတာလဲ ဆိုတာရော သိရဲ့လား"

"သိဘူး။ ဘာလဲ နှင့်မွေးနေ့လား"





"မဟုတ်ဘူး။ အခု ငါက ဆိုက်အသစ်ထဲမှာ အထွေထွေမန်နေဂျာ ဖြစ်သွားပြီ။ လစာလည်း တိုးတယ်။ မနက်ဆိုဖယ်ရီလည်း ရှိတယ်"

"ဟုတ်လား။ အေး ... ဝမ်းသာပါတယ်ဟာ။ ငါကတော့ ဒီရာထူးက ဒီရာထူးပါပဲ။ ဟီး ... ဟီး ... ဒါပေမဲ့ ငါ ကျေနပ်ပါတယ် ...

ငါက ကွန်ပျူတာဝါသနာပါတာဆိုတော့ ဒါပဲကိုက်တယ်။ ဒီအလုပ်နဲ့လည်း ထမင်းစားနေရတာပဲလေ။ မငတ်ပါဘူး ... ဟဲ ဟဲ"

"အင်း ... နှင့်အမေသာ နှင် ဒီလိုနေ့နေရတာ မြင်ရင်တော့ ရင်ကျိုးမှာပဲနော်။ နှင့်မိဘတွေကို နှင် မဆက်သွယ်ဘူးလား"

"ငါ့အမေဆီကိုတော့ ငါ ဖုန်းဆက်ဖြစ်ပါတယ်။ အမေကတော့ စိတ်ဆိုးနေတာပေါ့။ အမေ့ဆီ ဆက်တာလည်း တခြားဘာကိုမှ မျှော်ကိုးလို့ မဟုတ်ပါဘူး။ နေကောင်းရဲ့လား၊ ကျန်းမာရေးကို ဂရုစိုက်ဖို့ ငါ့အတွက် စိတ်မပူဖို့ ငါ အဆင်ပြေနေတယ်၊ အလုပ် လုပ်နေတယ်၊ စတာတွေပေါ့ဟာ ...

အမေက နှင့်ကိုလည်း မေးတယ်ဟ သိလား"

"ဘာမေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အဆင်ပြေရဲ့လားပေါ့။ နင့်မိဘတွေကိုလည်း ကြားဖူးနေတာဆိုတော့ နင်ကို ဟို ... ဘယ်လိုပြောမလဲ သူ့ချွေးမအနေနဲ့တော့ စိတ်ဝင်စားတာပေါ့ဟာ ...

ဒါများ ကောင်းကောင်းမွန်မွန် ဖွင့်ပြောရင် သဘော တူပြီး ပေးစားမှာပေါ့တဲ့။ ခုတော့ ဒီလိုကြီး လုပ်သွား တော့ မိန်းကလေးရှင် အသိုင်းအဝန်းကိုလည်း အားနာရ ပေါ့တဲ့ ...

အဲဒါ ငါ့အမေကို သူ ဖျောင်းဖျနေတယ်ပေါ့ဟာ ငါတို့ကို ပြန်လက်ခံအောင်ပေါ့"

"ဘာ ... ဘာရယ် ... ဟုတ်။ အဲဒီလိုတော့ ဘယ်ဖြစ်မလဲ"

သူရီက မျက်လုံးပြူးကာ အလန့်တကြား ဖြစ်သွား လျှင် သူက တဟားဟား အော်ရယ်သည်။

"နင်ကလည်းဟာ ဘာဖြစ်တာလဲ၊ ပျူးပျူးပျာပျာနဲ့။ ငါ လည်း သဘောပေါက်ပါတယ်။ ဒါကြောင့် မလုပ် အမေ၊ သား မိုက်ပြစ်နဲ့သား ရှိပါစေ၊ ဘာညာဆိုပြီး ရတာပေါ့ ...

နင်ရော ငါရော နှစ်ယောက်စလုံး အလုပ်လုပ် ဘဝကို တကယ်ရင်ဆိုင်နေတာတွေ့တော့ အသိတရား ရ၊ လိမ္မာနေတယ်ထင်ပြီးငါ့အမေက ဝမ်းသာနေတာ တကယ်တော့ ငါတို့က ကိုယ့်မိုက်ပြစ်ကိုယ် ဆပ်နေ သူတို့ မသိဘူး"





သူ့အပြောကြောင့် သူရီ့မှာ သက်ပြင်းများပင် ချ မိသည်။ သူ့လိုပင် သူရီ့အမေက ဖုန်းမဆက်သော်လည်း အန်တီ လေးထံမှာ သူရီ့အကြောင်းတွေ မေးမြန်းစုံစမ်းနေတာကိုလည်း သူရီ သိရသည်။ အန်တီလေးကိုတော့ သူရီတို့နှစ်ယောက်စလုံး အလုပ်လုပ်သည်၊ အဆင်ပြေသည်ဟု ပြောပြထားရသည်။ ဒါကြောင့် လည်း အန်တီလေးက ပြောင်းလဲလာသော သူရီ့အကြောင်းတွေ ကို မေမေ့ထံမှာ သံတော်ဦးတင်တာ ဖြစ်နိုင်ပါသည်။

"နင်ရော နင့်အမေဆီ ဖုန်းမဆက်ဘူးလား"

"ဟင့်အင်း ... ငါ့အဒေါ်နဲ့တော့ ပြောဖြစ်တယ်"

"သြော် ... ဆက်လိုက်ပေါ့ဟာ၊ ကိုယ့်အမေဆီပဲ။ ငါ အင်္ဂလိပ်စကားလေးတစ်ခု ကြားဖူးတယ်။ အကယ်၍ သင် ဟာ မှားယွင်းတဲ့ လမ်းကြောင်းကို ဦးတည်ခဲ့မိပြီဆိုရင် ဘုရားသခင်က ဂူငယ်ကွေ့ ပြန်ကွေ့ဖို့ ခွင့်ပြုပါတယ်တဲ့ ...

ဒီလိုပဲ တို့အမှားတွေအတွက် မိဘတွေကလည်း တစ်ချိန်ကျ ခွင့်လွှတ်နိုင်မှာပါ။ တို့ကလည်း တို့ပဲလေ ...

ကဲပါဟာ၊ ဒါတွေ ပြန်ပြောနေလို့ အကျိုးမရှိပါဘူး။ စားလက်စ မြီးရှည်အရသာတောင် ပျက်တယ်။ နောက် တစ်ပွဲ ထပ်ပြင်ပေးဦးဟာ။ ငါက နင့်အတွက် ကော်ဖီဖျော် ပေးမယ်၊ ဟုတ်ပြီလား"

သူက ထပြီး ကော်ဖီဖျော်လျှင် သူရီက သူ့အတွက် ည်လိုက်ပွဲကို ပြင်ဆင်ပေးရသည်။ အဲဒီနောက် စား



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်၊ တခြား စပ်မိစပ်ရာတွေ လျှောက်ပြောလိုက်ဖြင့် Breakfast ဝိုင်းက စိုစိုပြည်ပြည် ရှိလှသည်။ အဲဒီနောက် Breakfast ပြီးသွားလျှင် သူရိက အရှေ့မှာ ကော်ဖီတစ်ခွက်၊ TV ကြည့်လျက် အေးအေးဆေးဆေး။ သူကတော့ သူ့ဂျူတီမို့ မီးဖိုထဲမှာ ချက်ပြုတ်သည့်တာဝန်ကို စပြီဖြစ်သည်။ နားထဲမှာ i-pod တပ်လျက် စိတ်ရှိလက်ရှိ ခုတ်ထစ်ချက်ပြုတ်နေသော သူ့ကို မြင်ကြည့်မိကာ သဘောတကျဖြင့် ခေါင်းယမ်းမိသည်။

နှစ်ယောက်စလုံးဟာ ဒီလိုဘဝမျိုးရဖို့မမျှော်လင့်ခဲ့သို့သော် ပေးလာတဲ့ ကံကြမ္မာအတိုင်း အဆိုးထဲက အကောင်းအဖြစ် ဘဝကို နားလည်ကာ ကြိုးစားရုန်းကန်သော လူသားတွေဖြစ်ခဲ့ပြီ။ အချစ်ဆိုတာထက် မေတ္တာတရားကို ပိုနားလည်ခဲ့ပြီ။ ဒီအတွက် ငွေတွေ မချမ်းသာတော့သော်လည်း အမိပွာယ်ရှိသော လူတစ်ယောက် ဖြစ်ခွင့်ရသွားခြင်းအတွက် သူရိ ကျေနပ်ခဲ့ပါသည်။

• ❤ •





# ၁၄

မင်းဗလသည် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ မဟန်တော့ဘူးဟု သိလိုက်သည့်အချိန်၌ မန်နေဂျာကို သွားပြောကာ ခွင့်တစ်ဝက်တင်ပြီးနောက် အိမ်သို့ ပြန်လာခဲ့လေသည်။ မနေ့ကတည်းက ခေါင်းကိုက်ပြီး ဖျားချင်သလိုလို ဖြစ်နေကာ ညက Air Con ဖွင့်အိပ်ပြီး မနက်စောစော ရေထချိုးလိုက်တော့ လူက ပိုဆိုးသွားဟန်တူသည်။ နှာတချေချေနှင့် ရေချိုးသည်မို့ သူရိက တောင် နင် ဖျားဦးမယ်နော်ဟု သတိပေးခဲ့သော်လည်း သူက ဓာတ်ကြမ်းကုတာပါဟု ပြန်ပြောခဲ့သေးသည်။ အခုတော့ ဓာတ်ကြမ်းအကုလွန်ကာ သူ ကောင်းကောင်းကြီး ဖျားပြီဖြစ်သည်။ အိမ်ပြန်ရောက်သောအခါ ထမင်းမစားတော့ဘဲ ကော်ဖီနဲ့ပေါင်မုန့်သာ တွဲစားလျက် ဆေးသောက်ပြီး သူ အိပ်တော့သည်။

ဘယ်အချိန်အထိ အိပ်ပျော်သွားလဲတော့ မသိ။ သူ ပြန်နိုးလာသောအခါ ညနေတောင် စောင်းနေပြီဖြစ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပူကတော့ မကျပါ။ တစ်ကိုယ်လုံး မီးကျီခဲလို ပူနေလျက် ခေါင်းတွေက မူးနောက်ကာ ရှာရှာလည်နေသည်။ အဲဒီအချိန်မှာပဲ သူရိက ပြန်ရောက်လို့လာသည်။ မွေ့ရာပေါ်မှာ ခောင်ခြွေလျက် ကွေးနေသော သူ့ကိုမြင်လျှင် ခရီးရောက်မဆိုက် စိုးရိမ်စွာမေးသည်။

"ဟဲ့ ... နင် နေမကောင်းဘူးလား"

"အင်း ... ဆောရီး သူရိ။ ဒီနေ့တော့ ငါ ထမင်းချက်နိုင်မှာ မဟုတ်တော့ဘူး"

"အဲဒါက အသာထားပါ။ ဘယ်လိုဖြစ်တာလဲ။ မနက်က နင် ရေချိုးသွားတာကိုး"

သူမက သူ့အနားသို့ လျှောက်လာရင်းမှ မွေ့ရာဘေးမှာ ဆောင့်ကြောင့်ထိုင်ကာ သူ့ကို ကြည့်သည်။

မသက်မသာ ဝေဒနာခံစားနေရသော သူ့ပုံစံကို သတိထားမိသွားဟန်ဖြင့် ...

"တော်တော်ဆိုးနေလား၊ ဟင် ... ကိုယ်တွေလည်း တော်တော့် ပူနေတာပဲ"

သူမက သူ့နဖူးကို စမ်းကြည့်ကာ ပြောသည်။ သူက ဘာမှပြန်မပြောနိုင်။ ခေါင်းကိုက်လွန်း၍ ရှုံ့မဲ့နေရသည်။

"ဒီအတိုင်း နေလို့တော့ မရဘူး။ နင် ဆေးခန်းသွားမှ ဖြစ်မယ်။ ဘယ်အချိန်တည်းက ပြန်ရောက်နေတာလဲ"

"နေ့ခင်းတည်းက"





"အင်း ... ဖြစ်ရမယ်။ ကဲ ... ကဲ ... နင် ထနိုင်လား။ ဆေးခန်းက ဒီမြေညီထပ်တင် ဆင်းရမှာဆိုတော့ အားတင်းပြီး သွားလိုက်ပါ။ ဆေးထိုးမှ နင် သက်သာမှာ။ လာ ... ရေပတ်လေးတိုက်၊ အဝတ်အစားလဲလိုက်"

သူမက သွက်သွက်လက်လက်ပင် နောက်ထဲမှ ရေဇလုံတစ်လုံးနှင့် တဘက်တစ်ထည်ကို ယူလာသည်။ ပြီးတော့ သူ့ရှေ့သို့ ချပေးသည်။ သူက စိတ်မပါတပါနှင့်ပင် သုတ်နေတာကိုမြင်တော့ စိတ်မရှည်သည့်အလား သူ့အင်္ကျီတွေကိုပါ ဆွဲချွတ်ကာ ဖျိုးဖျိုးဖျတ်ဖျတ်ပင် ရေပတ်တိုက်ပေးလေသည်။ ပြီးတော့ သူ့ရှပ်အင်္ကျီလက်ရှည်တစ်ထည်ကို ဝတ်ဆင်ပေးကာ ကြယ်သီးတွေကိုပါ ခပ်သွက်သွက် တပ်ပေးလိုက်လျှင် သူက သူမကို အံ့ဩသလို ငေးကြည့်နေသည်။ ဘုရားသခင် အတွေးများ များရောလား။ တစ်ချိန်က ဘယ်သူ့ကိုမှ လူမထင်ခဲ့သော မိန်းမတစ်ယောက်ဟာ အခုတော့ သူ့ကို မေတ္တာအရင်းခံသည့်စိတ်ဖြင့် ပြုစုလုပ်ကိုင်ပေးနေသည်တဲ့။

သူမရဲ့ပုံစံဟာ သူ့ကို လုပ်ကိုင်ပေးနေရသည့်အတွက်လည်း ရှိုးတိုးရှန့်တန့် ရှိမနေပါ။ ကြည်နူးစရာ အပြုံးတွေနှင့် သမုဒယဆန်သော အနေအထားမျိုးမှာလည်း ရှိမနေ။ တကယ့်မောင်နှမတစ်ယောက်လို ပေါ့ပေါ့ပါးပါးပဲ ရှိနေသည်။ ရေပတ်တိုက်ပြီး အဝတ်အစားလဲပြီးသောအခါ သူ နည်းနည်းပေါ့သွက်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နင် တစ်ယောက်တည်း သွားနိုင်လား။ ငါ လိုက်ပို့ရဦးမလား"

"အင်း ... ရပါတယ်။ ဒီ မြေညီထပ်တင်ပဲဟာ"

"အိုကေ ... ဒါဆို ဆင်းသွားလိုက်တော့။ တစ်ခုခုလိုရင် ဖုန်းဆက်လိုက်။ ဩော် ... နင် ဘာစားမလဲ။ ရောက်လာရင် နင် တစ်ခုခုစားပြီး ဆေးသောက်ရမယ် ထင်တယ်။ ဘာစားချင်လဲ"

"ရပါတယ်ဟာ"

သူက ရင်ထဲကလာသော တကယ့်အားနာဟန်ဖြင့် ဆိုလျှင် သူမက သူ့ကို အပိုတွေလုပ်မနေနဲ့ဟူသော အပြုံးမျိုးဖြင့် မျက်စောင်းထိုးကြည့်ကာ ...

"ကဲ ... ပြောပါ။ ပဲများမနေပါနဲ့။ နေမကောင်းတဲ့လူဆိုတာ အစားတိုင်း စားချင်တာ မဟုတ်ဘူး။ အာသီသရှိတာကို ရွေးစားချင်တာ ...

ဘာစားချင်လဲ။ ဖက်ထုပ်ပြုတ်တို့ ဘာတို့ သောက်မလား၊ ငါ သွားဝယ်ပေးမယ်"

"နေပါစေဟာ၊ နင်လည်း တစ်နေကုန် ပင်ပန်းလာတာ။ အိမ်မှာရှိတာပဲ စားပါ့မယ်"

"ဒါဖြင့် ဘာစားချင်လဲ။ ကြက်သားဆန်ပြုတ် ပြုတ်ပေးရမလား။ ကြက်သားမြူစွမ်ပဲ စားမလား"





"မြူစွမ်က လွယ်မယ်ထင်တယ်။ မြူစွမ်လေးပဲ၊ အဟင်း ... နင့်ကို အားနာတယ်ဟာ။ ဒီနေ့ ငါ့ဂျူတီမှန်း သိပါတယ်၊ ဘယ်လိုမှ ခေါင်းမထောင်နိုင်လို့ပါ။ နောက်ကျရင် back date နဲ့ ပြန်ချက်ကျွေးပါ့မယ်"

သူမက သူ့ကို မျက်စောင်းတစ်ချက် လှမ်းထိုးသည်။ အဲဒီမျက်စောင်းလေးမှာ ကမ္ဘာပေါ်ရှိ သူ မြင်ဖူးသမျှ မျက်စောင်းတို့ထဲတွင် အလှဆုံး မျက်စောင်းတစ်ခုဟု ထင်မိသည်။

"ဒီစကားတွေ မပြောစမ်းပါနဲ့ဟာ။ ရတယ် ... ငါလည်း ခေါက်ဆွဲပဲ ပြုတ်သောက်မယ်။ နင့်ဖို့တော့ ကြက်သားမြူစွမ်လေး လုပ်ပေးမယ်၊ သိလား ...

ညဘက်ဆာရင်တော့ ကွေကာထုပ်တွေ ရှိတယ်။ ပေါင်မုန့်လည်း ရှိတယ် ...

ကဲ ... ကဲ ... ထတော့၊ ဆေးခန်းသွား။ နင့်ကို ဆေးထိုးပေးမယ် ထင်တယ်။ ဆေးထိုးမလားဆိုရင် ထိုးခဲ့၊ ကြားလား"

သူမက အစ်မတစ်ယောက်လို တတွတ်တွတ် မှာနေလျှင် သူက ရင်ထဲမှာ ချွေးဆွေးစိတ်ဖြင့် ကြည်နူးသွားရသည်။ တကယ်ပါ၊ ဒီ အဖြူရောင်မေတ္တာမျိုးကို သူမဆီက ရခဲ့မယ်လို့ မမျှော်လင့်ခဲ့မိပါဘူး။

"ငါက ဆေးထိုးခံရမှာ ကြောက်တယ်ဟာ။ ငယ်ငယ်ကဆို ဆေးထိုးမယ်ဆိုရင် ပတ်ပြေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ... အတိတ်ကို ပြန်တွေးမနေနဲ့။ သွား ... သွား ... တော်ကြာ ဆေးခန်းက လူရှုပ်နေဦးမယ်။ ခုချိန် လူသိပ်မရှိသေးဘူး"

သူက အပြုံးတစ်ချက် ဆတ်ပြလျက် တံခါးဖွင့်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ လှေကားကို ဖြည်းဖြည်းချင်း ဆင်းလာရင်းမှ သူ့အပေါ်တွင် စေတနာအပြည့် ရှိရှာသော သူရီ့အကြောင်းကိုတွေးကာ ရင်ထဲမှာ ကြည်နူးစိတ်က တစ်ကိုယ်လုံးကို ပျံ့နှံ့ပြီးလာသည်။ ဒီလိုအချိန်မှာ ယောက်ျားလေးဆိုမယ့် ဘာရယ်ညာရယ်မဟုတ် စိတ်အားငယ်တာမျိုး၊ အထီးကျန်သလိုမျိုးတော့ ဖြစ်မိတာပင်။ ဒါပေမဲ့ ကိုယ့်အနားမှာ ကိုယ့်အတွက် စိတ်ပူပေး၊ ကရုဏာထားပေးသော လူတစ်ယောက်ရှိတာဟာ ဘာအရောင်မှမပါဘဲ နှလုံးသားကို အတိုင်းမသိ ချမ်းမြေ့စေပါသည်။

ဆေးခန်းသို့ရောက်လျှင် သူ့ရှေ့မှာ လူသုံးယောက်လောက်ပဲ စောင့်လိုက်ရသည်။ သူနဲ့ မျက်မှန်းတန်းမိနေသော ဆရာဝန်က ညီလေး အမျိုးသမီးရော နေကောင်းတယ် မဟုတ်လားဟု မေးလျှင် သူ့မှာ သူမ မျက်နှာကို ပြေးမြင်ကာ ဖျတ်ခနဲ ရယ်ချင်သွားသည်။ ဆေးခန်းသို့ ပါမလာတာမဲ တော်သေးသည်ဟု အောက်မေ့ရပါမည်။

"ဆေးထိုးရမယ်နော် ညီလေး။ မနက်ဖြန်တစ်ရက်လောက်တော့ off ယူပြီး နားလိုက်ပေါ့။ သောက်ဆေးက မနက်ဖြန်တစ်ရက်စာအထိ ပေးလိုက်မယ် ...



ရေတော့မချိုးနဲ့၊ နားဖို့လိုတယ် ... ဟုတ်ပြီနော်"

"ဟုတ်ကဲ့"

"အမျိုးသမီးကရော ပြန်မရောက်သေးဘူးနဲ့တူတယ်၊ နှစ်ယောက်စလုံး အလုပ်လုပ်ကြတယ်နဲ့ တူတယ်။ ဟုတ်လား"

"ဟုတ် ... သူက ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှာ လုပ်ပါတယ်"

"ဪ ... အင်း၊ ကောင်းပါတယ်၊ အကူအညီလိုတာရှိရင်လည်း ပြောပေါ့"

ဘာအကူအညီလိုရင် ပြောနိုင်းတာလဲတော့ မသိချေ။ သူကတော့ ဆေးထိုးအပ် မြင်ကတည်းက အသံမထွက်နိုင်တော့။ တင်းပါးကို အပ်စိုက်လိုက်ချိန်မှာတော့ ခေါင်းအုံးစကို ဆုပ်ကိုင်ကာ ရှုံ့မဲ့သွားရသည်။ ဆရာဝန်က သူ့ပုံစံကိုကြည့်ရင်းမှ တဟားဟားရယ်ကာ ...

"ချေ ... ညီလေး။ တင်ပါးကို ချေ။ မိန်းမကို ခေါ်လာခဲ့တာတော့ မဟုတ်ဘူး။ ချေခိုင်းရအောင်လို့ ... ဟား ဟား"

သူ့မှာ ရှုံ့မဲ့လျက် ဘာမှပြန်မပြောနိုင်။ နှစ်ရက်စာ သောက်ဆေးယူပြီး အပေါ်ထပ်သို့ ပြန်တက်လာချိန်တွင် သူရီသည် သူ့အတွက် မြူစွမ်တစ်ပန်းကန်ကို အဆင်သင့် လုပ်ပေးပြီးသား ဖြစ်လို့နေသည်။ ကြက်သားမျှင်လေးများဖြင့် ကြက်သွန်ဖြူအနံ့လေး သင်းနေသော မြူစွမ်ပူပူလေးမှာ သူ့အစာအိမ်ကို လှုံ့ဆော်နေသည်။ မြူစွမ်ပန်းကန်သားမှာက ဆေးသောက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီတစ်ခွက်။ သူက သူရီ့ကို ကျေးဇူးတင်စွာ ပြုံးကြည့်လိုက်သော်လည်း သူမက သူ့ကို မေးဆတ်ပြကာ ...

"ဘာဖြစ်တာတဲ့လဲ။ ဆေးထိုးပေးလိုက်လား"

"အင်း ... ဖျားတာပါ။ အအေးပတ်သွားတာပေါ့။ မနက်ဖြန်တစ်ရက်တော့ နားရမယ် ပြောတယ်"

"အေးလေ ... နားလိုက်ပေါ့။ ကဲ ... ကဲ မြူစွမ်းလေး ပူတုန်းသောက်လိုက်ဦး"

"နင်ရော မသောက်ဘူးလား။ ခေါက်ဆွဲပြုတ်သောက်မယ်ဆို"

"သောက်မှာပါ။ ရေတောင်မချိုးရသေးဘူး။ ပြီးမှပေါ့ဟဲ့၊ ကဲ ကဲ ...

နင့်ဟာနင် စားစရာရှိတာစား"

သူမက သူ့ကို မြူစွပ်တစ်ပန်းကန်ဖြင့် ထားသွားကာ ထွက်သွားသည်။ သူက မြူစွပ်တစ်ဇွန်းသောက်လိုက်ချင်းချင်းပဲ နူးညံ့ကောင်းမွန်သော အရသာကို ခံစားရပါသည်။ ဗိုက်လည်းဆာ အရသာလည်း ရှိသောကြောင့် မြူစွပ်တစ်ပန်းကန်က ပြောင်ခနဲ ကုန်သွားသည်။ သူလည်း ကုန်သွားရော သူမက ရေချိုးပြီး မီးဖိုခန်းထဲသို့ဝင်လာသည်။ ဆံပင်တွေကို ညှပ်ကလစ်တစ်ခုနှင့် ခေါက်တင်လျက် တီရှပ်ပွပွတစ်ထည်၊ သရီးကွာတာဘောင်းဘီတိုတစ်ထည်ကို ဝတ်ဆင်ထားသော သူမပုံစံမှာ ပေါ့ပါးလွတ်လပ်နေသည်။





"ကောင်းမကောင်းတော့ မေးစရာမလိုတော့ဘူးနဲ့တူတယ်။ ပန်းကန်ကိုကြည့် သိတယ်"

"အေး ... စားလို့တော်တော်ကောင်းတယ်"

"ဟုတ်လား ... တော်သေးတာပေါ့။ ကဲ ... ဆေးသောက်လေ"

သူက သူမကို ပြုံးကြည့်ကာ တိုးတိတ်စွာ ခေါ်မိသည်။ သူ့ခေါ်သံကြောင့် သူမက မျက်ခုံးဝင့်ကာ ကြည့်လာပါသည်။

"နင့်ကို ကျေးဇူးတင်ပါတယ်ဟာ"

"ဘာအတွက်လဲ"

"သြော် ... အစစအရာရာတွေ အတွက်ပေါ့"

"မလိုပါဘူး။ နင်သာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ"

"သူရီ"

"ဘာလဲ ပြောမှဖြင့် ပြောပါလား။ ဘာလို့ နာမည်ကိုပဲ ခဏခဏ ခေါ်နေရတာလဲ"

"ရှေ့တစ်ပတ်ဆိုရင် ဒီတိုက်ခန်းက ငှားထားတာ ခြောက်လပြည့်ပြီ သူရီ။ အဲဒါ နင် ဘယ်လိုလုပ်မှာလဲဟင်"

သူ့အပြောကြောင့် သူမ တစ်ချက်တွေသွားသည်။ ...တော့ သူ့ကို စူးခနဲကြည့်ကာ ...

"နင်ကရော ဘယ်လိုလုပ်ချင်လို့လဲ"

"ငါက ဘယ်လိုလုပ်ရမှာလဲ။ ဒါကိုပဲ ဆက်ငှားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မသိပါဘူး။ ငါကများ နင် ဒီကပြောင်းသွားချင်တဲ့စိတ် ရှိနေမလားလို့"

"မရှိပါဘူး"

သူမက အဲဒီစကားကို လွှတ်ခနဲ ထွက်သွားပြီးမှ မလုံသလိုဖြင့် သူ့ကို မျက်လုံးစွေကြည့်သည်။ သူက အဲဒီအကြည့်ကို မသိချင်ဟန်ဆောင်နေလိုက်ပါသည်။ နှစ်ယောက်စလုံးသည် ခေတ္တတိတ်ဆိတ်ဆိတ်နေကြပြီးမှ သူက လည်ချောင်းတစ်ချက်ရှင်းကာ ...

"ဒါဆို ဒီမှာပဲ ဆက်နေမယ်ပေါ့"

"အင်း ... နင် မနေချင်ရင်လည်း သွားလေ"

"ဟင့်အင်း ... ငါက ဒီမှာပဲနေဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဟုတ် ... ဘာလဲ နင့်အချစ်လေး ငှားပေးခဲ့တဲ့ အခန်းမို့လို့လား"

"မဟုတ်ပါဘူးဟာ။ အဲဒါတွေ ခေါင်းထဲမှာတောင် မရှိတော့ဘူး။ အရင်တုန်းကတော့ သူတို့ကို လက်တုံ့ပြန်မယ် ဘာဖြစ်တယ် ညာဖြစ်တယ် စိတ်ကူးခဲ့ပေမယ့် ဘယ်နားမှာ သွားရှာရမှန်းတောင် မသိဘူး ...

ကိုယ့်ဘဝကိုယ် တိုးတက်အောင်လုပ်ဖို့၊ အဓိပ္ပာယ်ရှိဖို့ပဲကြိုးစားတော့တယ်။ တကယ်ပြောတာ သူ့ကို သတိတောင်မရတော့ဘူး။ တစ်ခါတလေ ငါ့ဘဝမှန်ကိုတောင်





မေ့နေတဲ့အထိ ဒီဘဝသစ်လေးတွေထဲမှာပဲ ငါ ပျော်နေပြီ... နင်တော့ မသိဘူး"

သူ့အပြောကို သူမက ဘာမှတော့ ပြန်မပြောပါ။ အင်းလေ ငါလည်း နင်နဲ့နေရတာ ပျော်ပါတယ်ဟုတော့ ဖွင့်ပြောမှာမဟုတ်။

"ဒါဆိုရင် ငါ နေကောင်းတာနဲ့ နောက်ခြောက်လစာ ပိုက်ဆံသွားသွင်းလိုက်တော့မယ်"

"အေး ... နောက်နေ့ကျရင် နင့်ကို ငါ သုံးလစာ ပိုက်ဆံပေးပါ့မယ်"

"ဟိုဒင်း ... နင့်ဆီမှာ သိပ်မပိုရင်လည်း ရပါတယ်။ နင်လိုတာသုံးရအောင် သိမ်းထားလိုက်ပါ။ ငါ့ဆီမှာက ရှိပါသေးတယ်"

"မလိုပါဘူး။ အဲလောက်တော့ ငါ ပေးနိုင်ပါသေးတယ်"

"နင်ကလည်း ခုထိကို မာနမလျှော့သေးဘူးနော်"

"မလျှော့တာ မဟုတ်ပါဘူး။ ငါ့မှာလည်း ရှိပါတယ်။ ငါလည်း သိပ်သုံးစွဲတာမှ မဟုတ်တာ ...

"အင်းလေ ... ဒါဆိုလည်း ပြီးတာပါပဲ။ ငါက နင်များ သုံးစရာ လိုနေမလားလို့ပါ။ အိုကေ ... အိုကေ ...။ ကဲ နင် ခေါက်ဆွဲပြုတ်မှာ မဟုတ်လား ...

ပြုတ်စားတော့လေ။ ငါ TV ကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းတစ်ချက်ဆတ်ပြကာ ထိုင်ရာ ထရပ်သည်။ သူသည် သူမကို ကျေးဇူးတင်ကြောင်း ထပ်ပြော ချင်သေးမယ့် သိပ်အကဲပိုရာကျမှာစိုးတာကြောင့် ထပ်မပြောမိတော့ ပါ။ သူက MRTV 5 ကို ဖွင့်ထားရင်းမှ လေးဖြူ၏ သံယောဇဉ် သီချင်းကို နားထောင်ရင်း အတွေးများက လွင့်မျောခံစားမိသည်။

သံယောဇဉ်ဆိုတာ ဖြတ်ဖို့ခက်တယ်တဲ့။ လေးဖြူ သည် သံယောဇဉ်ဆိုသော စကားလုံးလေးကို အထပ်ထပ်အခါခါ နက်နက်ရှိုင်းရှိုင်း အော်ဆိုနေသည်။ သံယောဇဉ်သည် စကားလုံး အားဖြင့် အချစ်ထက် စာလုံးတစ်လုံးသာ ပိုသော်လည်း အထိ အနက်ကတော့ အများကြီးကွာသည်ဟု ထင်မိလေသည်။

ပြတ်တောက်တိုင်းလည်း ဖြတ်ဖို့ ခက်တယ် သံယောဇဉ် ... သံယောဇဉ် ... သံယောဇဉ် ...။





သူရိသည် ရုံးဆင်းခါနီးအချိန်တွင် မွင်းဗလကို ဖုန်းခေါ်လိုက်သည်။ သူ ဘာများစားချင်သလဲဟု လှမ်းမေးတာ ဖြစ်သည်။ စားချင်တာ တစ်ခုခုရှိလျှင် မြို့ထဲက တစ်ခါတည်း ဝယ်သွားမည်ဟူသော အစီအစဉ်နဲ့ ဖြစ်သည်။ ဖုန်းသံမြည်ပြီး သိပ်မကြာခင်မှာပဲ သူက ဖွင့်ကိုင်သည်။

"မင်းဗလ ငါ မြို့ထဲက ဆက်နေတာ။ နင် ဘာများစားမလဲ လို့ လှမ်းမေးတာ။ ဘာစားချင်လဲ၊ ငါ ဘာဝယ်ခဲ့ရမလဲ"

"အင်း ... ရပါတယ်ဟာ"

"ကျွတ် ... ပဲများမနေနဲ့။ ညောင်နာနာလေသံနဲ့။ ဘယ်လို လဲ နေကောင်းတယ် မဟုတ်လား"

သူက သူရိရဲ့ ဆောင့်ကြီးအောင့်ကြီး အမေးကို တဟားဟားနဲ့ အော်ရယ်သည်။

"လေသံကတော့ ဓာတ်လိုက်တယ်။ ကြင်နာတယ်လို့ပြော တာ"

"ကဲ ... အချိန်မရှိဘူး မင်းသား။ ဘာစားမလဲပြော။ ငါ ဝယ်ခဲ့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကြေးအိုးတော့ သောက်ချင်တယ်"

"အိုကေ သောက်စေရမယ်။ ကဲ ... ဒါပဲ"

သူရိက ဖုန်းပိတ်လိုက်ကာ ရုံးကဖယ်ရီကို ကြေးအိုးဆိုင်ရှေ့မှာ ချခိုင်းလိုက်သည်။ စောင့်တော့ မစောင့်နိုင်းတော့ပါ။ တခြားဝန်ထမ်းတွေလည်းပါသဖြင့် သူ့သူ့ကိုယ်ကိုယ် အိမ်သို့ အရောက်လိုကြမည်ဖြစ်လေရာ ကိုယ့်အတွက်နဲ့ ဘယ်သူ့ကိုမှ ဒုက္ခမပေးလိုတော့ပါ။

အရင်စိတ်နဲ့ အများကြီး ပြောင်းလဲခြားနားသွားပြီဖြစ်သော သူရိသည် လူတွေကို ကိုယ်ချင်းစာစိတ်ဖြင့် ဆက်ဆံတတ်ပြီဖြစ်သည်။

သူရိသည် ဆိပ်ကမ်းသာလမ်းက YKKOမှာ ကြေးအိုးနှစ်ပွဲ ဝင်ဝယ်လိုက်သည်။ ပြီးတော့ Taxiငှားကာ အိမ်သို့ ပြန်ခဲ့ပါသည်။ Taxiသမားကို ကားခရှင်းပေးပြီးနောက် အိမ်ပေါ်တက်မည်အလုပ်တွင် တစ်စုံတစ်ယောက်က သူရိရဲ့လက်ကို နောက်ကနေပြီး ဖမ်းဆွဲထားခြင်းခံလိုက်ရသည်။ သူရိသည် ဘာပါလိမ့်ဟု နောက်သို့လှည့်ကြည့်လိုက်လျှင် ပါးစပ်အဟောင်းသားပွင့်အောင် အံ့ဩသွားရသည်။

"မေမေ"

"အေး ... ကိုယ့်အမေကိုယ်တော့ မှတ်မိသားပဲ"

သူရိသည် ကိုယ့်အမေကိုယ် ကြက်သေသေပြီး ကြောင်ကြည့်နေကာ ဘာပြောရမှန်းလဲမသိ။ မေမေနဲ့အတူ ပါလာ





သူတွေက အန်တီလေးဖြစ်ပြီး နောက်ထပ် အန်တီကြီးတစ်ယောက်ကိုတော့ သူရိ မသိပါ။ သို့သော် မြင်လိုက်တာနဲ့ မေမေ့လိုပင် ကြွယ်ဝအထက်တန်းကျနေသည့်ပုံစံဖြင့် အရှိန်အဝါတစ်ခုရှိသော ထိုအန်တီကြီးကိုကြည့်ကာ သူရိရဲ့ဆဋ္ဌမအာရုံတွေမှာ နိုးကြားလာသည်။ သူရိ့ကို စိတ်ဝင်တစား အကဲခတ်နေသော မျက်လုံးများ။ နှစ်လိုဖွယ်အရိပ်အယောင်တွေဖြင့် ကြည့်နေသော မျက်လုံးများ။ ဘုရား ... ဘုရား ... ဒီမိန်းမကြီးဟာ ...။

"ဟဲ့ ... အိမ်ပေါ်တက်မှာမဟုတ်လား တက်လေ"

"ဟို ... ဟို ... မေမေတို့က ..."

"ငါတို့က ညည်းဆီကိုလာတာလေ။ လက်ထဲက ဘာတွေလဲ။ ဒီလိုပဲ ဝယ်စားနေကြတာပေါ့ ဟုတ်လား"

"ဟင့်အင်း ... ဒါ ကြေးအိုးတွေပါ။ မင်းဗလ နေမကောင်းလို့ စားချင်တယ်ဆိုလို့ မြို့ထဲက ဝယ်လာပေးတာပါ"

"ဟင် ... သား နေမကောင်းဘူး ဟုတ်လား။ ဘာဖြစ်လို့လဲဟင်"

ဒီတော့မှပင် သူရိသည် ဒီအန်တီကြီး ဘယ်သူဆိုတာ ချက်ချင်းသဘောပေါက်သွားတော့တာဖြစ်သည်။ ပြီးတော့ ချက်ချင်းလည်းပဲ စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်။ ဇာတ်လမ်းတွေကတော့ ရှုပ်ထွေးတော့မည်ဆိုတာ အလိုလိုကို သိမြင်လို့လာလာသည်။

"အခုအားမိတာပါ အန်တီ။ ရိုးရိုးဖျားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကြီးက သူ့သားကို ချစ်ခင်စွာ ပြုစုယုယ နေသည်ဟုအထင်ဖြင့် သုရီ့ကို ကြင်နာစွာကြည့်သည်။ သုရီသည် အဲဒီအကြည့်တွေကြောင့် စိတ်အိုက်လို့လာလေသည်။ လှေကားသို့ တက်ရာလမ်းတစ်လျှောက်တွင် သုရီ့နောက်သို့ မိန်းမကြီးသုံး ယောက်က ကပ်ပါလာကြသည်။ အခန်းရှေ့သို့ရောက်လျှင် အထဲ မှာ မင်းဗလရှိသောကြောင့် သုရီက ဘဲလ်တီးလိုက်သည်။ သုရီ လာပြီအထင်နှင့် မင်းဗလက ကျွန်းတံခါးကို ဆွဲဖွင့်ကာ သံတံခါး သော့ကို ကမ်းပေးရင်း နောက်က လူတွေကိုလည်း မမြင်ဘဲ အရွှန်းဖောက်သည်။

"ဪသုရီ ပြန်လာပြီပေါ့။ သားသားအတွက် ကြေးအိုးပါ တယ်နော်"

သူ့အပြောကို သုရီ့မှာ အရင်လို မရယ်နိုင်ချေ။ သူကလည်း တံခါးပွင့်သွားတော့မှ နောက်က ဘယ်သူတွေလဲဆို တာ မြင်သွားသည်။ "ဟာ ... မေမေ" ဆိုသော အသံကြီးမှာ အကျယ်ကြီးထွက်လာသည်။ သုရီသည် သူ့ကိုတော့ စိတ်ကုန်မှု ဖြင့် ဘာမှမပြောတော့ဘဲ ကြေးအိုးထုပ်တွေကိုကိုင်ကာ မီးဖိုချောင် ထဲသို့ တန်းဝင်လာခဲ့သည်။ သို့သော် ကြာကြာမနေရ။ သုရီ့အမေ က ခေါ်သဖြင့် အရှေ့သို့ ပြန်ထွက်လာခဲ့ရသည်။ ဟိုတစ်ယောက် ကတော့ သူ့အမေရှေ့မှာ ငိုရမလို ရယ်မရလို မျက်နှာထားမျိုး ဖြင့်ရှိနေသည်။ သုရီ့အမေက သုရီ့ကို တစ်ချက်ကြည့်ကာ ...





"ကဲ ... ထိုင်စမ်းပါဦး။ နင်တို့နှစ်ယောက်ကို ဒီအတိုင်း ထားလို့တော့ မဖြစ်တော့ဘူးဆိုပြီး လာတာ။ သုရီ ဒါက မင်းဗလရဲ့အမေ"

"ဟုတ်ကဲ့"

သုရီ့အသံက ညှောင်နာနာဖြင့် ထွက်လာသည်။ မေမေက သုရီ့ကို မျက်စောင်းတစ်ချက်ထိုးကြည့်ကာ ...

"ခုလောက်ဆို ဘဝအကြောင်း၊ လောကအကြောင်းကို တော်တော်သိသွားရောပေါ့ သုရီ။ ညည်းအမေကတော့ ညည်းကို စိတ်ဆိုးတုန်းပါပဲ။ ဒါပေမဲ့ ငါ ဖျောင်းဖျလို့ စိတ်တော့ပြေနေပါပြီ။ ဒီတော့ ရှေ့ဆက်ပြီး ကောင်းကောင်း မွန်မွန် ဆက်ကြိုးစားသွားပေတော့ ...

နှစ်ဖက်စလုံးက ဒီသား ဒီသမီး တစ်ယောက်တည်း တွေပဲ မွေးထားတာ။ မလိမ္မာ တစ်ခါမိုက် ဆိုတော့လည်း အမေတွေကတော့ ပစ်မထားနိုင်ဘူး။ ခုလို နှစ်ယောက်စလုံး အလုပ်လုပ်ပြီး ခိုင်မြဲတဲ့ အိမ်ထောင်ရေးကို တည်ထောင် ထားတာ ချီးကျူးပါတယ် ....

အဲဒီတော့ ဒီမှာလည်းနေဖို့မစဉ်းစားနဲ့တော့။ မင်းတို့ နှစ်ယောက်ကို ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးပြီး ကိုယ့်မိဘတွေ အလုပ်ထဲမှာပဲ စွမ်းစွမ်းတမံ ကြိုးစားကြပေ တော့။ ဟုတ်ပြီလား"

"ရှင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အာမေဋိတ်က နှစ်ယောက်စလုံးထံမှ ထွက်သွားတာဖြစ်ပြီး သူရော၊ သူရီရောသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။ နှစ်ယောက်စလုံး မျက်နှာတွေမှာ သွေးမရှိတော့ဘူး ဆိုတာတော့ ကြည့်သူအချင်းချင်း သိကြပါသည်။

"ဟဲ့ ... ဘာဖြစ်တာလဲ။ ဒါ နင်တို့ဝမ်းသာရမယ့်ကိစ္စ မဟုတ်ဘူးလား"

အန်တီလေးက သူရီတို့နှစ်ယောက်စလုံးကို ခပ်ဆတ်ဆတ်ငေါက်သည်။ သူက သူရီရဲ့မျက်နှာရိပ် မျက်နှာကဲကိုကြည့်က ...

"ဟို ... ရပါတယ် အမေ။ သား ... သားတို့ ဒီအတိုင်းလည်း အဆင်ပြေပါတယ်"

"ဟင် ... ဘာအဆင်ပြေတာလဲ"

"ဟုတ်ပါတယ် မေမေ။ ဒီအရိုန်ကျမှတော့ မင်္ဂလာလည်း ခမ်းခမ်းနားနား မဆောင်ချင်တော့ပါဘူး။ ပြီးတော့ သူရီတို့ကို ခွင့်လည်းမလွှတ်ပါနဲ့။ သူရီတို့အပြစ်နဲ့ သူရီတို့ ရှိပါစေ။ ဒီမှာပဲ နေရတာ အဆင်ပြေပါတယ် ...

ဒီမှာပဲ ဘဝကို ရင်ဆိုင်တာကောင်းပါတယ်။ သူရီ ပြန်မလိုက်ပါရစေနဲ့"

"ဟဲ့"

သူရီ့အမေထံမှ ဟဲ့ ဟူသောအသံ ထွက်လာလျှင် သူကလည်း ဝင်ပြောသည်။





"ဟုတ်ပါတယ် အန်တီ။ ကျွန်တော်တို့ ဒီမှာ အဆင်ပြေပါတယ်။ ဒီနေရာလေးက ကျွန်တော်တို့အတွက် အသင့်တော်ဆုံးပါပဲ။ ဘဝကို နားလည်သွားတဲ့ အောင်မြေလေးပါ ...

ဒါကြောင့် ဒီမှာပဲ နေမြဲနေစဉ်အတိုင်း ဆက်နေရပါစေ။ ပြန်မလိုက်ပါရစေနဲ့"

သူ့အပြောကြောင့် သူရီတို့အမေတွေက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ပြီးတော့ ခေါင်းတွေကို သွက်သွက်ခါယမ်းကာ ...

"အို ... အဓိပ္ပာယ်မရှိတာ"

"ဟုတ်တယ် မိသူရီ။ ညည်း သဘောတစ်ခုနဲ့တင် ပြီးမနေနဲ့။ ညည်း လုပ်ချင်တာလုပ်ပြီးသွားပြီးပြီ။ အဲဒါ ငါတို့မသိလိုက်လို့ထားတော့။ အခု ညည်း လုပ်ချင်သလို ပေးမလုပ်နိုင်ဘူး ...

နှစ်ယောက်စလုံးကို မင်္ဂလာဆောင်ပေးမယ်။ မိဘတွေအိမ်မှာ တစ်လှည့်စီ နေကြရမယ်။ မိဘတွေ အလုပ်ထဲမှာ ဦးစီးရမယ်။ လက်ရှိလုပ်နေတဲ့ အလုပ်တွေကထွက်။ ညည်းတို့အဖေတွေရဲ့သဘောကလည်း ဒီအတိုင်းပဲ ...

လူကြီးတွေရဲ့ဆန္ဒကို ဒီတစ်ခါတော့ မဖျက်ချင်ကြနဲ့တော့။ ဒီအတိုင်းပဲ စီစဉ်မယ်။ ဘာမှ ငြင်းဖို့စိတ်မကူးနဲ့တော့။ ငြင်းလို့လည်းမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သား။ မေမေတို့အားလုံး ညှိပြီးကြပြီ။ မင်းတို့လုပ်ချင်တာတွေလည်း လုပ်ပြီးပြီ။ ဒီတစ်ခါတော့ မိဘတွေဆန္ဒကို ဦးစားပေးဖို့ စဉ်းစားတော့။ မင်းတို့ အဖေတွေကိုလည်း လွယ်လွယ်နဲ့ နားချလို့ရတာ မဟုတ်ဘူး။ အခုဟာက မင်းတို့ကိုယ်တိုင်က လိမ္မာနေတယ်ဆိုလို့ မင်းတို့အဖေတွေကလည်း ကြည်ကြည်ဖြူဖြူ ခွင့်ပြုလိုက်ကြတာ ...

လူကြီးတွေကို နောက်တစ်ကြိမ် စိတ်ဆင်းရဲအောင် မလုပ်ချင်ကြပါနဲ့တော့"

"မဟုတ်ဘူး မေမေ။ ကျွန်တော်တို့ မေမေတို့ စေတနာကို နားလည်ပါတယ်။ ဒါပေမဲ့ ..."

သူက ဆက်မပြောတတ်သလိုဖြင့် သူရီ့မျက်နှာကို ကြည့်သည်။ ဘယ်လိုလုပ်ကြမလဲဆိုသောသဘော။ အခြေအနေတွေဟာ ရုတ်တရက်ကြီး ရင်ဆိုင်လိုက်ရသည်ဖြစ်သောကြောင့် သူရီလည်း ဘာလုပ်လို့ လုပ်ရမှန်းလဲ မသိပါ။ ဘယ်သူမှာဒေဝနတ်ကောင်းနတ်မြတ်တွေကများ မျက်စိလည်လမ်းမှားပြီး သူရီတို့ကို ကံကောင်းခြင်းတွေ ပေးလိုက်ပါလိမ့်။ သို့သော် ဒီဖြစ်ရပ်ဟာ အမှန်ဆိုလျှင်တော့ သူရော- သူရီရောပါ ကံကောင်းပါသည်။ တကယ့်ကို ပျော်ရွှင်စွာ ဇာတ်ပေါင်းခန်းပင်။

အခုတော့ စားရမှာလည်း သဲတရှပ်ရှပ်။ ပစ်ရမှာလည်း အဆီတဝင်းဝင်းနဲ့ ဆိုတာလို ဖြစ်နေသည်။





"ဒါပေမဲ့ ဘာဖြစ်လဲ။ အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့တော့။ မင်းတို့ရတာ တစ်နှစ်မပြည့်သေးဘူး။ အခုမှ ခြောက်လလောက်ပဲ ရှိသေးတာ။ သူများတွေဆို တစ်နှစ်လောက်နေမှ မင်္ဂလာဆောင်တာတွေတောင် ရှိသေးတယ် ...

ကဲ ... အဲဒီတော့ လောလောဆယ် ဒီကနေ ပြောင်းဖို့စီစဉ်တော့။ ဘယ်အိမ်မှာနေချင်လဲ ပြော"

"ဟို ... ဟိုလေ"

သူက ဘာပြောရမှန်းမသိစွာဖြင့် ထစ်ငေါ့နေလျှင် သူရီကပဲ ခပ်သွက်သွက် ဝင်ပြောပစ်လိုက်တော့သည်။ သူရီသည် ဆုံးဖြတ်ချက် တစ်ခုချဖို့ ဘယ်တုန်းကမှ တွေဝေမနေခဲ့သူပီပီ ဒီတစ်ခါမှာလည်း ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်ချက်ချဖို့ စိတ်ကူးလိုက်လေသည်။ ဒီကိစ္စဟာ ရှောင်လွှဲလို့ ရတော့မည့်ကိစ္စ မဟုတ်တော့ဘူးဆိုတာ အခြေအနေ အချိန်အခါကိုကြည့်၍ သူရီနားလည်သည်။ မိဘတွေချင်း ပေါင်းစည်းသွားပြီဆိုမှတော့ ဒီကိစ္စဟာ ကိုယ်ကိုယ်တိုင်ကမှ ရှင်းရှင်းလင်းလင်းဝန်မခံလျှင် ပြီးမှာမဟုတ်တော့ဘူးဆိုတာ သေချာစွာ သိလို့နေလေသည်။

"ဒီလိုရှိပါတယ် မေမေ။ သူနဲ့ သူရီနဲ့က လက်ထပ်ဖို့ဖြစ်မှာမဟုတ်ပါဘူး။ တကယ်တမ်း ပြောရရင် သူရီတို့က ဘာမှ မဆိုင်ပါဘူး"

"ဟင် ... ဘယ်လို"

"ဟဲ့ ... ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူရီ့အပြောကို အားလုံးက အလန့်တကြားဖြင့် ကြည့်လာသည်။ သူကလည်း သူရီ့ကို အံ့သြသော မျက်နှာထားဖြင့် လှည့်ကြည့်သည်။

သူရီသည် အသက်ကို ဝဝရှူလိုက်ကာ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချထားသော မျက်နှာထားဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်ပါတယ် မေမေ။ သူရီတို့နှစ်ယောက်က တကယ်တော့ ဘာမှ မဆိုင်ပါဘူး။ ကံတူအကျိုးပေး ဘဝတူတွေပါ။ သူရီ နိုးရာလိုက်မပြေးဖြစ်ခဲ့ပါဘူး။ သူလည်းပဲ နိုးမပြေးခဲ့ပါဘူး။ သူရီတို့ကို သူရီတို့ရည်းစားတွေက ပိုင်းလုံးလှစ်သွားတာပါ။ တမင်သက်သက် ယုတ်မာပြီး ဒီလိုပုံစံဖြစ်အောင် အကွက်ချ စီစဉ်သွားတာပါ။ သူရီ့ဆီက ပိုက်ဆံတွေ၊ သူ့ဆီကပိုက်ဆံတွေ အဲဒီနှစ်ယောက်က လိမ်သွားခဲ့တာပါ"

"ဟဲ့ ... သူရီ ဘာတွေ ပြောနေတာလဲ"

"အမှန်တွေပါ မေမေ။ သူတို့ပေးသွားတဲ့ဒုက္ခတွေကို သူရီတို့ ခါးစည်းခံခဲ့ရပါတယ်။ သူရီ သေချာထပ်ရှင်းပြပါ့မယ်"

သူရီက အဖြစ်သနစ်ကို အစအဆုံး လိပ်ပတ်လည်အောင်ရှင်းပြလိုက်သည်။ သူရီ ပြောနေစဉ်အတွင်းမှာ မင်းဗလလဲ့ ကျန်တဲ့သုံးယောက်သည် သူရီ့ကို တခြားကမ္ဘာကလာသော ဂြိုဟ်သူမတစ်ယောက်သဖွယ် မျက်တောင်မခတ်စတမ်း ငေးကြည့်နေကြ



သည်။ သူရီရဲ့စကားအဆုံးတွင် အခန်းထဲ၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်သွားလေသည်။ သူရီသည် မင်းဗလကို တစ်ချက်လောက် ကြည့်ချင်စိတ်တို့အား အထူးပဲ ထိန်းချုပ်ထားရသည်။

သူရီ့အမေနှင့် မင်းဗလရဲ့အမေတို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘာပြောရမှန်းမသိ ဖြစ်နေကြသည်။ ပြီးတော့မှ သူရီ့အမေက စိတ်ရှုပ်ထွေးသောပုံစံဖြင့် ...

"ဒါဆို ညည်းတို့က အခု ဘာဆက်လုပ်ကြမှာလဲ။ ငါတို့သာ မလာခဲ့ရင် ဘယ်အချိန်ထိ ဒီလိုမျိုးဆက်နေနေကြမှာလဲ။ ဟင် ... သူရီ။ ည [illegible]းက မိန်းကလေးလေ။ ညည်းအတွက် ညည်းဘဝ [illegible]ယ်လောက်များ နစ်နာနေပြီလဲဆိုတာ တွေးမိရဲ့လား ကောင်မစုတ်လေးရဲ့ ...

ဟင် ... ဒီလောက်မိုက်ရမလား မိသူရီ။ ဒီလောက်ပဲ မိုက်ရသလား"

သူရီ့အမေက [illegible]ရဲ့အတွက် ယူကျုံးမရ ဖြစ်စွာနှင့် သူရီ့ကို ငိုယိုထုရိုက်လျှင် သူရီသည် မျက်ရည်ဝဲဝဲဖြင့် အံကြိတ်ခံကာ မရှောင်ဖယ်မိပါ။ သူရီ့အမေကတော့ ဒေါသထွက်ထွက်ဖြင့် သူရီ့ကို အားရပါးရ ထုရိုက်လို့နေသည်။ အန်တီလေးကလည်း စိတ်ရှုပ်ထွေးဟန်ဖြင့် ဘာမှဝင်မပြော။ မင်းဗလရဲ့အမေကြီးကလည်း သူရီတို့သားအမိနှစ်ယောက်ကိုကြည့်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူရိသည် ဘယ်ကရောက်လာမှန်း မသိသော ဝမ်းနည်းစိတ်တို့ကြောင့် ကျလုဆဲဆဲမျက်ရည်တို့ကို အံကြိတ်ကာ တင်းထားမိသည်။ ကံကြမ္မာဆိုတာ ကြိုတင်ပြီး ဘယ်တော့မှ မြင်ရလေ့မရှိ ဟူသော စကားအတိုင်း သူရိရဲ့ရှေ့ရေးကံကြမ္မာဟာ ဘယ်လိုဆက်လာဦးမလဲ မပြောတတ်တော့ပါ။








www.burmeseclassic.com

www.burmeseclassic.com



"သူရိ ... ဒေါ်သူရိ၊ ကလေးက ငိုနေပြီ လာဦး။ ဘာလုပ်နေတာလဲ မပြီးတော့ဘူးလား"

မင်းဗလသည် လသားအရွယ် ကလေးငယ်လေးကို ချီပိုးကာ သူရိ့ကို တကြော်ကြော် အော်ခေါ်နေပေမယ့် သူရိက အဖက်တောင်မလုပ်။ မှန်တင်ခုံရှေ့မှာ အလှပြင်လို့ ကောင်းဆဲ။ အမြင်မတော်သော ဆရာမကသာ ကလေးကို သူ့လက်ထဲက ရွေ့ပြောင်းယူသွားသည်။ သူက စိတ်တိုတိုနှင့် သူရိအလှပြင်နေရာ မှန်တင်ခုံရှေ့သို့ ရောက်သွားလျှင် မရွှေချောက မျက်နှာကို ပြင်ဆင်ခြယ်သလို့ကောင်းတုန်း။ မျက်တောင်မွေးတွေကို တံမြက်စည်း တပ်ထားသလို ကော့လို့ကောင်းတုန်း။

"ဟိတ် ... အဲဒီလောက်လည်း အလှပြင်မနေနဲ့။ မင်းကိုယ်မင်း အပျိုလေးများမှတ်နေလား။ ကလေး ဒီလောက်ငိုနေတာတောင် တစ်ချက်လေးမှ လှည့်ကြည့်ဖော် မရဘူး။ ဘာအမေလဲ။ ဘာမိခင်စိတ်ဓာတ်မှ မရှိတဲ့အမေ"





"အောင်မာ ... နင့်ပါးစပ်ကို ပိတ်ထားနော်။ ဒီကလေးက ဘယ်သူလိုချင်လွန်းလို့ မွေးထားရတဲ့ကလေးလဲ။ မွေးရုံမွေးလေးပဲမွေးပေးပါ။ ကျန်တာ ဘာတာဝန်မှ ယူစရာမလိုပါဘူးလို့ အာမခံချက်တွေခံပြီး မွေးခိုင်းထားတာ ဘယ်သူလဲ ...

ဟင်း ... ငါ့ဟာငါဆို ဒီအသက်အရွယ်နဲ့ ကလေးယူဖို့ အစောကြီး။ နောက်ထပ် ငါးနှစ်လောက်နေမှ မွေးဖို့စဉ်းစားတာ။ နင်သာ မနေနိုင် မထိုင်နိုင်"

"ဘာ ... ဘာ ... ငါက ဘာမနေနိုင် မထိုင်နိုင် ဖြစ်ရမှာလဲ"

"ဟုတ်တယ်လေ။ နင်ပဲ ကလေးအဖေ နန့်နန့်ထိုး ဖြစ်ချင်နေတာ။ အခုမှလာပြီး ငါ့ကို ဘာမှအပြစ်တင်မနေနဲ့။ ငါက အသက်နဲ့ရင်းပြီး မွေးထားရတာဟဲ့။ ဟိုမှာ ကလေးအတွက် ဆရာမလည်းရှိရဲ့သားနဲ့။ အလကား အိုဗာတင်းတွေ ဖျော်နေတယ် ...

ဟင်း ... သောင်မဝင်လိုက်တာ"

မင်းဗလသည် မဲ့ကာရွဲ့ကာပြောနေသော သူရိ့ကို ကြည့်ကာ ဟိုးစတွေ့တုန်းကလိုပဲ အမြင်ကဝ၊ဟာသည်။ နဂိုမူလ အခြေအနေတွေဟာ သူတို့ရဲ့စိတ်တွေကို နဂိုမူလအတိုင်းပဲ ပြန်ဖြစ်သွားစေလားတော့ မပြောတတ်ပါ။ မရှိတဲ့အဝမှာ နှစ်ယောက်အတူတူ နေလာခဲ့စဉ်တုန်းက တစ်ယောက်နဲ့တစ်ယောက် ကိုယ်ချင်းစာစိတ်ဖြင့် မေတ္တာတရားထားနိုင်ခဲ့သည်။ အဲဒီမေတ္တာတရားကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းပဲ သူတို့အချင်းချင်း ပေါင်းဖက်ဖြစ်ခဲ့ကြတာ ဖြစ်ပါသည်။ မှထူးတော့တဲ့ အခြေအနေတစ်ခုအတွက် ရှေ့ဆက်တိုးဖြစ်ခဲ့ကြတာမျိုးမဟုတ်ဘဲ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ရှိနေကြတယ်ဆိုတာ သေချာ၍ သူတို့အမေတွေ စီစဉ်တာကို နာခံခဲ့ကြခြင်းဖြစ်သည်။

အသွားသဖြင့် သူရိချမ်းစိမ့်ဆိုသော ကောင်မလေးရဲ့ဘဝကို စာနာနားလည်၍ဖြစ်သည်။ မိန်းကလေးဖြစ်သော သူရိ့ဘဝကို တစ်ခုလပ်ဟူသော အမည်းစက် စွန်းထင်းသွားတာမျိုး မလိုလားခဲ့ပါ။ သူကိုယ်တိုင်သည်လည်း နိုင်မာသောဘဝတစ်ခုကို အတည်တကျ အခြေချလိုပြီဖြစ်သည်။ အစစအရာရာ ဖြည့်စုံပြီဟု မျှော်လင့်ထားခဲ့သော အိမ်ထောင်ရေးသည် ထင်သလောက်တော့မဟုတ်ခဲ့။ သူရိသည် ငွေကြေးတန်ဖိုးကို သိမြင်ကာ အလုပ်ကို အပိုးကျိုးကျိုးနှင့် စွမ်းစွမ်းတမံ လုပ်သော်လည်း သူ့အပေါ်မှာတော့ လင်ယောကျ်ားတစ်ယောက်ရယ်လို့ သဘောမထားဘဲ သူငယ်ချင်းတစ်ယောက်လို သဘောထားဆဲဖြစ်သည်။ စိတ်မထင်ရင်လည်း မထင်သလို အော်ဟစ်တတ်စမြဲ။ ဇီဇဆိုတာ ဖျောက်နိုင်ခဲသည်ဟူသော အဆိုကို သူ အကြွင်းမဲ့လက်ခံပြီဖြစ်သည်။

“ကဲ ... မြန်မြန်လုပ်ကွာ။ ငါ ပြီးနေတာ ကြာလှပြီ။ ပြင်နေတာ ခုထိကို မပြီးတော့ဘူး။ ဘယ့်လောက်ပြင်ပြင် နင်က ကလေးတစ်ယောက် အမေက ကလေးတစ်ယောက်အမေပဲ ...





ဘာမှ ထူးမလာဘူး”

“ရှည်မနေနဲ့၊ ပြီးပြီ”

“တွေ့လား ... ငါက မင်းယောကျ်ားနော် သူရိ။ မင်းကိုယ့်ယောကျ်ားကို တစ်စက်လေးမှ ရိုသေရကောင်းမှန်းမသိဘူး။ လင်ကို မရိုသေတဲ့ မိန်းမဆိုတာ မိန်းမယုတ်စာရင်းထဲမှာ ပါတယ် သိလား”

“ဟုတ်ပါ့၊ နင်ကတော့ လင်ကောင်း သားကောင်းကြီးကိုး”

“အေး ... ငါကလည်း လင်ကောင်း၊ ငါ့သားကလည်း သားကောင်း၊ မင်းသာ မိန်းမယုတ်ကြီး ဖြစ်နေတာ”

“မင်းဗလ ... နင့်ကို ငါ ခေါင်းဘီးနဲ့ ပေါက်မိတော့မယ်နော်၊ သွား ... သွား ... ဒီအခန်းထဲက ထွက်သွား။ အိမ်ရှေ့မှာ သွားစောင့်နေတော့ ... သွား”

“သွားမယ် ... ငါကလည်း နင့်အနား နေချင်လွန်းလို့။ နောက်ထပ် ဆယ်မိနစ်နေလို့မှ မပြီးလို့ကတော့ နင့်ကို ထားခဲ့ပြီမှတ်”

သူက စိတ်တိုတိုနှင့် ပြောပစ်ခဲ့ကာ အိမ်ရှေ့ညေ့ခန်းသို့ ထွက်လာခဲ့သည်။ ညေ့ခန်းက ဆက်တီမှာ ထိုင်လိုက်ရင်းမှ စားပွဲပေါ်တွင် ချထားသော သတင်းစာကို ကောက်ယူလိုက်လျှင် ညေ့ခန်းထောင့်ရှိ တစ်နေရာမှာ ဆရာမနဲ့ ဆော့ကစားနေသော သားထံမှ အသံထွက်ပေါ်လို့ လာလျှင် သူက သားကို ချတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်မိသည်။ သားသည် သူရီ့ထံမှ အသားအရေကိုရထား ကာ မျက်နှာကတော့ သူနဲ့ချွပ်စွပ်ဖြစ်သည့်အတွက် သူရီ့ကို သူ ကျေးဇူးတင်ရပါသည်။

သူနဲ့မျက်နှာတစ်ကွက်တည်းသာတူလျက်၊ အသား အရေက ဖြူဖွေးကာ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ချစ်စရာကောင်းလှသော သားသည် နှစ်ဖက်အဘိုးအဘွားတွေ၏ အသည်းကျော်လည်းဖြစ် သေးသည်။ မြေးတစ်ယောက်တည်းကို လုချစ်နေရတာ မဝ၊ နောက်တစ်ယောက် မြန်မြန်ထပ်မွေးဖို့ အော်ဒါပေးထားသဖြင့် သူရီက သူ့စနက်ဟု စွပ်စွဲကာ မျက်စောင်းတခဲခဲ ထိုးနေသော ကာလလည်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူ့မိန်းမကို တစ်ခါတလေ မှာ အမြင်ကတ်သည်မှအပ ချစ်မြတ်နိုးမိပါသည်။ အထူးသဖြင့် သူ့ရင်သွေးလေးကို မွေးဖွားပေးသည့်အတွက် အမြဲတမ်း ကျေးဇူး တင်နေရတာဖြစ်သည်။ သို့သော် သူမ ရောင့်တက်မည်စိုး၍ သူမရှေ့မှာ သူက ဘယ်တော့မှ မပြောပါ။

သူက ကိုယ့်အကြောင်းကိုယ် တွေးရင်းမှ အသာပြုံး ကာ သတင်းစာကို ဟိုဟိုဒီဒီ လှန်ကြည့်ရင်း တစ်နေရာအရောက် တွင် သူ့မျက်လုံးတွေက ပြူးကျယ်အံ့ဩသွားကာ ထိုသတင်းကိုပဲ ထပ်ခါတလဲလဲ ဖတ်မိသည်။ ဟုတ်ပါတယ်၊ ဘယ်လိုမှ မှားနိုင် စရာ အကြောင်းမရှိပါ။ ဓာတ်ပုံတွေပါ ပါသေးလျှင် သူသည် ဓာတ်ပုံထဲက [illegible] ဘွဲ့နှစ်ယောက်ကို ကြောင်ပြီး အံ့ဩစွာ ငေးကြည့် နေမိသည်။





ပြီးတော့ ထိုင်ရာမှ ဝေါက်ခနဲထကာ သတင်းစာကို ကိုင်လျက် သူရီ ရှိရာ အခန်းထဲသို့ ပြေးဝင်သွားမိသည်။

"သူရီ ... ဟေး ... သူရီ"

"ဘာလဲ ... ပြီးပြီ ... ပြီးပြီ"

"မပြီးသေးနဲ့ဦး။ ရော့ ... ဒီမှာ၊ ဒါကို ကြည့်စမ်း"

"ဘာလဲ၊ ဘာဖြစ်တာလဲ အလန့်တကြားနဲ့"

"အလန့်တကြား မဟုတ်ဘူး။ ဒီမှာ ဖတ်စမ်းပါဆိုဟာ"

သူရီက သူ့ကို အိုဗာတင်းဖျော်ပြန်ပြီ ဟူသော သဘောမျိုးဖြင့် မျက်မှောင်ကုတ်ကြည့်ကာ သူ့လက်ထဲက သတင်း စာကို ဆွဲယူသည်။ သူပြသော နေရာကို သူမလည်း ကြည့်မိလျှင် သူ့လိုပဲ အံ့ဩသွားဟန် တူပါသည်။ ပြီးတော့ သူ့ကို တစ်ချက် မော့ကြည့်သည်။ သူက သူရီ့ကို ပခုံးတစ်ချက် တွန့်ပြလိုက်ရင်း မှ ...

"သူတို့ စေတနာအတိုင်း သူတို့ကို အကျိုးပေးသွားပြီပေါ့ သူရီ"

သူရီက ဘာမှမပြောပါ။ အဓိပ္ပာယ်ဖော်ရခက်သော ပုံစံဖြင့် ငြိမ်သက်စွာ တိတ်ဆိတ်သွားသည်။ သတင်းစာထဲတွင် ပါသော အကြောင်းအရာမှာ နယ်စပ်မြို့တစ်မြို့တွင် တရားမဝင် လူကုန်ကူးသည့်အဖွဲ့ကို ဖမ်းမိခြင်းဖြစ်ကာ ထိုအဖွဲ့ထဲတွင် တစ် ချိန်က သူတို့နဲ့ ပတ်သက်ခဲ့ဖူးသော စည်သူနှင့် စန္ဒီတို့ လင်မယားက ထိပ်ဆုံးက ပါဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက သူရိ့ရဲ့ပခုံးကို တစ်ချက်ဖက်လိုက်ကာ ...

"ဘယ်လိုလဲ သူရိ။ အချစ်ဟောင်းကြီးအတွက် စိတ်မကောင်း ဖြစ်သွားတာလား"

"နင် ဖြစ်နေလို့ အိုးမလုံ အုံမွင့်ပြီး ငါ့ကို လာပြောနေတာ မဟုတ်လား။ သွားစမ်းပါ၊ အကန့်ကို မရှိဘူး"

"တကယ်လား ... နင့်ရင်ထဲမှာ ဟိုကောင်အတွက်သံယောဇဉ် အကြွင်းအကျန်လေးတောင် မကျန်တော့ဘူးပေါ့"

သူရိက သူ့ကို မျက်စောင်းတစ်ချက် ထိုးကြည့်သည်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ နှုတ်ခမ်းတွေက ပြုံးမဲ့မဲ့ဖြင့် ...

"နင့်ရင်ထဲမှာရော ... နင့်ဟာမကို သနားနေတယ် မဟုတ်လား"

"မသနားပါဘူး၊ နင့်ကို ငါ တစ်ခုလောက် မေးချင်တယ် သူရိ။ နင်နဲ့ ငါနဲ့ ကလေးတစ်ယောက်သာ ရလာတယ် ခုချိန်ထိ နင့်ကို ငါ ဒီမေးခွန်းကို တစ်ခါမှ မမေးခဲ့ဖူးဘူး။ နင် ငါ့ကို ချစ်ရဲ့လား"

သူကိုနှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် အတန်ကြာ စိုက်ကြည့်မိကြသည်။ ပြီးတော့ တစ် ပြိုင်နက်လိုလို မျက်နှာလွှဲမိကြသည်။ ထို့နောက် ပြိုင်တူလိုလိုပင် မျက်နှာချင်း ပြန်ဆိုင်မိကြပြန်သည်။ စကားကိုတော့ သူရိက စပြောတာဖြစ်သည်။





"ဘယ်သူဖြစ်ဖြစ် ကိုယ်ချစ်တဲ့လူနဲ့ လက်တွဲချင်တဲ့ဆန္ဒတော့ ရှိကြတာပဲပေါ့၊ ဒါပေမဲ့ ကိုယ်ကြုံရတဲ့အချစ်က အဆိပ်တစ်ခု ဖြစ်နေခဲ့တယ်ဆိုရင် အဲဒီအချစ်ကို လျှော့ပစ် လိုက်ရတာပဲ မဟုတ်လား ...

ဒီခေတ်ကြီးထဲမှာတော့ အချစ်အတွက် ရူးမိုက်တဲ့ သူတွေ ရှားကုန်ပါပြီ။ ငါဟာ အချစ်တစ်ခုကို တွေ့ခဲ့တယ် ဆိုပေမယ့် ငါ့အတွက် အဆိပ်ဖြစ်စေခဲ့တဲ့ အချစ်မို့ လျှော့ ပစ်လိုက်တာ ကြာခဲ့ရောပေါ့ ...

တကယ်တော့ ဘဝတစ်ခုအတွက်ဆိုရင် အချစ်သက်သက်ချည်းပဲ အဆင်မပြေတာ အသိသာကြီးပဲလေ"

BURMESE CLASSIC .com

"ဒါဖြင့်ရင် အချစ်မပါဘဲနဲ့လည်း အဆင်ပြေတယ်ပေါ့"

သူရိက ပြုံးစစဖြင့် ပခုံးတွန့်ကာ ..."ဒါတော့ နင် ပြောကြည့်ပေါ့"ဟု ဆိုသည်။ သူကလည်း ခေါင်းကို တစ်ဆတ် ဆတ်ညိတ်ကာ ...

"အချစ်မပါဘဲနဲ့ အဆင်ပြေနေတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ တို့ဆီမှာ အချစ်ထက် စွမ်းအားထက်တဲ့အရာတွေ ရှိနေတယ်လေ။ မေတ္တာတရား၊ စာနာမှု၊ ပေးမှု၊ တာဝန် သိတတ်မှုတွေနဲ့ ငါတို့ ရတုအဆက်ဆက်ကို ဖြတ်ကျော် မယ် မဟုတ်လား။ အချစ်သက်သက်နဲ့တော့ ခိုင်မာတဲ့ အိမ်ထောင်ရေးကို မထူထောင်နိုင်ဘူးလေ၊ နင် လက်ခံ လား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လက်ခံတာပေါ့"

သူရိုက သွက်သွက်ကြီးပြောလျှင် သူက သဘောကျ စိတ်ဖြင့် အားရပါးရပြုံးကာ သူရို့ဦးခေါင်းကို အုပ်မိုးလှုပ်ယမ်း မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် လက်ရှိဘ၀လေးကို သူ ကျေနပ်ပါ သည်။ ကံတရားက အဆိပ်နဲ့တူသော အချစ်များကို လက်ဆောင် ပေးခဲ့သောအခါ သူတို့နှစ်ယောက်က လျှော်ပစ်ခဲ့ကြသည်။ ဘ၀ နဲ့ရင်းပြီး ရခဲ့သည့် အသိတစ်ခုကတော့ ဘ၀ဆိုတာ ကိုယ်တိုင် တိုက်ပွဲ၀င်ပြီး ကြိုးစားမှ အောင်မြင်နိုင်တယ် ဆိုတာရယ်၊ ကိုယ့် စိတ်ရင်း စေတနာအတိုင်း အကျိုးပေးသည် ဆိုတာရယ်ပဲ ဖြစ်တော့ သည်။

ငယ်ရွယ်သူဘ၀မှာ အရေးကြီးတာကတော့ ကိုယ့် အတွက် အဆိပ်ဖြစ်စေမည့် အချစ်မျိုးဆို လျှော်ပစ်လိုက်ဖို့ အရေး ကြီးလေသည်။

ဆုမြတ်မွန်မွန်
3:00(P:M)
18th. March: 2009.
WED.

စေတနာစာပေ
၏
# အမှတ်တရအစီအစဉ်

သို့
မမြတ်

ခင်မင်လှိုက်မှုများစွာကို ရင်မှာထားပြီး မမြတ်ကို စာရေးလိုက်ပါတယ်။ စာရေးဆရာတွေများစွာတွေထဲက မမ မြတ်ကို ပထမဆုံး မိတ်ဆက်စာရေးဖူးတာပါ။ မမြတ်ရဲ့ good idea များစွာထဲက ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာတွေကို စာအုပ်ရဲ့ ရှေ့ဆုံးမှာထားတတ်တဲ့ idea ကို အနှစ်မြို့ကျဆုံးပါပဲ။ စာဖတ်ပရိသတ်ကို ရှေ့တန်းတင်ထားတယ်လို့ ယူဆမိပါတယ်။ မမြတ်ရဲ့စာ အရေးအသားကိုလည်း အရမ်းကြိုက်ပါတယ်။ 'လမင်းခေတ်က ချစ်ခြင်း၏ယဉ်ကျေးမှု' ကို အရမ်းကြိုက်တယ်။ မမြတ်ကို အမြဲတမ်းအားပေးနေပါတယ်။

ဆုလာဘ်ကောင်းတွေကို ရရှိပြီး
မြတ်သော ကောင်းမှုများစွာကိုပြုလုပ်၍
မွန်မြတ်သော ပစ္စုပ္ပန်မှာ နေထိုင်ရင်းနှင့်
မွန်မြတ်သော အနာဂတ်များစွာကို
ပိုင်ဆိုင်နိုင်ပါစေလို့ ဆန္ဒပြုရင်း၊

မစန်း
ပြည်တော်သာလမ်း
စမ္ဗိတ်ကြီးနယ်၊
ဟသ်တာမြို့နယ်။

BURMESE CLASSIC .com
www.burmeseclassic.com